


ဥယျာဉ်မှူးစာပေ

# ဘသက်ဆွေ

## ငြိုပြုဟ်မွှေ့တဲ့ပတ္တာများ နှင့်

လျှို့ဝှက်သည်းဖိုစွန့်စား

မဂ္ဂဇင်းဝတ္ထုရှည်များ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘသက်ဆွေ

# ဂြိုဟ်မွှေတဲ့ပတ္တမြား
နှင့်
# လျှို့ဝှက်သည်းဖိုစွန့်စား
မဂ္ဂဇင်းဝတ္ထုရှည်များ

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၆၆၇၀၆၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | - ၅၀၀၇၅၃၀၆၀၈ |
| ပုံနှိပ်တိုက် | - ဧဒါ အေးအေးခိုင်<br>(စိန်ကြယ်ပုံနှိပ်တိုက်)<br>အမှတ်(၇၂)၊ လမ်း - ၃၀၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - ဦးကျော်ဆန်း<br>(ရဲအောင်စာပေ)<br>အမှတ်(၂)၊ ချွန်း(၁)လမ်း<br>မင်္ဂလာတောင်ညွန့် |
| ထုတ်ဝေသည့်ကာလ | - **၂၀၀၉ - ခု၊ စက်တင်ဘာလ။** |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - **တန်ဖိုး - ၁၅၀၀ ကျပ်** |
| အတွင်းဖလင် | - ဦးမျိုးညွန့်နှင့်အဖွဲ့ |
| မျက်နှာဖုံးပန်းချီ | - ဝင်းသိန်း |

ဖြန့်ချိရေး

- ဉယျာဉ်မှူးစာပေအတွက်

**မျိုးဆက်သစ်စာပေမှ** ဖြန့်ချိသည်။


## မာတိကာ


| | | |
|---|---|---|
| ၁။ | မြလည်ဆွဲ၏မိန်းမချော | ၆ |
| ၂။ | ကျွန်တော်သိသောကောလိပ်စိန် | ၃၄ |
| ၃။ | မိုးမှောင်ကာလ ညတစ်ည | ၆၅ |
| ၄။ | သော်ကမြိုင်စံအိမ်ကြီး၏ လျှို့ဝှက်ချက် | ၁၀၁ |
| ၅။ | ပြိုလ်မွှေတဲ့ပတ္တမြား | ၁၃၉ |


* * * * * *

# အသင်္ခဆွေ
# အသကဆွေ

မြလည်ဆွဲ၏

မိန်းမချော



"ခင်ဗျားသိချင်တာ အစိမ်းရောင်ဝတ်စုံနဲ့ အသားဖြူဖြူ အမျိုးသမီးလား၊ အဲဒါပေါ့၊ ဒေါ်ခင်မမဆိုတာလေ ကုမ္ပဏီအခဖော် ချားများမှာ အစုရှယ်ယာတွေဝင်ထားတဲ့ သူဌေးကြီး ဦးမြတ်ကောင်း ဇနီးပေါ့။ လှတာကတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ သူမှာလက်ထပ် ပန်းက ဦးမြတ်ကောင်းဆင်ထားတဲ့ မြလည်ဆွဲတစ်ကုံးရှိတယ်၊ ဒီ ညည်အသွေးအကောင်းဆုံး မြတွေနဲ့လုပ်ထားတဲ့ လည်ဆွဲပေါ့။ သူတို့ခြံမှာ ပါတီပွဲပေးတဲ့အခါမျိုးမှာမှ ထုတ်ဆွဲတတ်တယ်ဗျ"

ရန်ကုန်မြို့လယ်ရှိ ခမ်းနား ထည်ဝါလှသော ဟိုတယ်တစ်ခု အတွင်း၌ဖြစ်သည်။ လူနှစ်ယောက်သည် စားပွဲတစ်လုံးတွင် ထိုင်၍ သမကာသောက်ရင်း စကားပြောနေကြ၏။ အသက်လေးဆယ်ခန့် အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်လူမှာ ကန်ထရိုက်တာ ဦးမြတ်ခိုင်ဖြစ်သည်၊ ကျန်တစ်ယောက်မှာ အသက်(၂၈)နှစ်ခန့် လူရွယ်ဖြစ်သည်။ လူငယ်မှာ အသားလတ်မျှ အရပ်မြင့်ပြီး ကျစ်လျစ်သန်မာသော ကိုယ်လုံး ကိုယ်ထည်ရှိသည်။ မျက်နှာသွယ်၍ နှာတံပေါ်သည်။ မည်းနက်ထူ ထဲသော မျက်ခုံးနှင့် စူးရှသောမျက်လုံးများရှိသည်။ မီးခိုးရောင် ဥာဒေသာသောဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် ထိုလူငယ်မှာ မြတ်ကိုကိုဖြစ်သည်။





"သူတို့ခြံက ဘယ်မှာလည်းဗျ" မြတ်ကိုကိုကမေးသည်။

"ခြောက်မိုင်ခွဲမှာ ပြည်လမ်းက ဘယ်ဘက်ကို သွားတဲ့ သီးသန့်လမ်းထဲမှာ 'ပန်းပေဟဝန်'ဆိုတဲ့ ခြံကျယ်ကြီးတစ်ခြံရှိတယ်၊ ပန်းပေဟဝန်ဟာ သူတို့ခြံပေါ့၊ တိုက်ကလည်း သိပ်ပြီး ခေတ်မီလှပ တယ်၊ အဲဒီတိုက်မှာ မကြာခဏ ပါတီပွဲ လုပ်တတ်တယ်၊ ဘာလဲ ခင်ဗျား သူတို့ကို စိတ်ဝင်စားနေပြီလား၊ ဦးမြတ်ကောင်းဟာ ခင်မမ ကို သိပ်ဂရုမစိုက်ဘူးလို့ သိရတယ်။ ဒီလောက်ချောတဲ့ အမျိုးသမီး တစ်ယောက်ကို ဂရုမစိုက်ဘူးဆိုတာ အံ့ဩစရာပဲ၊ ခင်မမနဲ့ ကျွန်တော်သိပါတယ်၊ ခင်ဗျား သူနဲ့သိကျွမ်းချင်ရင် မိတ်ဆက်ပေး မယ်လေ၊ အခု သူမှာ အဖော်မပါဘူး"

အဲဒီနောက်တွင်တော့ ကိုမြတ်ခိုင်သည် မြတ်ကိုကိုအား မလှမ်းမကမ်းတွင်ထိုင်နေသော အမျိုးသမီးထံ ခေါ်သွားခဲ့သည်၊

"မမ တစ်ယောက်တည်းပါလား. . ဘယ်ကလည်းလာ သလဲ. . မမနဲ့ ကျွန်တော့်မိတ်ဆွေကို မိတ်ဆက်ပေးပါရစေ"

"အို. . . ဦးမြတ်ခိုင်ပါလား. . မ မြို့ထဲကို ကိစ္စတစ်ခုနဲ့လာ ရင်း ခဏဝင်နားတာပါ"

ခင်မမက မီးခိုးရောင်ဝတ်စုံနဲ့ လူချောလေးကို စူးစမ်း သလိုကြည့်၍ပြောသည်။

"မမ. . ဒါ ကျွန်တော့်မိတ်ဆွေ မောင်မြတ်ကိုကိုပါ. . မြတ်ကိုကို သူက ဒေါ်ခင်မမလေ"

မြတ်ကိုကိုနဲ့ ခင်မမတို့သည် [illegible]ယောက် ခေါင်းညိတ် အသိအမှတ်ပြု[illegible]သောစကားများပြောဆိုကြပြီး ခဏအကြာတွင်

"ကဲ. . မမနဲ့ မြတ်ကိုကိုတို့ [illegible] စကား ပြောနေခဲ့ကြပါ၊ ကျွန်တော်အလုပ်[illegible] သွားစရာရှိသေးလို့ ခွင့်ပြုပါဦး" ဟု ခွင့်တောင်းကာ [illegible] ထွက်သွား၏။

"ကျွန်တော် မမနဲ့ခင်မင်ချင်တာ ကြာပါပြီ" မြတ်ကိုကိုက စပြောသည်။

"ကျွန်မတို့ အရင်က တွေ့[illegible]" ခင်မမက အံ့သြစွာ မေးသည်။

"မဆုံဖူးပါဘူး၊ ကျွန်တော် မမကို [illegible]မှ စမြင်ဖူးတာပါ"

"ကျွန်မ ဒီဟော်တယ်ရောက်တာ မိနစ်[illegible] ရှိသေးတယ်"

"တစ်ခါတစ်လေ မိနစ်ပိုင်းဟာ အချို့လူတွေအတွက် အတော်ကြာမြင့်တတ်ပါတယ်"

ထိုစကားက ခင်မမဘဝင်ကို ခိုက်သွားစေ၏။

"မင်းစကားက စိတ်ဝင်စားစရာပဲ၊ မင်းဟာ စကားပြောတော်တော်ကောင်းတယ်၊ တစ်ဘက်သားကြိုက်မယ့် စကားမျိုးကို ရွေးပြောတတ်တယ်"





"မမ ဒီလိုထင်တဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော့်ရင်ထဲက ခံစားရတဲ့အတိုင်း ပြောတာပါ မမ၊ ကျွန်တော် အမျိုးသမီးတိုင်းကို စိတ်မဝင်စားပါဘူး၊ မမကိုတော့ မြင်မြင်ချင်း စိတ်ဝင်စားမိပါတယ်. ."

"အဲ. . ကျွန်တော် ဘာမှ မစားရသေးဘူး မမ၊ စားစရာတစ်ခုခု မှာလိုက်ဦးမယ်"

မြတ်ကိုကိုက စားပွဲထိုးအားခေါ်၍ စားသောက်စရာများမှာယူလိုက်သည်။ ထို့နောက် စားသောက်ရင်း သူတို့နှစ်ယောက် စကားလက်ဆုံကျသွားကြ၏။ မြတ်ကိုကိုသည် ရည်မွန်ပြီး စားပုံ၊ သောက်ပုံ၊ စကားပြောပုံမှာ အလွန်အထက်တန်းကျလှသည်။ ခင်မမပြောသော စကားများကို စိတ်ဝင်စားစွာ နားထောင်နေပြီးမှ လိုအပ်သောအချိန်တွင် စကားအဆက်မပြတ်ရှိ ဝင်ထောက်ပေးတတ်၏။ သူတို့သည် လူမှုရေး၊ နိုင်ငံရေး၊ စီးပွါးရေး၊ စာပေဂီတ၊ အားကစားအကြောင်းအရာ စုံလင်စွာပြောခဲ့ကြ၏။ မြတ်ကိုကိုသည် အကြောင်းအရာတိုင်းကို နှံ့နှံ့စပ်စပ်သိထားပြီးဂီတနှင့်အားကစားကို ကိုယ်တိုင်လိုက်စားဖူးသူဖြစ်၍ ယခုစကားဝိုင်းတွင် အဆင်ပြေစွာ ပြောနိုင်ခဲ့သည်။

အချိန်အတန်ကြာအောင် စကားပြောပြီးနောက် ခွဲခွါရမည့်အချိန်သို့ ရောက်လာ၏။

"မမနဲ့စကားပြောရတာ အားမရဘူးဗျာ. . လာမယ့်ဗုဒ္ဓဟူး

မှာ 'ပန်းနုရောင်' မှာ မမကို မမကို နေ့လည်စာကျွေးရင်း စကားပြော ချင်သေးတယ်"

မြတ်ကိုကိုက မဝံ့မရဲပြောသည်။

"လွန်ခဲ့တဲ့ နာရီဝက်ကမှ သိရတဲ့အမျိုးသမီးတစ်ယောက်ကို ဒီလိုဖိတ်ခေါ်တာ မမြန်လွန်းဘူးလား. . . မြတ်ကိုကိုရယ်၊ ပြီးတော့ မမဟာ အိမ်ထောင်ရှင်တစ်ယောက်ပါကွယ်"

ခင်မမက အသံထွက်အောင်ရယ်ပြီး ပြောသည်။

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် မမ၊ မမ ဟာ သိပ်လှတာ၊ ကျွန်တော်ဟာ အလှအပကို မြတ်နိုးတယ်၊ အလှအပဟာ သဘာဝတရားကြီးက ပေးတဲ့လက်ဆောင်ပါ မမ"

မြတ်ကိုကို၏စကားကြောင့် ခင်မမရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးနေသည်။ သူမရင်ထဲ ဝေဒနာတစ်ခု ဖြစ်ပေါ်လာ၏။

"မင်း. . ဒီစကားမျိုးဘယ်နှစ်ယောက်ကို ဒီစကားမျိုးပြောခဲ့ပြီးပြီလဲ မြတ်ကိုကို၊ တကယ်တော့ မင်းဟာ မမအတွက် လူစိမ်းသက်သက်ပါကွယ်"

"အို. . ပြောရက်လိုက်တာ မမရယ်၊ တစ်ခဏတာကြုံရပေမယ့် အတွေးအခေါ်ချင်းတူညီသူတွေဟာ ထာဝရခင်မင်သွားတတ်ပါတယ်၊ ကျွန်တော်ဟာ မမကို မြင်မြင်ခြင်း ခင်မင်တဲ့စိတ် တဘွားဘွား ပေါ်ပေါက်ခဲ့တယ်၊ ဒါကြောင့် ဦးမြတ်ခိုင်ကို အတင်းအပူကပ်ပြီး မမနဲ့ မိတ်ဆက်ပေးဖို့ ပြောခဲ့တာပေါ့၊ မမမှာ အိမ်ထောင်ရှိ





သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်တော့်ခင်မင်မှုကို မပယ်ရှားပါနဲ့ မမရယ်၊ မမကို အစ်မတစ်ယောက်လို ခင်မင်ပါရစေ၊ ကဲပါ. . မမရယ်၊ ဗုဒ္ဓဟူးနေ့ကျရင် 'ပန်းနုရောင်' ဟိုတယ်ကို ဆက်ဆက်လာ ခဲ့ပါနော်"

ခင်မမသည် မြတ်ကိုကိုကို အကဲခတ်သလို စိုက်ကြည့်နေ၏။ မြတ်ကိုကို၏အမူအယာမှာ ကလေးဆန်ပြီး အပြစ်ကင်းစင်နေ၏။ ခင်မမသည် သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လိုက်၏။ နောက်ဆုံး၌ "မမကြိုးစားပါမယ်လေ" ဟု ခပ်တိုးတိုး ပြောလိုက်၏။

'ပန်းနုရောင်' ဟိုတယ်၏ သီးသန့်အခန်းထဲတွင် မြတ်ကိုကိုနှင့် ခင်မမတို့ နေ့လယ်စာ စားနေကြ၏။ ခင်မမမှာ လှပစွာ ပြင်ဆင်လာသဖြင့် အလွန်ကြည့်ကောင်းနေ၏။ ဘာကြောင့် ခါတိုင်းထက်ပို၍ လှပအောင်ပြင်ဆင်လာမိကြောင်းကို သူမကိုယ်တိုင် တိတိကျကျ မသိပေ၊ မြတ်ကိုကိုက သူမလှကြောင်း တဖွဖွပြောနေသည်ကို ရင်တထိတ်ထိတ်ဖြင့် နားထောင်နေ၏။ မြတ်ကိုကိုသည် သူဝတ်နေကျ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူသည်လည်း လှပချောမောသော ခေတ်လူငယ်တစ်ယောက်ဖြစ်၏။

"တကယ်တော့ မမဟာ ဒီကို မလာသင့်ပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ဟာ သူနဲ့စိတ်သဘောထားချင်းတူတဲ့ အဖော်လို အပ်တယ်လို့ မမထင်တယ်၊ မိတ်ဆွေအဆင့်ထက် မကျော်ဖို့တော့ လိုအပ်တယ်နော်၊ ဒီလိုလာတွေ့တဲ့အတွက် မမကိုတစ်လွဲတော့ မထင်စေချင်ဘူး"

"အို. . မမရယ်၊ ဒီအတွေးကိုခေါင်းထဲက ထုတ်ပစ်လိုက်ပါ၊ အတွေးအခေါ်မြင့်မားတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ခင်မင်သိကျွမ်းရတဲ့ ယောကျ်ားတစ်ဦး ခံစားရတဲ့ ကျေနပ်မှုကို မိမိ သိဖို့ပဲ လိုပါတယ်"

"အခုလို ခဏခဏတွေ့ပြီး စကားပြောကြဖို့ဆိုတာ မလွယ်ဘူး၊ မမယောကျ်ားက နားလည်မှုမရှိဘူး"

"သူက အမျိုးသမီးတွေကို ဘယ်လိုသဘောထားလို့လဲ ဟင်. . မမ"

"မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြမယ်၊ မမတို့လင်မယားဟာ စိတ်သဘောထားခြင်း မတိုက်ဆိုင်တာများတယ်၊ ဒါကို လက်မထပ်ခင်ကတည်းက မမသိပါတယ်၊ ဒါပေမယ့်သူ သိပ်ချမ်းသာတယ်၊ သူဟာ မမကို ငွေနဲ့ဝယ်ခဲ့တာပဲ၊ ဒါကို မမခွင့်လွှတ်နိုင်ပါတယ်၊ သူဟာ မိန်းမအလွန်ပွေတယ်၊ စာရိတ္တအတော်ပျက်ပြားတယ်"

"ဒီလိုဖြစ်ရက်နဲ့ မမဘာကြောင့် သူနဲ့ဆက်ပြီး ပေါင်းသင်းနေရတာလဲဗျာ"





"ဒီလိုပြောလို့ မရဘူးလေ၊ သူဟာ လင်ယောကျ်ားတစ်ယောက်အနေနဲ့ မကောင်းပေမယ့် အောင်မြင်တဲ့ စီးပွါးရေး လုပ်ငန်းရှင်တစ်ဦးကွ၊ မိန်းမတစ်ယောက်ဟာ မရေရာတဲ့အကြောင်းတစ်ခုအတွက် အရာရာကို မစွန့်လွှတ်သင့်ဘူး"

မြတ်ကိုကိုသည် ခင်မမအားဂရုဏာသက်စွာကြည့်နေ၏။ ခင်မမ မျက်နှာမှာ ညိုးနွမ်းနေ၏။ အတန်ကြာစကားပြတ်သွား၏။ စားပွဲသို့လာချသော အစားအသောက်များကို တိတ်ဆိတ်စွာ စားသောက်နေကြ၏။

"မင်းဘာတွေ တွေးနေတာလဲကွယ်" ခင်မမက မေးလာသည်။

"အော်. . ဘဝဟာပြဇာတ်တစ်ခု ကပြနေရသလိုပါပဲလား ဆိုတာကိုပါ၊ အဲဒီပြဇာတ်မှာ ကကျွန်တော် အခန်းတစ်ခန်းပါဝင်ပြချင်စိတ် ပြင်းပျနေမိတယ်၊ တစ်ရက်လောက် မမရဲ့ခင်ပွန်းဖြစ်ချင်တဲ့ ဆန္ဒမျိုးဆိုပါတော့"

"ဘာဖြစ်လို့ ဒီလိုဖြစ်ချင်ရတာလဲကွာ" ခင်မမက ပြုံးစစဖြင့်မေး၏။

"ကျွန်တော်နဲ့မမတို့ (၂၄)နာရီ ပျော်ရွှင်မှုရချင်လို့ပေါ့၊ ဒါဆိုရင် လောကကြီးမှာ နေပျော်ပါပြီဗျာ"

ခင်မမက မြတ်ကိုကို ကို ဖြတ်ကနဲမော့ကြည့်ပြီး ပြောသည်။ ခပ်ရှင်းရှင်းပြောရရင် မင်းကမမကို (၂၄)နာရီဇနီး လုပ်ချင်တယ်ဆိုပါတော့"

"ကျွန်တော်ဆိုလိုတာ ဒီအဓိပ္ပာယ်မျိုးမဟုတ်ပါဘူး၊ ဒါဟာ သိပ်ယေဘုယျဆန်ပါတယ်၊ ကျွန်တော်ရယူလိုတာက မမရဲ့အတွေး အခေါ်နဲ့ မြင့်မြတ်တဲ့ စိတ်ထားပါ။ မမရဲ့ခံစားချက်၊ မမရဲ့ ခင်ပွန်း မမြင်တဲ့ မမရဲ့ အရည်အချင်းကောင်းတွေကိုပါ"

မြတ်ကိုကိုသည် ခင်မမ၏လက်ကို ဆုတ်ကိုင်ထား၏။ တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်မိ၏။

"မမလဲ မင်းကိုခင်ပါတယ်" ခင်မမက လေသံတိုးတိုးဖြင့် ပြော၏။

"တို့နှစ်ယောက် မကြာခဏတွေ့ပြီး တစ်ယောက် လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ဆည်းပေးဖို့တော့ လိုမှာပေါ့လေ၊ ဒါပေမယ့် ဒီလိုခဏခဏတွေ့ဖို့ မဖြစ်နိုင်ဘူး၊ တစ်ခါတစ်လေပဲ ဖြစ်နိုင်တယ်"

"မကြာခဏတွေ့ဆုံဖို့ မဖြစ်နိုင်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် စာချင်းဆက်သွယ်ပြီး အတွေးအခေါ်အယူအဆတွေကို ဆွေးနွေးနိုင်ပါသေးတယ်ဗျာ၊ ဒါဆိုရင် ကျွန်တော့ဘဝဟာ အဓိပ္ပာယ်ရှိလာပြီး နေချင်စရာ ကောင်းလာမှာပါ။ မမအိမ်လိပ်စာနဲ့ စာမရေးပါဘူး၊ မမဆီ စာရေးနိုင်မယ့် လိပ်စာတစ်ခုသာ ပေးထားပါနော်"

မြတ်ကိုကိုက စကားရပ်ပြီး လက်အကြား၌ တငွေ့ငွေ့ လောင်နေသော စီးကရက်ကို ကြည့်နေ၏။ သူသည် စိတ်အားတက်ကြွနေ၏။





"မမဟာ ကျွန်တော့်ကိုခွန်အားတွေ တိုးတက်လာစေတယ်၊ ဒါယာ မမရဲ့အတွေးအခေါ်တွေကြောင့်ပါပဲ၊ တကယ်တော့ လူ့လောကကြီးဟာ အနှစ်သာရဘာမှမရှိဘူး၊ အခွံချည်းသက်သက်ပဲ၊ တိုတောင်းတဲ့လူ့ဘဝမှာ မုသားတွေ ဟန်ဆောင်မှုတွေနဲ့ ပြည့်ဝနေတယ်၊ အို. . ကျွန်တော်ဘာတွေပြောနေမိပါလိမ့်၊ ခွင့်လွှတ်ပါ မမရယ်၊ ကဲ ဒီပြင်အကြောင်း ပြောကြရအောင်"

ခင်မမက မြတ်ကိုကိုလက်ကို ပြန်ဆုပ်ထားသည်။

"မမလည်း မင်းနဲ့အမြဲတွေ့ချင်ပါတယ်ကွယ်" ဟု တိုးတိုးလေး ပြောနေသည်။

"မမတို့အိမ်မှာ ပါတီပွဲတွေ မကြာခဏလုပ်လေ့ရှိတယ်၊ အဲဒီပါတီပွဲကို တက်ခွင့်ရအောင်လုပ်ပေးမယ်လေ"

❖ ❖ ❖ ❖ ❖

ခင်မမသည် ကားကို ကိုယ်တိုင်မောင်း၍ အိမ်သို့ပြန်လာ၏။ သူမသည် စိတ်အားတက်ကြွနေ၏။ အသစ်မွေးဖွားလာသကဲ့သို့ ခံစားနေရသည်။ ကားမောင်းရင်း သူမခင်ပွန်းအကြောင်းကို စဉ်းစားနေမိသည်။ ဦးမြတ်ကောင်းသည် သူမအား ဇနီးတစ်ယောက်ကဲ့သို့ သဘောမထား၊ ငွေဖြင့်ဝယ်ထားသော မိန်းမတစ်ယောက်ကဲ့သို့ ဆက်ဆံ၏။ သူမ၏အတွေးအခေါ်၊ အယူအဆ၊ သူမခံစားချက်များကို ဂရုမစိုက်၊ ဒီအတွက် သူမ နာကျည်းမိသည်။ သို့သော် သူမ ဘာမျှမတတ်နိုင်၊ ဦးမြတ်ကောင်းအတွက် ပါတီပွဲများသို့ ယှဉ်တွဲတက်ရန် ဇနီးချောတစ်ယောက် လိုအပ်သကဲ့သို့ သူမအတွက်





လည်း ငွေကြေးလိုအပ်လှသည်။ အခုတော့ သူ့ကိုနားလည်သော မြတ်ကိုကိုဆိုသော လူချောကလေးရှိနေလေပြီ၊ ဒီအတွက် စိတ်ကျေနပ်မိသည်။ ထိုသို့တွေးရင်း ကားမောင်းလာခဲ့ရာ မကြာခင် သူမတို့ အိမ်ဝင်းအတွင်းသို့ ကားဝင်ရောက်လာတော့၏။

ထိုညနေတွင် ခင်မမသည် အထူးအော်ဒါပေး၍ ချုပ်ထားသော နောက်ဆုံးပေါ် အဝတ်အစားသစ်များကို ဝတ်ဆင်ခဲ့၏။ ထို အဝတ်အစားများမှာ သူမ၏လှပကျော့ရှင်းသော ကိုယ်ခန္ဓာနှင့် အလွန်လိုက်ဖက်၏။ မှန်ထဲမှ သူမ၏ အရိပ်ကို ကျေနပ်စွာကြည့်ပြီး အောက်ထပ်ထမင်းစားခန်းသို့ ဆင်းလာခဲ့၏။

ဦးမြတ်ကောင်းသည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေ၏၊ သူသည် ကိုယ်လုံးကိုယ်ထည်ထွားကြိုင်း၍ ခံစားမှုကင်းမဲ့သော မျက်နှာပိုင်ရှင်ဖြစ်သည်။

ဦးမြတ်ကောင်းသည် ခင်မမကို လှမ်းကြည့်နေ၏။

"ဘာကြောင့် ဒီလောက်ပြင်ဆင်ဝတ်စားရတာလဲ၊ ဒီနေ့ ဘယ်ဧည့်သည်မှလဲ မလာပါဘူး" သူက စိတ်တိုသံဖြင့် ပြောသည်။

ခင်မမက သူ့ခင်ပွန်းကို ပြုံးပြ၏။

"အစ်ကိုကြီးကို ပြချင်လို့လေ၊ ဒါဟာ နောက်ဆုံးပေါ်ပုံစံပဲ၊ မ,နဲ့ ကြည့်ကောင်းရဲ့လား ဟင်"

"ကောင်းပါတယ်" ဦးမြတ်ကောင်းက စိတ်မပါသလို ပြောသည်။

"ကဲ. . ညစာ စားကြမယ်၊ ညခုနှစ်နာရီထိုးပြီ"

ညစာစားရင်း ဦးမြတ်ကောင်းသည် သူ၏ တစ်နေ့တာ အတွေ့အကြုံများ၊ ဂေါက်သီးရိုက်သည့်အကြောင်းများကို ပြောပြနေ၏။ ခင်မမသည် စိတ်မပါဘဲနားထောင်နေရ၏။ ထမင်းငုံ့စားနေသော ဦးမြတ်ကောင်းကိုကြည့်ရင်း 'ပန်းနုရောင်' ဟိုတယ်တွင် မြတ်ကိုကိုနဲ့အတူ နေ့လယ်စာစားခဲ့ကြပုံကို ပြန်သတိရနေ၏။ မြတ်ကိုကိုသာဆိုပါက သူမ၏အဝတ်အစားသစ်များအကြောင်းကို တဖွဖွချီးကျူးပြောဆိုပေလိမ့်မည်။ ထိုသို့တွေးရင်း ဦးမြတ်ကောင်း၏ အပြုအမူကို စိတ်ကုန်ခမ်းနေ၏။

ဦးမြတ်ကောင်းသည် ညစာငုံ့စားနေရာမှ ဖြတ်ကနဲ မော့ကြည့်၏။

"မင်း. . စကားနည်းလှပါလား၊. . ပြောပါဦး၊ ဒီနေ့ နေ့ခင်းက ရန်ကုန်ထဲကို ဘာသွားလုပ်တာလဲ"

"အပ်ချုပ်ဆိုင်ကိုသွားတာပါ၊ ပြီးတော့ ဝင်ဒီတို့ တိုက်ခန်းကိုလည်း ဝင်ခဲ့တယ်၊ ဝင်ဒီတို့ အဲဒီတိုက်ခန်းကို ဝယ်တာမကြာသေးဘူး၊ အခန်းကကျဉ်းပေမယ့် သပ်သပ်ရပ်ရပ်ပြင်ဆင်ထားလို့ သိပ်ကြည့်ကောင်းတာပဲ၊ ဧည့်ခန်းကို လိမ္မော်ရောင်ဖျော့ဖျော့ဆေးသုတ်ထားတယ်၊ အဲဒီအရောင်ကိုသုတ်ဖို့ မ အကြံပေးခဲ့တာပေါ့၊ မနက်ဖြန်ကျရင် အစ်ကိုကြီးနဲ့ မ အဲဒီကို သွားကြရအောင်"

"မလိုက်တော့ပါဘူး၊ အခန်းပြင်ဆင်တာနဲ့ပတ်သက်ရင် မ





ကပိုပြီး အကြံပေးနိုင်ပါတယ်၊ ဒါနဲ့မနက်စာကို ဘယ်မှာစားခဲ့သလဲ"

"ဝင်ဒီက 'ပန်းနုရောင်' ဟိုတယ်မှာ လိုက်ကျွေးတယ်၊ အဲဒီမှာလူတစ်ယောက်နဲ့ အသိဖြစ်ခဲ့တယ်၊ လူကတော့ ခပ်တုံးတုံးပုံစံပါပဲ၊ ဒါပေမယ့် အစ်ကိုကြီးလုပ်ငန်းမှာ အသုံးဝင်နိုင်တယ်၊ အဲဒီလူနဲ့ ဦးမြတ်ခိုင်က မိတ်ဆက်ပေးတယ်၊ ဦးမြတ်ခိုင်က အဲဒီလူဟာ ကုမ္ပဏီလုပ်ငန်းတွေမှာ ငွေအရင်းအနှီးမြှုပ်နှံချင်တယ်လို့ ပြောတယ်၊ နောက်တစ်ခါ ပါတီပွဲလုပ်ရင် အဲဒီလူကိုဖိတ်သင့်တယ်၊ အစ်ကိုကြီးနဲ့ သူ့လုပ်ငန်းအကြောင်း ဆွေးနွေးနိုင်တာပေါ့"

"ကောင်းသားပဲ မမ၊ နောက်တစ်ခါပါတီပွဲလုပ်ရင် သူ့ကိုဖိတ်လိုက်ပါ၊ ကြုံတုန်းသတိပေးရဦးမယ်၊ နောက်ဆိုရင် ဟိုတယ်တွေကို မင်းမသွားပါနဲ့၊ ဟိုတယ်မှာ တွေ့တဲ့လူတွေနဲ့ အသိမိတ်ဆွေမဖွဲ့ပါနဲ့၊ ဟိုတယ်ကိုလာတဲ့လူတိုင်းဟာ လူကြီးလူကောင်းမဟုတ်ဘူး၊ မင်းဟာ ကိုယ်ဇနီးဖြစ်တယ်၊ အနေအထိုင်အသွားအလာဆင်ခြင်သင့်တယ်"

ခင်မမက နှုတ်ခမ်းမဲ့ရွဲ့ပြလိုက်၏။

"ဒီလိုပြောကြစတမ်းဆိုရင် ရှင်နဲ့ပတ်သက်ပြီး ကြားရတဲ့သတင်းတွေက ပိုဆိုးပါတယ်"

ဦးမြတ်ကောင်းက အသံထွက်အောင်ရယ်ရင်း

"အို. . မရယ်၊ ဒါက မင်းကိုမထိခိုက်စေပါဘူး၊ ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက်ပဲ နာမည်ပျက်ပျက် သူ့မှာငွေရှိနေရင် လူတွေက လေးစားတာပါပဲ၊ မိန်းမတစ်ယောက်နာမည်ပျက်ရင် ကမ္ဘာလောကကြီးတစ်ခုလုံးက ဝိုင်းပြီးအထင်သေးလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး၊ သိပ်မှတ်သားလောက်စရာစကားပါပဲ၊ ကဲ. . အစ်ကိုကြီး စာဖတ်ခန်းထဲသွားဖို့အချိန်တန်ပြီ"

ဦးမြတ်ကောင်းသည် နေ့စဉ်ထုတ်သတင်းစာများကို ဖတ်ရန် ထသွား၏။ ခင်မမတစ်ယောက်ထဲ စားပွဲဘေးတွင် ရပ်ကျန်ရစ်ခဲ့သည်။ သူမသည် စီးကရက်ကို ဖွာရှိုက်နေ၏။ သူမပတ်ဝန်းကျင်တွင် စီးကရက်မီးခိုးများ ဝေ့နေ၏။ လိပ်ခဲတည်းလည်းဖြစ်နေသော ပြဿနာတစ်ရပ်ကို အပြီးသတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် ကျေနပ်စွာပြုံးနေ၏။ ထို့နောက် အခန်းထဲမှထွက်သွားတော့၏။

ထိုညတွင် ခင်မမသည် မြတ်ကိုကိုထံစာတစ်စောင်ရေး၏။ ထိုစာမှာ မိတ်ဆွေအချင်းချင်း ရေးသားသောစာမျိုးဖြစ်သည်။ စာရေးပြီးနောက် အိပ်ရာထက်တွင်လှဲရင်း ပြတင်းပေါက်မှလှမ်းမြင်ရသော ကောင်းကင်နက်ပြာပြာကို ကြည့်ရင်း သူမဘာတွေတွေးပြီး နာကျည်းနေမိသည်။ ဦးမြတ်ကောင်းသည် သူမ၏ထက်မြက်ပါးနပ်မှုနှင့် အလှအပကို တန်ဖိုးမထားပေ။ သူမ၏ခံစားချက်၊ သူမ၏အတွေးအခေါ်နှင့်ဆန္ဒကို ဂရုမစိုက်ပါတကားဟု တွေးနေ၏။ ဦးမြတ်ကောင်းကိုသင်ခန်းစာပေးသင့်ပြီဟု တွေးနေ၏။ မကြာခင်ခေါင်းအုံးကိုဖက်ရင်း ခင်မမအိပ်ပျော်သွားတော့၏။

နောက်နှစ်ရက်အကြာတွင် မြတ်ကိုကိုထံမှ ပြန်စာရောက်လာ၏။ စာထဲတွင် သူမနှင့်နောက်ထပ်တွေ့ဆုံခွင့် တောင်းထား၏။ ဤသို့ဖြင့် သူတို့နှစ်ယောက်သည် အပြန်အလှန်စာရေးဖြစ်ကြ၏။ မကြာခဏချိန်းတွေ့ကြ၏။ တွေ့ဆုံသည့်အကြိမ်များလာသည်နှင့်





အမျှ ခင်မင်ရင်းနှီးမှု ပိုလာကြ၏။ ညတိုင်းမိမိကို ချစ်တင်းနှောပြီးနောက် အားရကျေနပ်စွာ ဟောက်၍အိပ်ပျော်သွားသော ဦးမြတ်ကောင်းကိုကြည့်၍ "အရူးကြီး၊ လူပေါကြီး၊ ကျွန်မဒီပြင် ယောကျ်ားတစ်ယောက်ကို ချစ်နေပြီ၊ ရှင်သိရဲ့လား၊ ရှင့်ကိုကျွန်မသဘောကျတယ်လို့ ထင်သလား" ဟု စိတ်ထဲမှ ပြောနေမိ၏။

တစ်နေ့လယ်ခင်းတွင် သူမသည် မြတ်ကိုကိုနှင့်ချိန်းတွေ့ပြီး ညရှစ်နာရီလောက်မှ အိမ်သို့ပြန်လာခဲ့၏။ ဦးမြတ်ကောင်းအား ကားပျက်နေလို့ပါဟု အကြောင်းပြ၏။

ဦးမြတ်ကောင်းက သူမကို စိမ်းစိမ်းကြည့်၍ "အေး. . မကြာခင်မှာ ကားစက်ပျက်သလို မင်းဘဝပျက်စီးမှာပါ၊ ငါ. . မြင်ယောင်နေပြီ" ဟု ပြော၏။ ထို့နောက်ဘာမှဆက်မပြောဘဲ ဝီစကီကို ဆက်သောက်နေ၏။ ပထမဆုံးအကြိမ်အဖြစ် ခင်မမသည် ဦးမြတ်ကောင်းကို ကြောက်လန့်သွားခဲ့သည်။

ထိုညတွင် ခင်မမသည် ဦးမြတ်ကောင်းကျေနပ်အောင် ချော့မော့၏။ သူ့စိတ်ကြိုက်လိုက်လျောခဲ့၏။ ဦးမြတ်ကောင်း၏ စကားသည် တိုက်ဆိုင်မှုသာ၊ မိမိတို့အကြောင်းကို ဦးမြတ်ကောင်း ဘာမှမသိဟု သူမကိုယ်သူမ အားပေး၏။ သို့ရာတွင်ရှေ့အဖို့သတိထားဖို့လိုကြောင်း ဦးမြတ်ကောင်းသံသယဝင်စေမည့် အလုပ်မျိုး အပြောမျိုး မလုပ်မိ၊ မပြောမိအောင် ဆင်ခြင်ဖို့ဆုံးဖြတ်လိုက်၏။

မကြာခင် ဦးမြတ်ကောင်းသည် ထိုင်းနိုင်ငံဘန်ကောက်မြို့သို့ အလုပ်ကိစ္စဖြင့်သွားရန် အကြောင်းပေါ်လာ၏။ ဘန်ကောက်တွင် သုံးရက်ကြာနေ ထိုင်ရမည်ဖြစ်၏။ သူသည် အလုပ်ကိစ္စဖြင့်

ခရီးသွားရာတွင် ဇနီးကိုခေါ်လေ့မရှိ။ ခင်မမသည် ဝတ္ထုရားအရ ဦးမြတ်ကောင်းအား လေဆိပ်သို့လိုက်ပို့၏။ လေယာဉ်ထွက်သွားသည်နှင့် မြတ်ကိုကိုထံ တယ်လီဖုန်းဆက်တော့သည်။

ဦးမြတ်ကောင်းသတိပေးသည့် နောက်ပိုင်းတွင် ဟိုတယ်နှင့် စားသောက်ဆိုင်များကိုရှောင်၍ မြတ်ကိုကို၏အခန်းတွင် ချိန်းတွေ့ကြ၏။ ယခုလည်း ခင်မမသည် မြတ်ကိုကိုအခန်းသို့ ရောက်သွား၏။ မြတ်ကိုကိုက သူမအား အငမ်းမရပွေ့ဖက်နမ်းရှုံ့ပြီး ကြိုဆိုသည်။

မြတ်ကိုကိုအခန်းတွင် နေ့လယ်စာစားရင်း လွတ်လွတ်လပ်လပ်လျှောက်လည်နိုင်မည့်နေရာများကို စဉ်းစားကြ၏။ သူတို့၏ အသိမိတ်ဆွေများကို ရှောင်လိုသောကြောင့်လည်း ဖြစ်သည်။ နောက်ဆုံး ပုသိမ်မြို့အနီးရှိ ချောင်းသာကမ်းခြေသို့ သွားရန်ရွေးချယ်လိုက်ကြ၏။

ခင်မမသည် အိမ်သို့ပြန်သွားပြီး အိမ်ဖော်များအား မြို့ထဲရှိ ဝင်ဒီတို့တိုက်ခန်းသို့ နှစ်ရက်လောက်သွားနေမည်ဟု ပြော၍ထွက်လာခဲ့၏။ ဝင်ဒီအခန်းသို့သွားပြီး သူမ၏အစီအစဉ်ကို ပြောပြ၏။ ထိုအစီအစဉ်ကို ဝင်ဒီက လက်ခံသည်။ ဝင်ဒီသည် ဦးမြတ်ကောင်းအား သဘောကျလှသူမဟုတ်ပေ။

ထို့နောက် ခင်မမနှင့် မြတ်ကိုကိုတို့သည် မြတ်ကိုကို၏ကားဖြင့် ပုသိမ်သို့လာခဲ့ကြ၏။ ချောင်းသာဟိုတယ်တွင် နှစ်ညတည်းခိုကြ၏။ သူတို့သည် လက်ထပ်ပြီးစ ခရီးထွက်လာသော ညားခါစဇနီးမောင်နှံသဖွယ် ခံစားခဲ့ကြ၏။ ဤသို့ဖြင့် ပျော်ရွှင်စရာကောင်းသော နှစ်ရက်တာသည် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့၏။





သူတို့သည် ဦးမြတ်ကောင်းပြန်မရောက်ခင် ရန်ကုန်သို့ပြန်လာကြ၏။ ခင်မမသည် ဦးမြတ်ကောင်းအား လေဆိပ်သို့သွားကြိုခဲ့၏။ ကားမောင်းပြန်လာစဉ် ဦးမြတ်ကောင်းမရှိဘဲ တစ်ယောက်ထဲနေရသဖြင့် အလွန်ငြီးငွေ့ကြောင်း ဝင်ဒီတို့အိမ်သို့ နှစ်ရက်သွားနေကြောင်း ပြောပြ၏။ ဦးမြတ်ကောင်းက ဘာမှမပြောဘဲ သူ့လုပ်ငန်းအကြောင်းကိုသာ ပြောပြနေ၏။

အိမ်သို့ရောက်ပြီးနောက် လက်ဖက်ရည်သောက်ရင်း ခင်မမက ပြောသည်။

"အစ်ကိုကြီးကို အကူအညီပေးနိုင်မယ့်အချက်တစ်ခု မတွေ့ထားတယ်"

"ဘာများလဲ မရဲ့"

"မ တစ်ခါတုန်းက ပြောခဲ့တဲ့လူရဲ့နာမည်နဲ့ လိပ်စာကိုသိပြီ၊ သူ့နာမည်က မြတ်ကိုကိုတဲ့၊ ဒီတစ်ခါ ပါတီလုပ်ရင် သူ့ကိုဖိတ်လိုက်မယ်နော်၊ အင်း. . မှတော့ပါတီပွဲတွေလုပ်ပြီး ဧည့်ခံရတာငြီးငွေ့လှပါပြီ"

"ဒါဟာ စီးပွားရေးအရ လိုအပ်တယ် မရဲ့၊ ညစာကောင်းကောင်းစား၊ အရက်ကောင်းကောင်းသောက်ပြီး အလုပ်ကိစ္စဆွေးနွေးရတာဟာ ပိုပြီးအဆင်ပြေတယ်၊ ဒီတော့ ဗုဒ္ဓဟူးနေ့မှာ လုပ်မယ့်ပါတီကိုလာဖို့ အဲဒီလူကို ဖိတ်ခေါ်လိုက်ပါ၊ သူနဲ့ကိုယ်အလုပ်ကိစ္စဆွေးနွေးကြမယ်"

"အစ်ကိုကြီးပြောတဲ့အတိုင်း သူ့ကိုဖိတ်လိုက်ပါ့မယ်၊ ဒါပေမယ့် တစ်ညနေခင်းလုံးသူနဲ့ပဲ အချိန်မကုန်ပါစေနဲ့၊ တစ်ယောက်

ထဲငြီးငွေ့လွန်းလို့ပါ”

ခင်မမသည် ထိုစကားကို ပြောရင်းဝမ်းထဲမှာ ကြိတ်ပြုံးလိုက်၏။ မြတ်ကိုကိုနှင့်အတူရှိနေရမည်ဆိုလျှင် သူမဘယ်တော့မှ မငြီးငွေ့ကြောင်း ကိုယ့်ကိုယ်ကို သိနေသည်။

ခင်မမသည် မြတ်ကိုကိုအား ပါတီပွဲသို့တက်ရန် ဖိတ်စာပေးရင်း သူပြောရမည့်စကားများကို အသေးစိပ်မှာကြားခဲ့၏။ မှာသာမှာရသည်။ ဦးမြတ်ကောင်းနှင့်တွေ့ဆုံချိန်တွင် မြတ်ကိုကိုသည် အဆင်ပြေအောင်ပြောဆိုနိုင်မည်ဖြစ်ကြောင်း စိတ်ထဲမှသေချာနေ၏။

ထိုနေ့ညနေတွင် စားသောက်ရင်း ဦးမြတ်ကောင်းနှင့် မြတ်ကိုကိုတို့ အလုပ်စကား ပြောကြသည်။ မြတ်ကိုကိုသည် စီးပွားရေးနှင့်ပတ်သက်သော အချက်အလက်များကို ဦးမြတ်ကောင်း အံ့ဩသွားအောင် ပြောပြနိုင်ခဲ့သည်။ အမျိုးသားနှစ်ယောက်သည် တစ်ညနေခင်းလုံး အလုပ်အကြောင်းဆွေးနွေးကြ၏။ ခင်မမသည် မြတ်ကိုကိုအတွက် ဂုဏ်ယူမဆုံးဖြစ်နေ၏။ နောက်ဆုံး ဦးမြတ်ကောင်းက မြတ်ကိုကိုနှင့်အလုပ်တွဲလုပ်ရန် ဆုံးဖြတ်လိုက်သဖြင့် အလွန်ဝမ်းသာသွား၏။ နောက်ထပ်ပြုလုပ်မည့် ပါတီပွဲများသို့ မြတ်ကိုကိုတက်ခွင့်ရပြီဖြစ်သည်။

ထိုညက ခင်မမသည် အိပ်ရာထက်တွင် လဲလျောင်းရင်း သူမသည် စရိုက်ချင်းမတူသည့်ယောကျာ်းနှစ်ဦးနှင့် တစ်ချိန်တည်းတွင်ဆက်ဆံနေရကြောင်း တွေးမိသွားသဖြင့် မလုံမလဲခံစားနေရသည်။





နောက်တစ်နေ့ ခင်မမနှင့်မြတ်ကိုကိုတို့တွေ့ဆုံချိန်တွင် ထိုအကြောင်းကို ပြောပြီးရယ်မောကြ၏။ ခင်မမက နောက်ထပ်ပြုလုပ်မည့်ပါတီပွဲသို့တက်ရန် ဖိတ်စာပို့လိုက်မည့်အကြောင်းလည်း ပြောပြခဲ့သည်။

“ဝမ်းမြောက်ဝမ်းသာစွာနဲ့လာပါ့မယ် အချစ်ရယ်” ဟု မြတ်ကိုကိုက ပြော၏။ ထို့နောက်ဆက်၍ “အဲဒီညမှာ မနဲ့နှစ်ယောက်ထဲမိနစ်နှစ်ဆယ်လောက်တွေ့ပါရစေ၊ ကိုယ် ဦးမြတ်ကောင်းကိုနှုတ်ဆက်ပြီးထွက်လာခဲ့မယ်၊ ပြီးတော့မကို ပန်းခြံထဲကစောင့်နေမယ်၊ ငါးမိနစ်လောက်ကြာရင် ခေါင်းထဲမှာငြီးစီစီဖြစ်လို့ လေညင်းခံမယ်ပြောပြီး ထွက်လာခဲ့ပါ၊ လာမယ်လို့ကတိပေးပါ မရယ်”

“လာခဲ့မယ်လေ၊ မိနစ်နှစ်ဆယ်ဆိုတာ ဘာမှမကြာပါဘူး” ခင်မမကသဘောတူလိုက်သည်။

“ပြီးတော့ ကိုယ့်ဆန္ဒတစ်ခုကို လိုက်လျောပါလား၊ မဟာ အစိမ်းရောင်နဲ့သိပ်ကြည့်ကောင်းတယ်လို့ ကိုယ်ထင်တယ်၊ အစိမ်းရောင်ဟာ မကိုပိုပြီးနုပျိုစေတယ်၊ အဲဒီညကျရင် မြစိမ်းရောင် မင်းသမီးလေးအဖြစ် မကို မြင်ချင်တယ်”

“မောင့် ဆန္ဒပြည့်ရပါစေမယ်” ခင်မမက လေသံတိုးတိုးဖြင့်ပြော၏၊ မြတ်ကိုကိုက သူမခါးကိုဖက်လိုက်၏။

ပါတီပွဲပြုလုပ်သည့် တစ်ညနေခင်းလုံး ခင်မမသည် သူမအခန်းထဲတွင်အလှပြင်နေ၏၊ ဝတ်စုံမှာအစိမ်းရောင်ဖြစ်သည်၊ လက်ဝတ်လက်စားများမှာလည်း အစိမ်းရောင်ဖြစ်၏၊ ခင်မမသည် စိတ်တိုင်းကျပြုပြင်ပြီးနောက် မှန်ရှေ့တွင်ရပ်ကြည့်နေ၏၊ မပြည့်စုံသေး

ပါ သူမကိုယ်ပေါ်တွင် ဝတ်ဆင်ရမည့်အရာတစ်ခုလိုနေသေး၏။

ခင်မမသည် မှန်တင်ခုံပေါ်မှ သေတ္တာနက်တစ်လုံးကို ဖွင့်လိုက်၏၊ သေတ္တာအောက်ပိုင်းမှ အစိမ်းရောင်သည် အပေါ်သို့တိုးဟပ်နေ၏၊ အလွန်အရည်အသွေးကောင်းသော မြများဖြင့်ပြုလုပ်ထားသည့်လည်ဆွဲတစ်ခုဖြစ်၏။ ခင်မမသည် မြလည်ဆွဲကိုဖြူနုသော လက်ချောင်းများဖြင့် မြတ်နိုးယုယစွာ ကိုင်တွယ်နေ၏၊ ထို့နောက်မြလည်ဆွဲကို သူမ၏ ဖြူနုသောလည်ပင်းတွင် ဆွဲလိုက်၏၊ ဖြူဝင်းသောလည်တိုင်နှင့် အစိမ်းရောင်သည်အလွန် ပနံတင့်သွားတော့သည်။ ခင်မမစီးထားသောဖိနပ်မှစ၍ တစ်ကိုယ်လုံးမှာ အစိမ်းရောင်ချည်းဖြစ်သည်။ အစိမ်းရောင် မျက်ဆိုးဆေးကြောင့် မျက်လုံးများပင် အစိမ်းရောင်တောက်ပနေသည်ဟု ထင်ရ၏။

အခိုက်အတန့်အားဖြင့် ခင်မမသည် ဦးမြတ်ကောင်းကို အလွန်ကျေးဇူးတင်သွား၏။ ဦးမြတ်ကောင်းသည် ဤအဖိုးတန်လည်ဆွဲအား သူမကို ရက်ရောစွာ ပေးထားခဲ့သည် မဟုတ်ပါလား။

ခင်မမသည် အဖိုးတန်ရေမွှေးပုလင်းကိုဖွင့်၍ ကိုယ်ပေါ်တွင်ဆွတ်ဖြန်းခြင်းဖြင့် သူမ၏ပြင်ဆင်မှုကို အဆုံးသတ်လိုက်၏။ ရေမွှေးကို သူမအလွန်နှစ်သက်၏။ အမွှေးနံ့သာ ကင်းမဲ့သောအမျိုးသမီးတစ်ယောက်သည် တေးမဆိုတတ်သော ငှက်တစ်ကောင်နှင့်တူသည်ဟု သူမထင်၏။ ထို့နောက် ဧည့်သည်များကို ကြိုဆိုရန်လှေခါးမှဆင်းလာခဲ့၏။

ထိုညက ပါတီပွဲသို့လာသူတိုင်းသည် ခင်မမ၏အလှကို အံ့ဩချီးမွမ်းကြ၏။ ဦးမြတ်ကောင်းမှာ ဇနီးအတွက်ဂုဏ်ယူမဆုံးဖြစ်နေတော့သည်။





မြတ်ကိုကိုသည် ပါတီပွဲသို့ အတော်နောက်ကျမှ ရောက်လာ၏။ ခင်မမသည် မြတ်ကိုကိုအား သာမာန်ဧည့်သည်တစ်ဦးကဲ့သို့ ကြိုဆိုပြီး လူမရှိသော စားပွဲတစ်လုံးပင်နေရာချထားပေး၏။

“ညတစ်ဆယ့်နှစ်နာရီမှာ ပန်းခြံထဲထွက်ခဲ့ပါနော်”ဟု မြတ်ကိုကိုလေသံဖြင့် သတိပေးသည်။

ခင်မမကလည်း သူ့ကိုမကြည့်ဘဲ ခေါင်းညိတ်ပြခဲ့သည်။ ထို့နောက်ခင်မမသည် အခြားဧည့်သည်များကို ကြိုရန်ထွက်သွားတော့သည်။

အခန်းထောင့်တွင် စင်မြင့်ရှိပြီး ဂီတဝိုင်းမှခေတ်ပေါ်သီချင်းများကို တီးခတ်သီဆို၍ ဖြေဖျော်လျက်ရှိ၏။ ဧည့်သည်များမှာ ယမကာများသောက်ရင်း အစားအသောက်များစားရင်း မိမိတို့နှင့်နီးစပ်ရာ အုပ်စုဖွဲ့၍ စကားပြောနေကြ၏။ ပါတီပွဲသို့တက်ရောက်လာသူများမှာ လူကုံထံများသာဖြစ်၏။ အဖိုးတန်အဝတ်အစားများ အဖိုးတန်လက်ဝတ်လက်စားများကို ဝတ်ဆင်လာကြ၏။ ခင်မမသည် မြစိမ်းရောင် မင်းသမီးကလေးတစ်ပါးကဲ့သို့ စားပွဲဝိုင်းတစ်ခုမှတစ်ခုသို့ကူးရင်း ဧည့်သည်များကိုဧည့်ခံနေရ၏။

ဤသို့ဖြင့် ညဉ့်တစ်ဆယ့်နှစ်နာရီနီးပါးဖြစ်လာသည်။ ဧည့်သည်အချို့ပြန်သွားကြ၏။ အချို့မှာ ပြန်ရန်ပြင်ဆင်နေကြ၏။ မြတ်ကိုကိုသည် ခင်မမထံသို့လာ၍ ကျေးဇူးတင်စကားဆိုရင်း နှုတ်ဆက်၏။ နှုတ်ဆက်ရင်း ခင်မမမျက်နှာကို တစ်ချက်စူးစိုက်ကြည့်၏။ ထို့နောက် ဦးမြတ်ကောင်းကိုနှုတ်ဆက်၍ အိမ်ထဲမှထွက်သွား၏။ သူနှင့်အတူ ဧည့်သည်အချို့လည်းပါသွား၏။

အိမ်ရှေ့မှ မြတ်ကိုကိုကားမောင်းထွက်သွားသံ ကြားရ၏။ ခင်မမသည် ချိန်းဆိုချက်ကို သတိရပြီးရင်ဖိုနေ၏။

သူမသည် အတန်ကြာအောင် ညှိသည်များအား ညှိခံပြီးနောက် ပန်းခြံထဲသို့ လစ်ခနဲထွက်လာခဲ့၏။

ပန်းခြံထဲတွင် လူတစ်ယောက်မှမရှိပေ။ လမသာသော်လည်းကြယ်ရောင်လင်းနေ၏။ တီးဝိုင်းမှဂီတသံသည် ငြိမ့်ညောင်းစွာပေါ်ထွက်နေ၏။

ခင်မမမှာ အလိုလိုကြောက်ရွံ့နေ၏။ ထိုအခိုက် ပန်းရုံဘေးမှမည်းမည်းသဏ္ဌာန်တစ်ခုထွက်လာပြီး ခင်မမလက်ကို လာဆွဲ၏။ ခင်မမလန့်အော်ရန် ပါးစပ်ဟလိုက်သော်လည်း ထိုသဏ္ဌာန်က သူမပါးစပ်ကို ပိတ်လိုက်သဖြင့် အသံထွက်မလာပေ။ မကြာခင် သူမသည် မြတ်ကိုကို၏ရင်ခွင်ထဲသို့ ရောက်သွား၏။ မြတ်ကိုကိုသည် သူမပါးကို အငမ်းမရနမ်းနေ၏။ သူမကလည်း တုံ့ပြန်အနမ်းများ ပေးမိသည်။

ထိုအခိုက် တီးဝိုင်းမှဂီတသံများ တိတ်ဆိတ်သွားသည်ကို သူမသတိထားမိ၏။

"မောင် တီးဝိုင်းကအသံတွေ တိတ်သွားပြီ၊ ဘာကြောင့်ပါလိမ့်"

မြတ်ကိုကိုသည် သူမအားစိုက်ကြည့်နေ၏။ ထို့နောက်သူမကို ညင်သာစွာတွဲ၍ အိမ်ပြတင်းပေါက်နားသို့ ခေါ်သွား၏။

ခင်မမသည် မှန်ပြတင်းပေါက်မှ မြင်ရသောအခြင်းအရာကြောင့် ကြက်သေသေသွား၏။ ဦးမြတ်ကောင်းနှင့် ညှိသည်အချို့





သည် နံရံဘေးတွင် စုရပ်နေကြရ၏။ အဝတ်နက်များဝတ်ဆင်ပြီး လက်ထဲတွင်သေနတ်များ ကိုင်ထားသူများသည် အခန်းထဲတွင် လျှောက်သွားနေကြ၏။ ထိုသူများသည် ညှိသည်များဝတ်ထားသော လည်ဆွဲများ၊ လက်စွပ်များ၊ နားကပ်များကို ချွတ်ယူနေကြ၏။ အခန်းထဲတွင် တိတ်နေ၏။ ထိုအခိုက်ကြမ်းပေါ်သို့ ပုလဲလည်ဆွဲတစ်ကုံး ပြုတ်ကျသံ ထွက်ပေါ်လာ၏။ ပိုင်ရှင်အမျိုးသမီးမှာ အကြောက်လွန်သဖြင့် မေ့မျောလဲကျသွား၏။

မြတ်ကိုကိုသည် ခင်မမအားပန်းရုံအနီး မှောင်ရိပ်ထဲသို့ ပြန်ခေါ်သွား၏။ ခင်မမသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မြတ်ကိုကိုလှည့်ပြော၏။

"မောင်. . ကျွန်မရဲ့လည်ဆွဲကို သူတို့ယူလိမ့်မယ်၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်. . "

"ဒါဆို မရဲ့လည်ဆွဲကို ကိုယ့်ကိုပေးထားပါလား"

"မပေးဘူး၊ မပေးဘူး ကျွန်မအင်္ကျီထဲမှာ သွင်းထားမယ်၊ မငြိမ်ငြိမ်နေရင် အောက်ကိုလျှောမကျပါဘူးနော်"

"ကိုယ့်ကိုပေးထားပါမရယ်၊ မဆီမှာထားရင် အန္တရာယ်ရှိနိုင်တာပေါ့"

"မပေးဘူး. . . ကျွန်မဆီမှာပဲထားမယ်၊ ဒါက ပိုပြီးစိတ်ချရတယ်"

"ဒီမှာအမျိုးသမီး . . ျပ်ကိုလည်ဆွဲချွတ်ပေးစမ်း. . "

မြတ်ကိုကိုသည် ခင်မမ၏ လည်ပင်းကို လက်နှစ်ဘက်ဖြင့် ကိုင်၍ မြလည်ဆွဲကို ဖြုတ်ယူလိုက်၏။

"ရှင်ဘယ်လိုလုပ်တာလဲ. . ရှင်ရူးသွားပြီလား" ခင်မမက သူ့အပြုအမူကို နားမလည်နိုင်သဖြင့် မေးလိုက်၏။

"ကိုယ်မရူးပါဘူး မရယ်. . ရူးနေတာက မင်းပါ. . နောက်တော့ မ သဘောပေါက်သွားမှာပါ၊ တစ်ခုတော့ ကိုယ်သတိပေးခဲ့ပါရစေ၊ ရဲကိုမတိုင်ခင် မင်းသေသေချာချာစဉ်းစားပါ၊ ဒီည မအလှဆုံးပါပဲကွယ် ဟဲ. . ဟဲ ကဲ. . ကိုယ်သွားမယ်၊ နှုတ်ဆက်ခဲ့ပါတယ် မရယ် နော် ဂွတ်ဘိုင်"

မြတ်ကိုကိုလေသံတိုးတိုးဖြင့် ပြောသည်။ ထို့နောက်မြက်ခင်းကို ခပ်သွက်သွက်ဖြတ်လျှောက်သွား၏။ ဝင်းထရံကို ပေါ့ပါးဖျတ်လတ်စွာ ကျော်တက်ပြီးနောက် တစ်ဘက်သို့ခုန်ချသွားလေတော့သည်။

♥ ♥ ♥ ♥

ရန်ကုန်-ပဲခူးကားလမ်းပေါ်တွင် ဂျစ်ကားတစ်စီးသည် အပြင်းမောင်းနှင်နေ၏။ မြတ်ကိုကိုသည် ဒရိုင်ဘာဘေးတွင်ထိုင်နေ၏။ သူသည် ရှေ့တည့်တည့်သို့ တိတ်ဆိတ်စွာ ကြည့်နေ၏။ ထိုအချိန်တွင်အခြားကားတစ်စီးသည် ရန်ကုန်-ပြည်လမ်းပေါ်တွင် ပြည်ဘက်သို့ ဦးတည်မောင်းနေ၏။ ထိုကားပေါ်တွင် အခြားအဖွဲ့ဝင် လေးဦးပါသွား၏။ တစ်နေရာတွင် သူတို့တွေ့ဆုံရန် စီစဉ်ထားပြီးဖြစ်၏။

"ဒီတစ်ခါ အလုပ်လုပ်ရတာ အပိုင်ဆုံးပဲဗျာ. . အကျိုးအမြတ်လဲ မနည်းဘူး၊ ဒါပေမယ့် ခင်ဗျားကို အမျိုးသမီးက တစ်ချိန်





လုံးသိနေခဲ့တယ်၊ ခင်ဗျားပုံသဏ္ဌာန်ကို အမျိုးသမီးက ရဲတွေကို ပြောပြရင် ခင်ဗျားမလွယ်ဘူးနော်"

ကားမောင်းသူက ပြောနေသည်။

"ဒီအတွက်တော့ မပူပါနဲ့" မြတ်ကိုကိုက ပြန်ပြောသည်။ ထို့နောက်သူဝတ်ထားသော ကုတ်အကျီအတွင်းအိတ်ကို ပုတ်ပြ၏။ "ဒီအထဲမှာ သူရေးတဲ့ စာငါးစောင်ရှိတယ်၊ စာကိုမဖတ်ချင်ပါနဲ့၊ စာထဲမှာ စိတ်မကောင်းစရာအကြောင်းတွေ ပါတယ်၊ အမျိုးသမီးဟာ ကျွန်တော့်ပုံသဏ္ဌာန်ကို အရပ်ပုပု၊ ခြေထောက်ခွင်ခွင်၊ ကိုယ်လုံးတုတ်တုတ်လို့ ရဲတွေကို လိမ်ပြောပြမှာ သေချာပါတယ်ဗျာ ဟဲ. . ဟဲ"

"ခင်ဗျားပြောတာကို ကျွန်တော်နားမလည်ဘူး"

ကားမောင်းသူက စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။

"ခင်ဗျားနားလည်မယ်လို့လည်း ကျွန်တော်မျှော်လင့်မထားပါဘူး၊ ဒါပေမယ့် တစ်ခါတစ်ရံ အမျိုးသမီးတစ်ယောက်ရဲ့ဂုဏ်သိက္ခာဟာ မြလည်ဆွဲတစ်ကုံးထက် ပိုပြီးတန်ဖိုးရှိတယ်ဆိုတာကို သိထားဖို့ပဲ လိုပါတယ်"

မြတ်ကိုကိုသည် လက်ထဲမှ တိုနေသောစီးကရက်ကို ကားလမ်းပေါ်သို့ပစ်ချပြီး သက်ပြင်းကို လေးလံစွာချလိုက်၏။

ထိုအချိန်တွင် ပန်းဟောဝန်ခြံကြီးအတွင်း၌ ခင်မမသည် ဦးမြတ်ကောင်း၏ရင်ခွင်ထဲသို့ ခေါင်းထိုးရင်း တရှုံ့ရှုံ့ငို၍ သူမ၏မြလည်ဆွဲကို အရပ်ပုပုခြေထောက်ခွင်ခွင် ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင် လူဆိုးတစ်ယောက်က ဖြတ်ယူသွားကြောင်း ပြောပြနေလေသတည်း။



တစ်နေ့တွင် ကျွန်တော်နှင့်အလွန်ရင်းနှီးသော မိတ်ဆွေက သူ၏ ဥယျာဉ်ပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားခြင်းခံရပါသည်။ ထိုပွဲ၌ကျွန်တော်တို့ခေတ်အခါက နာမည်ကျော်ကြားခြင်းရှိလှသော အငြိမ့်မင်းသမီးကောလိပ်စိန်၏ ဧည့်ခံပွဲဟုလည်းဆိုသဖြင့် ကျွန်တော် အတော်စိတ်ဝင်စားသွားသည်။ ထိုပွဲသို့ သွားဖြစ်ခဲ့လို့လည်း အောက်ပါအဖြစ်အပျက်ကို ကြားသိခဲ့ရခြင်းဖြစ်သည်။ သိခဲ့သည့်အတိုင်း 'သူတို့' ဝတ္ထုအသွင်ရေးသားလိုက်ရပါသည်။

နာမည်ကျော်အငြိမ့်မင်းသမီးကောလိပ်စိန်၏ ဥယျာဉ်ပွဲသို့ သွားရောက်ခဲ့ရာမှ အောက်ပါအဖြစ်အပျက်များကို ကျွန်တော် ကြားသိခဲ့ရခြင်းဖြစ်ပါ၏။ ကောလိပ်စိန်မှာ မင်းသားကြီးဦးဖိုးစိန်၊ ရွှေမန်းတင်မောင်တို့နှင့် တွဲဖက်ကပြသော ဇာတ်မင်းသမီးကြီး ကောလိပ်စိန်ကဲ့သို့ ဇာတ်မင်းသမီး မဟုတ်ပါ။ အငြိမ့်ကသော မင်းသမီးသာ ဖြစ်သည်။ စစ်မဖြစ်မီက နာမည်ကျော် အငြိမ့်မင်းသမီးတစ်ယောက်ဖြစ်၏။ ကျွန်တော်ကောလိပ် ကျောင်းသားဘဝက ကျောင်းဆောင်နှစ်ပတ်လည် ထမင်းစားပွဲများ တွင် လာရောက်က ပြသော ကောလိပ်စိန်၏အငြိမ့်ပွဲကို မကြာခဏ ကြည့်ခဲ့ရ၏။ ထိုအချိန်က အသက်ငယ်ရွယ်ပြီး ရုပ်ချော၊ အသံကောင်း၊ အမူအရာကောင်းသော ကောလိပ်စိန်၏အမည်မှာ အရာရှိ အရာခံများ၊ လူပျို

လူရွယ်များကြားတွင် ရေပန်းအလွန်စားခဲ့သည်။ သို့သော် ကောလိပ်စိန်သည် အငြိမ့်လောကတွင် နာမည်ကျော်ကြားနေချိန်မှာပင် ကောလိပ်ကျောင်းသား သူဌေးသားစိန်ကိုကိုကြီးနှင့် လက်ထပ်သွားခဲ့၏။ စိန်ကိုကိုကြီးမှာ စိန်ကုန်သည် ဦးထွန်းစိန်နှင့် ဒေါ်မြစိန်တို့၏ တစ်ဦးတည်းသော သားဖြစ်၏။ အားကစားလိုက်စားသူဖြစ်ပြီး အလေးမ၊ လှေလှော်၊ လက်ဝှေ့ထိုး အားကစားစွယ်စုံရသူ၏။ အရပ်မှာငါးပေရှစ်လက်မရှိပြီး ကိုယ်လုံးကိုယ်ပေါက် အလွန်အချိုးအစားကျနစွာရှိ၏။ အသားအရေဖြူစင်ပြီး ယောကျ်ားပီသစွာ ခန့်ညားချောမောသူဖြစ်၏။ စိန်ကိုကိုကြီးသည် ကောလိပ်မှ ဘီအက်(စ်)စီဘွဲ့ရရှိခဲ့၏။ လက်ထပ်ပြီးနောက် ဇနီးဖြစ်သူ ကောလိပ်စိန်(ခေါ်) ခင်စိန်ကြည်ကိုခေါ်၍ လန်ဒန်သို့ ပြောင်းရွှေ့သွားပြီး၊ စိန်အရောင်းအဝယ်လုပ်နေ၏။ ထို့နောက် တောင်အာဖရိကသို့သွား၍ စိန်တူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သည်ဟု သိရ၏။

ကျွန်တော်သည် ကောလိပ်ကျောင်းသားဘဝက စိန်ကိုကိုကြီးနှင့် ကျောင်းဆောင်နှစ်လည်မိတ်ဆုံစားပွဲတွင် တစ်ကြိမ်၊ နှစ်ကြိမ်မျှသာ တွေ့ဆုံစကားပြောခဲ့ဖူးသည်မှလွဲ၍ ရင်းနှီးခင်မင်မှု မရှိခဲ့ပါ။ ကောလိပ်စိန်လက်ထပ်သွားသည့်အချိန်မှစ၍ သူတို့၏အကြောင်းကို အထူးစိတ်ဝင်စားခြင်းလည်း မရှိခဲ့ပါ။ တစ်နေ့တွင် ကျွန်တော်အလုပ်လုပ်နေသော မဂ္ဂဇင်းတိုက်သို့ ဉယျာဉ်ပွဲတက်ရန် ဖိတ်စာတစ်စောင်ရောက်ရှိသောအခါမှပင် ကောလိပ်စိန်ဆိုသော အငြိမ့်မင်းသမီးကို ပြန်လည်သတိရမိခဲ့ပါသည်။ ယခုအခါ သူသည် ဒေါ်ခင်စိန်ကြည်အမည်ဖြင့် စိန်အရောင်းအဝယ် နေပေပြီ။





ကျွန်တော်သည် မမြင်တွေ့ရသည်မှာ ကြာပြီဖြစ်သောခင်စိန်ကြည်၏ ရုပ်သွင်ကို တွေ့မြင်လိုသဖြင့် ကျွန်တော်အလုပ်ကို လက်ထောက်အယ်ဒီတာအားလွှဲခဲ့ပြီး ခင်စိန်ကြည်ရှိရာ ကန်တော်ကြီးစောင်းရှိ တိုက်အိမ်ကြီးသို့ မျှော်လင့်တကြီး ထွက်ခဲ့ပါသည်။

ခင်စိန်ကြည်သည် ကျွန်တော်အား ရင်းနှီးစွာကြိုဆိုပြီး စံပယ်ရုံနံဘေးရှိ ကျောက်ဖြူစားပွဲတစ်လုံးတွင် နေရာချထားခဲ့သည်။ ခင်စိန်ကြည်မှာ အသက်(၄၀)ခန့်ရှိပြီး ရုပ်ရည်လှပနေဆဲဖြစ်သည်။ သူမသည် ကျွန်တော်နှင့် ခဏစကားပြောပြီးနောက် အခြားဧည့်သည်များကို ကြိုဆိုရန် ထသွားသဖြင့် ကျွန်တော့်စားပွဲတွင် အခြားဧည့်သည်မရှိတော့ပေ။

ကျွန်တော်သည် စားပွဲထိုးများလာချသော ယမကာနှင့် အစားအသောက်များကို အေးဆေးစွာ စားသောက်ရင်းဧည့်သည်များကို ကြည့်နေခဲ့၏။ ထိုအခိုက် ခင်စိန်ကြည်သည် အသားညိုညို အရပ်မြင့်မြင့်လူတစ်ယောက်နှင့်တွဲ၍ ကျွန်တော်စားပွဲသို့ လျှောက်လာ၏။ ထိုလူသည် မီးခိုးရောင်ဥရောပဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထား၏။ ခင်စိန်ကြည်သည် ထိုလူအား ပ. သွန်ရင်းနှီးခင်မင်သောအမူအရာဖြင့် စကားပြောလာကြသည်ကိုတွေ့ရ၏။ ကျွန်တော့်စားပွဲတွင် ထိုလူအား နေရာချထားပြီးနောက် ကျွန်တော်နှင့်မိတ်ဆက်ပေးပြန်သည်။ ထိုအခါမှာပင် ထိုလူသည် ဂျမဒါစိန်မောင်ဆိုသူဖြစ်ကြောင်း သိရပါတော့သည်။

ကျွန်တော်နှင့် ဂျမဒါစိန်မောင်တို့သည် ထွေရာလေးပါး စကားပြောရင်း အိမ်ရှင်ခင်စိန်ကြည်၏ အိမ်ထောင်ရေးအကြောင်း

ကို မမျှော်လင့်ဘဲ စပ်စုသလို ဖြစ်သွားခဲ့သည်။

"ခင်စိန်ကြည်ဟာ စိန်ကိုကိုကြီးကို အတော်ချစ်တာဗျ. . အငြိမ့်လောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေချိန်မှာ အဲဒီအောင်မြင်မှုတွေကို စွန့်လွှတ်ပြီး စိန်ကိုကိုကြီးကို လက်ထပ်ခဲ့တာသာကြည့်တော့"

ကျွန်တော့်စကားကို ဂျမဒါစိန်မောင်က တိတ်ဆိတ်စွာနားထောင်နေ၏။ ကျွန်တော်သည် စကားပြောရင်း ဂျမဒါစိန်မောင်အား မသိမသာကြည့်နေမိ၏။ ထိုအခါမှ သူဘယ်ဘက်မျက်လုံးမှာ ကျောက်မျက်လုံးဖြစ်နေသည်ကိုလည်းကောင်း၊ ညာဘက်နားရွက်မှာ အောက်ဘက်မှ ပြတ်နေသည်ကို လည်းကောင်း တအံ့တဩတွေ့လိုက်ရ၏။

"ခင်ဗျားဟာ စစ်ထဲမှာတုန်းက တော်တော်စွန့်စွန့်စားစားတာဝန်တွေထမ်းဆောင်ခဲ့ရတယ်လို့ ထင်တယ်ဗျာ"

ကျွန်တော့်စကားကို ဂျမဒါစိန်မောင်က ဘာမျှမပြောသဖြင့် ကျွန်တော်က စကားဆက်ခဲ့သည်။

ဤတွင်သူက . . .

"မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှာ သက်စွန့်ဆံဖျားတာဝန်ထမ်းဆောင်ခဲ့ရတာ အကြိမ်ကြိမ်ပါပဲဗျာ၊ ဒါပေမယ့် ကျွန်တော့်မျက်စိတစ်လုံးနဲ့ နားရွက်ပြတ်ခဲ့ရတာက စစ်တပ်ကပင်စင်ယူပြီးမှပါ။ မလေးရှားတောနက်ကြီးအတွင်းမှာ ဖြစ်ခဲ့တာပါ"

ဂျမဒါစိန်မောင်က အေးဆေးတည်ငြိမ်စွာပြန်ပြောခဲ့သည်။

"အဲဒီအဖြစ်အပျက်ကို ပြောပြပါလား ကိုစိန်မောင်၊ စိတ်





ဝင်စားဖို့အတော်ကောင်းမယ်လို့ ကျွန်တော်ထင်လို့ပါ"

"ဒါနဲ့ စိန်ကိုကိုကြီးရဲ့ နောက်ပိုင်းအဖြစ်အပျက်ကို ခင်ဗျားကြားဖူးသလား"

ဂျမဒါစိန်မောင်၏မေးခွန်းကြောင့် စိန်ကိုကိုကြီးအကြောင်းကို ကျွန်တော်သတိရလာ၏။

စိန်ကိုကိုကြီးဟာ မလေးရှားပြည်နယ်တောနက်ကြီးအတွင်းမှာ ဓားထိုးခံရပြီး သေသွားတာပါ။ သူ့ကိုဓားနဲ့ထိုးတဲ့ သူဟာလဲ သူ့ဇနီး ခင်စိန်ကြည်ပဲဗျ"

"အို. . . ဘယ်လိုဖြစ်ရတာလဲဗျာ. . . ခင်စိန်ကြည်ဟာ စိန်ကိုကိုကြီးကို အတော်ချစ်ရှာတာပဲ. . ပြီးတော့ စိန်ကိုကိုကြီးကလည်း ခင်စိန်ကြည်ကို ချစ်ရှာပါတယ်"

"ခင်စိန်ကြည်ဟာ စိန်ကိုကိုကြီးကိုချစ်တယ်ဆိုတာ မှန်ပါလိမ့်မယ်၊ ဒါကြောင့် လူသူမနီးတဲ့ မလေးရှားပြည်နယ်က တောနက်ကြီးတွေထဲကိုတောင် ယောကျ်ားနဲ့အတူ လိုက်သွားခဲ့တာပေါ့၊ စိန်ကိုကိုကြီးကလည်း ခင်စိန်ကြည်ကို ချစ်ပါတယ်၊ ဒါပေမယ့် သူက စိန်ကို ပိုပြီးချစ်တယ်ဗျ"

"ဒီမှာကိုစိန်မောင် အဖြစ်အပျက်ကို ပြည့်ပြည့်စုံစုံပြောပြစမ်းပါလားဗျာ၊ ကျွန်တော်သိပ်စိတ်ဝင်စားလာပြီ"

"ဟုတ်ကဲ့. . ပြောပြပါ့မယ်. . ယောကျ်ားတစ်ယောက်ကို မြတ်မြတ်နိုးနိုးချစ်ခဲ့ပြီး အချစ်ကိုအလွဲသုံးစားအလုပ်ခံရတဲ့အခါမှာ ဒေါသပေါက်ကွဲသွားတတ်တဲ့ မိန်းမချောတစ်ယောက်ရဲ့ အကြောင်းပါပဲ၊ ဒီအဖြစ်အပျက်ဟာဝေးလံတဲ့တခြားဒေသမှာ ဖြစ်ပျက်ခဲ့တာ

ပါ၊ မျက်မြင်သက်သေလဲ ကျွန်တော်ကလွဲပြီး ဘယ်သူမှမရှိပါဘူး၊ ပြီးတော့ဒါဟာ တရားမျှတမှုရှိတယ်လို့ ကျွန်ုပ်ယူဆတယ်၊ ကဲ. . နားထောင်ပါမိတ်ဆွေ၊ အဖြစ်အပျက်ကို ကျွန်တော်ပြောပြပါ့မယ်"

ကျွန်ုပ်သည် ဗြိတိသျှစစ်တပ်တွင် ဂျမဒါရာထူးဖြင့် ငါးနှစ်အမှုထမ်းပြီးနောက် ကျွန်ုပ်တို့မြန်မာလူမျိုးများအပေါ် အင်္ဂလိပ်အရာရှိများ၏ နှိမ့်ချဆက်ဆံပုံကို မခံမရပ်နိုင်ဖြစ်လာသဖြင့် စစ်တပ်မှ နှုတ်ထွက်ခဲ့၏။ မြန်မာပြည်သို့အပြန်တွင် လမ်းခရီးတွင် မလေးရှားကျွန်းစုသို့ ခေတ္တဝင်ရောက်ခဲ့၏။ တစ်ညတွင် ဆာရာဝပ်ကျွန်းပေါ်ရှိအရက်ဆိုင်တစ်ဆိုင်တွင် အရက်သောက်ရင်း မြန်မာလူမျိုးစိန်ကိုကိုကြီးဆိုသူနှင့် တွေ့ဆုံခဲ့ရ၏။ စိန်ကိုကိုကြီးသည် အရပ်မြင့်ပြီး အသားဖြူသူဖြစ်၏။ ကျွန်ုပ်၏ညိုမှောင်သော အသားအရေနှင့် သူ့အသားအရေမှာ အလွန်ကွဲပြားခြားနားလှ၏။ သူသည် အလေးမခြင်းကို စနစ်တကျ လေ့ကျင့်ထားဟန်ဖြင့် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားအလွန်ကျနပြေပြစ်ပြီး သန်လည်းသန်စွမ်း၏။ ကျွန်ုပ်စစ်တပ်မှထွက်လာကြောင်းသိသောအခါ သူကမေးတော့သည်။

"ကျွန်တော်နဲ့အတူ အလုပ်တွဲလုပ်မလား ကိုစိန်မောင်"

စိန်ကိုကိုကြီးက ဖန်ခွက်များအတွင်းသို့ အရက်ထပ်ဖြည့်ရင်း မေး၏။

"ကျွန်တော့်မှာ အဖော်လိုနေတယ်ဗျ"





"ဘယ်မှာလုပ်ရမှာလဲ"

စိန်ကိုကိုကြီးသည် စားပွဲမှထ၍ ပြတင်းပေါက်ခန်းဆီးကို ဆွဲဖယ်ပြီး လက်ညှိုးညွှန်ပြ၏။ ကျွန်ုပ်လှမ်းကြည့်လိုက်ရာ မြစ်၏တစ်ဘက် အလွန်ဝေးကွာသောနေရာရှိ တောင်များကိုမြင်လိုက်ရ၏။

"အင်ဂါ၊ အင်ဂါတောင်တန်းတွေပေါ်မှာပါ"

"အမယ်လေးဗျာ" ကျွန်ုပ်က ကြောက်ရွံ့ဟန်ရေရွတ်ပြီး လည်ပင်းကိုလက်ညှိုးဖြင့် ဖြတ်ဟန်ပြုလုပ်လိုက်မိ၏။

စိန်ကိုကိုကြီးက ခပ်တိုးတိုးရယ်ရင်း "အဲဒီက လူရိုင်းတွေဟာ ခေါင်းမဖြတ်တတ်ပါဘူးဗျ၊ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့၊ ကဲပါလေ. . . ခင်ဗျားကျွန်တော်နဲ့တွဲပြီး အလုပ်လုပ်မှာလား"

"လုပ်မယ်. ."

ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ကျွန်ုပ်ပြောပြလိုက်သည်။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ကျွန်းစု၏အထက်ပိုင်းသို့ ထွက်လာခဲ့ကြ၏။ ပထမနှစ်ရက်တွင် ကနူးလှေများပေါ်တွင် ထိုင်၍ အေးဆေးစွာ လိုက်ပါခဲ့ရ၏။ အထမ်းသမားများနှင့် အလုပ်သမားများသည် လှေလှော်ရင်း သီချင်းတကြော်ကြော်ဆိုကြ၏။ ထို့နောက် တောနက်ကြီးများအတွင်းသို့ ရှေ့နောက်တန်းစီဝင်ခဲ့ကြ၏။ ကျွန်ုပ်တို့ခေါင်းပေါ်တွင် သစ်ကိုင်းများသည် တကျွိကျွိမြည်၍နေ၏။ သစ်ရွက်လှုပ်ခတ်သံမှလွဲ၍ မည်သည့်အသံမျှ မကြားရပေ။ သစ်ပင်ထိပ်ဖျားများတွင် ကြက်တူရွေးငှက်များနှင့် ဦးချိုသဏ္ဍာန် နှုတ်သီးရှိသော ငှက်များအော်မြည်နေကြ၏။ မျောက်များ၏ တကွီကွီအော်သံကိုလည်း ကြားနေရ၏။ သစ်တောအောက်ခြေမှာ စိုစွတ်လှသည်။

ဘယ်ကိုကြည့်ကြည့် စိမ်းမှောင်သော သစ်ရွက်များကိုသာ မြင်နေရ၏။ ကစ်ခါတစ်ခါတွင် သစ်ခေါင်းများအကြားတွင် ပြူတစ်ပြူတစ် လုပ်နေသော ဖားပျံများကိုလည်းတွေ့သေးသဖြင့် ခေါင်းထဲတွင် ထည့်သွင်းပိတ်လှောင်ထားသလို ခံစားနေရ၏။

စိန်ကိုကိုကြီးက သူသည် အင်ဂါအင်ဂါဒေသတွင် စိန်တူးဖော်နေသည်မှာ နှစ်ဝက်ခန့်ရှိပြီဟု ပြောပြ၏။ သူသည် စိန်အကြောင်းကို ပြောနေချိန်တွင် အလွန်စိတ်အားတက်ကြွနေပြီး မျက်လုံးမှာ အရောင်တဖြတ်ဖြတ်တောက်နေလေတော့သည်။

သူသည် ကာပူးမြစ်ဖျားခံရာဒေသတွင် ဝင်းခြံခတ်ပြီး အိမ်ဆောက်ထား၏။ သူအိမ်ကိုမရောက်ခင် တစ်ညတွင်မူ ကျွန်ုပ်တို့နှစ်ယောက် မီးဖိုဘေးတွင်ထိုင်၍ ညစာစားနေကြခိုက် စိန်ကိုကိုကြီးသည် ရွှံ့များပေကျံနေသော ကျောက်ခဲတစ်လုံးကို ကျွန်ုပ်အားပေးရင်းပြောပြသည်။

"ဒီကျောက်ခဲကို သေသေချာချာကြည့်ပါ ကိုစိန်မောင်၊ နောက်ပြီး လုံလုံခြုံခြုံလည်း သိမ်းထားပါ။ ဒါဟာ စိန်ပဲ၊ စိန်ရှိရင် တန်ခိုးအာဏာ၊ မနေဥစ္စာနဲ့ လောကကြီးမှာ လုပ်ချင်တာလုပ်နိုင်တယ်ဗျ"

"ဒီလိုကျောက်မျိုးကို အိတ်တစ်လုံးအပြည့် ပင်လယ်ကမ်းခြေက ကောက်လို့ရနိုင်ပါတယ်ဗျ"

"ဟုတ်ရဲ့လားဗျာ" သူကပြောရင်း ကျောက်တုံးကိုအပေါ် မြှောက်လိုက်၏။ မီးဖိုမှ အလင်းရောင်သည် ကျောက်တုံးပေါ်သို့ ကျရောက်ပြီး၊ ကျောက်တုံးမှ အရောင်တစ်ဖြတ်ဖြတ်ထွက်နေ၏။ "ဒါဟာ စိန်အရိုင်းတုံးဗျ" ထို့နောက် သူသည် ကြယ်ရောင်ဖြင့်





မှိုမှိုမည်းမည်းမြင်နေရသော တောင်ထွတ်များကို ကြည့်ရင် ကျေနပ်စွာပြုံးကြည့်နေသဖြင့် ကျွန်ုပ်လည်း ဘာမှမပြောဘဲ သူ့အနားမှ ထွက်လာခဲ့မိသည်။

နောက်တစ်နေ့တွင် သူ့အိမ်သို့ ရောက်ကြ၏။ သူ့အိမ်မှာ ဝါးဖြင့်ဆောက်ထားသော်လည်း နန်းတော်တစ်ခုကဲ့သို့ ခမ်းနားကျယ်ဝန်းလှ၏။ ပြတင်းပေါက်များတွင် ကန့်လန့်ကာများ တပ်ဆင်ထား၏။ ဝင်းခြံ၏အောက်ပိုင်းတွင် ချောင်းတစ်ချောင်း စီးဆင်းနေ၏။ ချောင်းတစ်ဘက်ကမ်းတွင်တော့ သစ်တောဖြစ်၏။ သို့ရာတွင် အိမ်တံခါးဝတွင် ရပ်နေသောအမျိုးသမီးတစ်ယောက်ကို မြင်တွေ့လိုက်ချိန်တွင် ကျွန်ုပ်သည် အရာရာကို မေ့လျော့သလို ဖြစ်သွားရ၏။ အလွန်လှပသော မြန်မာအမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

အမျိုးသမီးမှာ အသားအလွန်ဖြူပြီး အရပ်ရှည်ရှည်၊ ကိုယ်လုံးသွယ်သွယ်နွဲ့နွဲ့ဖြစ်၏။ နက်မှောင်သောဆံပင်ကို တစ်ပတ်လျှိုထုံးထားသည့်တိုင်အောင် ဆံပင်သည် ဒူးဆစ်အထိကျနေ၏။ မျက်ခုံးမှာ သွယ်တန်းပြီး စိမ်းဖန့်ဖန့်အရောင်ဖြစ်၏။ မျက်တောင်များမှာ ရှည်လျားပြီး အရည်လဲ့နေသော မျက်လုံးအစုံကို ဖုံးလွှမ်းထား၏။ အဖိုးနည်းသော ချည်ထည်အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း သူမအလှမှာ ထင်ရှားပေါ်လွင်လှ၏။

"ဒါ. . ဂျမဒါစိန့်မောင်ပဲ၊ စစ်တပ်ကထွက်လာတာ၊ ကိုယ်တို့နဲ့အတူတူ အလုပ်လုပ်လိမ့်မယ်၊ ကိုစိန်မောင် ဒါကျွန်တော့်ဇနီး ခင်စိန်ကြည်ပါ၊ ကဲ. . စိန်ရေ. . ကိုစိန်မောင်အတွက် အခန်းရှင်းပေးလိုက်ပါကွာ"

စိန်ကိုကိုကြီးက မိတ်ဆက်ပေးပြီးနောက် တစ်ဆက်တည်း ပြောလိုက်၏။

အမျိုးသမီးက လမ်းဖယ်ပေးပြီး "စာမပါဘူးလား"ဟု မေးရှာသည်။

"ဘာစာမှမပါဘူး စိန်. . ရိက္ခာနဲ့ သံဆန်ကာတွေပဲပါတယ်၊ ကိုယ်ပြတဲ့အတိုင်း ဖြုတ်ဆေးရဲ့လား"

အမျိုးသမီးက ကျွန်တော့်ဘက်သို့လှည့်ကြည့်သဖြင့် တွေ့လိုက်ရသည်မှာ ဤကဲ့သို့ စိတ်ပျက်အားငယ်နေသော မိန်းမသား၏ အသွင်ကို ကျွန်တော်တစ်သက်တွင် မတွေ့ဖူးဘူးပေ။

"ဆေးပါတယ်၊ ကြောင်ကျောက်တွေနဲ့ ဂေါ်တွေပဲများများ ရတယ်၊ ကျောက်ကြီးကျောက်ကောင်းတော့ မပါဘူး"

"မင်းဒီမှာ ခဏစောင့်အုံး၊ နောက်မှမင်းအလှည့်"

စိန်ကိုကိုကြီးက ရယ်မောပြောဆိုပြီး တစ်ဘက်ခန်းသို့ ဝင်သွား၏။ သူရယ်သံတွင် ရုန်းရင်းကြမ်းတမ်းသော အသွင်များပါနေ၏။ ထိုအချိန်မှစ၍ စိန်ကိုကိုကြီးကို ကျွန်ုပ်မနှစ်မြို့သလို ဖြစ်ခဲ့၏။

စိန်ကိုကိုကြီးသည် မြန်မာလူမျိုး ဇနီးခင်စိန်ကြည်အပြင် ရုပ်ရည်ချောမောသော တိုင်းရင်းသူဇနီးတစ်ယောက်လည်း ရှိသေး၏။ ဇနီးနှစ်ယောက်လုံးကို တစ်အိမ်ထဲထား၍ ပေါင်းသင်းနေသူဖြစ်ကြောင်း မကြာမီ ကျွန်တော်သိခဲ့ရသည်။

ခင်စိန်ကြည်အနေဖြင့် ထိုအချက်ကို သဘောမကျသော်လည်း ဘာမျှတတ်နိုင်ဟန်မတူပါ။ မိန်းမသားတစ်ယောက်သည် ဤမျှဝေးလံပြီး တောနက်ထူထပ်ရာဒေသမှ ထွက်ပြေးပါက သေ





လမ်းသို့သွားသည်နှင့် အတူတူဖြစ်ကြောင်း သူမသိပါလိမ့်မည်။ ဒိုင်းယက်လူရိုင်းများက သူမကိုဖမ်းပြီး ခေါင်းဖြတ်သတ်ပေလိမ့်မည်။ သူမအတွက် မပြေးနိုင်ကြောင်းကို စိန်ကိုကိုကြီးသိထားပြီး ဖြစ်ပုံရသည်။

သို့သော် ကျွန်တော်ရောက်ပြီး တစ်လခန့်အကြာတွင်မူ ခင်စိန်ကြည်သည် နေအိမ်မှ ထွက်ပြေးသွားသေးသည်။ သို့ရာတွင် စိန်ကိုကိုကြီး၏ တိုင်းရင်းသားအလုပ်သမားများက သူမနောက်သို့ ခြေရာခံလိုက်ပြီး အိမ်သို့ပြန်ခေါ်လာခဲ့ကြသည်။ စိန်ကိုကိုကြီးသည် ခင်စိန်ကြည်အား ကြာပွတ်နှင့်ရိုက်မည်ပြုပြီးမှ ကျွန်ုပ်ရှိသဖြင့် မရိုက်ဘဲနေခဲ့၏။ ခင်စိန်ကြည်ကို သူရိုက်ပါက သူ့ကိုကျွန်ုပ်က သေနတ်ဖြင့် ပစ်သတ်မည်ဖြစ်ကြောင်း သူအတွင်းစိတ်က သိထားသောကြောင့်ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့် လပေါင်းများစွာအချိန်ကုန်သွားခဲ့သည်။ ဤအချိန်တွင် ကျွန်ုပ်သည် ခင်စိန်ကြည်နှင့်ခင်မင်အောင် ကြိုးစားခဲ့၏။ သို့သော်ခင်စိန်ကြည်မှာ အမြဲတမ်းစိတ်ဆင်းရဲနေသူဖြစ်သဖြင့် သိပ်စကားမပြောဖြစ်ကြပါ။

ထိုဒေသရှိလူမျိုးစုများ၏အကြီးအကဲကို စူလတန်ဟု ခေါ်ကြ၏။ ထိုလူမျိုးစုမှာ အနီးပတ်ဝန်းကျင်ရှိ လူမျိုးစုများနှင့် အမြဲစစ်တိုက်နေလေ့ရှိ၏။ မကြာခင် လူမျိုးစုအကြီးအကဲ သေဆုံးသွားသဖြင့် သားဖြစ်သူက စူလတန်အဖြစ်ဆက်ခံလေသည်။ ထိုလူမျိုးစုများ၏ အဓိကကျသော ကျေးရွာမှာ ကျွန်ုပ်တို့နှင့် ဆယ်မိုင်ခန့်ဝေးသောနေရာတွင် ရှိ၏။ ဘော်နီယိုကျွန်းတွင် ဆယ်မိုင်အကွာအဝေး

ဆိုသော်လည်း အလွန်အသွားအလာခက်လှသည်။ ကျွန်တော်တို့သည် ကွယ်လွန်သွားသော လူမျိုးစုအကြီးအကဲကို မမြင်ဘူးပေ။ တစ်နေ့တွင် စုလတန်အသစ်သည် သူမှူးဆိုးအဖွဲ့နှင့်အတူ ကာဖူးမြစ်ကမ်းသို့ ရောက်လာခဲ့၏။ ကျွန်ုပ်တို့၏ဝင်းခြံကို ဖွင့်ပေးသဖြင့် စူလတန်နှင့်သူ့အဖွဲ့ ဝင်လာကြ၏။

စူလတန်အသစ်မှာ အရပ်အမောင်းအနေတော်၊ ကိုယ်လုံးတုက်တုတ်ဖြစ်၏ သူ့အသွင်မှာ တောကြောင်တစ်ကောင်နှင့် တူ၏။ လည်ပင်းတွင် ရွှေပြားများဆွဲထားပြီး နားတွင်လည်း ရောင်စုံကြွေစေ့များဆွဲထားသည်။ ကိုယ်ပေါ်တွင် နံငယ်ပိုင်းမှအပ ဘာမျှဖုံးလွှမ်းမထားပေ။ စူလတန်သည် ဆယ်ပေခန့်ရှည်သော မြားမှုတ်ပြောင်းကို ကောက်၍ ကျွန်ုပ်တို့ကို ကြည့်နေ၏။ သူ့လက်အောက်အကြီးအကဲများက သူ့နောက်မှ ရပ်နေကြ၏။

"ခင်ဗျား မလေးဘာသာစကားတတ်သလား ကိုစိန်မောင်" စိန်ကိုကိုကြီးက ကျွန်ုပ်ကို မေး၏။

"မတတ်ဘူး"

တကယ်တော့ ကျွန်ုပ်သည် မလေးဘာသာစကားကို အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းစဉ်က မလေးလူမျိုး ဆူဗေဒါတစ်ယောက်ထံမှ သင်ကြားခဲ့ဖူး၏။ သို့သော်စိန်ကိုကိုကြီးကို သံသယရှိခဲ့သဖြင့် မလေးဘာသာစကား မတတ်ပါဟု လိမ်လိုက်ရခြင်းဖြစ်သည်။

စူလန်နှင့် စိန်ကိုကိုကြီးသည် မလေးဘာသာစကားဖြင့် စကားပြောကြသည်။ ကျွန်ုပ်က နားထောင်နေခဲ့၏။ စိန်ကိုကိုကြီး





သည် ကွယ်လွန်သွားသော စူလတန်ဘုရင်ကြီးလက်ထက်ကမရခဲ့သော အခွင့်အရေးတစ်ခုကို စူလတန်အသစ်ထံမှ ရယူလို၏။ ဘလူးဟီး(လ်)ခေါ်သော တောင်ပေါ်တွင် စိန်တူးခွင့်ပင် ဖြစ်သည်။ ထိုနေရာမှာ သချိုင်းဟောင်းတစ်ခုဖြစ်ဟန်လည်း ရှိ၏။ စူလတန်အသစ်သည် ထိုနေရာတွင် တူးဖော်ခွင့်မပေးနိုင်ဟု ပြော၏။ အခြေအနေမှာတင်းမာနေ၏။ ထိုအခိုက် ခင်စိန်ကြည်သည် အိမ်ထဲမှထွက်လာ၏။

စူလတန်သည် အမျိုးသမီးကို စူးစူးစိုက်စိုက်ကြည့်နေ၏။ သူ့တစ်သက်တွင် ပထမဆုံးမြင်ဖူးသည့် မိန်းမချောဖြစ်ဟန်ရှိ၏။ ထို့နောက် သူ့ပါးစပ်မှဝက်အော်သံကဲ့သို့ မြည်လိုက်၏။

ထိုအသံကို ကျွန်ုပ်သဘောမကျပါ။ အန္တရာယ်ရှိလိမ့်မည်ဟု ယူဆကာ လွယ်ထားသော ရိုင်ဖယ်သေနတ်ကို ဖြုတ်၍အသင့်ကိုင်ထားလိုက်ရ၏။

စူလတန်သည် ခင်စိန်ကြည်ကို မျက်စိကျွတ်ထွက်မတတ်ကြည့်နေ၏။

"သူဘယ်သူလဲ" စူလတန်က မေး၏။

"ကျွန်တော့်မိန်းမပါ" စိန်ကိုကိုကြီးက ဖြေသည်။

စူလတန်က လက်တစ်ဖက်ကို ဖြန့်ပြရင်း "သူ့အတွက် ခင်ဗျားကို အပျိုစင်ငါးယောက်ပေးမယ်" ဟု ပြောတော့သည်

"ကျွန်တော်တို့လူမျိုးတွေဟာ ဇနီးမယားကို အလဲအလှယ်မလုပ်တတ်ပါဘူး" ကိုကိုကြီးက ဖြေ၏။

"ကျွန်ုပ်ထပ်ပြောမယ်၊ သူ့အတွက်အပျိုစင်ဆယ်ယောက်

ပေးမယ်” စူလတန်က လက်ဆယ်ချောင်းဖြန့်ပြပြီး ပြောပြန်၏။

စိန်ကိုကိုကြီးက ခပ်တိုးတိုးရယ်နေ၏။ စူလတန်ကမူ သူ့အား မျက်လုံးစွေကြည့်နေသည်။ ထို့နောက် တောင်တန်းများဆီသို့လည်းကောင်း၊ သစ်တောများကိုလည်းကောင်း လက်ညှိုးဖြင့် ညွှန်ပြလေသည်။ သူ့အမူအရာမှာ အလွန်ခန့်ညားလှ၏။ “ဒါတွေအားလုံးကို ကျွန်ုပ်ပိုင်တယ်” စူလတန်က ပြော၏။ “ကျွန်ုပ်ဟာ ဘုရင်ဖြစ်တယ်၊ ဘုရင့်ရဲ့သားလည်း ဖြစ်တယ်၊ ဘုရင်ဟာ မတောင်းခံဘူး၊ လိုချင်တာကို ရအောင်ယူတယ်၊ ကျွန်ုပ်ရဲ့စစ်သူကြီတွေကို မြင်တယ်မဟုတ်လား”

“ခင်ဗျားကျွန်တော့်ဆီက ဘာမှယူလို့မရပါဘူး”

စိန်ကိုကိုကြီးက တည်ငြိမ်အေးဆေးစွာပြောနေသည်။

“ကိုစိန်မောင် ခင်ဗျားသေနတ် ကျွန်ုပ်ကို ပေးစမ်းပါ”

ကျွန်တော်က ဝင်ချက်စတာရိုင်ဖယ်အား သူ့ကိုလှမ်းပေးလိုက်၏။ စိန်ကိုကိုကြီးသည် စူလတန်၏ခေါင်းကို သေနတ်ဖြင့် တည့်မတ်စွာချိန်လိုက်၏။

“ကဲ ကျွန်ုပ်စစ်သူကြီးရဲ့အစွမ်းကို ကြည့်ပါ” ပြောပြောဆိုဆို သေနတ်ကို နှစ်ချက်ဆက်ပစ်လိုက်၏။ သူပစ်ခတ်ပုံမှာ မြန်ဆန်လွန်းသဖြင့် သေနတ်သံတစ်ချက်တည်းထွက်ပေါ်လာသည်ဟု ထင်ရ၏။ စူလတန်မှာကြောက်ရွံ့တုန်လှုပ်လွန်းသဖြင့် မလှုပ်ရှားရဲအောင် ဖြစ်သွား၏။ သူ့နားရွက်တွင် ဆွဲထားသော နားဆွဲနှစ်လုံးပြုတ်သွားပြီးဖြစ်သည်။

“ဟောဒီက ကျွန်ုပ်စစ်သူကြီးတွေဟာ ဘယ်တော့မှမအိပ်





ဘူး၊ အရေအတွက်ကလည်း ကြယ်တွေလို များတယ်၊ ဒီမှာကြည့်” စိန်ကိုကိုကြီးသည် လျှပ်စီးလက်သလို လျင်မြန်စွာဖြင့် သေနတ်လေးချက်ဆက်ပစ်လိုက်၏။ စူလတန်၏ နောက်လိုက်များဆောင်းထားသော ငှက်တောင်များကို လွင့်စင်သွားကြ၏။ “ကျွန်ုပ်ရဲ့ မီးထွက်တဲ့ပိုက်လုံးဟာ စကားမပြောဘူး၊ ဒါပေမယ့် ကျွန်ုပ်အမိန့်ပေးရင် ထောင်သောင်းမက ထွက်လာလိမ့်မယ်” စိန်ကိုကိုကြီးက ကျည်ဆံကုန်သွားသော သေနတ်ကို ပွတ်သပ်ရင်း ပြောသည်။

စူလတန်သည် ဝက်တစ်ကောင်ကဲ့သို့ ရေရွတ်လိုက်ပြီး သူ့နောက်လိုက်များနှင့်အတူ တောထဲသို့အလျင်အမြန်ဝင်သွားတော့၏။

“တောင်ပြာဆိုတာ ဘာလဲ” ကျွန်တော်က မေးကြည့်သည်။

“ခင်ဗျားမလေးစကားမတတ်ဖူးဆို” သူက မသက်ာဟန်ဖြင့် မေးသည်။ “မတတ်ပါဘူး၊ ဒီစကားလုံးကို ထူးဆန်းတယ်ထင်လို့ပါ”

စိန်ကိုကိုကြီးသည် ဘာမှမပြောဘဲ နှုတ်ခမ်းကိုတင်းတင်းစေ့၍ ကျွန်ုပ်ကို ခပ်တည်တည်ကြည့်နေ၏။

“ရွှံ့ပြာတွေရှိတဲ့နေရာ” နောက်ဆုံးတွင်မှ သူကပြောပြ၏။

“ဒီလူရိုင်းတွေဟာ ကွယ်လွန်သွားတဲ့ ဘိုး၊ ဘွားတွေကို အင်ဂါအင်ဂါတောင်ကြားက ရွှံ့အိုင်ထဲမှာ မြှုပ်လေ့ရှိတယ်၊ အဲဒီနေရာဟာ စိန်ထွက်တယ်လို့ ကျွန်တော်သိထားတယ်လေ”

နောက်တစ်နေ့ညနေတွင် ကျွန်ုပ်သည်ကျောက်တူးသော အလုပ်သမားများနှင့်အတူ အိမ်သို့ ခေါင်းငုံ့လျှောက်ကာ ပြန်လာခဲ့၏။ လမ်းတွင်အလုပ်သမားတစ်ယောက်အား သစ်ပင်ပေါ်မှမြွေ

တစ်ကောင်က ဆွဲပတ်ပြီး ညှစ်သတ်ရန်ကြိုးစားသဖြင့် ထိုမြွေကို ကျွန်ုပ်က သေနတ်ဖြင့် ပစ်သတ်ခဲ့ရ၏။ မြွေရစ်ပတ်ခြင်းခံရသူအား မြွေအခွေများထဲမှ ဆွဲထုတ်လိုက်သောအခါ နံရိုးတစ်ချောင်းကျိုးနေသည်ကို တွေ့ရ၏။ ထိုအလုပ်သမားများနှင့် အိမ်သို့ပြန်ရောက်ချိန်တွင် မှောင်နေလေပြီ။

ဝင်းခြံထဲတွင် ကြီးမားသော သဖန်းပင်ကြီးတစ်ပင်ရှိ၏။ အိမ်ဝင်းအနီးသို့ ကျွန်ုပ်ချဉ်းကပ်လာချိန်တွင် သစ်ပင်အောက်၌ လူနှစ်ယောက်၏သဏ္ဌာန်ကို တွေ့ရ၏။ အရပ်အမောင်းကိုကြည့်၍ တစ်ယောက်မှာ စိန်ကိုကိုကြီးဖြစ်ကြောင်း သိလိုက်၏။ နောက်ထပ်ခြေသုံးလှမ်းခန့် ရှေ့သို့တိုးသွားသောအခါ ကြယ်ရောင်ဖြင့် အခြားတစ်ယောက်ကို မြင်ရ၏။ ထိုသူမှာ စူလတန်ဖြစ်၏။

ကျွန်ုပ်စိတ်ထဲတွင် သင်္ကာမကင်းဖြစ်မိ၏။ သူတို့နှစ်ယောက်ဘာပြောသည်ကို သိလိုစိတ်ပြင်းပြလာ၏။ သို့သော် ကျွန်ုပ်ကို သူတို့မမြင်ဖို့ အရေးကြီးလေသည်။

ကျွန်ုပ်သည် မြွေတစ်ကောင်ကဲ့သို့ မြေပေါ်တွင် ဝပ်တွားသွားပြီး သူတို့အနီးသို့တိုးကပ်သွား၏။ သူတို့ပြောစကားကို နားထောင်ခဲ့၏။ ရွှံ့ပြာရှိသောနေရာကို စိန်ကိုကိုကြီးအား အလုပ်လုပ်ခွင့်ပေးရန် သူ၏အကြီးအကဲများအား စူလတန်ကသွေးဆောင်ပြောဆိုမည်ဖြစ်၏။ အကြီးအကဲများ၏ သဘောတူညီမှုရလျှင် ထိုနေရာတွင် စိန်ကိုကိုကြီးအား အလုပ်လုပ်ခွင့်ပြုမည်ဖြစ်၏။ ထိုအတွက် စိန်ကိုကိုကြီးက သူ့ဇနီးခင်စိန်ကြည်အား စူလတန်ကို ပေးအပ်ရမည်ဖြစ်သည်။ ထို့နောက် စလတန်သည် သူ့လက်ထဲမှပစ္စည်းကိုမြှောက်[illegible]ပြန်၏။ ထိုပစ္စည်းမှာ ရွှေလက်ဝါးကပ်တိုင်နှင့်တူပြီး မှုံဝါးသော





ကြယ်ရောင်အောက်မှာပင် အရောင်တောက်ပနေ၏။

"အဲဒါဘာလဲ" စိန်ကိုကိုကြီးက မေး၏။ "ဒါဟာ ကျွန်ုပ်တို့အတွက် အမြတ်တနိုးထားတဲ့ ဓားဖြစ်တယ်၊ တောင်တွေကို မဖန်ဆင်းခင်က ကျွန်ုပ်တို့ဘုရားတွေ ကိုင်စွဲခဲ့တာ" စူလတန်က တည်ကြည်လေးနက်စွာ ပြော၏။ "ဓားရိုးဟာ ဘုရားသခင်ဖြစ်ပြီး ဓားသွားဟာ သေခြင်းတရားဖြစ်တယ်၊ ကျွန်ုပ်၏အကြီးအကဲများ သဘောတူညီခွင့်ရတာနဲ့ ဒီဓားကို သင့်ထံကျွန်ုပ်ပို့လိုက်မယ်၊ သင့်ဇနီးကို ဓားနဲ့အတူ ကျွန်ုပ်ထံစေလွှတ်လိုက်ပါ၊ တောင်များရဲ့ အရှင်သခင်ဟာ တောင်တွေရဲ့ကျိန်စာကို မဖျက်ဘူး"

ထို့နောက်သူတို့နှစ်ဦး ခွဲခွာသွားကြသည်။ ကျွန်ုပ်သည် မှောင်ထဲတွင်ထိုင်၍ လည်ပင်းမှကျွတ်များကို ဖြုတ်နေရ၏။ ကျွန်ုပ်စိတ်ထဲတွင်မူ စိန်ကိုကိုကြီးအား သတ်လိုစိတ် ပြင်းပြနေပါတော့သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်အလုပ်မလုပ်ဘဲ နေခဲ့၏။ ခြံဝင်းအပြင်ဘက်သို့သွားရန် ကြောက်ရွံ့နေခဲ့၏။ ကျွန်ုပ်ဘာလုပ်ရမည်ကို တွေးနေမိ၏။ ကျွန်ုပ်တွင် သေနတ်ရှိသော်လည်း စိန်ကိုကိုကြီးနှင့် ယှဉ်ပြိုင်ပစ်ခတ်ရန်ကား မဖြစ်နိုင်ပေ။ သူသည် အတော်ဆုံးသေနတ်သမားဖြစ်၏။ ကျွန်ုပ်ရှုံးမည်မှာ သေချာ၏။ ကျွန်ုပ်ကဲ့သို့သော လူတစ်ယောက်သေဆုံးသွားသည်ကို မည်သူမှ ဂရုစိုက်မည်မဟုတ်ပါ။ ကျွန်ုပ်သေရခြင်းအတွက် အကြောင်းအမျိုးမျိုးပြနိုင်၏။ လူရိုင်းများ၊ မြွေများ၊ ငှက်ဖျားရောဂါစသည်ဖြင့် အကြောင်းအမျိုးမျိုးပြနိုင်၏။ မည်သူမျှ အင်္ဂါအင်္ဂါဒေသကို လာရောက်စစ်ဆေးကြမည်မဟုတ်ပါ။

သူ့ကို နောက်ပိုင်းမှသေနတ်ဖြင့် ပစ်သတ်နိုင်သော်လည်း သူ့ရဲ့ဘောကြောင်သောအလုပ်မျိုးကို ကျွန်ုပ်မလုပ်ချင်လှပေ။ နောက်ဆုံးတွင် ခင်စိန်ကြည်အား အကျိုးအကြောင်းဖွင့်ပြောရန် ဆုံးဖြတ်လိုက်ရပါတော့သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဧည့်ခန်းထဲတွင်ထိုင်၍ ငှက်ပျောသီးစားနေခဲ့၏။

"အခုဆိုရင် မြန်မာပြည်မှာ ပိတောက်ပန်းတွေပွင့်နေလောက်ပြီ" ကျွန်ုပ်က စကားစလိုက်၏။

ခင်စိန်ကြည်သည် အင်္ကျီဟောင်းတစ်ထည်ကို ဖာထေးနေ၏။ ကျွန်ုပ်ကို မော့မကြည့်သော်လည်း ချုပ်နေသော အပ်ကို ရပ်ထား၏။

"ဟုတ်တယ်" ဟု သူမက ခပ်တိုးတိုးလေး ပြန်ပြော၏။

"ခင်ဗျားမြန်မာပြည်ကို မကြာခင်ပြန်ရလိမ့်မယ်ထင်တယ်" ကျွန်ုပ်က ထပ်ပြော၏။

"မဖြစ်နိုင်ပါဘူးရှင်"

"ဘာဖြစ်လို့လဲဗျာ"

ခင်စိန်ကြည်က ခေါင်းမော့ကြည့်၏။ ပြတင်းပေါက်မှ ဝင်လာသောနေရောင်ခြည်သည် ဝမ်းနည်းကြေကွဲနေသော သူမမျက်နှာပေါ်သို့ ထိုးကျနေ၏။ "ကျွန်မ ဒီအရပ်မှာပဲ သေလိမ့်မယ်ထင်ပါရဲ့ရှင်" ထို့နောက်တွင် မချိပြုံးပြုံးနေတော့၏။

ကျွန်ုပ်သည်ရုတ်တရက် ထသွားပြီး ခင်စိန်ကြည်၏ကုလားထိုင်ဘေးတွင် ရပ်လိုက်၏။ "အို ဒီလိုမဖြစ်စေရဘူး၊ ကျွန်တော်





ခင်ဗျားကို ဒီနေရာကလွတ်အောင် လုပ်ပေးမယ်၊ ဖြစ်နိုင်ရင် ခင်ဗျားကိုကျောပိုးပြီး ဆာရာဝပ်ကျွန်းအောက်ပိုင်းကို ခေါ်သွားမယ်"

"ရှင်ဟာ သိပ်ကို ကြင်နာတတ်တဲ့ ယောကျ်ားပါပဲ"

"ခင်ဗျားဒီအရပ်မှာ မနေသင့်ဘူး. . . ခင်စိန်ကြည်"

နောက်ထပ်နှစ်ရက်လုံးလုံးမှာ ဘာမှထူးထူးခြားခြား ဖြစ်မလာခဲ့ပေ။ သို့သော် ကျွန်ုပ်သည် အမြဲတမ်းသတိဖြင့် နေခဲ့၏။

နွေရာသီဖြစ်သော်လည်း တောင်တန်းများအပေါ်တွင် မိုးသက်မုန်တိုင်းကျမည့်ဟန် ဆင်နေ၏။ သစ်ရွက်တစ်ရွက်မှ မလှုပ်ပေ။ လွင်ပြင်တွင် အုံ့မှိုင်းရီဝေနေပြီး တောမှာ တိတ်ဆိတ်နေ၏။ ကြမ္မာဆိုးတစ်ခု ကျလာတော့မည်ကဲ့သို့ ထင်ရပါ၏။

ထိုညတွင် စူလတန်ထံမှ ပြန်ကြားချက်ရောက်လာ၏။ တံခါးခေါက်သံကြားသဖြင့် စိန်ကိုကိုကြီး ထဖွင့်ပေး၏။ ကျွန်ုပ်က မှန်အိမ်ထွန်းပေးရ၏။ အပြင်တွင်အမှောင်ထုမှလွဲ၍ ဘာမှမမြင်တွေ့ရပေ။ သို့သော် လှေကားတွင် ဓားမြှောင်တစ်ချောင်းစိုက်နေသည်ကိုကားတွေ့ရ၏။

စိန်ကိုကိုကြီးသည် ဓားမြှောင်ကိုငုံ့၍အံ့သြသလို ကြည့်နေ၏။ ထို့နောက်အခန်းတွင်းသို့လှည့်၍ ထိုင်နေသောခင်စိန်ကြည်ကို စူးစူးစိုက်စိုက်ကြည့်ပြန်၏။ သူ့မျက်လုံးများသည် ငှက်ဖျားတက်နေသူ၏မျက်လုံးနှင့် တူနေ၏။ တစ်ဘက်သားလက်ခံလာအောင် အမှန်တစ်ဝက်၊ မုသားတစ်ဝက်နှင့်ပြောတတ်သည်မှာ သူ၏ကောက်ကျစ်ယုတ်မာမှုပင် ဖြစ်၏။ အရင်ဆုံး ကျွန်ုပ်ကို အခန်းထဲမှ ထွက်သွားရန် စီစဉ်၏။

"ကျွန်တော်ခင်ဗျားကို မနက်ဖြန်ကမ်းခြေလွှတ်ဖို့ စီစဉ်ထားတယ်၊ စတိုခန်းကို သွားပြီးဘာတွေလိုတယ်ဆိုတာ စစ်ဆေးပါ" ကျွန်ုပ်သည် အခန်းထဲမှ ထွက်လာပြီးနောက် တံခါးအပြင်ဘက်မှ စောင့်ကြည့်နေခဲ့၏။

စိန်ကိုကိုကြီးသည် ခင်စိန်ကြည်ထိုင်နေသော ကုလားထိုင်ဆီသို့ လျှောက်သွားပြီး ဒူးထောက်ထိုင်ချလိုက်၏။ သူမအား မြတ်နိုးချစ်ခင်ဟန်ဆောင်ထား၏။

"မင်းဒီမှာနေရတာကြာပြီ" စိန်ကိုကိုကြီးက ပြော၏။ "နောက်သိပ်မကြာခင်မှာ ကိုယ်တို့ဘော်နီယိုကျွန်းက အပြီးထွက်ကြရတော့မယ်၊ ကိုယ်တို့ချမ်းသာတော့မယ်စိန်ရဲ့"

ခင်စိန်ကြည်က မျက်လုံးလေးလှန်ကြည့်၏။ "ဘာဖြစ်လို့လဲမောင်၊ ကျောက်ကြီးကျောက်ကောင်းရထားလို့လား"

"ဒါထက်ပိုတာပေါ့ စိန်ရယ်၊ ဒီမှာ ကြည့်စမ်း"

စိန်ကိုကိုကြီးက မားမြောင်ကို မြှောက်ပြလိုက်၏။ မားမြောင်ရိုးသည် မီးရောင်တွင် အရောင်တလက်လက် တောက်ပနေ၏။

"အဲဒါဘာလဲ"

ကိုယ်တို့ရဲ့ အနာဂတ်ပေါ့" စိန်ကိုကိုကြီးက အေးဆေးစွာ ရှင်းပြ၏။ "ဒါဟာ စူလတန်အသစ်က သူ့ဖခင်မပေးခဲ့တဲ့ အခွင့်အရေးကိုပေးဖို့ သဘောတူတဲ့ အထိမ်းအမှတ်ဖြစ်တယ်၊ ရွှံ့ပြာရှိတဲ့နေရာပေါ့ စိန်၊ စိန်တွေအများကြီးတူးလို့ရနိုင်တဲ့ နေရာပေါ့၊ မင်းကိုယ့်ကို တစ်ခုကူညီမယ်မဟုတ်လား စိန်"





"ကူညီမှာပေါ့၊ ရှင်အလုပ်လုပ်နေတဲ့အချိန်မှာ လိုလေသေးမရှိအောင် လုပ်ကိုင်ပေးမှာပေါ့"

"ဒါကိုပြောတာမဟုတ်ဘူး၊ ဒါထက်ပိုတယ်၊ အလုပ်ကလွယ်လွယ်လေးပါ၊ ဒါပေမယ့် အားလုံးဟာ ဒီအလုပ်ပေါ်မှာ မူတည်နေတယ်၊ ဒီတောင်ပေါ်က လူမျိုးစုတွေဟာ အယူသည်းတယ်ဆိုတာမင်းသိပါတယ်၊ ဒီမားမြောင်ကို သူတို့ရွာကို ဒီညမင်းသွားပေးပါစိန်"

ခင်စိန်ကြည် ခပ်ဖြည်းဖြည်း ထရပ်လိုက်၏။ သူမရင်ဘတ်ကို လက်နှင့် ဖိထား၏။

"ကျွန်မ" သူမ၏အသံမှာဆို့နစ်နေ၏

"မင်းသွားပို့မှ ဖြစ်မယ်စိန်၊ ဒီမှာ ကိုယ်ပြောတာကို နားထောင်၊ ကိုယ်အလုပ်လုပ်ဖို့ကောင်းတဲ့နေရာဟာ လူရိုင်းအကြီးအကဲတွေမြှုပ်နှံတဲ့နေရာဖြစ်တယ်၊ ဒါကို လက်ရှိလူရိုင်းအကြီးအကဲတွေက ခွင့်မပြုချင်ကြဘူး၊ ဒါကို ဖြေရှင်းဖို့ မင်းဟာဒီမားမြောင်ကို ယူလာလိမ့်မယ်လို့ ပြောထားတယ်၊ ဒါဆိုရင် အကြီးအကဲတွေက သဘောတူကြလိမ့်မယ်"

"သူတို့လူမျိုးတွေထဲမှာ တစ်ခုရှိတယ်၊ တောင်ထိပ်ပေါ်က နှင်းတွေလို အသားရောင်ရှိတဲ့ မိန်းမတစ်ယောက် ဒါဟာ မင်းလိုအသားဖြူတဲ့အမျိုးသမီးတစ်ယောက်ကို ဆိုလိုတာပဲ စိန်၊ မင်းဟာ လထွက်ချိန်မှာ အထွတ်အမြတ်ထားတဲ့ပစ္စည်းတစ်ခုကို ယူဆောင်လာလိမ့်မယ်။ ဒါဆို သူတို့လူမျိုးစုတွေအားလုံး လိုချင်တဲ့ဆန္ဒတွေပြည့်လိမ့်မယ်လို့ ယုံကြည်ထားကြတယ်၊ ဒီညဟာ လထွက်မယ့်ညဖြစ်

တယ်၊ အားလုံးဟာ မင်းရဲ့လုပ်ဆောင်မှုအပေါ်မှာ မူတည်နေတယ် စိန်"

ခင်စိန်ကြည်သည် သူမခင်ပွန်းအား ကြာမြင့်စွာစူးစမ်းသလို ကြည့်နေ၏။ "အဲဒီလို တစ်ဘောင်ရှိတယ်ဟုတ်လား၊ ဒါဆိုရှင်သိတာ သိပ်အံ့ဩဖို့ကောင်းတယ်၊ ဒါပေမယ့် ညဘက်မှာဆယ်မိုင်ခရီးကိုတောထဲက ဖြတ်သွားရတာ ကြောက်စရာကောင်းတယ်"

"အိုစိန်ရယ်၊ ကိုယ့်ကို ယုံကြည်စမ်းပါ၊ အသွားရောအပြန်ပါအစောင့်အရှောက်တွေ ကိုယ်ထည့်ပေးမယ်၊ အလုပ်သမားဆယ်ယောက် လိုက်ပို့လိမ့်မယ်၊ *ဘာမှကြောက်စရာမရှိဘူး*"

"ကျွန်မ. . . ကျွန်မ ဘာမှမပြောတတ်တော့ဘူး မောင်ရယ်"

ခင်စိန်ကြည်သည် ပြတင်းပေါက်သို့ လျှောက်သွားပြီးအပြင်သို့ ကြည့်နေ၏။ "ညအချိန် တောထဲကိုသွားရမှာ ကြောက်တယ်" ဟု အတန်ကြာအောင် ညည်းညူနေ၏။

စိန်ကိုကိုကြီးသည် မိန်းမအကြောင်းကို သိသူဖြစ်၏။

"ကိုယ်စိတ်မကောင်းပါဘူးစိန်ရယ်"

သူက ဝမ်းနည်းသံဖြင့် ဆို၏။ "မင်းသိပ်ကြောက်နေရင်လည်း ကိုယ့်ရည်ရွယ်ချက်ကို အပျက်ခံလိုက်ပါတော့မယ်"

"အို. . ဒီလိုမလုပ်ပါနဲ့၊ ရှင့်အတွက်ဆို ကျွန်မသတ္တိရှိပါတယ်၊ ဘာမှမကြောက်တော့ဘူး"

ခင်စိန်ကြည်သည် စိန်ကိုကိုကြီးလက်ထဲမှ ဓားမြောင်ကို





လှမ်းယူလိုက်၏။ စိန်ကိုကိုကြီး၏ ခန့်ငြားသော မျက်နှာပေါ်တွင် ပြုံးယောင်တစ်ချက်သန်းသွား၏။ သို့သော် သူ့ဇနီး၏ မျက်နှာကို တစ်ချက်ကလေးမျှ မကြည့်ပေ၊ သူ့စိတ်မှာ မကောင်းမှုနှင့် လောဘစိတ်များ ဖုံးလွှမ်းနေ၏။ သနားကြင်နာခြင်း၊ ငဲ့ညှာခြင်းကင်းနေ၏။

"မကြောက်ဘူး"

ခင်စိန်ကြည်က ထပ်ပြောနေ၏။ "ကျွန်မဟာ ရှင့်ဇနီးဆိုတာ သတိရပါဦး စိန်ကိုကိုကြီး၊ အဲဒီတစ်ဘောင်ကို ကျွန်မကြားပြီးပြီ၊ ဘယ်လိုအဆုံးသတ်တယ်ဆိုတာလဲ သိပါတယ်၊ တောင်ထိပ်ပေါ်မှာ နှင်းတွေလိုအသားရောင်ရှိတဲ့ မိန်းမကို လူရိုင်းဘုရင်ဆီ လက်ဆောင်ပေးလိုက်တာပဲ မဟုတ်လား"

စိန်ကိုကိုကြီးက မျက်နှာကျက်ကို မော့ကြည့်နေ၏။ ဘာမျှမပြောပေ။

"ကျွန်မဟာ ရှင့်ကိုအမြဲချစ်နေခဲ့တယ်" ခင်စိန်ကြည်ဆက်ပြော၏။ "ရှင် စိန်တွေကို ချစ်တာထက် ကျွန်မကပိုပြီးချစ်ခဲ့တယ်၊ ဒါကြောင့် ကျွန်မ သတ္တိရှိပါတယ် မောင်ရယ်၊ မကြောက်ပါဘူး"

ထို့နောက် သူမခေါင်းကို စိန်ကိုကိုကြီးပခုံးပေါ်သို့ မှေးတင်အပြီးတွင် ချက်ချင်းဆိုသလိုပင် လက်ထဲမှဓားမြှောင်ဖြင့် နောက်ကျောမှစိုက်လိုက်၏။ ဓားမြှောင်သွားက စိန်ကိုကိုကြီး၏ နှလုံးသားကို စူးဝင်ပြီး ချက်ချင်းလဲကျသေဆုံးတော့၏။

အခန်းတွင်းသို့ ကျွန်ုပ်ရောက်သွားချိန်တွင် ခင်စိန်ကြည်မှာ သတိမေ့ပြီး လဲကျနေ၏။

ကျွန်ုပ်သည် စိန်ကိုကိုကြီး၏အလောင်းကို ရပ်ကြည့်နေခဲ့

၏။ သူ့အဖို့ ဤကဲ့သို့ သေဆုံးသင့်သည်ဟုလည်း ယူဆမိ၏။

ကျွန်ုပ်သည် သတိလစ်နေသော ခင်စိန်ကြည်အား သတိရအောင်ပြုစုပြီး ကြိုတင်ပြုလုပ်ထားသော ထမ်းစင်ပေါ်တွင် ခင်စိန်ကြည်အား ထိုင်စေပြီး အလုပ်သမား(၁၂)ယောက်ကို အလှည့်ကျထမ်းစေခဲ့၏။ စိန်ရိုင်းများကို အထုတ်ဖြင့် ထုတ်ပေးလိုက်၏။ ကမ်းခြေသို့ ရောက်ပါက သင်္ဘောစီး၍မြန်မာပြည်သို့ ပြန်နိုင်သည်အထိ စီစဉ်ပေးလိုက်သည်။

ခင်စိန်ကြည်နှင့် အထမ်းသမားများသည် ချောင်းတစ်ဘက်သို့ ကူး၍တောထဲသို့ ဝင်သွားကြ၏။

ကျွန်ုပ်သည် စိန်ကိုကိုကြီးအလောင်းကို သယ်ဆောင်၍ သဖန်းပင်အောက်တွင် မြှုပ်နှံလိုက်ပြီးနောက် သုံးနာရီကြာအောင် စောင့်ဆိုင်းနေခဲ့၏။ စူလတန်သည် ဓားမြှောင်လာမပို့သဖြင့် စိတ်ဆိုးနေမည်ဟု ယူဆမိသောကြောင့် ဖြစ်၏။ ကျွန်ုပ်သည် ဆေးတံကို တစ်ဆုံပြီး တစ်ဆုံဖွာရင်းထိုင်နေခဲ့၏။ ထို့နောက်တိတ်ဆိတ်မှုကြောင့် စိတ်များချောက်ချားလာ၏။ နောက်ဆုံးတွင် ကျောပိုးအိတ်ကိုလွယ်ပြီး အိမ်ကိုမီးရှို့လိုက်၏။ ထို့နောက် ဆာရာဝပ်ကျွန်းဆီသို့ ဦးတည်ထွက်လာခဲ့၏။

ကျွန်ုပ်သည် မီးလောင်နေသောအိမ်ကို ကျောခိုင်း၍ထွက်လာခဲ့၏။ သက်ဆိုင်ရာမှ လာရောက်စစ်ဆေးလျှင် သဲလွန်စမကျန်အောင် အိမ်ကိုမီးရှို့ခဲ့ခြင်း ဖြစ်၏။ ထိုဒေသမှ ပုရွက်ဆိတ်များသည် ရက်သတ္တတစ်ပတ်အတွင်း စိန်ကိုကိုကြီး၏အလောင်းကို အစအနမကျန်အောင် စားပစ်ကြပေလိမ့်မည်။ တောကျွမ်းကျင်သော လူရိုင်း





များသည် ခင်စိန်ကြည်တို့နောက်သို့ အရိပ်များကဲ့သို့ ထက်ကြပ်မကွာ ခြေရာခံလိုက်မည်ကို ကျွန်ုပ်စိုးရိမ်မိ၏။ သို့သော် ကျွန်ုပ်ထွက်လာ၍ ဆယ်မိုင်ခန့်အရောက်တွင် ထိုစိုးရိမ်မှုလျော့ပါးသွား၏။ လူရိုင်းများသည် တောင်ပေါ်မှ ဘုရားများစိတ်ဆိုးမည်ကို အလွန်ကြောက်ကြောင်း သိထားသောကြောင့် ဖြစ်၏။

ရာသီဥတုမှာ လွန်ခဲ့သောနှစ်ရက်ကစ၍ ထူးခြားနေ၏၊ လေငြိမ်နေ၏၊ ထိုသို့ဖြစ်ရခြင်းအကြောင်းကို ယခုအခါ သိလာ၏။

ကျွန်ုပ်သည် သိပ်သည်းမည်းမှောင်သော တောနက်ထဲတွင် လမ်းစပျောက်ကာ ဟာဝဲလည်လည်ဖြစ်နေ၏။ သစ်တောသည် ကျွန်ုပ်အား ရေစိုနေသောစောင်တစ်ထည်ကဲ့သို့ ဖုံးအုပ်ထား၏။ နောက်တစ်နေ့တွင် ခရမ်းရောင်အလင်းတန်းများ ကျလာပြီး သစ်ရွက်များခြောက်သွေ့လာ၏။ ထို့နောက် သစ်တောထဲတွင်အလွန်ပူပြင်းလာပြန်၏။

လူများသည် ကြောက်ရွံ့လာချိန်တွင် ရယ်စရာလုပ်လေ့ရှိ၏။ ကျွန်ုပ်မှာ ကြောက်ရွံ့မေ့မြောမသွားပါ။ ဆုတောင်းခြင်းလည်း မပြုပါ။ အမိုက်မဲဆုံးအရာကို လုပ်ခဲ့၏။ ကလေးတစ်ယောက်ကဲ့သို့ ကြောက်လန့်စွာအော်ပြီး တအားကုန်ပြေးခြင်းဖြစ်၏။

ထို့နောက် မိုးထစ်ချုန်းပြီး မိုးကြိုးအဆက်မပြတ်ပစ်လေ၏။ သစ်ပင်များကို မိုးကြိုးထိမှန်ပြီး မီးလောင်ကျွမ်းကုန်၏။ မိုးရွာနေသည့်အကြားမှပင် မီးတောက်များ ကောင်းကင်သို့ ထိုးထွက်လာ၏။

ထိုညက တောထဲတွင် ကျွန်ုပ်တွေ့ရသော ကြုံခဲ့ရသည့် အဖြစ်အပျက်မျိုးကို တွေ့ကြုံရသူတစ်ဦးသည် ရူးသွပ်မသွားပါက

ကျွန်ုပ်ထက် သတ္တိရှိသူသာ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်နောက်မှ ပြေးလိုက်သံကြားလာ၏။ သစ်ပင်များကို စွဲလောင်သောမီးတောက်အရှိန်ဖြင့် သူ့အသားမှာ မည်းနက်တောက်ပြောင်နေ၏။ သူလိုက်လာသည်ကို ကျွန်ုပ်မသိပါ။ ကံကောင်းထောက်မသဖြင့် ကျွန်ုပ်ခလုတ်တိုက်ပြီး လဲကျသွား၏။ မြေပေါ်မှ ပြန်အထတွင် သူ့ကိုမြင်ရခြင်းဖြစ်၏။ သူသည် ခင်စိန်ကြည်အတွက် သော်လည်းကောင်း၊ အထွတ်အမြတ်ထားသော ဓားမြှောင်အတွက် သော်လည်းကောင်း လိုက်လာခြင်းဖြစ်နိုင်၏။ နှစ်မျိုးလုံးအတွက် လည်း ဖြစ်နိုင်၏။ သူသည် ရဲစွမ်းသတ္တိရှိသူဖြစ်၏။ တောင်ပေါ်မှ ဘုရားများ၏ အမျက်ဒေါသကို ကြောက်ရွံ့သဖြင့် သူနှင့်အတူ မည်သူမှလိုက်မလာကြပေ။

ကျွန်ုပ်ကိုမြင်သောအခါ သူရပ်တန့်သွား၏။ သူနှင့်ကျွန်ုပ် စကားအချေအတင်ပြောရန်၊ ဥပဒေစကားများပြောဆိုရန် အချိန်အခါမဟုတ်ကြောင်း ကျွန်ုပ်သိလိုက်၏။ မုန်တိုင်းနှင့် လျှပ်စီးများ အောက်တွင် သူနှင့်ကျွန်ုပ်တစ်ယောက်ယောက်သေသည်အထိ သတ်ကြရမည်ကို နှစ်ယောက်စလုံး သိထားကြ၏။ သူကမြားမှုတ်ပြောင်းကိုမြှောက်၍ မှုတ်လိုက်၏။ ကျွန်ုပ်သည် မြေကြီးပေါ်သို့ လျင်မြန်စွာလှဲချလိုက်၏။ မြားတံသည် ကျွန်ုပ်၏နားရွက်ဘေးမှ ဝှီးကနဲ ဖြတ်သွား၏။ သူ့ပြောင်းထဲသို့ နောက်ထပ်မြားတံမသွင်းနိုင်ခင် ကျွန်ုပ်က သူ့ကို ခုန်အုပ်လိုက်၏။

ကျွန်ုပ်တို့သည် တစ်ယောက်လည်မျိုကိုတစ်ယောက် ဖြစ်ညှစ်ရင်း မြေပေါ်သို့ လဲကျသွား၏။ စူလတန်သည် ကျွန်ုပ်ကိုယ်





လုံးအောက်တွင် ရောက်နေ၏။ သူ့ကိုယ်လုံးမှာ အမဲဆီသုတ်ထားသောရော်ဘာတုံးတစ်တုံးလို ချောနေ၏။ ကျွန်ုပ်က လည်ပင်းညှစ်ထားသဖြင့် သူ့မျက်လုံးများ ပြူးထွက်လာ၏။ သူကလည်း ကျွန်ုပ်လည်ပင်းကိုမလွှတ်တမ်း ညှစ်ထား၏။ သူက ကျွန်ုပ်ပခုံးကိုသွားဖြင့်ကိုက်၏။ နာကျင်လွန်းသဖြင့် ကျွန်ုပ်အော်လိုက်၏။ တစ်ချိန်တည်းမှာပင် သူ့ကိုအသေသတ်ဖို့လည်း ဆုံးဖြတ်လိုက်၏။

ကျွန်ုပ်သည် စူလတန်၏လည်မျိုကို သွားဖြင့်ကိုက်၍သွေးကို စုပ်ယူလိုက်၏။ အသားစများကို မျိုချ၏။ သူကကျွန်ုပ်ခေါင်းမှဆံပင်များကို နှုတ်ပစ်၏။ သူသည် ကျိုးနေသော မြားမှုတ်ပြောင်းကို လက်ဖြင့် စမ်းမိသွား၏။ အောက်မှရုန်းထွက်ပြီး အပေါ်မှဖိ၍ မြားမှုတ်ပြောင်းဖြင့် ကျွန်ုပ်၏ဘယ်မျက်လုံးကို ဆက်ကာဆက်ကာ ထိုးစိုက်၏။ ထိုဒဏ်ရာကြောင့်မျက်လုံးအိမ်ကျွတ်ထွက်ပြီး ထိုမျက်လုံးမှာ ယခုအချိန်အထိ သုံးမရတော့ပေ။ မျက်စိမှ သွေးများယိုစီးကျလာပြီး ကျွန်ုပ်မှာ အလွန်နာကျင်သောဝေဒနာကို ပြင်းပြစွာခံစားနေရ၏။ ဝေဒနာခံစားရင်း ခင်စိန်ကြည် လွတ်မြောက်ဖို့အတွက် စူလတန်အား အသေသတ်ရမည်ဖြစ်ကြောင်း သိလိုက်၏။

ကျွန်ုပ်၏ခါးပတ်နောက်ပိုင်းတွင် သူတို့အထွတ်အမြတ်ထားသော ဓားမြှောင်ပါလာ၏။ ကျွန်ုပ်သည် ထိုဓားမြှောင်ကို အဆင်သင့်ထုတ်ကိုင်ထားပြီး ကျွန်ုပ်ပေါ်သို့ စူလတန်ကျလာချိန်တွင် သူ့ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်းလိုက်၏။ စူလတန်သည် နောက်သို့ဆုတ်ရန်ကြိုးစား၏။ ကျွန်ုပ်သည် သူ့အားဖက်၍ ဓားမြှောင်ဖြင့်ဆင့်ကာဆင့်ကာ ထိုးလိုက်၏။ နောက်ဆုံး သူသည် နောက်သို့လန်

ကျသွားတော့၏။ ကျွန်ုပ်၏ ကောင်းသောမျက်စိဖြင့် ကြည့်လိုက်သောအခါ တောမီးရောင်ဖြင့် သူဝိညာဉ်သည် သူ့ဘိုးဘွားများရှိရာသို့ ရောက်သွားပြီဖြစ်ကြောင်း သိရ၏။

ထို့နောက်ကျွန်ုပ်သည် တောထဲတွင် ဒယိမ်းဒယိုင်ဖြင့် လျှောက်လာခဲ့၏။ နောက်ဆုံးအင်အားကုန်ခန်းကာ မြေပေါ်သို့လဲကျပြီး သတိလစ်သွား၏။

နောက်တစ်နေ့တွင် သစ်ခုတ်သမားတစ်ယောက်သည် တောလမ်းပေါ်တွင် လဲနေသောကျွန်ုပ်ကို တွေ့သွားခဲ့၏။ ထိုလူသည် ကျွန်ုပ်အားသူ့အိမ်သို့ ခေါ်ဆောင်သွားပြီး ရက်အတန်ကြာအောင် ဆေးဝါးကုသပေး၏။ ကျွန်ုပ်ကျန်းမာလာချိန်တွင် ထိုသူအား နှုတ်ဆက်၍သင်္ဘောဖြင့် ဆာရာဝပ်သို့ ထွက်လာခဲ့၏။

ထိုအချိန်တွင်ခင်စိန်ကြည်သည် သင်္ဘောဖြင့် မြန်မာပြည်သို့ ပြန်သွားပြီဖြစ်၏။

ကျွန်ုပ်သည် အထက်ပါ ဂျမဒါစိန်မောင်ပြောပြသောအဖြစ်အပျက်ကို နားထောင်ပြီးနောက် စိန်ကို မိမိ၏ဇနီးမယားထက်ပို၍ချစ်သော စိန်ကိုကိုကြီးအား ကရုဏာသက်ရမည်လော၊ သို့မဟုတ် ဒေါသဖြစ်ရမည်လောကို မဝေခွဲနိုင်အောင် ဖြစ်နေခဲ့၏။ တစ်ဘက်မှလည်း မိန်းမများသည် မိမိတို့၏ချစ်မေတ္တာအား အလွဲသုံးစားပြုလုပ် ခြင်းခံရပါက ရက်စက်စွာတုန့်ပြန်တတ်ကြောင်း သတိတရားရနေ မိ၏။

"ခင်ဗျားဆာရာဝပ်က ထွက်လာပြီးနောက်ပိုင်းမှာ ခင်စိန်ကြည်တို့ နောက်ထပ်တွေ့ကြသေးသလား ကိုစိန်မောင်"





"မတွေ့ပါဘူး. . ကျွန်တော့်ရဲ့ရုပ်ဆင်းအင်္ဂါ ချို့ယွင်းနေမှုကြောင့် ခင်စိန်ကြည်နဲ့ထပ်တွေ့ဖို့ မကြိုးစားခဲ့ပါဘူး၊ မြန်မာပြည်ပြန်လာပြီး မိုးကုတ်ဘက်မှာ သွားအလုပ်လုပ်နေခဲ့ပါတယ်"

"နေပါအုံး ခင်ဗျားနဲ့သူနဲ့ ထပ်မတွေ့ဘူးဆိုရင် ဒီပါတီပွဲကို ခင်ဗျားဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"လွန်ခဲ့တဲ့လက ကျောက်အရောင်းအဝယ်ကိစ္စနဲ့ ရန်ကုန်ကို ဆင်းလာခဲ့တယ်၊ ဟိုတယ်တစ်ခုမှာ မမျှော်လင့်ဘဲ ပြန်တွေ့ကြတာပါ၊ သူဖိတ်ကြားလို့ ဒီပါတီပွဲကိုလာခဲ့ရတာပါ"

ခင်ဗျားဟာ ခင်စိန်ကြည်အတွက် အတော်စွန့်စားခဲ့ရတာပဲ. . အဖြစ်အပျက်ကို ခင်ဗျားသကို ပြောမပြဘူးလား"

"ကျွန်တော်မပြောပါဘူး၊ သူဘာသာစုံစမ်းပြီး သိသွားဟန်တော့ တူပါတယ်ဗျ"

"ခင်ဗျားကို သူသိပ်ကျေးဇူးတင်မှာပါ၊ ခင်ဗျားကိုသူဆက်ဆံပုံဟာ သိပ်ပြီး ရင်းနှီးခင်မင်ခဲ့ပုံရတယ်ဗျ"


"အင်း. . ဒါတော့ ဟုတ်ပါလိမ့်မယ်"

ထို့နောက်ဂျမဒါစိန်မောင်တို့သည် ဖန်ခွက်များထဲသို့ဝီစကီများထက်ထည့်ပြီးသောက်နေခဲ့ကြ၏။ ခဏအကြာတွင် ကျွန်ုပ်တို့စားပွဲသို့ ခင်စိန်ကြည်ရောက်လာ၏။ ကျွန်ုပ်အား ခွင့်တောင်းပြီး ဂျမဒါစိန်မောင်အား တစ်နေရာသို့ခေါ်သွားသည်။ ကျွန်ုပ်သည် ယှဉ်တွဲ၍ရောက်သွားသော ဂျမဒါစိန်မောင်နှင့် ခင်စိန်ကြည်တို့အား နောက်မှလှမ်းကြည့်ပြီး အတော်လိုက်ဖက်သော စုံတွဲအဖြစ်မှတ်ချက်ချလိုက်မိ၏။

နောက်တစ်လအကြာတွင် ကျွန်ုပ်အလုပ်လုပ်သော မဂ္ဂဇင်းတိုက်သို့ မင်္ဂလာဖိတ်စာတစ်စောင် ရောက်လာပြန်၏။ ထိုဖိတ်စာမှာ ဂျမဒါစိန်မောင်နှင့် ခင်စိန်ကြည်တို့၏ လက်ထပ်မင်္ဂလာဖိတ်စာပင် ဖြစ်ကြောင်း အထူးပြောပြရန်လိုတော့မည်မထင်တော့ပါ။







ကံမရှိလျှင် ဉာဏ်ရှိတိုင်းမွဲသည်ဟူသော စကားသည် ကျွန်တော့်အတွက် မှန်လွန်းလှ၏။ ကျွန်တော်သည် အသက်(၃၀) အရွယ်ကျန်းမာသန်စွမ်းသော လူငယ်တစ်ဦးဖြစ်သည်။ ရန်ကုန် တက္ကသိုလ်မှ ဘွဲ့ရထားသူလည်း ဖြစ်သည်။ လူ့ဘဝအရွယ်သုံးပါး တွင် ပထမပိုင်း၌ အလွန်ကောင်းခဲ့သည်ဟု ဆိုနိုင်၏။ မြစ်ဝကျွန်း ပေါ်မြို့ကလေးတစ်မြို့မှ ကြွယ်ဝချမ်းသာသော မိဘများ၏ တစ်ဦး တည်းသော သားဖြစ်သောကြောင့် ကလေးဘဝမှ တက္ကသိုလ် ကျောင်းသားဘဝအထိ ချမ်းချမ်းသာသာ နေခဲ့ရ၏။ ထိုနောက်ပိုင်း တွင် ကျွန်တော်၏ကံကောင်းသောရက်များ ကုန်ဆုံးသွားဟန်တူ၏။ ကျွန်တော်ဘွဲ့ရသောနှစ်မှာပင် မိဘနှစ်ပါးသည် တစ်ယောက်နှင့် တစ်ယောက် လအနည်းငယ်ခြားပြီး ကွယ်လွန်သွားကုန်၏။ ထိုအချိန်မှစတင်၍ ကျွန်တော်သည်စားဝတ်နေရေးအတွက် ငွေ ကြေးရှာခြင်းကို စတင်လုပ်ရတော့သည်။ ပထမတွင်မိဘများ၏ လုပ်ငန်းဖြစ်သည့် ဆေးလိပ်ခုံလုပ်ငန်းကို ဆက်လုပ်ခဲ့၏။ သို့ရာ





တွင် ထိုလုပ်ငန်းမှာ အဆင်မပြေခဲ့ပေ။ ဆေးရိုး၊ ဆေးရွက်၊ သနပ်ဖက်စသည့်ပစ္စည်းများ ဈေးကြီးမြင့်လာခြင်း၊ ဆေးလိပ်လုပ် သားများက အခွင့်အရေးအမျိုးမျိုးတောင်းလာခြင်း၊ ဆေးလိပ်ကိုယ် စားလှယ်များထံမှ ဆေးလိပ်ဖိုးငွေများ မှန်ကန်စွာမရခြင်း၊ စသော အခက်အခဲများကြောင့် အရှုံးပေါ်လာ၏။ ထို့ကြောင့် ဆေးလိပ်ခုံ လုပ်ငန်းကို ဖြုတ်၍ သူငယ်ချင်းနှစ်ယောက်နှင့်အတူ ထိုအချိန်က ခေတ်စားခဲ့သော မှောင်ခိုပစ္စည်းရောင်းဝယ်သည့် အလုပ်ကို ပြောင်း လုပ်ခဲ့၏။ ကျွန်တော်တို့သည် မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ်ကို ဖြတ်၍ ဘုရားသုံးဆူလမ်းအတိုင်း ထိုင်းနိုင်ငံ၊ ဝင်းကမြို့သို့ သွား၍ ထိုင်းပစ္စည်းများဝယ်ကြ၏။ ပြန်အလာတွင် ဓားပြအတိုက်ခံရသဖြင့် ပါသမျှပစ္စည်းများ ပေးခဲ့ရ၏။ ထို့နောက်မိုးကုတ်သို့သွား၍ ကျောက် အရောင်းအဝယ်လုပ်ခဲ့သည်။ လူလိမ်ခံရသဖြင့် အရင်းပြုတ်ပြီး မြို့သို့ပြန်လာခဲ့ရသည်။ နောက်ထပ်ရင်းနှီးစရာငွေမရှိသဖြင့် အိမ်ရှိ ပရိဘောဂများကိုရောင်းချကာ စားသောက်နေခဲ့ရ၏။ နောက်ဆုံး တွင် ရောင်းစရာမရှိတော့သဖြင့် အသိမိတ်ဆွေများထံမှ ချေးငှား သုံးစွဲရသောဘဝသို့ ရောက်ခဲ့၏။ ဤအခြေအနေအတိုင်း ထပ်တစ် လခန့်ဆက်နေရပါက မြန်မာပြည်တွင် ပထမဆုံးထမင်းငတ်သေသူ မှာ ကျွန်တော်ဖြစ်ဖို့သေချာနေ၏။ ဤမျှအခြေအနေဆိုးဝါးနေသော ကြောင့် ကျွန်တော်သည် ရှေ့ရေးအတွက် အမြဲစိတ်ပူပန်သောက ရောက်နေရတော့သည်။ ,

တစ်နေ့တွင် ကျွန်တော်ထံသို့ စာတစ်စောင်ရောက်လာ၏။ စာရေးသူမှာ ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သော ကိုစော

ရွှေဖြစ်ဖြစ်၏။ ကျွန်တော့်ထက် ဆယ်နှစ်ခန့်အသက်ကြီးသူဖြစ်သည်။ သူသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားရွာတွင် နေထိုင်လျက်ရှိ၏။ သူနှင့်ကျွန်တော်မတွေ့ကြသည်မှာ ဆယ်နှစ်ကျော်ခန့်ရှိလေပြီ၊ ကိုစောရွှေသည် ငယ်စဉ်မှပင် အိမ်မှထွက်ပြေးသွားပြီး ဖားကန့်တွင် စီးပွားရှာခဲ့၏။ ယခုအခါ လူချမ်းသာတစ်ဦးဖြစ်နေကြောင်းသိရ၏။

စာထဲတွင် ကျွန်တော့်ကိုအလွန်တွေ့ချင်ကြောင်း။ သူနှင့်ကျွန်တော်နှစ်ဦးလုံးမှာ တစ်ဦးတည်းသောသားများဖြစ်ကြသဖြင့် ဘဝတူကြောင်း၊ သူ့တွင် အနီးစပ်ဆုံးသွေးသားဟူ၍ ကျွန်တော်နှင့် ဘကြီးဦးထွန်းဘော်သာရှိကြောင်း၊ ကျွန်တော်အားလပ်ပါက သူ့ထံအလည်အပတ်လာစေလိုကြောင်း၊ လာမည်ဆိုလျှင် ကြေးနန်းရိုက်ရန်နှင့် ဘူတာမှလာကြိုမည့်အကြောင်း ပါလေသည်။

သူ့စာကို ဖတ်ရပြီးနောက် ကျွန်တော်စိတ်ကူးရလာ၏။ ကိုစောရွှေထံသို့ သွားလည်ရင်းကျွန်တော်အခက်အခဲကို ပြောပြ၍ အကူအညီတောင်းရန်ဖြစ်၏။ သူသည် ကျွန်တော့်ဒုက္ခကို လျစ်လျူပြုမည်မဟုတ်ဟု မျှော်လင့်မိ၏။ ထို့ကြောင့် လက်ဆွဲအိတ်တွင် အဝတ်အစားအနည်းငယ်ထည့်လျက် စာရသောနေ့မှာပင် ညနေသင်္ဘောဖြင့် ရန်ကုန်မြို့သို့ခရီးထွက်ခဲ့၏။ နောက်တစ်နေ့နံနက်တွင် ရန်ကုန်မြို့သို့ ရောက်လေ၏။ နေ့ခင်းပိုင်းတွင် ပန်းဆိုးတန်းကြေးနန်းရုံးသို့သွား၍ ညနေခြောက်နာရီထွက်သော မန္တလေးအဆန်ရထားဖြင့် ကျောက်ပန်းတောင်းတွဲကို စီးလာခဲ့၏။

ညဆယ့်တစ်နာရီခန့်တွင် ပျဉ်းမနားဘူတာ ့ ရထား





ဆိုက်လေ၏။ ရထားသည် ကျွန်တော်စီးလာသောတွဲအား ဖြုတ်ထားခဲ့ပြီး မန္တလေးသို့ ဆက်ထွက်သွားလေ၏။ ထိုညကတွဲပေါ်မှာပင် အိပ်လိုက်၏။ နောက်တစ်နေ့နံနက်တွင် စက်ခေါင်းတစ်ခုသည် ကျွန်တော်စီးလာသောတွဲကိုလာချိတ်ပြီး ကျောက်ပန်းတောင်းမြို့သို့ ဦးတည်ထွက်ခဲ့၏။

နံနက်ပိုင်းတွင် ရထားသည် သစ်တောများကိုဖြတ်မောင်းလာ၏။ တောင်တွင်းကြီးမြို့မှ ထွက်လာပြီးနောက်တွင် သစ်ပင်များပါးလာ၏။ ထို့နောက် သစ်ပင်များကိုမတွေ့ရတော့ဘဲ သဲလွင်ပြင်များကိုသာ မြင်ရတော့၏။ ကျွန်တော်သည် ပြတင်းပေါက်မှနေ၍ နယ်ချဲ့သမားအားတော်လှန်တိုက်ခိုက်ခဲ့သော ဗိုလ်မင်းရောင်အကြောင်းကို သတိရနေမိ၏။

ကျောက်ပန်းတောင်းမြို့ နယ်နိမိတ်အတွင်းသို့ ဝင်လာချိန်တွင် ထန်းတောညိုညိုများကို အဆက်မပြတ်မြင်ရလေသည်။ နာမည်ကျော် ကျောက်ပန်းတောင်းထန်းလျက်ထွက်ရှိရာအရပ်သို့ ရောက်လာကြောင်း သတိပြုမိ၏။ ညနေလေးနာရီခန့်တွင် ကျောက်ပန်းတောင်းဘူတာသို့ ရထားဆိုက်လေ၏။ ကျွန်တော်သည် ရထားပြတင်းပေါက်မှခေါင်းပြူ၍ ကိုစောရွှေကိုရှာမိ၏။ ကိုစောရွှေကို ကျွန်တော်မမှတ်မိပါ၊ လွန်ခဲ့သောနှစ်ပေါင်းများစွာက သူ့မိဘများနှင့်အတူ ကျွန်တော့်မိဘများထံ လာဖူးခဲ့၏။ ထိုစဉ်က သူသည် အသားညိုညို၊ ပိန်ပိန်လူငယ်ကလေးတစ်ယောက် ဖြစ်သည်ကို ဝိုးတဝါးမှတ်မိနေသည်။

ထိုအခိုက် မီးရထားတွဲများအတွင်းသို့ တစ်စုံတစ်ယောက်

ကို ရှာဖွေဟန်ဖြင့်လိုက်ကြည့်နေသော လူတစ်ယောက်ကို သတိထားမိ၏။ ထိုလူသည် အသက်လေးဆယ်ခန့်အရွယ်ရှိ၍ အသားညိုညို ကိုယ်လုံးခပ်တုတ်တုတ်အရွယ်ရှိရာ ကိုစောရွှေဖြစ်မည်ဟု ကျွန်တော် ခန့်မှန်းမိ၍ ကျွန်တော်သည် မီးရထားပေါ်မှဆင်း၍ ထိုလူရှိရာသို့ လျှောက်သွားခဲ့၏။

"အစ်ကို စောရွှေ မဟုတ်လားခင်ဗျာ"

"ဟာညီလေး မောင်မျိုးဆွေ မင်းကို အစ်ကိုလာကြိုနေတာပဲ၊ ဘာပစ္စည်းတွေပါသေးလဲ"

"ဒီလက်ဆွဲအိတ်ပဲ ပါပါတယ်"

"မင်းရောက်လာတဲ့အတွက် အစ်ကို သိပ်ဝမ်းသာတာပဲကွာ၊ မင်းက အသားဖြူပြီး အရပ်မြင့်လာတာကြောင့် အစ်ကို ရုတ်တရက် မမှတ်မိဘူး၊ ကဲ. . အိမ်ရောက်မှအေးအေးဆေးဆေး စကားပြောကြမယ်၊ အစ်ကို့မှာ ဂျစ်ကားပါလာတယ်၊ အခုပဲ ပုပ္ပါးကို သွားကြစို့၊ မင်းမရီးကလည်း မင်းကို သိပ်တွေ့ချင်နေတယ်"

ကိုစောရွှေသည် ကျွန်တော့်လက်ဆွဲအိတ်ကို ဆွဲယူပြီး ဘူတာရုံအပြင်တွင်ရပ်ထားသော ဂျစ်ကားဆီသို့ ဦးဆောင်လျှောက်သွားလေ၏။ ကျွန်တော်အား ကားရှေ့ခန်းတွင် သူနှင့်အတူယှဉ်ထိုင်စေပြီးနောက် ကားကိုစက်နှိုး၍ မောင်းထွက်လာခဲ့ကြ၏။

ဂျစ်ကားသည် ကျောက်ပန်းတောင်း၊ မြင်းခြံကားလမ်းအတိုင်း ပုပ္ပါးတောင်ကို ဦးတည်ပြေနေ၏။ ပြာမှိုင်းသောပုပ္ပါးတောင်နှင့်နီးကပ်လာချိန်တွင် ရာသီဥတုအေးလာ၏။ ကျွန်တော်သည် ပုပ္ပါးတောင်ကို မျှော်ကြည့်ရင်း ပုပ္ပါးသူမယ်ဝဏ္ဏနှင့် ပန်းတော်ဆက်





ကိုဗျတ္တတို့၏ ရင်နင့်ဖွယ်အချစ်ဇာတ်လမ်းကို သတိရနေမိသည်။ ပန်းတော်ဆက်နောက်ကျသဖြင့် အကွပ်မျက်ခံရသော ကိုဗျတ္တ၏ အဖြစ်ဆိုးကို မသိရှာဘဲ သားနှစ်ယောက်ကိုလက်ဆွဲ၍ ချစ်လင်ကို စောင့်ကြိုနေမည့် မယ်ဝဏ္ဏအဖြစ်ကိုတွေး၍ သနားမဆုံးဖြစ်နေမိသည်။

ရင်ထဲတွင် လွမ်းသလိုဆွေးသလို ဖြစ်လာ၏။

"ငြိမ်လှချည်လားညီလေး၊ ဘာတွေစဉ်းစားနေလို့လဲ"

အစ်ကိုစောရွှေက ကားကိုဂရုစိုက်မောင်းနေရာမှ မေးလေသည်။

"တစ်နေ့ခင်းလုံး ပူပြင်းခြောက်သွေ့တဲ့မြင်ကွင်းတွေကိုပဲ တွေ့ခဲ့ရပြီး အခုလို ပုပ္ပါးတောင်ကြီးကို စိမ်းစိမ်းစိုစိုမြင်လိုက်ရတော့ ရင်ထဲမှာအေးချမ်းသွားလို့ပါ"

"ဟုတ်တယ်၊ ပုပ္ပါးတစ်ဝိုက်ဟာ အပူထဲကအအေးပါ၊ မိုးခေါင်ရေရှားရပ်ဝန်းဒေသဆိုတာ ဒီအရပ်ပေါ့၊ အရင်တုန်းကဆို ကျောက်ပန်းတောင်းမှာ ရေသိပ်ရှားတယ်၊ အခုတော့ ပုပ္ပါးကထွက်တဲ့ရေတွေကို ပိုက်နဲ့သွယ်ပြီးသုံးရလို့ ရေပေါ်နေပါပြီ"

ဂျစ်ကားသည် ပုပ္ပါးတောင်ကို စတင်တက်လာ၏။ မကြာခင် ပုပ္ပါးရွာကို ရောက်လာ၏။ အစ်ကိုစောရွှေ၏ နေအိမ်မှာရွာအစွန်အဖျား၌ရှိသော ဝင်းကြီးအတွင်း ဟောင်းမြင်းဆွေ့မြေ့ဟန်လက္ခဏာရှိသည့် တိုက်အိုကြီးတစ်လုံးဖြစ်ပေ၏။ ခြံဝင်းမှာ ငါးဧကခန့်ကျယ်၍ သစ်ပင်ကြီးများ အုံ့ဆိုင်းနေ၏။ သစ်ပင်ကြီးများ အောက်ခြေတွင် ခြုံနွယ်ပိတ်ပေါင်းများထူထပ်စွာ ပေါက်နေ၏။

ဘိုက်ရှေ့ဆင်ဝင်းအောက်တွင် ကားရပ်ပြီးနောက် ကျွန်တော်တို့သည် ပိတ်ထားသော လက်ဆွဲသံဘာဂျာတံခါးရှေ့တွင် ရပ်ကြ၏။ အစ်ကိုစောရွှေသည် တံခါးကိုလှုပ်ယမ်း၍ အိမ်တွင်းသို့ လှမ်းခေါ်လေ၏။

"တင်တင်နီရေ ကိုယ့်ညီတော်မောင်ရောက်လာပြီ၊ တံခါးဖွင့်ပါဦးကွ"

မကြာခင် အိမ်နောက်ပိုင်းမှ အသက်(၃၅)နှစ်ခန့် အမျိုးသမီး တစ်ယောက်ထွက်လာသည်ကို မြင်ရ၏။ အမျိုးသမီးမှာဖြူစင်ဝင်းပသော အသားအရေရှိပြီး ပေါ်လွင်သောနှာတံ၊ မျက်ခုံးတန်းတန်း၊ နဖူးကျယ်ကျယ်နှင့် အလွန်တရာ ကြည်လင်တောက်ပသော မျက်လုံးများရှိသည်ဖြစ်၍ ထူးကဲသောဥပမိရုပ်ရှိသူ ဖြစ်ပေ၏။ သူမ၏မျက်နက်သည် လည်းကောင်း၊ မျက်ခုံးမွေးသည်လည်းကောင်း၊ ဆံပင်သည်လည်းကောင်း၊ အထူးနက်မှောင်သည်ဟူ၍လည်း ကျွန်တော်သတိပြုမိသည်။ "အဲဒါ အစ်ကို့ဇနီး တင်တင်နီပဲ" ဟု အစ်ကိုစောရွှေက ပြောပြသည်။ တင်တင်နီသည် ချိတ်ထားသော သော့တွဲကိုယူ၍ တံခါးသော့ဖွင့်ပေး၏။ ထို့နောက်အစ်ကိုစောရွှေဦးဆောင်၍ ဧည့်ခန်းသို့လာခဲ့ကြ၏။ ဧည့်ခန်းထဲတွင် ဟောင်းနွမ်းသော ဆက်တီကုလားထိုင်တစ်စုံမှလွဲ၍ ဘာမှမရှိပေ။ ဆက်တီကုလားထိုင်များတွင် အသီးသီးထိုင်ကြပြီးနောက် ကိုစောရွှေက သူ့ဇနီးနှင့် ကျွန်တော်ကို မိတ်ဆက်ပေးလေသည်။

"တင်တင် ဒါကိုယ့်ညီမောင်မျိုးဆွေပဲ၊ ညီလေး ဒါအစ်ကို့ဇနီး တင်တင်နီ"





ကျွန်တော်ကဦးခေါင်းညွတ်၍ အသိအမှတ်ပြုသော်လည်း တင်တင်နီက ကျွန်တော်ကိုမပြုံးမရယ်ဘဲ အေးစက်စွာကြည့်နေ၏။ သူမသည် ဥပမိရုပ်ကောင်းသလောက် လူမှုဆက်ဆံရေးတွင် ညံ့ဖျင်းလှပါတကားဟု ကျွန်တော်တွေးမိသည်။

"ရှင်ဒီမှာ ကြာကြာနေမှာလား ကိုမျိုးဆွေ"

တင်တင်နီ၏ ရုတ်တရက်မေးခွန်းကြောင့် ကျွန်တော်အံ့အားသင့်မိ၏။ သူ့ဇနီး၏ မေးခွန်းကြောင့် ကိုစောရွှေမျက်နှာပျက်သွား၏။

"အို. . တင်တင်ကလဲ ဘယ်လိုမေးတာလဲကွ၊ သူပျော်သလောက်နေမှာပေါ့၊ တို့ညီအစ်ကိုတွေကွဲနေတာ အနှစ်သုံးဆယ်လောက်ရှိပြီ၊ ကဲ. . မောင်မျိုးဆွေနေဖို့အခန်းသွားပြင်ပေတော့"

အမျိုးသမီးသည် ကျွန်တော့်ကိုစူးကနဲတစ်ချက်ကြည့်ပြီး ထသွားတော့၏။ သူမမျက်နှာပေါ်တွင် ကျွန်တော့်ကိုမလိုလားသည့် အရိပ်လက္ခဏာ သိသိသာသာပေါ်နေ၏။

ထိုနေ့ညနေတွင် ကျွန်တော့်အား ဟင်းလျာကောင်းများဖြင့် ညစာကျွေးမွေးပါသည်။ ညစာမစားခင်တွင် ကျွန်တော်တို့အရက်သောက်ကြ၏။ ကျွန်တော်က အနည်းငယ်သာသောက်သည်။ ကိုစောရွှေကများများသောက်လေသည်။ ညစာစားပြီးနောက် ကျွန်တော်နေရမည့်အိပ်ခန်းသို့ ကိုစောရွှေကိုယ်တိုင်လိုက်ပို့ခဲ့၏။

"ကဲ. . မောင်မျိုးဆွေ ဒီညစောစောအိပ်ပေတော့၊ မနက်ဖြန်ကြရင် ကိုယ်မွေးထားတဲ့တိရစ္ဆာန်တွေကို လိုက်ပြမယ်၊ ဂွတ်နိုက်"

ကိုစောရွှေသည် ကျွန်တော်အားနှုတ်ဆက်၍ ထွက်သွား၏။

ကိုစောရွှေက ကျွန်တော့်အား လိုက်လံရှာဖွေးစွာ ဆက်ဆံသ လောက် သူဇနီးသည် ကျွန်တော့်အား မလိုလားနိုင်ဘဲဖြစ်နေ၏။ ကျွန်တော်သည် ထိုအကြောင်းကို စဉ်းစားရင်းတော်တော်နှင့်အိပ် မပျော်ဘဲ ရှိနေခဲ့၏။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တစ်ယောက်တည်း ဧည့်ခန်းတွင် ကော်ဖီသောက်နေခဲ့၏။ ထိုအခိုက် တင်တင်နီဝင်လာ လေသည်။ တင်တင်နီက ကျွန်တော့်ကိုစိမ်းစိမ်းကြည့်ရင်းပြောတော့ ၏။

"ကိုမျိုးဆွေ. . . ဒီနေ့မနက်ဆယ်နာရီမှာ ကျောက်ပန်း တောင်းကိုသွားမယ့် ကားကြုံရှိတယ်၊ ဒီနေ့လယ်ရထားနဲ့ ရှင်ပြန် လိုက်သွားပါလား"

"ဗျာ"

ကျွန်တော့်နှုတ်မှအာမေဋိတ်အသံ ထွက်သွားပြီး သူမကို အံ့အားသင့်စွာ ကြည့်နေမိ၏။ ကျွန်တော်အလွန်ရှက်သွား၏။ ဒေါသ လည်းဖြစ်မိ၏။

"ကျွန်တော်မပြန်သေးဘူး မတင်တင်နီ၊ ပြန်ဖို့အစီအစဉ် လည်းမရှိသေးဘူး"

"ရှင်ဒီကအမြန်ဆုံးထွက်သွားရင် ကောင်းမယ်၊ ဒီမှာ ဆက်နေရင် . . ." တင်တင်နီသည် စကားမဆက်တော့ဘဲ ကျွန်တော့်ကိုမလိုလားသောမျက်နှာထားဖြင့် စိုက်ကြည့်နေ၏။

"ကျွန်တော်ဟာ ဒီအိမ်ရှင်ကဖိတ်လို့ ရောက်လာတဲ့ဧည့် သည်ပါ၊ ပြီးတော့ သူဟာ ကျွန်တော့်အစ်ကို"





"ဘာတွေဖြစ်နေကြတာလဲဟေ့"

အခန်းအပြင်မှ မေးသံကြားရပြီးနောက် ကိုစောရွှေဝင်လာ လေသည်။ ကျွန်တော့်စကားကို သူကြားဟန်တူ၏။ ကျွန်တော်တို့၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး အဖြစ်အပျက်ကို ရိပ်မိသွားဟန် တူ၏။

"ညီလေးမောင်မျိုးဆွေ အိမ်ရှေ့ကို ခဏသွားနေပါကွယ်၊ အစ်ကိုတို့စကားပြောစရာရှိလို့"

ကျွန်တော်ဧည့်ခန်းမှထွက်လာခဲ့၏။ ဧည့်ခန်းအတွင်းမှ အခြေအတင်စကားပြောသံကို ကြားရသဖြင့် နားမထောင်လိုသော ကြောင့် ခြံဝင်းအတွင်းသို့ ဆင်းလာခဲ့၏။ မကြာခင်အိမ်ထဲမှ ထွက် လာသော မတင်တင်နီကို တွေ့ရ၏။ ပါးနှစ်ဘက်မှာ နီမြန်းနေပြီး မျက်လုံးများတွင် မျက်ရည်များစိုစွတ်နေသည်ကို တွေ့ရ၏။

သူမသည် ကျွန်တော့်အနီးတွင်လာရပ်ပြီး အောက်သို့ငုံ့ ကြည့်နေ၏။

"စောစောက ကျွန်မပြောမိတဲ့စကားအတွက် လာတောင်း ပန်တာပါ"

အမျိုးသမီးက ရှိုက်သံရောစွက်လျက် တောင်းပန်၏။

"ကိစ္စမရှိပါဘူး မတင်တင်နီ ကျွန်တော့်ကြောင့် ခင်ဗျားတို့ လင်မယား စကားများရတဲ့အတွက် စိတ်မကောင်းပါဘူး"

"ကျွန်မအတွက် ဒီလိုအရိုက်အနှက်ခံရတာ မဆန်းပါဘူး၊ မကြာခဏပါပဲ၊ ကဲ. . . ကျွန်မသွားတော့မယ်၊ တစ်နေ့ကျရင် ကျွန်မကို ရှင်နားလည်မှာပါ"

ထို့နောက် သူမသည် အိမ်ဘက်သို့ထွက်သွားတော့၏။ ကျွန်တော်မှာသူမ၏နောက်ဆုံးစကားကြောင့် အံ့အားသင့်စွာကျန်ရစ်ခဲ့၏။ မကြာခင် ကျွန်တော့်ဆီရောက်လာသော ကိုစောရွှေကို မြင်ရ၏။

"တင်တင်လာသွားသလား၊ သူဘာတွေပြောသွားသလဲ"

"ကျွန်တော့်ကိုလာတောင်းပန်တာပါ၊ တခြားဘာမှမပြောပါဘူး"

ကိုစောရွှေက ကျေနပ်စွာပြုံးပြီး ကျွန်တော့်ပခုံးကို ရင်းနှီးစွာလှမ်းဖက်၏။

"တင်တင်စကားကို မေ့ပစ်လိုက်ပါ ညီလေး၊ ညီလေးပြန်သွားရင် အစ်ကိုစိတ်ဆင်းရဲ ကျန်ခဲ့မှာပေါ့၊ အစ်ကို့မှာဆွေမျိုးဆိုလို့ သေခါနီးဘကြီးတစ်ယောက်နဲ့ ညီလေးပဲရှိတာပါ၊ ညီအစ်ကိုချင်းမို့ ပွင့်ပွင့်လင်းလင်းပြောပြမယ်၊ တင်တင်က သိပ်ဝန်တိုတဲ့စိတ်ရှိတယ်၊ အစ်ကိုကို သူကလွဲပြီး ဘယ်သူကိုမှမချစ်စေချင်ဘူး၊ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် မုန်းတာပဲ၊ အစ်ကိုနဲ့သူ့အကြားမှာ ဘယ်သူ့ကိုမှမရှိစေချင်ဘူး၊ အစ်ကိုကို သူတစ်ယောက်ထဲပဲ ပိုင်ဆိုင်ချင်တယ်၊ ဒါဟာ စိတ္တဇရောဂါတစ်မျိုးပဲ၊ အဲဒါကလွဲရင် ကျန်တာအားလုံး ကောင်းပါတယ်၊ သူ့ကိုခွင့်လွှတ်လိုက်ပါကွာ"

"ရပါတယ်အစ်ကို. . မမနီကို ကျွန်တော်ဘယ်လိုမှသဘောမထားပါဘူး"

"ကဲ. . လာ မင်းကိုခြံဝင်းထဲမှာရှိတဲ့ တိရစ္ဆာန်တွေကို လိုက်ပြမယ်၊ မြန်မာပြည်မှာသာမက တစ်ကမ္ဘာလုံးမှာ ရှားပါး





ပျောက်ကွယ်လုမတတ် ဖြစ်နေတဲ့သတ္တဝါကို မင်းမြင်ရလိမ့်မှာပါကွ"

တစ်မနက်လုံး ကျွန်တော်တို့သည် ခြံဝင်းအတွင်းလှည့်လည်သွားနေခဲ့၏။ ခြံဝင်းထဲတွင် ကိုစောရွှေမွေးထားသော တိရစ္ဆာန်များရှိလေသည်။ မျောက်များ၊ ကျေးငှက်များ၊ သမင်ပေါက်၊ ဒရယ်ပေါက်၊ချေပေါက်ကလေးများကို လွတ်လပ်စွာလွှတ်ထား၏။ ဝက်ဝံများနှင့် စပါးကြီးမြွေများကို လှောင်အိမ်များဖြင့် မွေးထား၏။ ကိုစောရွှေသည် လမ်းလျှောက်လာရင်း သူမွေးထားသောတိရစ္ဆာန်များအကြောင်းကို ပြောလာ၏။ တစ်နေရာတွင် အလွန်ကြီးမားသော တောဝက်ကြီးတစ်ကောင်ကို တွေ့ရ၏။ ကျွန်တော်တို့အား မာန်ဖီသံပေး၍ ရန်မူမည်ပြုသေး၏။ ကိုစောရွှေက လက်ထဲမှ ကြာပွတ်ကို ဝှေ့ယမ်းပြသောအခါမှ ထွက်ပြေးသွား၏။ ကျွန်တော်ဆက်လျှောက်စဉ် အလွန်လှပသော ရွှေသမင်တစ်ကောင်သည် ကတွတ်သီးများ စားနေရာမှ ချုံထဲသို့ တိုးဝင်သွား၏။ နောက်ဆုံးတွင်သစ်ပင်များကိုရှင်းလင်း၍ဆောက်ထားသော အဆောက်အဦရှေ့သို့ ရောက်လာကြ၏။ အဆောက်အဦ၏နောက်ပိုင်းမှာ အင်တေနံရုံဖြစ်၏။ ဘေးနှစ်ဖက်မှာ တစ်ဝက်အင်္ဂတေဖြစ်ပြီး ရှေ့ကျန်တစ်ဝက်ကို ခိုင်ခံ့သော သစ်သားချောင်းများကာထား၏။ ရှေ့ပိုင်းကိုလည်း သစ်ချောင်းများဖြင့် ခြောက်လက်မစီခွာ၍ ကာထားသည်။ အခန်းမှာ ပေနှစ်ဆယ်၊ ပေအစိတ်ခန့်ရှိသည်။ အမိုးမှာ ဝါးကပ်ဖြစ်ပြီး အလွန်မြင့်သည်။ အခန်းအလယ်တည့်တည့်မှ အနောက်ဘက်အင်္ဂတေနံရံ အထိကို ဆယ်ပေအမြင့်မှနေ၍ သံဇကာများအုပ်ထား၏။ သံဇကာများအောက်တွင် သံပိုက်လုံးများကို တစ်ပေခန့်ခွာ၍ တန်းခံထား၏။

အခန်းရှေ့ပိုင်းတွင် လူတစ်ယောက်ကုန်း၍ဝင်နိုင်ရုံ အပေါက်တစ်ပေါက်ရှိ၏။ ထိုအပေါက်တွင် တံခါးရှိပြီး သော့ခတ်ထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့သည် ထိုအဆောက်အဦရှေ့တွင်ရပ်၍ သစ်သားတန်းများအကြားမှ အတွင်းကို ကြည့်ကြ၏။ နံရံအနီးတွင် ဝပ်နေသော ခုနစ်တောင်ခန့်ရှည်မည့် မည်းမှောင်ပြောင်လက်သည့် သတ္တဝါကြီးတစ်ကောင်ကို မြင်ရလေ၏။ ပုံသဏ္ဌာန်မှာ ကျားနှင့် တူသော်လည်း အရောင်အသွေးမှာ ကျားကဲ့သို့ အဝါနှင့်အနက်စင်း မဟုတ်ပေ။

"ဒါ. . ဘာကောင်ကြီးလဲ. . အစ်ကိုစောရွှေ ကျားနဲ့လည်း မတူဘူး. . ."

"ကျားမဟုတ်ဘူး၊ ကျားသစ်နက်လို့ခေါ်တယ်၊ ရှမ်းပြည်နဲ့ကချင်ပြည်နယ်စပ်က ရခဲ့တာ၊ သူ့ကိုငါရတုန်းက ကြောင်လောက်ပဲရှိသေးတယ်၊ သူ့အမေကြီးက ငါ့ကိုရန်မူလို့ မတတ်သာဘဲပစ်သတ်ခဲ့ရတယ်"

"သူကြည့်ရတာ ကျားလိုပဲကြောက်စရာကောင်းလိမ့်မယ် ထင်တယ်"

"ကျားထက်ပိုပြီး ကြောက်စရာကောင်းတယ်၊ မိုးမိတ်မဘိန်းနယ်က ရှမ်းတွေဟာ ကျားသစ်နက်ဆိုရင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်၊ ဒီကောင်ဟာ လူသားမစားရသေးဘူး၊ ဒီသတ္တဝါမျိုးဟာ ဘယ်လောက်ပဲ ယဉ်ပါစေ၊ လူ့အသွေးအသားကို မြည်းမိရင် အရိုင်းစိတ်ဝင်သွားတတ်တယ်၊ လှောင်အိမ်ထဲကို ငါကလွှဲပြီး ဘယ်





သူမှမဝင်ရဲဘူး၊ သူ့ကိုနေ့တိုင်းအစာကျွေးတဲ့ ပေါက္ခွယ်တောင်မဝင်ရဲဘူး၊ ငါကတော့ သူ့အဖေဆိုလဲဟုတ်တယ်၊ အမေဆိုလဲ ဟုတ်တာကို ကွ"

ပြောပြောဆိုဆိုပင် ကိုစောရွှေသည် ပိတ်ထားသောတံခါးကိုသော့ဖွင့်၍ အတွင်းသို့ဝင်သွားလေ၏။ ထို့နောက်တံခါးကို ပြန်ပိတ်ခဲ့၏။ တံခါးမြည်သံကြားသဖြင့် မည်းနက်သောသတ္တဝါကြီးသည် ဝပ်နေရာမှ ကုန်းထလာ၏။ ထို့နောက်ရှေ့လက်နှစ်ဖက်ကို ဆန့်ထုတ်လျှက် ပါးစပ်ကြီးဖြဲကာ သမ်းနေ၏။ ထို့နောက် အနက်ပုတိုတို ခေါင်းကြီးကို သစ်သားတိုင်နှင့်ပွတ်၍ အယားဖျောက်နေပြန်၏။ ကိုစောရွှေသည် ကျားသစ်ကြီးအနီးသို့ကပ်သွားပြီးလျှင် ခေါင်းကို လက်ဖြင့်ပွတ်သပ်ပေးနေ၏။

"ကဲ. . မိုးမှောင်. . မင်းအခန်းထဲကို ပြန်သွားတော့. . မကြာခင် အစာစားရမယ်"

ကျားသစ်ကြီးသည် လူ့စကားကို နားလည်သည့်အလား သံဇကာအမိုးအောက်သို့ အေးဆေးစွာလျှောက်သွားပြီးနောက် ကောက်ရိုးအခင်းပေါ်တွင်ဝပ်နေလေ၏။ ကိုစောရွှေသည် စောစောကတံခါးပေါက်မှငုံ့ထွက်လာပြီးနောက် သစ်သားငုတ်တစ်ခုတွင် တပ်ဆင်ထားသော သံဘီးတစ်ခုကို စတင်လှည့်ပတ်နေလေ၏။ ထိုအခါတွင် နံရံတစ်ဖက်တွင်ကပ်နေသော သံဘာဂျာတံခါးသည် တဖြည်းဖြည်း ထွက်လာပြီး အခန်း၏ဘေးနံရံနှစ်ဖက်ကို ကန့်လန့်ဖြတ်ပိတ်လိုက်လေ၏။ ဤသို့ဖြင့် လုံခြုံနိုင်ခဲ့သော လှောင်အိမ်တစ်ခုဖြစ်လာလေ၏။

ထို့နောက်ကိုစောရွှေသည် အခန်းတွင်းသို့ ပြန်ဝင်သွား၏။ ကျွန်တော့်ကိုလည်း အတွင်းသို့ဝင်ရန်ခေါ် သဖြင့် ဝင်ခဲ့ရ၏။ အခန်းမှာပုတ်စော်နံလျက်ရှိ၏။

"သူ့အညောင်းပြေလမ်းလျှောက်လို့ရအောင် ဒီလိုစီစဉ်ထားရတယ်၊ ညကျရင်လဲ လှောင်အိမ်ထဲပြန်သွင်းထားတယ်၊ ဟောသူ့ကိုအစာကျွေးဖို့ ပေါ်ကြွယ်လာပြီ၊ နက်မှောင် မင်းအစာစားရတော့မယ်"

ထိုအခိုက် အသားမည်းမည်း၊ ဂင်တိုတိုလူတစ်ယောက်သည် အမဲသားတောင်းကိုထမ်း၍ အခန်းတွင်းသို့ ဝင်လာလေ၏။ အစာအနံ့ရသော ကျားသစ်နက်ကြီးသည် ဝပ်နေရာမှထ၍ သံတိုင်အနားသို့လျှောက်လာ၏။ ကျားသစ်နက်ကြီး၏ မျက်လုံးအဝါကြီးများမှာ အရောင်တောက်လာ၏။ ပါးစပ်ကြီးဖြဲလျက် နီရဲသောလျှာကို တန်းလန်းချထား၏။ ချွန်ထက်သော သွားများမှာဝါကျင်သောအရောင်တောက်နေ၏။ ပေါ်ကြွယ်ဆိုသူသည် အမဲပေါင်တစ်ချောင်းကို သံတိုင်အကြားမှပစ်သွင်းလိုက်၏။ ကျားသစ်နက်သည် အမဲပေါင်ကိုကိုက်ချီ၍ အခန်းထောင့်သို့ ယူသွားပြီး ရှေ့လက်နှစ်ချောင်းအကြားတွင်ချ၍ ချွန်ထက်သောသွားများဖြင့် ကိုက်ဖဲ့စားနေ၏။ တစ်ခါတစ်ခါတွင် သွေးပေသောနှုတ်ခမ်းကို မော့၍ကျွန်တော်တို့ဘက်သို့ စောင်း၍စူးစမ်းသလိုကြည့်နေပုံမှာ ကြည့်၍ကောင်းလှ၏။

"ကြည့်စမ်း. . ဘယ်လောက်လှတဲ့ ကောင်ကြီးလဲ၊ ညီလေးသဘောမကျဘူးလား"





"ဟုတ်တယ်. . အစ်ကိုစောရွှေ ကြည့်လို့တော့ သိပ်ကောင်းတာပဲ"

ကျွန်တော်က အလိုက်သင့်ပြောလိုက်၏။ ကိုစောရွှေကကျေနပ်စွာပြုံးနေရာမှ. . .

"ကဲ နက်မှောင်မနက်စာစားနေပြီ၊ တို့လဲအိမ်ပြန်ပြီး မနက်စာစားကြစို့" ဟု ပြောလာ၏။

ထို့နောက် ကျွန်တော်တို့သည် အိမ်သို့ပြန်လာကြ၏။ ကိုစောရွှေသည် မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ကို မသိပါ။ သို့သော်သူ့ထံသို့ကြေးနန်းစာများ မကြာခဏလာသည်ကို သတိထားမိ၏။ အခြားတစ်နေရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ထားမည်ဟု ထင်ရ၏။

ခြောက်ရက်အတွင်း ကျွန်တော်နှင့် ကိုစောရွှေတို့ ပိုမိုရင်းနှီးလာကြ၏။ ညီအစ်ကိုတော်စပ်သော်လည်း ကျွန်တော်တို့သည် ငယ်စဉ်ကတည်းက တစ်ယောက်နှင့်တစ်ယောက် ခပ်အမ်းအမ်းဖြစ်နေကြ၏။ ညတိုင်းပင် ဧည့်ခန်းတွင်ထိုင်၍ ညဉ့်နက်အောင် စကားပြောကြ၏။ ကိုစောရွှေသည် သူရောက်ခဲ့သော ဒေသများ၊ အလုပ်များအကြောင်းကို ပြောပြ၏။ ကျွန်တော်ကလည်း မိမိတွေ့ကြုံခဲ့ရသောအကြောင်းများကို ပြန်ပြောပြခဲ့၏။ နောက်ဆုံးတွင် ကျွန်တော်အခက်အခဲကို ပွင့်ပွင့်လင်းလင်းပြောပြ၍ သူ့ထံမှအကြံဉာဏ်တောင်းခဲ့၏။ အမှန်အတိုင်းပြောရလျှင် သူ့ဆီမှ အကြံဉာဏ်ထက် ရင်းနှီးငွေထုတ်ပေးဖို့ကိုသာ လိုလားပါသည်။ အစ်ကိုစောရွှေသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း ကျွန်တော်ပြောပြသည်ကို

နား‌စိုက်ထောင်နေ၏။

"ငါ့ညီလည်း စွန့်စွန့်စားစားစီးပွားရေး ရှာခဲ့တာပါကလား ကံမကောင်းတော့လည်း အဆင်မပြေဘူးပေါ့လေ၊ နေပါအုံး ဘကြီး ဦးထွန်းပေါ်ဆီကို စာရေးပြီးအကူအညီမတောင်းဘူးလား"

ကျွန်တော့်ဘကြီး ဦးထွန်းပေါ်မှာ မန္တလေးမြို့တွင်နေထိုင်ပြီး သိန်းပေါင်းများစွာ ကြွယ်ဝချမ်းသာသူဖြစ်သည်။ မုဆိုးဖိုဖြစ်ပြီး သားသမီးမထွန်းကားပေ။ သို့ရာတွင် ဘကြီးမှာအလွန်ကပ်စေးနည်းသူဖြစ်၏။ ကျွန်တော်နှင့်တစ်နှစ်တစ်ကြိမ်လောက်သာ စာအဆက်အသွယ်ရှိသည်။

"ဘကြီးနဲ့ကျွန်တော် အဆက်ပြတ်နေတာကြာပါပြီ၊ ပြီးတော့ ဘကြီးဘယ်လောက်ကပ်စေးနည်းတယ်ဆိုတာ အစ်ကိုလဲသိပါတယ်"

"အေး. . အဲဒါ အမှန်ပဲ၊ သူကျန်းမာရေးကောင်းရဲ့လား မသိဘူး"

"ဘကြီးလေငန်းရောဂါဖြစ်ပြီး အိပ်ရာကမထနိုင်တာ သုံးနှစ်လောက်ရှိပြီ၊ သူတော်တော်နဲ့မသေပါဘူး၊ အသက်တစ်ရာနှစ်ဆယ်အထိ နေလိမ့်မယ်ထင်ပါရဲ့"

ကျွန်တော့်စကားကြောင့် ကိုစောရွှေအသံထွက်ပြီး ရယ်လေတော့သည်။

"အေးကွ ဘကြီးဟာ မှည့်ပျော်နေတဲ့ သစ်သီးတစ်လုံးဖြစ်ပေမယ့် တော်တော်နဲ့ကြွေမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဘကြီးအသက်ရှည်ဖို့ကို တို့လိုလားသင့်တယ်၊ ငါ့ညီရဲ့အခက်အခဲကို အစ်ကို





သိပါပြီ၊ နောက်ညမှာ ဒီအကြောင်းကို ဆက်ဆွေးနွေးကြမယ်၊ မင်းအတွက် ငါတစ်ခုခု လုပ်ပေးနိုင်ပါလိမ့်မယ်ကွာ"

အစ်ကိုစောရွှေ၏စကားကြောင့် ကျွန်တော်အားတက်မိသည်။ ထို့နောက် လူချင်းခွဲ၍အိပ်ရာဝင်ခဲ့ကြလေ၏။

နောက်တစ်နေ့သည် ကျွန်တော့်ခရီးစဉ်၏ နောက်ဆုံးနေ့ဖြစ်၏။ အိမ်ရှင်မဖြစ်သူ၏ အေးစက်တင်းမာသော ဆက်ဆံပုံကြောင့် ဤအိမ်တွင် ဆက်မနေချင်တော့ပါ။ ကိုစောရွှေထံမှ အကူအညီမရသေးသောကြောင့်သာ ဤမျှကြာအောင် နေခဲ့ခြင်းဖြစ်ပါ၏။ တင်တင်နီသည် ကိုစောရွှေအား ကြောက်ရသဖြင့် သူ့ရှေ့တွင် ဘာမှမပြောသော်လည်း ကိုစောရွှေကွယ်ရာတွင် ကျွန်တော့်အား မလိုလားသည့် အမူအရာအမြဲပြတတ်သည်။

ကိုစောရွှေသည် ထိုနေ့နံနက်စောစောကပင် ကျောက်ပန်းတောင်းမြို့သို့ ကိစ္စတစ်ခုဖြင့် ထွက်သွား၏။ ညနေစောင်းတွင်ပြန်ရောက်လာ၏။ ညစာစားပြီးနောက် အိမ်ပေါ်သို့တက်သွားပြန်၏။ ကျွန်တော်သည် ဧည့်ခန်းထဲတွင် စာဖတ်ရင်းသူ့ကိုစောင့်နေခဲ့၏။ ည(၁၀)နာရီကျော်မှ ဧည့်ခန်းထဲသို့သူဝင်လာလေသည်။ ဆက်တီစာပွဲတွင်သူဝင်ထိုင်ပြီးနောက်. . .

"ဒီညလေထန်တယ်၊ မုန်တိုင်းကျလိမ့်မယ်ထင်တယ်" ဟု မထင်မှတ်သောစကားဖြင့် စတင်ခဲ့၏။

သူပြောသည်မှာ မှန်၏။ အပြင်ဘက်တွင် လေပြင်းတိုက်နေ၏။ လေသံမှာ တဝေါဝေါမြည်နေသည်။

"ကဲ ညီလေး ဒီညအေးအေးဆေးဆေး စကားပြောကြမယ်၊

မင်းရဲ့အခက်အခဲတွေကို ပြောပြစမ်း၊ ငါအသေးစိပ်သိချင်တယ်၊ ပြီးတော့ ငါဘာလုပ်ပေးနိုင်မလဲဆိုတာကို စဉ်းစားမယ်ကွာ"

ကျွန်တော့်အိတ်ထဲမှ မှတ်စုစာအုပ်ကိုထုတ်၍ ပေးဆပ်ရမည့် ကြွေးစာရင်းနှင့် နောက်ထပ်လုပ်မည့်ငွေကြေးပမာဏကို ပြောပြလိုက်၏။ ရှေ့လုပ်ကိုင်မည့် လုပ်ငန်းအကြောင်းကိုလည်း ရှင်းလင်းပြောပြ၏။

ကိုစောရွှေသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း နားထောင်နေ၏။ သို့ရာတွင် သူ့မျက်လုံးများသည် တစ်နေရာသို့ငေး ကြည့်နေ၏။ မည်သည့်အရာကိုမှ ကြည့်ခြင်းမဟုတ်ပေ။ တစ်စုံတစ်ရာကို နက်နဲစွာတွေးနေခြင်းမျိုးသာဖြစ်သည်။ သူစိတ်ဝင်စားမှုမရှိကြောင်း သိရသဖြင့် ကျွန်တော်အလွန်စိတ်မာတ်ကျမိ၏။ တစ်ခါတစ်ရံသူက မေးခွန်းများ ဝင်မေး၏။ သူ့မေးခွန်းများသည် ကျွန်တော်ပြောပြနေသည့်အကြောင်းနှင့် ဆက်စပ်မှုမရှိဘဲ ဖြစ်နေ၏။ ကျွန်တော့်ပြဿနာကို သူအလေးအနက်မထားသည်မှာ သေချာလေသည်။ မကြာခဏ သူ့အဖြစ်ကိုသတိထားမိသဖြင့် စိတ်ပျက်ရပြန်၏။ ကျွန်တော်အားတက်သရော ပြန်ရှင်းပြနေချိန်မှာပင် သူစိတ်ဝင်စားမှုမရှိသည်ကို တွေ့ရသဖြင့် စိတ်ပျက်ရပြန်၏။ နောက်ဆုံးတွင် ကိုစောရွှေသည် ဆေးလိပ်ကိုပြာခွက်အတွင်း ထိုးချေပြီးထရပ်လေသည်။

"ဒီလိုလုပ်ကွာမျိုးဆွေ၊ မင်းပေးစရာရှိတဲ့အကြွေးတွေကို စာရွက်တစ်ရွက်နဲ့ရေးပေးပါ၊ စာရွက်ကိုဖတ်ပြီး ငါဘာလုပ်ရမယ်ဆိုတာကို စဉ်းစာမယ်၊ ငါဦးဏှောက်ဟာ ကိန်းဂဏန်းတွေကို မ





မှတ်မိဘူးကွ"

သူပြောသည့်အတိုင်း စာရွက်တစ်ရွက်ရှာ၍ ကျွန်တော်ရေးရပြန်၏။ ထိုအချိန်တွင် ကိုစောရွှေသည် ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေလေသည်။ ထိုအချိန်တွင် အပြင်ဘက်တွင်လေငြိမ်သွား၏။ နံရံပေါ်ရှိနာရီမှ ညတစ်နာရီထိုးသံ ပေါ်ထွက်လာသည်။

"လေငြိမ်သွားပြီ၊ ငါမအိပ်ခင် မိုးမျှောင်ကိုသွားကြည့်ဦးမယ် လေပြင်းတိုက်တာကြောင့် ဒီကောင်ကြီးကြောက်နေလိမ့်မယ်၊ မင်းလိုက်ဦးမလား"

"လိုက်မယ်လေ" ကျွန်တော်ပြန်ပြောလိုက်၏။

"ပြန်လာမှ မင်းစာရင်းကိုဆက်ရေးကွာ၊ ခဏသွားပြီး အခြေအနေကြည့်ရုံပါ၊ အသံမထွက်စေနဲ့ ဒီပြင်လူတွေအိပ်ပျော်နေကြပြီ"

ကျွန်တော်တို့သည် အိမ်ရှေ့တံခါးကို အသံမမြည်အောင်ဖွင့်၍ အပြင်သို့ထွက်ခဲ့ကြ၏။ ကိုစောရွှေ၏လက်ထဲတွင် ဖယောင်းတိုင်ထွန်းထားသော မီးအုပ်ဆောင်းတစ်ခုပါလာ၏။ မကြာခင် လှောင်အိမ်ရှိရာသို့ ရောက်လာကြ၏။

"အထဲကိုဝင်ကြည့်မယ်" ပြောပြောဆိုဆိုပင် ကိုစောရွှေသည် မလွယ်ပေါက်တံခါးကိုဖွင့်၍ ရှေ့မှဝင်သွားလေ၏။ ကျွန်တော်လည်းသူ့နောက်မှ လိုက်ဝင်ခဲ့၏။ လှုပ်ရှားနေသောမီးအိမ်အလင်းရောင်ဖြင့် သံလှောင်အိမ်ထဲတွင် လျှောက်သွားနေသော ကျားသစ်နက်ကြီးကို မြင်ရလေ၏။ ကျွန်တော်တို့ကိုမြင်သဖြင့် ကျားသစ်

နက်ကြီးက ကျယ်လောင်စွာဟိန်းလေသည်။

"မိုးမှောင်လန့်နေတယ်ကွ" ကိုစောရွှေက မီးအိမ်ကိုမြှောက်ကြည့်နေရာမှ ပြောသည်။ "သူစိတ်ပြေသွားအောင် အစာနည်းနည်းကျွေးရမယ်၊ ဒီမီးအိမ်ကို ခဏကိုင်ထားပါညီလေး"

ကျွန်တော်သည် မီးအိမ်ကိုယူထားလိုက်သည်။ ကိုစောရွှေသည် မလွယ်ပေါက်တံခါးဆီသို့ လျှောက်သွားနေ၏။ "အစာထားတဲ့တဲကအပြင်မှာ" ဟုပြောပြီး ငုံ့ထွက်လိုက်၏။ ထို့နောက်တံခါးကိုအပြင်မှပြန်ပိတ်လိုက်ပြီး သော့ခတ်လိုက်၏။

ကျွန်တော်သည် မီးအိမ်ကိုကိုင်ရင်း သူလုပ်ကိုင်နေပုံကို အံ့အားသင့်စွာ ရပ်ကြည့်နေမိ၏။ ထို့နောက်မှသတိဝင်လာပြီး မီးအိမ်ကိုကြမ်းပေါ်သို့ချ၍ တံခါးဆီသို့ပြေးလာခဲ့၏။ တံခါးကိုအတွင်းမှတွန်းဖွင့်ကြည့်သေယအခါ မရတော့ပေ၊ အပြင်မှသော့ခတ်ပိတ်ထားပြီး ဖြစ်၏။ ကိုစောရွှေသည် ကျွန်တော့်ကိုကျောခိုင်း၍ မှောင်ထဲသို့ တိုးဝင်သွား၏။

"အစ်ကိုစောရွှေ" ကျွန်တော်လှမ်းခေါ်လိုက်၏။ "ဘာဖြစ်လို့သော့ခတ်တာလဲ ကျွန်တော်ထွက်ပါရစေ"

ကိုစောရွှေသည် ကျွန်တော်ကိုဂရုမစိုက်ဘဲ အဆောက်အဦအနီးရှိ သစ်သားခုံတွင် တပ်ဆင်ထားသော သံဘီးလက်ကိုင်ကို စတင်လှည့်နေ၏။ သံနှင့်အင်္ဂတေကြမ်းခင်းပွတ်တိုက်သံ ထွက်ပေါ်လာပြီးနောက် သံတံခါးသံည် နံရံတစ်ဘက်သို့ တဖြည်းဖြည်းရွေ့လာနေသည်ကို တွေ့ရလေသည်။ ကျားသစ်နက်လှောင်အိမ်ကို ဖွင့်နေလေပြီ. . .





ဤတွင်မှ ကျွန်တော့်အလှည့်စားခံရပြီ ဖြစ်ကြောင်းသိလိုက်ရ၏။ တစ်ဆက်တည်းပင် အလွန်အမင်း ကြောက်နေမိ၏။ ကျွန်တော့်ရှေ့တွင်ရွေ့လျားနေသော သံတိုင်များကို တုန်လှုပ်ချောက်ချားစွာကြည့်နေမိ၏။ ထို့နောက် ကျွန်တော့်ခေါင်းထဲသို့ စိတ်ကူးတစ်ခုဝင်ရောက်လာလေ၏။ ထို့ကြောင့် တံခါးဆီသို့ပြေးသွားပြီး သံတံခါးကိုလက်ဖြင့် ဆွဲထားမိ၏။ ဒေါသနှင့်ကြောက်ရွံ့စိတ်ကြောင့် ကျွန်တော်သည် အရူးတစ်ယောက်ကဲ့သို့ ခွန်အားရှိနေ၏။ သံတံခါးသည် အတန်ကြာအောင် ရပ်တန့်နေ၏။ တစ်ချိန်လုံးပင် ကျွန်တော့်ကိုအပြင်ထွက်ခွင့်ပြုရန် ကိုစောရွှေကိုတောင်းပန်ပြောဆိုနေခဲ့၏။ သို့သော် ကျွန်တော်၏တောင်းပန်စကားများမှာ အရာမထင်ခဲ့ပေ၊ ကိုစောရွှေသည် လက်ကိုင်ဘီးကို အားစိုက်လှည့်နေ၏။ သံတံခါးသည် တဖြည်းဖြည်းရွေ့လျားနေ၏။ ကျွန်တော့်ခန္ဓာကိုယ်သည် သံတံခါးနှင့်အတူ ဒရွတ်တိုက်ပါသွားပြီး နောက်ဆုံးတံခါးပွင့်သွားတော့၏။ ကိုစောရွှေသည် ကျွန်တော့်ကိုလှည့်မကြည့်ဘဲ မှောင်ထဲသို့ဝင်သွားလေ၏။

ထိုအတောအတွင်း ကျားသစ်နက်သည် တုတ်တုတ်မှမလှုပ်ဘဲအခန်းထောင့်တွင် ဝပ်နေ၏။ သံတိုင်များဘေးသို့ကပ်သွားပြီး သူ့ရှေ့တွင် လူတစ်ယောက်ပေါ်လာသည်ကို ထူးဆန်းအံ့ဩနေဟန်တူ၏။ သူ၏ ပြူးကျယ်ဝိုင်းစက်သော အဝါရောင်မျက်လုံးကြီးများဖြင့် ကျွန်တော်ကို မမှိတ်မသုန်ကြည့်နေ၏။ ကျွန်တော်သည်ကြမ်းပြင်ပေါ်မှ မီးအိမ်ကိုကောက်ယူရန် ဟန်ပြင်လိုက်၏။ ကျွန်တော်လှုပ်ရှားသည်နှင့် ကျားသစ်နက်သည် ကျယ်လောင်စွာဟိန်းလေတော့၏။

ကျွန်တော့်မှာ လုံးဝမလှုပ်ရှားဝံ့တော့ဘဲ ငြိမ်သက်စွာရပ်နေရ၏။ ကျားသစ်နက်သည် ကျွန်တော်ရှေ့ ဆယ်ပေအကွာတွင် ဝပ်နေခြင်း ဖြစ်၏။ မျက်လုံးနှစ်လုံးသည် မှောင်ထဲတွင် ကားမီးလုံးများကဲ့သို့ ဝင်းဝင်းလက်နေ၏။ ထိုမျက်လုံးများသည် လင်းလိုက်မှိတ်လိုက်ဖြစ်နေ၏။ ကျွန်တော်သည် ကျားသစ်အား အလစ်မပေးဘဲ စိုက်ကြည့်နေခဲ့၏။ ကျွန်တော်၏မျက်လုံးများတွင် တန်ခိုးရှိလေသလား၊ ကျားသစ်နက်အိပ်ချင်လို့လားဆိုတာကို မသိပါ၊ ကျားသစ်သည် ရှေ့လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ပြီး အိပ်နေလေ၏။

ကျွန်တော်သည် ကျားသစ်အခြေအနေကို စောင့်ကြည့်နေမိ၏။ ထိုအခိုက်မှာပင် အဖြစ်မှန်ကိုစဉ်းစားမိလေသည်။ ယခုအခါ ကျွန်တော်သည် ကျားသစ်လှောင်အိမ်ထဲတွင် ပိတ်လှောင်ထားခြင်းခံရလေပြီ၊ ကျားသစ်နှင့်အတူ တစ်ညလုံးနေရပေတော့မည်၊ အကူအညီတောင်းဖို့လည်း မဖြစ်နိုင်ပေ၊ ဤနေရာသည် အိမ်နှင့်အလှမ်းဝေးသည့်အပြင် လေပြင်းတိုက်နေသဖြင့် ကျွန်တော်အော်၍လည်း မည်သူမှ ကြားမည်မဟုတ်ပေ၊ အန္တရာယ်မှလွတ်ြောက်ရန် ကျွန်တော်၏ပင်ကိုယ်အစွမ်းအစကိုသာ အားကိုးရပေတော့မည်။

ကျွန်တော်သည် ငြိမ်းလုနီးနေသော မီးအိမ်ကိုလှမ်းကြည့်မိ၏။ ဖယောင်းတိုင်သည် နောက်ဆယ်မိနစ်ခန့်သာ ခံပေလိမ့်မည်။ လွတ်မြောက်မှုအတွက် ကြံစည်ရန်အချိန်ဆယ်မိနစ်သာ ကျန်တော့သည်။ မှောင်ထဲတွင် ဘာမျှလုပ်နိုင်မည်မဟုတ်ပါ။

ကျွန်တော်သည်အခန်းကို လှည့်ပတ်ကြည့်ပြီး အကာအကွယ်ပြုနိုင်မည့်နေရာနှင့် အရာဝတ္ထုကိုရှာကြည့်မိ၏။ ကျွန်တော်အ





တွက်အန္တရာယ်မှ ယာယီလွတ်မြောက်နိုင်မည့် နေရာတစ်နေရာကို တွေ့ရ၏။

လှောင်အိမ်ရှေ့ပိုင်း ပွင့်သွားသဖြင့် မူလအမိုးနှင့် လှောင်အိမ်အမိုးလုပ်ထားသော သံဇကာများအကြားတွင် သုံးပေခန့်ကွာဟနေ၏။ လှောင်အိမ်အမိုးမှာ ယခင်ဖော်ပြခဲ့သည့်အတိုင်း သံပိုက်လုံးများပေါ်တွင် သံဇကာခင်းထားခြင်းဖြစ်သည်။ ထိုအမိုးပေါ်သို့ ရောက်အောင် သွားနိုင်လျှင် နောက်ဘက်နှင့် ဘေးနှစ်ဘက်မှ လုံခြုံမှုရသွားမည်ဖြစ်သည်။ ကျားသစ်နက်သည် ရှေ့မျက်နှာစာမှသာ တိုက်ခိုက်နိုင်ပေလိမ့်မည်။ အမိုးနှင့် မျက်နှာကျက်ကွာဟနေသည်မှာ သုံးပေခန့်သာကျယ်သဖြင့် ကျားသစ်၏ကြီးမားသော ကိုယ်လုံးဖြင့် အလွယ်တကူခုန်ဝင်ရန် မဖြစ်နိုင်ပေ။

ကျွန်တော်သည် ငြိမ်နေသောကျားသစ်ဆီသို့ တစ်ချက်လှမ်းကြည့်ပြီး တံတွေးမြိုချလိုက်၏။ ထို့နောက် အမိုးစွန်းအောက်သို့ ခြေဖော့လျှောက်သွား၍ အမိုးစွန်းကို ခုန်ဆွဲကာအပေါ်သို့တက်လိုက်၏။ ကျွန်တော်သည် ဤအလုပ်ကို တစ်မိနစ်အတွင်းပြုလုပ်ခဲ့ခြင်းဖြစ်ပါ၏။ ကျွန်တော် အထက်တန်းကျောင်းသားဘဝက ရိန်းဘားကစားခဲ့သည့်အပြင် တက္ကသိုလ်ကျောင်းသားဘဝက စပရိန်ဆွဲသော အလေ့အကျင့်ကြောင့် ဤကဲ့သို့လုပ်နိုင်ခြင်း ဖြစ်ပေ၏။

ကျွန်တော်သည် သံဇကာပေါ်တွင် ပက်လက်လှန်၍အမောဖြေနေမိ၏။ ကိုယ်ခန္ဓာအားဖြင့် မပင်ပန်းသော်လည်း ကြောက်လန့်မှုကြောင့် စိတ်ပင်ပန်းလှပါသည်။ ထို့နောက် ဝမ်းလျားမှောက်၍ သံဇကာအပေါက်များအကြားမှ အောက်သို့ကြည့်သောအခါ

သမ်းဝေနေသောကျားသစ်ကြီးကို မြင်ရလေသည်။ ကျားသစ်နက် ပါးစပ်မှထွက်လာသော အပုတ်နံ့များပင် ကျွန်တော့်မျက်နှာဆီသို့ လွင့်တက်လာလေသည်။

ကျားသစ်နက်သည် ကျွန်တော့်လှုပ်ရှားသံကြောင့် အိပ်ပျော်နေရာမှ နိုးလာဟန်ရှိ၏။ အပေါ်ကိုမော့ကြည့်နေပြန်၏။ ထို့နောက် နောက်ခြေထောက်များပေါ်တွင် အားပြုရပ်လျက် ရှေ့လက်တစ်ဖက်ကို နံရံတွင်ထောက်ကာ ကျန်လက်တစ်ဖက်ဖြင့် သံဇကာကို မမှီမကမ်းလှမ်းဆွဲလေ၏။ တစ်ခါတွင် ချွန်ထက်သောလက်သည်းများသည် သံဇကာအပေါက်ကြားမှ တိုးဝင်လာပြီး ကျွန်တော့်ဒူးခေါင်းကို ကုတ်မိသွားလေသည်။ ကျားသစ်နက်သည် ကျွန်တော့်အားတရားဝင်မတိုက်ခိုက်သေးဘဲ လက်ဇော့သမားများ လက်ရည်စမ်းသလို စမ်းသပ်နေခြင်း ဖြစ်တော့၏။ သို့ရာတွင် လက်သည်းခြစ်မိသော ဒဏ်ရာကြောင့် ကျွန်တော့်မှာ အသည်းခိုက်အောင်နာကျင်သဖြင့် 'အား'ဟု အသံထွက်အော်ဟစ်မိလေသည်။

ထိုအခါ ကျားသစ်နက်သည် ကျေနပ်သွားဟန်ဖြင့် အောက်သို့ပြန်ဆင်းပြီး အခန်းကိုလှည့်ပတ်နေလေ၏။ မကြာခဏပင် ကျွန်တော့်ကိုမော့ကြည့်၏။ ကျွန်တော်သည်နံရံကို ကျောဖြင့်ကပ်မိသည်အထိ နောက်သို့တရွေ့ရွေ့ဆုတ်လာခဲ့၏။

ကျားသစ်နက်သည်စိတ်တိုလာဟန်ဖြင့် အခန်းကိုပတ်၍ လျင်မြန်စွာ ပြေးနေပြန်၏။ အံ့ဩစရာကောင်းသည်မှာ မည်သည့်အသံမှ ထွက်မလာခြင်းဖြစ်သည်။ ကြည့်ရသည်မှာ မည်းနက်သောအရိပ်မည်းမည်းကြီးတစ်ခု လျင်မြန်စွာရွေ့လျားသည်နှင့် တူနေ၏။





ဖယောင်းတိုင်သည် ဟုန်းကနဲထတောက်ပြီးနောက် ငြိမ်းသွားတော့၏။ မှောင်ထဲတွင် ကျွန်တော်နှင့်ကျားသစ်နက်သာ ကျန်ခဲ့တော့၏။

ယခုကျွန်တော်ရောက်နေသောနေရာသည် အလုံခြုံဆုံးနေရာဖြစ်တော့၏။ ကျွန်တော်သည် သံဇကာပေါ်တွင် ငြိမ်သက်စွာလှဲနေမိသည်။ ကျွန်တော်သာ လှုပ်လှုပ်ရှားရှားမလုပ်ပါက ကျားသစ်နက်သည် ကျွန်တော်ရှိသောအဖြစ်ကို မေ့သွားလိမ့်မည်ဟု မျှော်လင့်သောကြောင့်ဖြစ်၏။ အသက်ကိုပင် ဖြည်းညင်းစွာရှူနေမိသည်။ လက်မှနာရီကို ကြည့်သောအခါ ည(၂)နာရီရှိသည်ကို တွေ့ရ၏။ နောက်နှစ်နာရီကျော်လျှင် အရုဏ်ချိန်ရောက်ပေတော့မည်။

အပြင်ဘက်တွင် လေပြင်းထန်စွာ တိုက်နေသလို အခန်းထဲတွင်လည်း ပုတ်စော်နံ့များလှိုင်နေ၏။ ကျားသစ်နက်၏လှုပ်ရှားသံကိုမကြားရတော့၊ သံဇကာပေါ်တွင်လှဲရင်း ကိုစောရွှေ၏ဟန်ဆောင်ကောင်းပုံ၊ ကျွန်တော်အား ရက်စက်ပုံကို စဉ်းစားနေမိသည်။ သူ၏ခင်မင်ဖော်ရွေသောဟန်ဆောင်မှု နောက်ကွယ်တွင် ကောက်ကျစ်စဉ်းလဲမှု၊ ရက်စက်မှုများရှိနေသည်ကို ကျွန်တော်မသိခဲ့ပါ။ သူသည် စနစ်တကျအစီအစဉ်ချ၍ ကျွန်တော်အား သေကြောင်းကြံစည်ခဲ့၏။ သူသည် အခြားအိမ်သားများအားလုံး အိပ်ရာဝင်ချိန်အထိ သူအိပ်ခန်းထဲတွင် အိပ်နေဟန်ဆောင်ခဲ့၏။ သူအိပ်နေကြောင်းသက်သေပြခြင်းဖြစ်၏။ ထို့နောက် အောက်ထပ်သို့ တိတ်တဆိတ်ဆင်းလာပြီး ကျွန်တော်အား ဤနေရာသို့သွေးဆောင်ခေါ်ယူခဲ့၏။ ထို့နောက် ကျားသစ်လှောင်အိမ်ထဲတွင် စွန့်ပစ်ထားခဲ့၏။ သက်ဆိုင်ရာမှလာစစ်ဆေးလျှင် ထိုညကကျွန်တော်နှင့်မတွေ့ကြောင်း၊ ခရီးပန်းလာသ

ဖြင့် စောစောအိပ်ရာဝင်ကြောင်း၊ ကျွန်တော်သည် ကျားသစ်လှောင်သို့ မိမိသဘောဖြင့် လာကြောင်း၊ လှောင်အိမ်ပွင့်နေသည်ကို သတိမထားဘဲ ဝင်သွားသဖြင့် ယခုကဲ့သို့ဖြစ်ရကြောင်း ပြောပြပေလိမ့်မည်။ သူ့အား သံသယရှိကောင်း ရှိမည်ဖြစ်သော်လည်း ခိုင်လုံသောသက်သေအထောက်မရှိပေ။

ကျွန်တော်အတွက် အချိန်ကုန်ခဲလွန်းသည်ဟု ထင်မိသည်။ ထိုအခိုက် သံဇကာအောက်မှ အသံကြားရပြန်၏။ ကျားသစ်နက်၏သွေးအမွေးများကို လျှာဖြင့်လျက်သံဖြစ်သည်။ မှောင်ထဲတွင် မျက်လုံးဝင်းဝင်းများပေါ်လာပြန်၏။ တစ်ခဏကြာလျှင် ပျောက်သွားပြန်၏။ ကျားသစ်သည် ကျွန်တော့်ကိုမေ့သွားပြီဟုယူဆကာ အားတက်မိ၏။ သို့ရာတွင် ရောင်နီသန်းလာချိန်တွင် ကျားသစ်နက်သည် ကျွန်တော့်ကိုမြင်သွားပြီး ရန်လိုသောအကြည့်ဖြင့် ကြည့်နေလေတော့သည်။ ဆာလောင်နေပုံလည်း ရ၏။ ဟိန်းသံပေးရင်း လှောင်အိမ်ထဲတွင် တရစပ်လှည့်ပတ်ပြေးနေ၏။ ကျားသစ်နက်၏နှုတ်ခမ်းမွေးများ ထောင်နေပြီး အမြီးကိုမရပ်မနား လှုပ်ရမ်းနေ၏။ အခန်းထောင့်ရောက်၍ ပြန်ကွေ့တိုင်း ကျွန်တော်ရှိသော မျက်နှာကျက်ပေါ်သို့ ရန်လိုသောမျက်လုံးများဖြင့် မော့ကြည့်တတ်လေသည်။ ကျားသစ်နက်သည် ကျွန်တော်အားရန်မူရန် ကြံရွယ်နေကြောင်း သိသာလှ၏။ ကျားသစ်၏မာန်ဖီသံသည် ပိုကျယ်လာ၏။ မကြာခင်ကျွန်တော်ကို ရန်မူတော့မည့်ဟန်ရှိ၏။

ကျွန်တော်တစ်ကိုယ်လုံးမှာ ကြောက်စိတ်များဖုံးလွှမ်းကာ တဆတ်ဆတ်တုန်နေ၏။ ကြောက်လန့်နေသည့်အကြားမှ လွတ်





မြောက်နိုင်မည့်နည်းလမ်းတစ်ခုကို စဉ်းစားမိလေသည်။ လှောင်အိမ်နောက်ပိုင်းသို့ ကျားသစ်နက်ရောက်နေခိုက်၊ လှောင်အိမ်တံခါးကို ဆွဲပိတ်ရန်ဖြစ်သည်။ မျက်နှာကျက်အစွန်းကိုသွား၍ လှောင်အိမ်တံခါးကိုဆွဲနေခိုက် ကျားသစ်နက်ခုန်ဆွဲမည်ကိုလည်း စိုးရိမ်ရသည်။ မည်သို့ဖြစ်စေ၊ ကျွန်တော်စွန့်စားရပေတော့မည်။ ကျွန်တော်သည် သံဇကာပေါ်တွင် ဝမ်းလျားမှောက်၍ ရှေ့သို့တဖြည်းဖြည်းလာခဲ့၏။ မျက်နှာကျက်အစွန်းသို့ ရောက်အောင်မသွားဘဲ လက်ကိုဆန့်ထုတ်၍ နံရံတွင်ကပ်နေသော သံတံခါးကိုလှမ်းဆွဲလိုက်၏။ သံတိုင်များအလွယ်တကူပါလာသည်ကို အံ့ဩစရာတွေ့ရလေ၏။ ပထမအကြိမ်ဆွဲသောအခါတွင် သုံးလက်မခန့်ပါလာ၏။ သံတိုင်များအောက်ခြေတွင် ဘီးများတပ်ဆင်ထားဟန်တူ၏။ နောက်တစ်ကြိမ်ထပ်ဆွဲရန် ဟန်ပြင်နေစဉ်အတွင်း ကျားသစ်နက်သည် အောက်မှခုန်ဆွဲလေသည်။

ကျားသစ်နက်သည် မျက်နှာကျက်အစွန်းကို ရှေ့လက်နှစ်ဘက်ဖြင့် ဆွဲကုပ်ထား၏။ မည်းနက်ပုတိုသောခေါင်းကြီးနှင့် တောက်ပသောမျက်လုံးများသည် ကျွန်တော်နှင့်အလွန်နီးကပ်နေ၏။ ပါးစပ်ကြီးဖြဲထားသဖြင့် ချွန်ထက် သာသွားများနှင့် နီရဲသောလျှာကြီးကို မြင်ရသည်မှာ အသည်းတုန်၊ အူတုန်စရာကောင်းလှပေ၏။ ကျားသစ်၏အလေးချိန်ကြောင့် တန်းထားသောသံပိုက်လုံးများ နိမ့်ဆင်းသည်ဟု ထင်ရ၏။ သို့သော် အောက်ခြေထောက်နှစ်ချောင်းမှာ ကြမ်းပြင်မှလွတ်နေသောကြောင့် ကျားသစ်နက်သည် ထိုအနေအထားဖြင့် ကြာကြာမနေနိုင်ပါ။ တစ်ခဏအကြာတွင် အောက်သို့ပြုတ်ကျသွား

တော့၏။ ကျားသစ်နက်သည် ချက်ချင်းပြန်ထပြီး နောက်တစ်ကြိမ် တိုက်ခိုက်ရန် အားယူနေပြန်၏။

နောက်တစ်ခဏမှာ ကျွန်တော်၏အသက်ရှင်ရေးနှင့်သေရေးကို ဆုံးဖြတ်သည့်အချိန်ပိုင်းဖြစ်လေပြီ၊ ထို့နောက်ကျွန်တော်သည် စွန့်စားမှုတစ်ခုကို ပြုလုပ်လိုက်သည်။ ကျွန်တော်ဝတ်ထားသော ကုတ်အင်္ကျီကို လျင်မြန်စွာချွတ်၍ မော့ကြည့်နေသော ကျား၏ မျက်နှာပေါ်သို့ လွှတ်ချလိုက်၏။ တစ်ဆက်တည်းပင် မျက်နှာကျက်ပေါ်မှခုန်ချ၍ သံတံခါးကို ဆွဲထုတ်ဖို့ ကြိုးစားခဲ့၏။

သံတံခါးသည် ကျွန်တော်ဆွဲရာသို့ လွယ်ကူစွာပါလာလေ၏။ လှောင်အိမ်ပိတ်မိရန် တစ်ပေခန့်အလိုတွင် အပြင်သို့ပြေးထွက်ခဲ့၏။ ထိုအချိန်မှာပင် ကျားသစ်နက်သည် ကုတ်အင်္ကျီဖြင့်လုံးထွေးနေရာမှလွတ်မြောက်လာပြီး ကျွန်တော့်နောက်ဘက်မှ ခုန်အုပ်လေသည်။ ကျွန်တော်ခန္ဓာကိုယ်မှာ ရှေ့ဘက်သို့ဟပ်ထိုးကျသွားပြီး လှောင်အိမ်အပြင်သို့ ကျသွား၏။ ကျားသစ်နက်မှာ လှောင်အိမ်အတွင်းမှာပင် ကျန်ရစ်ခဲ့၏။ သို့သော် ကျွန်တော့်ခြေသလုံးမှအသားများသည် ကျားသစ်၏လက်သည်းများအကြားတွင် အလွှာလိုက်ကျန်ရစ်ခဲ့၏။ ကျွန်တော်သည် လှောင်အိမ်နှင့်ဝေးရာသို့ ဝမ်းလျားမှောက်လျက် တရွေ့ရွေ့လာခဲ့၏။ နောက်ဆုံးတွင် ခြေသလုံးဒဏ်ရာမှသွေးများ အလွန်ထွက်သဖြင့် အားနည်းလာပြီး မေ့မျောလုမတတ်ဖြစ်သွားလေ၏။ ကျားသစ်နက်သည် သံတိုင်များအကြားမှ ရှေ့လက်နှစ်ဘက်ထုတ်၍ ကျွန်တော့်ကိုယ်ကို လှမ်းဆွဲဖို့ကြိုးစားနေ၏။ သို့ရာတွင် ကျွန်တော်သည် သူလှမ်းဆွဲ၍မမီနိုင်သော နေရာသို့ ရောက်နေလေပြီ။





ဒဏ်ရာမှာအလွန်နာကျင်လှသဖြင့် ကျွန်တော်သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေ၏။ အပြင်မှ တံခါးဖွင့်သံကြားရသဖြင့် ကျွန်တော်သတိရလာ၏။ မျက်စိဖွင့်ကြည့်လိုက်သောအခါ အခန်းတွင်းသို့ ဝင်လာသောကိုစောရွှေကို တွေ့လိုက်ရ၏။ ကျွန်တော်သည်မျက်စိမှေး၍ သူ့ကိုစောင့်ကြည့်နေခဲ့၏။ ကိုစောရွှေသည်တွေ့ရသောမြင်ကွင်းကြောင့် အံ့ဩသွားပုံရ၏။ လှောင်အိမ်တံခါးပိတ်နေပြီး ကျားသစ်နက်သည် လှောင်အိမ်အတွင်း မာန်ဖီဟိန်းဟောက်နေ၏။ ကျွန်တော်သည် လှောင်အိမ်အပြင်သို့ ရောက်နေပြီးသွေးအိုင်ထဲ၌ လဲနေ၏။ ကိုစောရွှေသည် အတန်ကြာအောင်ရပ်ပြီး ကျွန်တော်သေမသေကို သေချာစွာကြည့်နေ၏။ ထို့နောက် ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်ပြီး လှောင်အိမ်တံခါးကို တွန်းဖွင့်ဝင်သွားလေတော့သည်။

"မင်းတော်တယ်မိုးမှောင်. . " ကိုစောရွှေ၏အသံကို ကြားနေရ၏။ "မင်းလုပ်တာ သပ်ရပ်တယ်၊ သူသွေးလွန်လို့ သေပြီကွ"

ထို့နောက် ကျားသစ်နက်ဟိန်းသံထွက်ပေါ်လာ၏။ တစ်ဆက်တည်း ကိုစောရွှေ၏အသံကိုလည်း ကြားရ၏။ "ဟဲ့ကောင်မိုးမှောင် နင်ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကိုမာန်ဖီရသလား၊ ဘာလဲ နင်ငါ့ကို အာခံတာလား"

ထိုအသံများကို နားထောင်ရင်းကိုစောရွှေပြောခဲ့သော စကားကို ကျွန်တော်ပြန်သတိရလာ၏။ ကျားသစ်နက်သည် လူသားစားဖူးသေးကြောင်း၊ လူသွေးကို မြည်းစမ်းရပါက အရိုင်းစိတ်

ဝင်လာတတ်ကြောင်း သူပြောခဲ့ဖူးသည်။

ကိုစောရွှေသည် ကျွန်တော်အား ကျားသစ်လှောင်ခန်းထဲတွင် ပိတ်၍ လူသေွးကို မြည်းစမ်းစေခဲ့၏။ ဤလုပ်ရပ်အတွက်တန်ဖိုးကို သူပြန်ပေးရပေတော့မည်။

“ဟဲ့. . တိရစ္ဆာန်သွားစမ်း၊ ငါပြောနေတယ်၊ အခုဝပ်စမ်း” ကိုစောရွှေသည် ကျားသစ်နက်ကို ကြိမ်းမောင်းနေ၏။ တစ်ဆက်တည်း “မောင်ပေါရေ. . မြန်မြန်လာစမ်း၊ ကယ်ပါဦးဗျို့. . အမလေး အား. . အား. . ”

ကျားသစ်နက်၏ မာန်ဖီသံများအောက်တွင် သူ့အသံပျောက်သွား၏။ ထို့နောက် လှောင်အိမ်အတွင်း ကြောက်လန့်တကြားပြေးနေသော လူတစ်ယောက်၏သဏ္ဌာန်ကို ဝိုးတဝါးမြင်ရပြီး ကျွန်တော်သတိလစ်သွားတော့၏။

ကျွန်တော်၏ခြေထောက်ဒဏ်ရာ ပျောက်ကင်းအောင် လပေါင်းများစွာ ဆေးကုသခဲ့ရ၏။ သို့ရာတွင် ခြေထောက်မှာမသန်တော့ပါ။ လမ်းလျှောက်ရာတွင် တောင်ဝှေးတစ်ချောင်း အမြဲဆောင်ထားရ၏။ မိုးမှောင်ဆိုသောကျားသစ်နက်နှင့် တစ်ညတာအတူနေခဲ့ရသော အထိမ်းအမှတ်ဖြစ်တော့၏။

နောက်ပိုင်းတွင် ကျွန်တော်သိရသည်မှာ ကိုစောရွှေ၏ကြောက်လန့်တကြားအော်ကြားသဖြင့် မောင်ပေါနှင့် အခြားအိမ်သားများသည် လှောင်အိမ်ရှိရာသို့ ရောက်လာကြ၏။ သွေးအိုင်ထဲတွင် သတိမေ့ပြီးလဲနေသော ကျွန်တော့်ကို အရင်မြင်ကြ၏။ ထို့နောက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကိုစောရွှေ၏အလောင်း





ကို တွေ့ကြ၏။ မာန်ဖီနေသောကျားသစ်နက်အား တာဝန်ရှိသူများက သေနတ်နှင့်ပစ်သတ်ပြီးမှ အခန်းတွင်းသို့ဝင်၍ သတိမေ့နေသောကျွန်တော့်ကို အိမ်သို့သယ်ယူလာကြ၏။ ကျွန်တော်သည် ကိုစောရွှေ၏အိမ်မှာပင် ရက်ပေါင်းများစွာနေထိုင်၍ ဆေးကုသခဲ့ရ၏။ နှစ်လခန့်အကြာတွင် ကားစီးနိုင်သောအခြေအနေရောက်လာ၏။ ထို့နောက်မီးရထားဖြင့် ရန်ကုန်မြို့သို့လာ၍ အရိုးကုဆေးရုံတွင် တက်ရောက်ကုသခဲ့၏။

ပုပ္ပါးတွင်ရှိနေခိုက် မမေ့နိုင်သောအဖြစ်အပျက်တစ်ခုကို ကြုံတွေ့ရ၏။ သူနာပြုဆရာမ မလာသောညတစ်ညတွင် ကိုစောရွှေ၏ဇနီးသည် ကျွန်တော့အခန်းအတွင်းသို့ ဝင်လာ၏။ သူမသည် ခုတင်အနီးသို့ ချည်းကပ်လာပြီး ကျွန်တော့်ကို ကြင်နာစွာ စိုက်ကြည့်နေ၏။

“ရှင်သက်သာရဲ့လား. . ” သူမက တိုးတိုးမေးလေသည်။

ကျွန်တော်ခေါင်းကို အသာအယာညိတ်ပြလိုက်ရ၏။ ယခုတိုင်အားနည်းနေဆဲဖြစ်သည်။

“အခုလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ အတတ်နိုင်ဆုံးရှင်ဒီအိမ်မှာ မနေဖြစ်အောင် ကြိုးစားခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်မရဲ့အပြုအမူဟာ အလွန်ရိုင်းပြခဲ့ပါတယ်၊ ဒီအတွက် ခွင့်လွှတ်ပါလို့ ကျွန်မလာတောင်းပန်တာပါ။ သူမှာ ရည်ရွယ်ချက်ရှိလို့ ရှင့်ကိုဒီလာဖို့ခေါ်တာကို ကျွန်မရိပ်မိပါတယ်၊ ရှင့်ကို တစ်နည်းနည်းနဲ့ အန္တရာယ်ပေးမယ်ဆိုတာကို သိနေခဲ့တယ်၊ သူ့အကြောင်းကို ဘယ်သူမှ ကျွန်မလောက်မသိပါဘူး၊ သူဟာ အင်မတန်သောဘကြီး

တယ်၊ ရက်စက်တယ်၊ ကျွန်မကိုလည်း အမြဲနှိပ်စက်ကယ်၊ ကျွန်မရှင့်ကို အကုန်လုံးဖွင့်မပြောခဲ့တာဟာ သူ့ကို ကြောက်လို့ပါ။ အခုတော့ ကျွန်မဝင့်ကျွတ်ပါပြီ၊ သူသေရတာဟာ သူလုပ်တဲ့မကောင်းမှုဒဏ်ကို ခံရတာပါ၊ လင်သားဖြစ်တဲ့အတွက် သူသေသွားတာကို စိတ်မကောင်းပါဘူး၊ ရှင်ဒဏ်ရာမြန်မြန်ပျောက်ပါစေလို့ ကျွန်မဆုတောင်းပါတယ်" ထို့နောက် တင်တင်နီပြန်သွားလေ၏။ ထိုနောက်ပိုင်းတွင် သူမနှင့်ထပ်မတွေ့တော့ပါ။ သူမယောကျ်ားထားရစ်ခဲ့သော ပစ္စည်းများကို ရောင်းချပြီး စစ်ကိုင်းချောင်သို့ သီလရှင်ဝတ်ရန် ထွက်သွားကြောင်းလောက်သာ သိရပါသည်။

တစ်နေ့တွင် ကျွန်တော်ဆေးကုနေသော အရိုးကုဆေးရုံသို့ မန္တလေးမြို့မှ ဦးကျော်မြင့်ဆိုသူ ရောက်လာ၏။ ဦးကျော်မြင့်မှာ ဘကြီးဦးထွန်းပေါ်၏ လက်စွဲရှေ့နေကြီးလည်းဖြစ်သည်။

"ခင်ဗျားကျန်းမာရေးကောင်းလာတာကို မြင်ရတဲ့အတွက် ဝမ်းသာပါတယ် ကိုမျိုးဆွေ၊ ကျွန်တော်ခင်ဗျားအတွက် သတင်းကောင်းယူလာတာပါ" ရှေ့နေကနှုတ်ဆက်စကားပြောသည်။ သို့ရာတွင်သူ့နောက်ဆက်တွဲစကားကို ကျွန်တော်နားမလည်ခဲ့ပါ။

"ကျွန်တော်ဟာ ကံကောင်းလို့မသေခဲ့ပေမယ့် ငယ်ငယ်ရွယ်ရွယ်နဲ့ဒုက္ခိတဘဝ ရောက်နေရသူပါခင်ဗျား၊ ကျွန်တော့်အတွက် ဘာမှမျှော်လင့်စရာမရှိပါဘူး"

ဒီလောက်လည်းအားမငယ်ပါနဲ့ ကိုမျိုးဆွေ၊ ခင်ဗျားရဲ့ ကံဆိုးမိုးမှောင်ကျတဲ့ ကာလဟာ ပြီးဆုံးသွားပါပြီ၊ ခင်ဗျားရဲ့ဘကြီး ဦးထွန်းပေါ်ဟာ လွန်ခဲ့တဲ့ခြောက်လကပဲ လူကြီး◌ေ◌ါ◌ဂါနဲ့ကွယ်လွန်





သွားတယ်၊ သူကွယ်လွန်တဲ့အချိန်မှာ မန္တလေးမှာသူနေတဲ့တိုက်အပြင် ဘဏ်မှာအပ်ငွေ (၃၅)သိန်း ကျန်ရစ်ခဲ့ပါတယ်၊ တိုက်နဲ့ဘဏ်မှာရှိတဲ့ငွေအားလုံးကို သူ့တူအရင်းနှစ်ယောက်ဖြစ်တဲ့ ကိုစောရွှေနဲ့ ခင်ဗျားကိုခွဲပေးဖို့ ကျွန်တော်ဆီမှာ စာချုပ်စာတမ်းလုပ်ထားခဲ့တယ်၊ ဦးထွန်းပေါ်ကွယ်လွန်ပြီးတဲ့နောက် အမွေကို လွှဲပြောင်းပေးဖို့ ခင်ဗျားတို့အကြောင်းကို စုံစမ်းတဲ့အခါမှာ အကြောင်းစုံသိခဲ့ရတယ်၊ ကိုစောရွှေမရှိတဲ့အတွက် ဦးထွန်းပေါ်ထားရစ်ခဲ့တဲ့ အမွေအားလုံးကို ခင်ဗျားပဲရတော့မယ်"

ကျွန်တော်၏နားများကို မယုံကြည်နိုင် ဖြစ်သွားရ၏။ ဦးကျော်မြင့်က စာချုပ်ထုတ်ပြသောအခါမှသာ သူအမှန်ပြောကြောင်းသိရ၏။ ဦးကျော်မြင့်က ဘကြီး ဦးထွန်းပေါ်ကွယ်လွန်သည့်ရက်ကို ပြောပြ၏။

"ဒါဆိုရင် ဘကြီးဦးထွန်းပေါ်က မနက်ပိုင်းမှာကွယ်လွန်ပြီး ညပိုင်းမှာ ကျွန်တော်ဒဏ်ရာရတာဘဲဗျာ"

"ဒါဟာ ထူးဆန်းတဲ့တိုက်ဆိုင်မှုဘဲ" ရှေ့နေကပြော၏။ ထို့နောက် ကျွန်တော့်မျက်နှာကို တည်ကြည်လေးနက်စွာ ကြည့်နေ၏။ ရှေ့နေသည် အဖြစ်အပျက်ကို ဆက်စပ်တွေးနေဟန်ရှိ၏။

"စာချုပ်အရဆိုရင် ခင်ဗျားမရှိရင် ကိုစောရွှေတစ်ယောက်ထဲ ဒီအမွေကို ရလိမ့်မယ်၊ ကျွန်တော်ပြောတာ ဟုတ်ရဲ့လား"

တိတိကျကျကိုမှန်ကန်ပါတယ်ဗျာ"

"ခင်ဗျားဟာ ဦးထွန်းပေါ်နဲ့အဆက်ပြတ်နေခဲ့တယ် ကိုမျိုးဆွေ၊ ကိုစောရွှေက အဆက်မပြတ်ဘူး၊ ဦးထွန်းပေါ်ရဲ့ကျန်းမာရေး

အခြေအနေကို စိတ်ဝင်စားတယ်၊ ဦးထွန်းပေါ်ရဲ့အိမ်ဖော်တစ်ယောက်ကို ငွေပေးထားခဲ့တယ်၊ အဲဒီအိမ်ဖော်ဟာ ဦးထွန်းပေါ်ရဲ့ ကျန်းမာရေးအခြေအနေကို ကြေးနန်းရိုက်ပြီး သူ့ဆီအမြဲပို့တယ်၊ အဲဒီနောက်ပိုင်း ခင်ဗျားကို သူ့ဆီအလယ်လာဖို့ခေါ်တယ်၊ ဦးထွန်းပေါ်သေဆုံးတဲ့ညမှာ ခင်ဗျားတို့နှစ်ယောက်ဟာ ကျားသစ်နက်လှောင်အိမ်ထဲကို ရောက်နေကြတယ်၊ အဲဒီအချက်တွေကကော မထူးဆန်းဘူးလား”

ရှေ့နေက စကားရပ်ပြီး ကျွန်တော့်ဆီမှထွက်လာမည့်စကားကို ငံ့လင့်နေ၏။

“ဟုတ်ပါတယ်၊ အင်မတန်ဖြစ်တောင့်ဖြစ်ခဲတဲ့ တိုက်ဆိုင်မှုပါပဲဗျာ”

ကျွန်တော့်စကားကြောင့် ရှေ့နေသည် အတော်စိတ်ပျက်သွားဟန်ရှိ၏။ ကွယ်လွန်သွားပြီဖြစ်သောကျွန်တော့်ဆွေမျိုးတစ်ယောက်၏ ဂုဏ်သိက္ခာကို ကျွန်တော်ထိန်းရမည်ဖြစ်ပါသည်။

“ခင်ဗျားတို့အဖြစ်ပျက်ကို သေသေချာချာလေ့လာရင် ထူးဆန်းတဲ့တိုက်ဆိုင်မှုတွေ အများကြီးတွေ့ရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ခင်ဗျားဟာ ဦးထွန်းပေါ်ရဲ့ တစ်ဦးတည်းသော အမွေဆက်ခံသူဖြစ်သွားပါပြီ၊ ကဲ. . ဒီစာချုပ်မှာ လက်မှတ်ထိုးပေးပါ”

“ဟုတ်ကဲ့. . အဲဒါကောင်းပါတယ်၊ ကောင်းလွန်းအားကြီးလို့ ကျွန်တော်ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ”

ကျွန်တော်ပြောနိုင်သည်မှာ ဤမျှသာဖြစ်သည်။





# သောကကမ္ဘာမြိုင်စံအိမ်ကြီး၏ လျှို့ဝှက်ချက်

"မစိုးရိမ်ပါနဲ့ ကိုမြင့်မောင်" ကျွန်တော့် မိတ်ဆွေကြီး စုံထောက်ကိုကျော်စွာက ရုတ်တရက် ပြောလာသည်။ 'ပုရွက်ဆိတ်တွေဟာ သူတို့ဘာသာသူတို့စည်းစည်းလုံးလုံးနေကြတာပါ။ ကျွန်တော်တို့ ကမ္ဘာကြီးကို မဖျက်ဆီးပါဘူးဗျာ"

"ခင်ဗျားရဲ့တွေးလုံးဟာ ကြောက်စရာကောင်းအောင် မှန်ပါပေတယ်" ကျွန်တော် အံ့သြစွာ ပြန်ပြောမိသည်။ ထို့နောက် သူ့ကို မေးလိုက်ပါသည်။

"နေပါဦး ကျွန်တော့်စိတ်ထဲက အတွေးကို ခင်ဗျားက ဘယ်လို သိသလဲ ကိုကျော်စွာ၊ ခင်ဗျား အကြားအမြင်ရနေ[illegible] ထင်တယ်"





"ဟား. . ဟား ခင်ဗျားအဖို့တော့ တကယ်ကို အံ့သြစရာဖြစ်နေမှာပဲ ကိုမြင့်မောင်၊ ဒါဟာ ရိုးရိုးကလေး တွေးလို့ရပါတယ်ဗျ။ ခင်ဗျားဟာ စောစောက အိတ်ဂျီဝဲ(လ်)ရဲ့ စာအုပ်ကို ဖတ်နေတယ်။ ကျွန်တော် ခင်ဗျားကို လှမ်းကြည့်လိုက်တဲ့အခါ ပြတင်းပေါက်မှန်ပေါ်မှာ သွားနေတဲ့ ပုရွက်ဆိတ်တစ်ကောင်ကို ကြောက်စရာသတ္တဝါလို့ စူးစူးဝါးဝါးကြည့်နေတာကိုလဲ တွေ့ရတယ်။ ဒါကို ကြည့်ရုံနဲ့ ခင်ဗျားဟာ Empire of Ants ဆိုတဲ့ ဝတ္ထုကို ဖတ်ထားပြီးကြောင်းတွေးလို့ ရပါတယ်ဗျာ"

"ဒီလိုဆိုတော့လဲ လွယ်လွယ်ကလေးပါလား ကိုကျော်စွာ"

"အရှုပ်ထွေးဆုံးအရာဟာ အလွယ်ကူဆုံးမျိုးပဲဗျ။ ကျေးဇူးပြုပြီး ပြတင်းပေါက်ဖွင့်လိုက်ပါလား။ ကိုမြင့်မောင် ဒီညတော်တော်အိုက်တယ်ဗျ"

ကျွန်တော်က ပြတင်းပေါက်ကို ထဖွင့်လိုက်ပါသည်။

အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင် ငါးနှစ်ကဖြစ်သည်။ ထိုအချိန်ကျွန်တော်နှင့် ကိုကျော်စွာသည် စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)တွင် အခန်းတစ်ခန်းကို စပ်တူငှားပြီး အတူနေထိုင်ဖြစ်ကြပါသည်။ အောက်ထပ်ကို ကျွန်တော်က ဆေးခန်းဖွင့်ပြီး၊ အပေါ်ထပ်ရှေ့ပိုင်းကိုမူ ကိုကျော်စွာက ယူဆောင်လာသည့် အမှုသည်များကို လက်ခံတွေ့ဆုံရာအဖြစ် အသုံးပြုပါသည်။ ကိုကျော်စွာသည် အစိုးရဘက်တွင် စုံထောက်အဖြစ် နှစ်အတော်ကြာလုပ်ကိုင်ခဲ့ပြီးနောက် အလုပ်မှထွက်၍ ဝါသနာအရ စုံထောက်အလုပ်ကို လုပ်ကိုင်နေခြင်းဖြစ်သည်။

"ဒီမှာ ကိုမြင့်မောင် မေဂျာအောင်ဒင်ဆိုတဲ့ နာမည်ကို ကြားဖူးသလားဗျ"

ကျွန်တော် ပြန်ထိုင်လိုက်ချိန်တွင် ကိုကျော်စွာက မေးတော့သည်။

"အင်္ဂလိပ် စစ်တပ်မှာ မြန်မာလူမျိုးထဲက ရှားရှားပါးပါး မေဂျာအဆင့်ရခဲ့တဲ့ လူပဲဗျာ။ မသိဘဲနေပါ့မလား မက်ဆိုပိုတေးမီးယားစစ်မြေပြင်မှာ မြန်မာ့သူရသတ္တိကို အင်္ဂလိပ်တွေ လက်ဖျားခါလောက်အောင် ပြခဲ့သူပေါ့။ ပြီးတော့ ဗြိတိသျှအင်ပါယာရဲ့ တစ်နေရာမှာ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်ခဲ့ဖူးသေးတယ်။ ဘော်နီယိုကျွန်းဖြစ်လိမ့်မယ်။ အဲဒီလောက်ပဲ ကျွန်တော်သိတယ်ဗျ"

"ခင်ဗျားသိတာ တော်တော်ပြည့်စုံပါတယ်။ မေဂျာအောင်ဒင်ဟာ အရပ်ဘက်တာဝန်နဲ့ ဘော်နီယိုကျွန်းမှာ သစ်တောမင်းကြီးလုပ်ခဲ့တယ်ဗျ၊ အလုပ်က ပင်စင်ယူပြီးတဲ့နောက် ဗြိတ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းမှာသွားနေသေးတယ်။ ကဲ ဒီစာကို ဖတ်ကြည့်စမ်းဗျာ"

ကိုကျော်စွာသည် သူ့အိတ်ထဲမှ စာအိတ်တစ်ခုကို ထုတ်၍ ကျွန်တော့်ကို လှမ်းပေးသည်။ ကျွန်တော်က ဖွင့်ထားသော စာအိတ်အတွင်းမှ စာရွက်ကို ထုတ်ယူဖြန့်ကြည့်လိုက်သည်။

"အမျိုးသမီးတစ်ယောက်ရဲ့ စာဖြစ်ရမယ်။ ရေမွှေးနံ့သင်းနေတယ်"

"ဟုတ်တယ် တန်ဖိုးအကြီးဆုံး ရေမွှေးပေါ့ဗျာ"





*စုံထောက်ကြီး ဦးကျော်စွာ*

*ဒီနေ့ည ရှစ်နာရီမှာ ကျွန်မတို့မိသားစုတွေ့ကြုံနေရတဲ့ အခက်အခဲနဲ့ ပတ်သက်ပြီး ရှင်နဲ့ လာဆွေးနွေးလိုပါတယ်။*

စာမှာ ဤမျှသာဖြစ်သည်။ စဝ်မြနန္ဒာဟုတော့ လက်မှတ်ရေးထိုးထားသည်။ ကျွန်တော် မော့ကြည့်ပြီး "စဝ်မြနန္ဒာဆိုတာ ဘယ်သူလဲဗျ"ဟု မေးလိုက်ပါသည်။

"မေဂျာရဲ့သမီးကတော့ ငယ်ငယ်လေးကတည်းက သေသွားတယ်။ မြေးမလေးဖြစ်လိမ့်မယ် ထင်တယ်ဗျ"

ကျွန်တော် စာရွက်ကို ထပ်ကြည့်ပြီး ပြောလိုက်သည်။

"လက်ရေးကြည့်ရတာ စိတ်လှုပ်ရှားနေတဲ့ပုံပဲဗျ"

"ခင်ဗျားတွေးတာ ဖြစ်နိုင်ပါတယ်။ ဒီနေ့ထုတ်သတင်းစာတွေမှာ သူမနဲ့ စေ့စပ်ထားတဲ့ ထားဝယ်မြို့က သတ္တုမိုင်းသူဌေးသား မောင်နန်းအောင်သေဆုံးတဲ့ သတင်းပါလာတယ်ဗျ။ မောင်နန်းအောင်သေဆုံးပုံဟာ ဆန်းနေတယ်။ အဲဒီသတင်းကို ကျွန်တော် ဖြတ်ပြီးကပ်ထားတယ်။ မှာကြည့်ရအောင်"

ကိုကျော်စွာက နေရာမှထ၍ ဗီရိုဖွင့်ပြီး Scrap Book ကို ယူလေသည်။ ထို့နောက် စာအုပ်တစ်နေရာကို လှန်နေသည်။ ခဏအကြာတွင် သူက အော်ပြောသည်။ "ဟုတ်ပြီ ဒီမှာ တွေ့ပြီဗျ"ဟု။

ကျွန်တော် သူ့ဆီသို့ ထသွားပြီး ဖွင့်ထားသော **စာမျက်နှာ**ကို ဖတ်ကြည့်လိုက်သည်။ အဖြစ်အပျက်ကို **အောက်ပါအတိုင်း** ရေးထားသည်ကို တွေ့ရပါသည်။

သတ္တုမိုင်းပိုင်ရှင်သား ထူးဆန်းစွာ သေဆုံးမှု

ထားဝယ်မြို့မှ သတ္တုမိုင်းပိုင်ရှင် ဦးနန်းဦး ဒေါ်မေအောင်တို့၏သား အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ်ရှိ မောင်နန်းအောင်သည် မြိတ်ကျွန်းစု အတွင်းမှ မြသန္တာကျွန်းရှိ သူနှင့်စေ့စပ်ထားသော စဝ်မြနန္ဒာပိုင် သောကမြိုင်စံအိမ်ကြီး၏စာကြည့်ခန်းတွင် သေဆုံးနေသည်ကို ယမန်နေ့ နံနက်က တွေ့ရကြောင်း။ အသက်ရှူကြပ်သောကြောင့်ဖြစ်စေ၊ လည်ပင်းအညှစ်ခံရသောကြောင့်ဖြစ်စေ၊ သေဆုံးသည်ဟု ယူဆဖွယ်ရှိကြောင်း မောင်နန်းအောင်သည် ထိုအိမ်ကြီးတွင် သုံးယောက်မြောက် ထူးဆန်းစွာ သေဆုံးသူဖြစ်ကြောင်း" ရေးထားလေသည်။

"လူသတ်ခံရတယ်လို့ တိတိကျကျရေးမထားဘူး။ သက်သေ အထောက်အထားလဲ မခိုင်လုံလို့ ဖြစ်လိမ့်မယ်" ကျွန်တော် ပြောပြလိုက်သည်။

"သတင်းစာထဲမှာမပါတဲ့ အချက်တွေရှိလိမ့်ဦးမယ်။ ကျွန်တော်တို့အမှုသည်က ဒီထက်ပြည့်ပြည့်စုံစုံ ပြောပြနိုင်ပါလိမ့်မယ်။ ဟော တိုက်ရှေ့မှာ ကားတစ်စီးရပ်တဲ့အသံကြားရတယ်။ ရှစ်နာရီတော့ နည်းနည်းကျော်သွားပြီ ကျွန်တော်တို့ အမှုသည်ပဲ ဖြစ်လိမ့်မယ်ဗျ"

လှေကားမှ တက်လာသော ဖိနပ်သံကြားရပြီးနောက် အခန်းထဲသို့ အမျိုးသမီးတစ်ယောက်ဝင်လာလေသည်။ အမျိုးသမီးမှာ အရပ်မြင့်၍ ကိုယ်လုံးသွယ်ပျောင်းနွဲ့နှောင်းလှသည်။ ပြာလဲ့ကြည်စင်သော မျက်ဝန်းများရှိသည်။ အနည်းငယ်တုန်လှုပ်နေသော်လည်း စိတ်ဓါတ်ခိုင်မာပုံရသည်။ အသက်အရွယ်အား





ဖြင့် အပျိုကြီးတန်းရောက်နေသော်လည်း နုပျိုချောမောသော အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။ သူမ အမူအရာမှာ စိတ်ပျက်ညှိုးနွမ်းနေသည်။

အမျိုးသမီးသည် ကိုကျော်စွာ ရွှေ့ပေးသော ကုလားထိုင်တွင် မထိုင်ပဲ စကားစပြောလေသည်။

"ဦးကျော်စွာ ကျွန်မ သိပ်ဒုက္ခရောက်နေပါတယ်ရှင် အားကိုးရမယ့်လူလဲမရှိတော့ပါဘူး။ ဒီကိစ္စကို ရဲတပ်ဖွဲ့က ရိုးရိုးလူသေမှုလို့သဘောထားကြတယ်။ ကျွန်မကတော့ ဒီလိုမထင်ချင်ဘူး။ ကျွန်မ မှတ်မိတဲ့အရွယ်ကစပြီး ကျွန်မတို့ မိသားစုအပေါ်မှာ ကျရောက်နေတဲ့ ကျိန်စာကြောင့်လို့ ယူဆတယ်"

စိတ်လှုပ်ရှားလွန်းသဖြင့် အမျိုးသမီးမှာ တစ်ကိုယ်လုံး တုန်လှုပ်နေလေသည်။ လဲကျမသွားအောင် စားပွဲကို ကိုင်ထားရရှာသည်။

သူမက ဆက်ပြောပြန်သည်။

"စဉ်းစားကြည့်ပါ ဦးကျော်စွာ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်အတွင်းမှာ လူသုံးယောက်ဟာ ဒီအိမ်မှာထူးဆန်းစွာ သေဆုံးခဲ့ပြီးပြီ၊ စစ်ဆေးတွေ့ရှိချက်အရ လူသတ်မှုလို့ထင်ရပေမယ့် လူသတ်သမားကိုမိအောင် မဖမ်းနိုင်ခဲ့ဘူး"

"ထိုင်ပါဦးလားခင်ဗျာ စိတ်အေးအေးထားစေချင်ပါတယ်။ ခင်ဗျားဟာ ကျွန်တော့်ဆီကို စာရေးလိုက်တဲ့ စဝ်မြနန္ဒာလို့ထင်ပါတယ်။ ကွယ်လွန်သွားတဲ့ မေဂျာအောင်ဒင်ရဲ့ မြေး မဟုတ်ပါလား ခင်ဗျာ"

စုံထောက်ဦးကျော်စွာက ယဉ်ကျေးစွာ မေးသည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မဟာ မြသန္တာကျွန်းနဲ့ သော်ကမြိုင်စံအိမ်ကြီးရဲ့ လက်ရှိအမွေဆက်ခံသူပါ"

"မေဂျာမှာ သားနှစ်ယောက်နဲ့ သမီးတစ်ယောက်ရှိခဲ့တယ်နော်"

ဤတွင် စဝ်မြနန္ဒာက သက်ပြင်းမှုတ်ထုတ်တော့သည်။

"ဟုတ်ပါတယ် သားနှစ်ယောက်ဖြစ်တဲ့ ကျွန်မဦးကြီးနဲ့ ကျွန်မဖခင်တို့ဟာ ကျိန်စာရဲ့ ပထမသားကောင်နဲ့ ဒုတိယသားကောင်ဖြစ်ခဲ့ကြပါတယ်။ သူတို့ရဲ့ ညီမဖြစ်တဲ့ ကျွန်မအဒေါ်ဟာ ငယ်ငယ်ကတည်းက သေသွားပါတယ်။ ကျွန်မမိခင်ဟာ ရှမ်းစော်ဘွားအဆက်အနွယ်ပါ။ မေမေလည်း ပင်လယ်ထဲကို လိမ့်ကျပြီး သေဆုံးခဲ့ပါတယ်။ ခုဆိုရင် ကျွန်မတို့မိသားစုမှာ မောင်နှစ်ယောက်နဲ့ ကျွန်မပဲ ကျန်ပါတော့တယ်။ အခု သူတို့ဟာ ကျွန်မနဲ့အတူ အိမ်မှာ လာနေကြပါတယ်ရှင့်"

"ကျွန်မအဘိုး မေဂျာအောင်ဒင်ဟာ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်က သေဆုံးခဲ့ပါတယ်။ အဲဒီအခါမှာ မြိတ်ကျွန်းစုထဲက မြသန္တာကျွန်းနဲ့ သောကမြိုင်စံအိမ်ကြီးကို သူ့သားသမီးတွေအမွေရခဲ့တယ်။ အဘိုးဟာ အဲဒီကျွန်းကို အင်္ဂလိပ်အစိုးရဆီက နှစ်ရှည်ဂရံယူထားခဲ့တယ်။ ကျွန်မအဒေါ်နဲ့ ဦးကြီးဟာ သားသမီးမရှိဘဲ သေဆုံးသွားကြပါတယ်။ ဒါကြောင့် အဲဒီကျွန်းကို ကျွန်မဖခင် အမွေဆက်ခံခဲ့ရတာပါ။ ဖေဖေဟာ သူ့အစ်ကိုလိုပဲ ထူးဆန်းစွာ သေဆုံးသွားခဲ့ရတယ်။ အခု ကိုနန်းအောင် သေဆုံးပြန်ပြီ။ ကျွန်မနဲ့ ကိုနန်းအောင်တို့ဟာ လက်ထပ်ဖို့ စေ့စပ်ပြီးကြပါပြီ။ မကြာခင် လက်ထပ်ကြတော့မှာပါ။ ကျွန်မအဘိုးသေဆုံးချိန်မှာ သူ့သား





သမီးတွေ အားလုံး အဝေးမှာ ရောက်နေကြပါတယ်။ အဘိုးဟာ ပင်စင်ယူပြီးကတည်းက သူ့တပည့်တစ်ယောက်နဲ့ အတူ ဒီကျွန်းမှာ လာနေတယ်။ လူတွေနဲ့သိပ်မဆက်ဆံဘူးရှင့်၊ သူ့အတွေ့အကြုံတွေကို စာပြန်ရေးတဲ့အလုပ်နဲ့ ထူးဆန်းတဲ့ သစ်ပင်တွေစိုက်တဲ့ အလုပ်ပဲ လုပ်နေခဲ့တယ်။ အဘိုးဟာ စိတ်ဓါတ်တင်းမာခက်ထန်ပြီး လူတွေကို မောက်မောက်မာမာဆက်ဆံတတ်တယ်။ နွေရာသီကျောင်းပိတ်ရက်မှာ ကျွန်မဟာ အဘိုးဆီကိုသွားလည်လေ့ရှိတယ်။ အဘိုးဟာ ကျွန်မကို အတော်ချစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်မမိဘတွေဟာ မြိတ်မှာ သတ္တုလုပ်ငန်းနဲ့ တော်တော်ချမ်းသာနေကြပါပြီ"

ရှည်လျားစွာပြောပြပြီးနောက် စဝ်မြနန္ဒာသည် မောပန်းသွားဟန်ဖြင့် စကားရပ်ပြီး အသက်ရှူနေရှာသည်။ စုံထောက်ဦးကျော်စွာက စိတ်ဝင်စားစွာ နားထောင်နေသည်။

"ကျိန်စာအကြောင်းပြောပြပါဦး ဒီကိစ္စအတွက် ခင်ဗျားလာတယ်လို့ ထင်ပါတယ်"

"ဟုတ်ပါတယ် ဦးကျော်စွာ ကျွန်မ အစကစပြောပါ့မယ်။ အဲဒီအဖြစ်အပျက်ဟာ အဘိုးကွယ်လွန်ပြီး တစ်နှစ်မှာစခဲ့ပါတယ်။ အဲဒီအချိန်က ကျွန်မအသက်ဆယ့်ခုနစ်နှစ်ရှိပါပြီ။ အဘိုးရဲ့ သောကမြိုင်စံအိမ်ကြီးဟာ အမြဲမှောင်နေပါတယ်။ လေးဧကကျယ်ဝန်းတဲ့ အိမ်ဝင်းထဲမှာ ထူးဆန်းတဲ့သစ်ပင်တွေပေါက်နေတဲ့ အပြင် အိမ်နံရံတွေကို နွယ်ပင်တွေတွယ်တက်နေတယ်။ ဒီအိမ်ကြီးကိုလည်း သောကမြိုင်စံအိမ်လို့ နာမည်ပေးထားတာ ဖြစ်လိမ့်

မယ်။ ကျွန်မတို့ဟာ အဲဒီအိမ်ကြီးကို အလွန်အရောက်အပေါက်နည်းပါတယ်။ ကျွန်မ အသက်ဆယ့်ခုနစ်နှစ်အရွယ်မှာ နွေရာသီကျောင်းပိတ်လို့ ကျွန်မဖခင်နဲ့အတူ သောကမြိုင်စံအိမ်ကြီးကို သွားလည်ကြပါတယ်။ ဦးကြီးဦးဝဏ္ဏဟာ ကျွန်မတို့ရောက်လာတဲ့အတွက် အတော်ဝမ်းသာနေပါတယ်။

"ကျွန်မ အဘိုးဟာ သူ့သားသမီးတွေကို သိပ်မချစ်ပါဘူး။ မောင်နှမတွေဟာလဲ အချင်းချင်းသိပ်ချစ်ခင်မှုမရှိကြဘူး။ တစ်ယောက်ဆီကို တစ်ယောက် အလွန်သွားလာခဲကြပါတယ်။ ကျွန်မတို့ရောက်လို့ ဒုတိယနေ့နံနက်မှာ ဦးကြီးဦးဝဏ္ဏဟာ ခါတိုင်းလို လက်ဖက်ရည်အတူသောက်ဖို့ အောက်ထပ်ကို ဆင်းမလာခဲ့ဘူး။ ဖေဖေနဲ့သူ့တပည့်ဟာ ဦးကြီးကိုခေါ်ဖို့ အိမ်ပေါ်ထပ်ကို တက်သွားကြတယ်။ အခန်းတံခါးကို အတွင်းကပိတ်ထားတဲ့အတွက် အိပ်ပျော်နေတယ်ထင်ပြီး အော်နှိုးကြတယ်။ နှိုးမရတဲ့အဆုံးတံခါးကိုဖျက်ပြီး ဝင်ကြတယ်။ အဲဒီအခါမှာ ကြမ်းပေါ်မှာ ပက်လက်လန်ပြီး သေနေတဲ့ ဦးကြီးကို မြင်ရတော့တာပါပဲ။ အလောင်းရဲ့လည်ပင်းတစ်ဝိုက်မှာ ထူးဆန်းတဲ့ဒဏ်ရာတွေ တွေ့ရတယ်။ မျက်နှာနဲ့လက်မောင်းမှာလဲ အဲဒီဒဏ်ရာမျိုးတွေ တွေ့ရတယ်။ ပြတင်းပေါက်လဲပွင့်နေတယ်။ ဒါပေမယ့် အပေါ်ထပ်မှာ ရှိတဲ့ပြတင်းပေါက်ကို လှေကားနဲ့တက်တဲ့အထောက်အထားတော့မတွေ့ရဘူးရှင့်။ နွယ်ပင်တွေက တွယ်တက်တဲ့အနေအထားလဲ မတွေ့ရဘူး။ နွယ်ပင်တွေဟာ မယိုယွင်းဘဲ ပကတိအတိုင်းရှိနေပါတယ်။

"မြို့က ဆရာဝန်နဲ့ ရဲတပ်ဖွဲ့ဝင်တွေလာပြီး စစ်ဆေး





ကြတယ်။ ဆရာဝန်က အတွင်းရောဂါတစ်ခုခုကြောင့် သေတယ်လို့ ပြောပါတယ်။ ရဲတွေစုံစမ်းတော့လဲ ဘာမှထူးခြားတာမတွေ့ရဘူး။ ဦးကြီးသေရင် ဒီကျွန်းနဲ့အိမ်ကြီးကို ကျွန်မဖခင်အမွေဆက်ခံရမှာဖြစ်ပါတယ်။ ကျွန်မ ဖခင်က သတ္တုတွင်းလုပ်ငန်းနဲ့ ချမ်းသာတာဟာ ဦးကြီးဦးဝဏ္ဏထက်ပိုပါတယ်"

စဝ်မြနန္ဒာခမျာ စကားပြောရင်း ဝမ်းနည်းသံပါလာသည်။ "နောက်ခုနစ်နှစ်အကြာမှာ ကျွန်မဖခင်ဟာလည်း အဲဒီပုံစံအတိုင်း သေဆုံးခဲ့ပြန်ပါတယ်။ အခုကိုနန်းအောင်သေရပြန်ပြီ၊ ကျွန်မတို့မိသားစုဟာ ကျိန်စာသင့်နေပြီလို့ ထင်ပါတယ်ရှင်။ အခုဆိုရင် ကျွန်မ မောင်လေးတွေဟာ ဒီကျွန်းကို ဂရုပြန်အပ်ပြီး ထားဝယ်ကိုဖြစ်စေ၊ ရန်ကုန်ကိုဖြစ်စေ၊ ပြောင်းနေဖို့ပြောကြပါတယ်။ ဒီကျွန်းနဲ့ဒီအိမ်ကြီးမှာ မနေချင်ကြတော့ဘူး။ ကျွန်မကတော့ ဒီကြောက်စရာကောင်းတဲ့ ကျိန်စာကို ဖြေရှင်းဖို့ ဆုံးဖြတ်ထားပါတယ်ရှင်"

"ဒီသေဆုံးမှုတွေဟာ အခန်းတစ်ခန်းထဲမှာ ဖြစ်ခဲ့တာလား။ စဝ်မြနန္ဒာ"ကိုကျော်စွာက မေးသည်။

"မဟုတ်ပါဘူး ဦးကျော်စွာ ကျွန်မဖေဖေနဲ့ဦးကြီးဦးဝဏ္ဏတို့ဟာ အိမ်ပေါ်ထပ်အိပ်ခန်းထဲမှာ သေဆုံးခဲ့ကြပြီး၊ ကိုနန်းအောင်က အောက်ထပ်စာကြည့်ခန်းထဲမှာ သေတာပါ။ ကိုနန်းအောင်ဟာ မြိတ်ကျွန်းစုမှာနေတဲ့ ဆလုံ   တွေအကြောင်းကို လေ့လာနေတဲ့ မနုဿဗေဒပညာရှင်တစ်ယောက်ပါ။ နေ့ခင်းဘက် ဒီအနီးအနားမှာနေတဲ့ ဆလုံ   တွေဆီကို သွားလေ့လာပြီး ညဘက်မှာ စာရေးစာဖတ်လုပ်တတ်ပါတယ်။ ကိုနန်းအောင်

ဟာ ညဥ့်နက်တဲ့အထိ စာဖတ်ရင်း အိပ်ပျော်သွားပုံရပါတယ်။ ကျွန်မ ဖခင်နဲ့ ဦးကြီးတို့ သေဆုံးချိန်မှာ တံခါးကို အတွင်းက ပိတ်ထားပါတယ်။ ကိုနန်းအောင်သေဆုံးတဲ့ညက အခန်းတံခါးရော ပြတင်းပေါက်ပါ ပွင့်နေပါတယ်။ ဒါပေမယ့် အခန်းထဲကို လူဝင်တဲ့ လက္ခဏာတော့ မတွေ့ရပါဘူး"

"လျှို့ဝှက်လူဆိုးဂိုဏ်းတစ်ဂိုဏ်းရဲ့ လက်ချက်လဲဖြစ်နိုင်တယ်ဗျ" ကျွန်တော် ဝင်ပြောလိုက်သည်။

စဝ်မြနန္ဒာက ကျွန်တော့်ကို စူးစမ်းသလို ကြည့်လေသည်။ ထို့နောက် စုံထောက် ဦးကျော်စွာကို လှမ်းကြည့်သည်။

"သူဟာ ကျွန်တော့်မိတ်ဆွေ ဆရာဝန်ဦးမြင့်မောင်ပါ။ ကိစ္စမရှိပါဘူး။ စဝ်မြနန္ဒာ။ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်။ ကျေးဇူးပြုပြီး ရှင်းပြပါဦး။ ကိုမြင့်မောင် ဘာကြောင့် လူဆိုးဂိုဏ်းရဲ့ လက်ချက်လို့ ခင်ဗျားယူဆတာလဲ"

"ကျွန်တော် စဥ်းစားမိတာကို ပြောပြတာပါ။ မေဂျာဟာ ဘော်နီယိုကျွန်းမှာ သစ်တောမင်းကြီးလုပ်ခဲ့တယ်ဆိုတာကို မမေ့သင့်ဘူး။ သူပင်စင်ယူပြီး ပြန်လာချိန်မှာ အဲဒီကျွန်းမှာနေတဲ့ တိုင်းရင်းသားတွေအထွတ်အမြတ်တနိုးထားတဲ့ ပစ္စည်းတစ်ခုခုကို ယူခဲ့လိမ့်မယ်။ လူရိုင်းတွေဟာ အဲဒီပစ္စည်းကို ပြန်ယူဖို့ကြိုးစားရင်း မတွေ့လို့ လူသတ်မှုတွေ ကျူးလွန်ခဲ့တာ မဖြစ်နိုင်ဘူးလား"

"ခင်ဗျား ပြောသလိုလဲ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျိန်းသေဖြစ်မယ်လို့တော့ မပြောနိုင်ပါဘူး" စုံထောက် ဦးကျော်စွာက ပြောသည်။

စဝ်မြနန္ဒာသည် ရင်ဘတ်ပေါ်တွင် ချိတ်ထားသော





အလွန်အရည်အသွေးကောင်းသည့် စိန်ရင်ထိုးကို လက်ဖြင့် စမ်းရင်း လေးနက်စွာ စဥ်းစားနေသည်။

"ဟုတ်တယ် ကျွန်မအဘိုးဟာ ဘော်နီယိုကျွန်းပေါ်က လူရိုင်းတွေရဲ့ ထူးဆန်းတဲ့ဓလေ့ထုံးစံတွေအကြောင်းကို မကြာခဏ ပြောပြလေ့ရှိပါတယ်။ တစ်ခါက အဘိုးဟာ တောထဲသွားရင်း စပါးကြီးမြွေရစ်ပတ်ခြင်းခံနေရတဲ့ လူရိုင်းဘုရင်ကို အသက်ဘေးက ကယ်တင်ခဲ့တယ်တဲ့။ လူရိုင်းဘုရင်ဟာ ကျေးဇူးတင်တဲ့အနေနဲ့ အဘိုးကို အလွန်အရည်အသွေးကောင်းတဲ့ စိန်တွေလက်ဆောင်ပေးခဲ့တယ်။ ဒီရင်ထိုးမှာ တပ်ထားတဲ့ စိန်တွေဟာ လူရိုင်းဘုရင်က အဘိုးကို ပေးတဲ့ စိန်တွေဖြစ်ပါတယ်။ ဒီလိုစေတနာနဲ့ ပေးတဲ့ လက်ဆောင်ပစ္စည်းကလွဲပြီး အဘိုးဟာ သူတစ်ပါးပစ္စည်းကို မတရားယူလေ့မရှိပါဘူးရှင်"

"ဟုတ်တယ် ကိုမြင့်မောင် မေဂျာအောင်ဒင်ရဲ့ အကြောင်းကို ကျွန်တော်စုံစမ်းပြီးပါပြီ၊ မေဂျာဟာ အတော်တည်ကြည်ဖြောင့်မတ်တဲ့ လူတစ်ယောက်ဗျ"

ကိုကျော်စွာက ကျွန်တော့်အား ဆက်မပြောရန် မျက်ရိပ်ပြသဖြင့် ထိုအကြောင်းကို ရပ်လိုက်ပါသည်။

"ဖြစ်နိုင်ရင် ကျွန်တော်တို့ ကိုနန်းအောင်ရဲ့ အလောင်းကို ကြည့်ချင်ပါတယ် စဝ်မြနန္ဒာ"

ကိုကျော်စွာက စကားလွှဲပြောသည်။ စဝ်မြနန္ဒာ၏ မျက်နှာပေါ်တွင် ဝမ်းနည်းပူဆွေးမှုများ ပေါ်လာပါတော့သည်။ "သူ့ကို ခေါင်းသွင်းလိုက်ပါပြီ ဦးကျော်စွာ။ ကျွန်မ ပြန်ရောက်တဲ့အခါမှာ ထားဝယ်ကို သင်္ဘောနဲ့ပို့ဖို့စီစဥ်ပြီးပါပြီ၊ ကြည့်ဖို့လို ခပ်

ပါသလား"

"အမှုအတွက်ဆိုတော့ လိုအပ်ပါတယ်" ကိုကျော်စွာက ပြောသည်။

"ဒါဆိုရင်လဲ မနက်ဖြန်မနက်ခုနစ်နာရီထွက်မယ့် လေယာဉ်ပျံနဲ့ ထားဝယ်ကို လိုက်ကြရလိမ့်မယ်။ မနက်ဖြန်နံနက် ခြောက်နာရီ တိတိမှာ ကျွန်မ ရှင်တို့ကို ကားနဲ့လာခေါ်မယ် လိုက်နိုင်မလား"

"လိုက်ပါ့မယ်"

ထို့နောက် စဝ်မြနန္ဒာသည် ကျွန်တော်တို့ကို နှုတ်ဆက်ပြီး သူမ တည်းခိုသော ဟိုတယ်သို့ ပြန်သွားလေတော့သည်။ ကျွန်တော်တို့လည်း ခရီးအတွက်လိုအပ်သည်များကို ပြင်ဆင်ကြရပါတော့သည်။

နောက်တစ်နေ့နံနက် (၉)နာရီတွင် ကျွန်တော် ထားဝယ်မြို့သို့ ရောက်ခဲ့ကြပါသည်။ ထို့နောက် မြိတ်သို့ မော်တော်ကားဖြင့် ခရီးဆက်ပါသည်။ မြိတ်သို့ ရောက်သောအခါ ကမ်းနားတွင် အသင့်စောင့်နေသော မော်တော်ဖြင့် မြိတ်ကျွန်းစုဆီသို့ ခရီးဆက်ရပါသည်။ မော်တော်ပေါ်သို့ ရောက်မှပင် အေးဆေးစွာ စကားပြောကြရပါတော့သည်။

"ကျွန်းပေါ်မှာ ဖြစ်ပျက်ခဲ့တဲ့ ထူးဆန်းတဲ့အဖြစ်အပျက်တွေရှိရင် ပြောပြပါလား စဝ်မြနန္ဒာ"

ခရီးပင်ပန်းလာသဖြင့် စဝ်မြနန္ဒာ၏ မျက်နှာမှာ ညှိုးနွမ်းနေပါသည်။ ဦးကျော်စွာ၏ အမေးကို ဖြေရန် စဉ်းစားနေသည်။

"ထူးဆန်းတဲ့အဖြစ်အပျက်တွေ ရှိပါတယ်။ ဥပမာခွေး





တွေမွေးလို့ မရတာမျိုးပေါ့"

"ဟင် ဘယ်လိုဖြစ်လို့လဲ"

"သေကုန်ကြတယ် ဦးကျော်စွာ၊ ကျွန်းပေါ်မှာ ရာသီဥတု မျှတပါတယ်။ ဒါပေမယ့် ကျွန်မတို့မွေးတဲ့ ခွေးတွေဟာ ရာသီဥတု ဒဏ်မခံနိုင်ကြဘူး။ တစ်နှစ်အတွင်းမှာ သေတာပဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်မှာ ခွေး(၇)ကောင်နဲ့ ကြောင်(၅)ကောင် သေသွားခဲ့တယ်"

"တစ်ကျွန်းလုံးမှာ ဒီလိုဖြစ်တာပဲသလား"

"ကျွန်မလဲ အဲဒီလို စဉ်းစားနေတာပဲ။ ကျွန်းရဲ့ကစ်ဘက် စွန်းက တံငါအိမ်မှာ ခွေးကြီးတစ်ကောင်ရှိတယ်။ အဲဒီခွေးကြီးဟာ ကျွန်းရဲ့ရာသီဥတုကို ခံနိုင်တယ်။ အသက်ကြီးလှပါပြီ၊ ခုထိ အသက်ရှင်နေတုန်းပဲ။ ပြီးတော့ ထူးဆန်းတဲ့ညတစ်ညကို ကျွန်မ အမှတ်တရဖြစ်နေမိပါတယ်။ အဲဒီညမှာ ကျွန်းတစ်ကျွန်းလုံးဟာ အင်မတန်စူးရှတဲ့ရေမွှေးလို အနံ့တစ်မျိုးနဲ့ ထုံမွှမ်းနေပါတယ်။ အဲဒီရနံ့ကြောင့် ခေါင်းထဲမှာ ရီဝေမူးနောက်လာတော့တာပဲ။ အဲဒီ ရနံ့တွေဟာ ကျွန်မအဘိုးစိုက်ခဲ့တဲ့ ထူးဆန်းတဲ့သစ်ပင်တွေက ထွက်ပေါ်လာတာတဲ့။ အဲဒီသစ်ပင်တွေဟာ နှစ်ပေါင်းများစွာ အပွင့်မပွင့်ဘဲနေရာက အပွင့်တွေပြန်ပွင့်လာပြီး အဲဒီရနံ့တွေ ထွက်လာတာပါ"

"အဲဒီညမှာ လေ မတိုက်ပါဘူး။ ဒါပေမယ့် သစ်ရွက်တွေဟာ လှုပ်ရှားနေတယ်။ သစ်ရွက်တွေအချင်းချင်းပွတ်သပ်တိုးဝှေ့သံဟာ လူတွေတစ်ယောက်ကိုတစ်ယောက် ချော့မြူနေသလို ငြိမ့်ညောင်းသာယာစွာ ထွက်ပေါ်နေတယ်။ တစ်နည်းအားဖြင့်

ကြောက်စရာကောင်းတယ်ပေါ့လေ။ မကောင်းဆိုးဝါးတွေစုဝေးပြီး ညည်းညူနေသလိုပါပဲ။ အဲဒီညက ကျွန်မလဲ တမဲညလုံးအိပ်မပျော်ဘူး။ ကြောက်နေတယ်။ အို သောကမြိုင်စံအိမ်ကြီးနဲ့ ကျွန်းပေါ်က အကြောင်းတွေကို ကုန်စင်အောင် မပြောနိုင်တော့ပါဘူး။ အခုဆိုရင် ကျွန်မတို့မိသားစုဟာ ကြောက်စရာကောင်းတဲ့ ကျိန်စာသင့်နေကြပါပြီရှင်။ မေလရောက်တိုင်း ကျွန်မ ကြောက်နေရပါတယ်။ နောင်နှစ်မေလမှာတော့ ဒီ ကျွန်းမှာ ကျွန်မ မနေတော့ဘူး"

စဝ်မြနန္ဒာက တုန်လှုပ်စွာ ပြောပြလေသည်။

"သောကမြိုင်အိမ်ကြီးမှာ ခင်ဗျား အပြင်ဘယ်သူတွေနေကြသေးလဲ"

"ကျွန်မမောင် စောခွန်သာမောင်နှင့် စောခွန်သာချိုတို့အပြင် ထမင်းချက်အဒေါ်ကြီး တစ်ယောက်နဲ့ အဘိုးရဲ့တပည့် ဦးတာနောတို့နေကြပါတယ်။ ဦးတာနောက စိုက်ခင်းမှာ အလုပ်သမားတွေနဲ့ အလုပ်လုပ်ပါတယ်။ ကျွန်မတို့ရဲ့ သီးနှံစိုက်ခင်းမှာ အလုပ်လုပ်သူတွေဟာ ကျွန်းပေါ်မှာပဲ အိမ်ဆောက်နေကြပါတယ်"

"သေဆုံးမှုသုံးခုတိုင်းမှာ အော်သံကြားရတယ်လို့ ခင်ဗျား မပြောခဲ့ဘူးနော်"

"ဟုတ်ပါတယ် ဘယ်သူမှ အော်သံမကြားခဲ့ကြဘူး။ သေဆုံးမှုတွေဟာ ညဥ့်နက်ပိုင်း သေသူတွေ အိပ်မောကျနေခိုက်မှာ ဖြစ်ပွားခဲ့ပုံရပါတယ်"

"အပြင်းအထန် ရုန်းကန်တဲ့လက္ခဏာမျိုးကော တွေ့ရ





သေးလား။ စဝ်မြနန္ဒာ"

"ဟုတ်ကဲ့ တွေ့ရပါတယ်။ ဦးကျော်စွာ"

"ရုန်းကန်မှုတွေရှိပြီး အော်သံမကြားရတာကတော့ ထူးဆန်းတယ်"

စုံထောက်ဦးကျော်စွာက ပြောပြသည်။

"မထူးဆန်းပါဘူး။ ဦးကျော်စွာ သောကမြိုင်စံအိမ်ကြီးဟာ အမိုးနိမ့်နိမ့်နဲ့ တီအက္ခရာပုံသဏ္ဌာန်ဆောက်ထားပါတယ်။ မိသားစုဟာ အိမ်ရဲ့အနောက်ဘက်ဆောင် တစ်နည်းအားဖြင့် တီအက္ခရာရဲ့ ဘယ်ဘက်အခြမ်းမှာ အိပ်ကြပါတယ်။ ဧည့်သည်လာရင် ညာဘက်အဆောင်မှာ တည်းခိုစေပါတယ်။ ဆောင်းရာသီမှာတော့ မိသားစုဟာ ညာဘက်အဆောင်ကိုပြောင်းအိပ်ကြပါတယ်။ အဆောင်တစ်ခုနဲ့ တစ်ခုဟာ အလှမ်းကွာဝေးတဲ့အတွက် အဆောင်က တစ်ယောက်ယောက်အော်သံကို အခြားတစ်ဘက်က မကြားနိုင်ပါဘူး။ ဒါပေမယ့် သူတို့အော်ခဲ့ပုံမရကြပါဘူး။ အော်ခဲ့ရင်လဲ တစ်ယောက်ယောက်ကြားမှာပါ"

ဦးကျော်စွာသည် စကားရပ်ပြီး စိတ်ဆိတ်စွာစဉ်းစားနေလေတော့သည်။

နောက်တစ်နေ့နံနက်တွင် မြသန္တာကျွန်းသို့ ရောက်ကြပါသည်။ ကျွန်းမှာ ရှည်မျောမျောဖြစ်ပြီး ကေငါးဆယ်ခန့်ကျယ်လေသည်။ ကမ်းခြေတွင် ကျောက်ဆောင်များရှိသော်လည်း ကျွန်းပေါ်တွင် သစ်ပင်များ အုံ့ဆိုင်းပေါက်ရောက်နေသည်။ မော်တော်ကပ်သောအခါ ကမ်းသို့ ဆင်းကြသည်။

အရပ်ပုပု၊ ကိုယ်လုံးကျစ်ကျစ် အသားမဲမဲအဘိုးကြီး

တစ်ယောက်က စဝ်မြနန္ဒာအား လာကြိုပြီး ပါလာသော ပစ္စည်းများ ကိုသယ်ယူသည်။

"ဒါ ကျွန်မ အဘိုးရဲ့တပည့် ဦးတာနော‌ပါ" စဝ်မြနန္ဒာက ပြောပြသည်။ ဦးတာနောကိုလည်း ကျွန်တော်တို့နှင့် မိတ်ဆက်ပေးပါသည်။ ဦးတာနောသည် ဖော်ရွေမှုလုံးဝမရှိဘဲ ကျွန်တော်တို့ကို အေးတိအေးစက်ကြည့်နေသည်။ ထို့နောက် ပစ္စည်းများကို သယ်ပြီး ရှေ့မှခပ်မြန်မြန် ထွက်သွားတော့သည်။

"ကျွန်မမောင်တွေက ရှင်တို့ကို သဘောကျမှာမဟုတ်ဘူး။ သူတို့ရိုင်းပျတာကိုတော့ ခွင့်လွှတ်ပါ၊ ဦးကျော်စွာ။ သူတို့ဟာ တောင်ဒါဆောင်တွေမှာ နေခဲ့ကြရတယ်။ ဒါပေမယ့် ဒီ ကျွန်းနဲ့ ဒီအိမ်ရဲ့အကြီးအကဲဟာ ကျွန်မပါ။ ကျွန်မရဲ့ဆုံးဖြတ်ချက်ဟာ အဓိကပါ"

ကျွန်း၏အခြားတစ်ဘက်တွင် ရှိသော သောကမြိုင်စံအိမ်ကြီးသို့ လမ်းလျှောက်လာချိန်တွင် စဝ်မြနန္ဒာက အခြေအနေကို ကြိုတင်ပြောပြသည်။

"ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ သဘောပေါက်ပါတယ်" စုံထောက်ကိုကျော်စွာက ပြောခဲ့သည်။

စောခွန်သာမောင်နှင့် စောခွန်သာချိုတို့သည် ကျွန်တော်တို့အား နွေးထွေးမှုဖြင့် မကြိုဆိုကြပါ။ ခွန်သာမောင်မှာ အကြီးဖြစ်ပြီး၊ သူ့အစ်မထက် နှစ်နှစ်ငယ်လေသည်။ နှစ်ယောက်လုံးမှာ အသားဖြူပြီး ရုပ်ရည်ချောမောကြသည်။ အစ်မဖြစ်သူက ကျွန်တော်တို့နှင့် မိတ်ဆက်ပေးသည်ကို လှိုက်လှိုက်လှဲလှဲမရှိဘဲ ခပ်တည်တည်လုပ်နေကြသည်။





ကိုကျော်စွာသည် သူတို့ကို ဂရုမစိုက်ဘဲ သင်္ဘောဆိပ်ထွက်ခင်အလောင်းကိုကြည့်ရန် စိတ်စောနေသည်။ စဝ်မြနန္ဒာက ကျွန်တော်တို့အား အလောင်းထားသော နေရာသို့ခေါ်သွားသည်။ ကျွန်တော်တို့သည် နွယ်ပင်ကြီးများတွယ်တက်နေသော သစ်ပင်ကြီးများအောက်မှ လျှောက်လာခဲ့ကြသည်။ နောက်ဆုံးတွင် သပ်ရပ်သော တဲတစ်လုံးဆီသို့ ရောက်လာသည်။ ထိုတဲထဲတွင် အလောင်းထားကြောင်း စဝ်မြနန္ဒာက ပြောပြသည်။ အလောင်းကို တလားခေါင်းထဲသို့ သွင်းထားသော်လည်း အဖုံးမပိတ်ရသေးကြောင်း မြို့မြို့မှ တာဝန်ရှိသူများလာရောက်စစ်ဆေးပြီးသောအခါမှသာ အဖုံးကို အသေပိတ်၍ ထားဝယ်သို့ ပို့မည်ဖြစ်ကြောင်းပြောပြသည်။

"ခွင့်လွှတ်ပါရှင်" စဝ်မြနန္ဒာက ပြောသည်။ "ကျွန်မ သူ့ကို မကြည့်ရက်တော့ပါဘူး။ ဒီကပဲ စောင့်နေပါ့မယ်" ထို့နောက် သူမသည် တဲနှင့်ခပ်လှမ်းလှမ်းတွင် သွားရပ်နေသည်။

ကျွန်တော်တို့သည် စေ့ထားသော တဲတံခါးကို ဖွင့်ဝင်ခဲ့ကြသည်။ တံခါးပေါက်နှင့် ပြတင်းပေါက်များမှ အလင်းရောင်ဝင်နေသဖြင့် အတွင်းတွင် အတော်လင်းနေသည်။ ကိုကျော်စွာက တလားအဖုံးကိုဖွင့်သည်။ တလားထဲတွင် နူတ်ခမ်းမွေးရေးရေးဖြင့် ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ယောက်လဲလျောင်းနေသည်။ မျက်နှာမှာ ဖြူဖွေးပြီးလည်ပင်းတွင် ညိုမဲသော ဒဏ်ရာများရှိနေသည်။

"စစ်ဆေးကြည့်ပါ ကိုမြင့်မောင်" အလောင်းကိုလက်နှိပ်ဓါတ်မီးဖြင့် ထိုးပြ၍ ကိုကျော်စွာက ပြောသည်။

ကျွန်တော်သည် ဆရာဝန်တစ်ယောက်၏ မျက်စိဖြင့် အလောင်းကိုစစ်ဆေးပါသည်။ သေဆုံးသည်မှာ သုံးရက်သာရှိသေးသဖြင့် သေချာစွာစစ်ဆေးနိုင်ပါသေးသည်။ စစ်ဆေးပြီးနောက် ကျွန်တော် ပြောပြလိုက်ပါသည်။

"အတော်ထူးဆန်းတယ်၊ မျက်နှာပေါ်မှာလဲ ကြိုးရာတွေတွေ့ရတယ်။ လည်ပင်းကို ကြိုးနဲ့တူတဲ့အရာနဲ့ ဆွဲညှစ်ထားပုံမျိုးဗျ"

"ဒါကြောင့် သေတာလား"

"ကျွန်တော်တော့ ဒီလိုပဲ ထင်တယ်"

"ဒီပြင် ဒဏ်ရာကောမတွေ့ဘူးလား"

ကြိုးရာတွေအပေါ်မှာ ညိုမဲတဲ့အပေါက်ကလေးတွေတွေ့ရတယ်။ ကြိုးပေါ်မှာပါတဲ့ အဖုအထစ်တွေအသားစိုက်ဝင်လို့ဖြစ်တဲ့ဒဏ်ရာမျိုးကိုတော့ မတွေ့ဖူးဘူးဗျ ကိုကျော်စွာ"

စုံထောက် ကိုကျော်စွာသည် အလောင်းကို ကိုယ်တိုင်အနီးကပ်ကြည့်လေသည်။ ခေါင်းပြန်မော့လာသောအခါ သူ့မျက်နှာမှာ တည်ကြည်နေသည်။

"ဒီအမှုဟာ တော်တော်နက်နဲတယ်ဗျ၊ ကိုမြင့်မောင်၊ ညိုမည်းနေတဲ့ ဒဏ်ရာတွေဟာ သွေးစို့နေတဲ့ အပေါက်ကလေးတွေဖြစ်တယ်ဗျ၊ တော်တော်ထူးဆန်းတယ်။ ထပ်ကြည့်ပါဦးလား"

ကျွန်တော် လက်ကာပြလိုက်ပါသည်။

"မလိုတော့ပါဘူး။ ဒီပြင်ဘာဒဏ်ရာမှ မရှိဘူး။ ဒဏ်ရာအားလုံးဟာ တစ်ပုံစံတည်းပဲဗျ"

ထို့နောက် တလားခေါင်းအဖုံးကို ပြန်ပိတ်ပြီး ထွက်ခဲ့ကြသည်။





ထိုအခိုက်တဲဆီသို့လာနေသော ရဲတပ်ကြပ်ကြီး တစ်ယောက်နှင့်အလုပ်သမားလေးယောက်ကို တွေ့ရသည်။ တလားခေါင်းကိုလာသယ်သော လူစုဖြစ်သည်။ ကျွန်တော်တို့သည် စဝ်မြနန္ဒာဆီသို့ သွားကြသည်။

"ရှင်တို့ကို အလောင်းတွေ့တဲ့အခန်းကို လိုက်ပြမယ်"

အိမ်အနီးသို့ အရောက်တွင် တုန့်ခနဲရပ်ပြီး စဝ်မြနန္ဒာကပြောသည်။ ထို့နောက်နွယ်ပင်များ တွယ်တက်နေသော အိမ်နံရံကို ညွှန်ပြသည်။

"ဟိုမှာ ပွင့်နေတဲ့ပြတင်းပေါက်ကို မြင်တယ်မဟုတ်လား။ အဲဒါ အလောင်းတွေ့တဲ့စာကြည့်ခန်းပဲ။ အဲဒီပြတင်းပေါက်နဲ့တည့်တည့်အပေါ်က အခန်းဟာ ကျွန်မဖေဖေနဲ့ ဦးကြီးတို့သေဆုံးတဲ့အခန်းပါပဲ"

ပြတင်းပေါက်ဘောင်များတွင် နွယ်ပင်များတွယ်တက်နေပြီး အလွန်တောက်ပသည့် အနီရောင်ပန်းများသည် နံနက်ခင်းနေရောင်ခြည်အောက်တွင် တနွဲ့နွဲ့ယိမ်းနေကြသည်။ ထိုပန်းများကိုကြည့်ပြီး ကျွန်တော့်ခေါင်းထဲတွင် ငြီးစီစီဖြစ်လာပါတော့သည်။

စုံထောက်ကိုကျော်စွာသည် ထိုပန်းများကို ကြာမြင့်စွာစိုက်ကြည့်နေလေသည်။ နှာခေါင်းရှုံ့၍ ရနံ့ကိုရှူရှိုက်နေသည်။ အိမ်ဘေးသို့ ချဉ်းကပ်သွားပြီး ပြတင်းပေါက်အောက်မှ မြေပြင်ကို ငုံ့ကြည့်နေပြန်သည်။ ထို့နောက် ကျွန်တော်တို့ဆီသို့ ပြန်လျှောက်လာသည်။

"မေးရမှာအားတော့နာပါတယ်။ ခင်ဗျားတစ်စုံတစ်ခုဖြစ်သွားရင် ဒီအိမ်ကို ဘယ်သူရမလဲ စဝ်မြနန္ဒာ"

"ကျွန်မ မောင်အကြီး ခွန်သာမောင်ပေါ့"

"သူ့နောက်ကော ဘယ်သူရမလဲ"

"မောင်အငယ် ခွန်သာချိုပါ"

"သူ့နောက်တော့ကော"

စဝ်မြနန္ဒာက နားမလည်ဟန်ဖြင့် စုံထောက်ကိုကျော်စွာကို ကြည့်နေသည်။

"ဘာဖြစ်လို့ ဒီမေးခွန်းတွေ မေးတာလဲ ဦးကျော်စွာ ကျွန်မအဘိုးရဲ့ သေတမ်းစာကို သိချင်လို့လား။ ကျွန်မတို့မိသားစုအားလုံး တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ဒီကျွန်းနဲ့ဒီအိမ်ကြီးကို ဦးတာနောရလိမ့်မယ်။ ကျွန်မတို့မှာ ဒီပြင်မွေးချင်းမရှိတော့ဘူး။ ကျွန်မအဘိုးမှာ ညီတစ်ယောက်တော့ ရှိခဲ့ဖူးတယ်။ သူဟာလဲ ကျွန်မအဘိုးနဲ့အတူ ဘော်နီယိုကျွန်းမှာ အလုပ်လုပ်ရင်း မြားမှန်ပြီးသေသွားတယ်။ သူ့ရဲ့တစ်ဦးတည်းသောသားဟာ အင်္ဂလိပ်စစ်တပ်မှာ အမှုထမ်းရင်း တူရကီတောပုန်းဓားပြတွေဖမ်းမိသွားပြီး အရှင်လတ်လတ်မြေမြှုပ်အသတ်ခံခဲ့ရတယ်။ ရှင့်ကို ကျွန်မပြောခဲ့သလိုပါပဲ။ ကျွန်မတို့ဆွေစဉ်မျိုးဆက်တွေဟာ ကြောက်စရာကောင်းတဲ့ကျိန်စာသင့်နေကြပါပြီ။ ကျွန်မအယူသည်းပြီးပြောတာမဟုတ်ဘူးနော်"

"ခင်ဗျား အဘိုးဟာ သူ့ညီနဲ့သူ့တူကို ဘယ်လို ဆက်ဆံခဲ့သလဲ။ ကြင်ကြင်နာနာကော ရှိရဲ့လား"

စုံထောက်ကိုကျော်စွာ၏ အမေးကို စဝ်မြနန္ဒာက ခေါင်းရမ်းပြသည်။

"သူတို့အပေါ် အဘိုးဘယ်လိုဆက်ဆံသလဲဆိုတာ





ကျွန်မ မသိဘူး။ ဒါပေမယ့် အဘိုးဟာ ဒေါသကြီးပြီး အတော်စိတ်ဓါတ်ခက်ထန်ပါတယ်။ အဘွားသေဆုံးသွားတဲ့နောက်ပိုင်းမှာ အဲဒီလိုပြောင်းလဲသွားတယ်လို့ ပြောသံကြားဖူးပါတယ်"

"ခင်ဗျား အဘွားဟာလဲ ကျိန်စာကြောင့်သေရတာပဲလား"

"ဖြစ်နိုင်ပါတယ်။ အဘွားဟာ သူ့ရဲ့မွေးနေ့ပါတီကျင်းပနေတုန်းမှာ ရုတ်တရက်သေဆုံးသွားခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ အဘိုးရဲ့ ဘဝဟာ တစ်စစီပျက်စီးသွားတော့တယ်။ ဝမ်းနည်းပူဆွေးမှုကို အချိန်အကြာကြီး ခံစားခဲ့ရတယ်။ အဲဒီနောက်စိတ်ဓါတ်အတော်ခက်ထန်လာပြီး လူတွေကို မုန်းတီးတဲ့အဘိုးကြီးတစ်ယောက်ဖြစ်သွားတော့တယ်"

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီ၊ ကဲ ကျွန်တော်တို့ကို မောင်နန်းအောင်သေဆုံးတဲ့ အခန်းကို လိုက်ပြပါဦး"

ကျွန်တော်တို့သည် အိမ်ရှေ့ပေါက်မှဝင်၍ ညာဘက်အဆောင်ရှိ စာကြည့်ခန်းသို့ လာခဲ့ကြသည်။ ကျွန်တော်တို့ကို မျက်မှောင်ကြုတ်ကြည့်နေသော ညီအစ်ကိုနှစ်ယောက်ကို မမြင်ဟန်ဆောင်ပြီးဖြတ်လာကြပါသည်။

စာကြည့်ခန်းမှာ အတော်ကျယ်ဝန်းပြီး နံရံတွင် စာအုပ်စင်များကပ်ထားသည်။ နံရံတစ်ဖက်တွင် အခန်းငယ်တစ်ခန်းဖွဲ့ထားပြီး အခန်းထဲတွင် ခုတင်၊ စားပွဲနှင့်ကုလားထိုင်များရှိသည်။ စဝ်မြနန္ဒာက မီးအိမ်တင်ထားသော စားပွဲနှင့်ပြတင်းပေါက်အကြားတွင်ရှိ သားရည်ကုလားထိုင်ဟောင်းကြီးကို ညွှန်ပြပြီးပြောသည်။

"ကိုနန်းအောင်ဟာ အဲဒီကုလားထိုင်ပေါ်မှာ ထိုင်ပြီး၊ စာဖတ်ရင်းအိပ်ပျော်သွားတာဖြစ်လိမ့်မယ်။ သူ့အလောင်းကို ကုလားထိုင်နဲ့ ပြတင်းပေါက်အကြားမှာ တွေ့ရတယ်။ ကုလားထိုင်ဟာ နေရာရွှေ့နေတယ်။ ကန့်ကျောက်ထားတဲ့အနေအထားလည်း တွေ့ရတယ်။ မီးအိမ်ဟာလည်း ကျွန်မတို့ သူ့ကိုတွေ့တဲ့အချိန်အထိ လင်းနေတုန်းပဲ"

"ပြတင်းပေါက်ပွင့်နေသလား စဝ်မြနန္ဒာ"

"ဟုတ်ပါတယ် ဦးကျော်စွာ"

"ဒါဆို တစ်ယောက်ယောက်ဟာ ပြတင်းပေါက်က ဝင်နိုင်တာပေါ့"

"ဝင်တဲ့အနေအထားတော့ မတွေ့ရပါဘူးရှင်"

"ဒါဆို ဘာကြောင့် ပြတင်းပေါက်ပွင့်နေတာလဲ။ တစ်ယောက်ယောက်ဝင်လို့ ဖြစ်မှာပေါ့"

"ဘယ်သူက ဒီလို လုပ်မှာတဲ့လဲ ဦးကျော်စွာ"

"အင်း ပြောရမှာတော့ အားနာပါတယ် စဝ်မြနန္ဒာ တစ်ယောက်ယောက်ဟာ ခင်ဗျား လက်ထပ်မှာကို စိုးရိမ်နေဟန်တူတယ်ဗျ"

"ဘာကြောင့်များလဲရှင်"

"အမွေဆက်ခံမှု လမ်းကြောင်းပြောင်းသွားမှာ စိုးလို့ပေါ့။ ခင်ဗျား လက်ထပ်လိုက်ရင် သေတမ်းစာမှာပါတဲ့အစီအစဉ်တွေ ပြောင်းသွားလိမ့်မယ် စဝ်မြနန္ဒာ"

စဝ်မြနန္ဒာ၏ ဖြူဖွေးသန့်စင်သော မျက်နှာပေါ်တွင် ရှက်သွေးဖြာပြီး အနီရောင်သမ်းလာသည်။ "ဟုတ်တယ် ဦးကျော်





စွာ ကျွန်မမရှိရင် ကျွန်မရဲ့ကလေးအကြီးဆုံးဟာ ဒီကျွန်းနဲ့ ဒီအိမ်ကို ရမှာရှင့်"

ခေါင်းငုံ့ပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"တစ်ယောက်ယောက်ဟာ ပြတင်းပေါက်က ဝင်လာပြီး မောင်နန်းအောင်ကို သတ်တယ်လို့ ယူဆရပေမယ့် အခန်းထဲမှာ ခြေရာတော့ မတွေ့ရဘူး"

စုံထောက်ဦးကျော်စွာက မဝေခွဲနိုင်သလို ပြောသည်။

"လူဆိုးတစ်ယောက်ဟာ အခန်းထဲကို ခြေရာမထင်အောင် ဝင်နိုင်ပါတယ်" ကျွန်တော်က ဝင်ပြောပါသည်။

ကျွန်တော် စကားကို ဂရုမစိုက်ဘဲ ကိုကျော်စွာက ဆက်မေးသည်။

"မောင်နန်းအောင်ဟာ ဒီအခန်းထဲမှာပဲ အိပ်ပါသလား"

"မအိပ်ပါဘူး၊ အနောက်ဘက်ဆောင်မှာပဲ အိပ်ပါတယ်။ ကျွန်မတို့ဟာ ဆောင်းရာသီမှာပဲ ဒီအရှေ့ဆောင်ကို ပြောင်းအိပ်တတ်ကြပါတယ်"

စုံထောက်ကိုကျော်စွာသည် ပြတင်းပေါက်သို့ လျှောက်သွားပြီး အိမ်နံရံနှင့်နွယ်ပင်များကို စစ်ဆေးနေလေသည်။ ထို့နောက် ကြမ်းခင်းကော်ဇော်ပေါ်တွင် ဒူးထောက်၍ ငုံ့ကြည့်နေပြန်သည်။ စဝ်မြနန္ဒာက ထိုအခန်းကိုလှဲကျင်းသုတ်သင်ခြင်း မပြုရသေးကြောင်း ပြောပြသည်။ ကိုကျော်စွာသည် တစ်ဖန် ပြတင်းပေါက်တွင်သွားရပ်ပြီး အပြင်ကို ငုံ့ချလိုက်သည်။ ထိုအခါ သူ့လက်သည် မြေပြင်နှင့်ပေအနည်းငယ်သာ ကွာလေတော့

သည်။ ကိုကျော်စွာသည် ခါးပြန်မတ်ပြီး ပြတင်းပေါက်ကို ပိတ်လေ၏။

"ကဲ အပေါ်ထပ်အခန်းကို သွားကြည့်ကြရအောင်"

မကြာခင် ကျွန်တော်တို့သည် ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းထဲသို့ ရောက်လာသည်။ နှစ်ယောက်အိပ်ခုတင်ကြီး နှစ်လုံးမှာ ပြတင်းပေါက်နှင့် နီးကပ်စွာ ရှိနေကြ၏။ အခန်းတွင်းရှိပရိဘောဂများသည် သူမဦးကြီးနှင့် ဖခင်တို့သေဆုံးချိန်က အတိုင်းဖြစ်ကြောင်း စဝ်မြနန္ဒာက ပြောပြသည်။ ထိုအခင်းအကျင်းမှာ လူသတ်သမားအတွက် အလွန်အဆင်ပြေသည်ဟု ကျွန်တော် ထင်ပါသည်။ ကိုကျော်စွာလည်း ထိုအတိုင်းစဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်ကြည့်နေ၏။ ကိုကျော်စွာသည် ပြတင်းပေါက်ကိုဖွင့်၍ နွယ်ပင်များကို လက်ဖြင့်စမ်းကြည့်နေသည်။

"ဒီနွယ်ပင်တွေဟာ ခန္ဓာကိုယ်ပေါ့ပါးတဲ့ လူတစ်ယောက်ရဲ့ အလေးချိန်ကိုတော့ ခံနိုင်လိမ့်မယ်ဗျ" ကျွန်တော် ပြောလိုက်သည်။

"ပေါင်နှစ်ရာအလေးချိန်ကို ခံနိုင်တယ်" ကိုကျော်စွာက ပြောပြသည်။

"အဘွားကွယ်လွန်ပြီးနောက်ပိုင်းမှာ အဘိုးဟာ ဒီနွယ်ပင်တွေကို စိုက်ခဲ့ပါတယ်။ ပထမဆုံးအကြိမ် ဒီကျွန်းကိုလာချိန်မှာ ဒီသစ်ပင်တွေကို ယူလာခဲ့တာပါ" စဝ်မြနန္ဒာက ပြောလေသည်။

"ကျွန်မတို့လဲ လူတစ်ယောက်ဟာ ဒီနွယ်ပင်တွေက တက်လာပြီး၊ အခန်းထဲကိုဝင်တယ်လို့ တွေးခဲ့ပါတယ်။ ဒါပေမယ့် အခန်းထဲမှာ ခြေရာမတွေ့ရတဲ့အပြင်၊ နွယ်ပင်တွေကို လူတက်





တဲ့လက္ခဏာလဲ မတွေ့ရတာခက်နေပါတယ်"

"ဒါပေမယ့် သေဆုံးမှုတွေဖြစ်ပွားချိန်တိုင်းမှာ ပြတင်းပေါက်ပွင့်နေတာဟာတော့ ထူးခြားတယ်ဗျ"

"ကျွန်မလဲ အဲဒီအချက်ကိုပဲ စဉ်းစားမိပါတယ်။ ကျွန်မဦးကြီးသေဆုံးချိန်မှာ အဲဒီမေးခွန်းမေးတာကို မှတ်မိပါတယ်။ အဲဒီအချိန်က ကျွန်မအသက်ဆယ့်ခုနစ်နှစ်ရှိပါပြီ"

"ခင်ဗျား မောင်တွေရော အဲဒီတုန်းကဘယ်အရွယ်တွေရှိကြပြီလဲ စဝ်မြနန္ဒာ"

"သူတို့က ဆယ့်ငါးနှစ်နဲ့ ဆယ့်သုံးနှစ်ရှိကြပါပြီ"

စုံထောက်ကိုကျော်စွာက အခန်းကိုလှည့်ပတ်ကြည့်လေသည်။ ဘာမှ ထူးထူးခြားခြားမြင်ပုံမပေါ်ပါ။ ထို့နောက် ကိုကျော်စွာက ရုတ်တရက်ပြောပြလိုက်သည်။ "ဒီည ကျွန်တော်တို့ ဒီအခန်းမှာ အိပ်ချင်ပါတယ်။ စီစဉ်ပေးနိုင်ပါသလားဟင်"

"ဟုတ်ကဲ့ စီစဉ်ပေးနိုင်ပါတယ်။ ကျွန်မက အနောက်ဘက်ဆောင်မှာပဲ ရှင်တို့အိပ်ဖို့ စီစဉ်ထားတာ။ ကိစ္စမရှိပါဘူးလေ။ ရှင်တို့ အဆင်ပြေမယ့်နေရာမှာ အိပ်နိုင်ပါတယ်။ ဒီဘက်အဆောင်က ပိုပြီး လွတ်လပ်တာပေါ့"

"ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီအခန်းမှာပဲ တစ်ညနှစ်ညလောက်နေမယ်ဗျာ"

ထို့နောက် ကိုကျော်စွာသည် အိမ်ဝင်းထဲတွင် လျှောက်သွားပြီး သစ်ပင်များကို လေ့လာနေပါတော့သည်။ မေဂျာအောင်ဒင်သည် ဘော်နီယိုကျွန်းတွင် ပေါက်သော သစ်ပင်များကို မြိတ်ကျွန်းစုတွင် ရှင်သန်ကြီးထွားအောင် စိုက်ပျိုးနိုင်သောကြောင့်

အုံ့ဩနေသည်။ ဥယျာဉ်ထဲတွင် အလုပ်လုပ်နေသော အလုပ်သမားများနှင့်တွေ့ပြီး မေးခွန်းများမေးပြန်သည်။ အိမ်ဝင်းထဲတွင် ကျေနပ်အောင်ကြည့်ရှုပြီးနောက် ကျွန်းပေါ်သို့ လျှောက်ကြည့်သည်။ ဦးတာနောရှိသော သီးနှံစိုက်ခင်းသို့လည်း သွားကြည့်သေးသည်။ ဦးတာနောသည် စုံထောက်ဦးကျော်စွာမေးသော မေးခွန်းများကို သတိထားပြီးဖြေဆိုရှာသည်။ "ဒီလူကြီးဟာ လျှို့ဝှက်ချက်တစ်ခုခုကို ဖုံးကွယ်ထားတယ်ဗျ"ဟု ဦးကျော်စွာက ကျွန်တော့်အား ပြောပြသည်။

ကျွန်တော်တို့သည် နေ့လယ်စာကို မိမိတို့ဘာသာစားကြပြီး ညနေစာကိုမူ မိသားစုနှင့်အတူ စားကြရပါသည်။ ခွန်သာမောင်ညီအစ်ကိုတို့သည် ကျွန်တော်တို့အား လိုလားပုံမရမှုကို သိသာထင်ရှားစွာ ဖော်ပြနေကြသည်။ ထို့ကြောင့် ညနေစာစားရသည်မှာ စိတ်ပျက်စရာကောင်းနေတော့သည်။ ညနေစာစားပြီးနောက် ဧည့်ခန်းတွင် ထိုင်ဖြစ်ကြချိန်တွင် စုံထောက်ဦးကျော်စွာက သူတို့အား မေးခွန်းများမေးတော့သည်။

"ခင်ဗျားတို့ အဘိုးရဲ့သေတမ်းစာမှာပါတဲ့ အချက်တွေကို တို့သိကြသလား" ကိုကျော်စွာက ခွန်သာမောင်ကို စတင်မေးသည်။

"မိုတစ်အော့ကရှိုင်းကို သိချင်လို့ မေးတာမဟုတ်လား စုံထောက်ကြီး" ခွန်သာမောင်က ပမာမခန့်ပြန်ပြောသည်။

"ကျုပ် မေးတာကိုသာ ဖြေပါ။ စောခွန်သာမောင်" ဦးကျော်စွာက တည်ကြည်စွာ ပြောသည်။

"သူ မေးတာကို ဖြေလေ" စဝ်မြနန္ဒာက သူ့မောင်ကို





အမိန့်ပေးလိုက်သည်။

"သိတယ်လေ။ အဲဒါ ဘာဖြစ်သလဲ"

ကိုကျော်စွာက ခွန်သာချိုကိုကြည့်ပြီး တဲ့တိုးမြော်သည်။

"ခင်ဗျားတို့ဟာ ကိုနန်းအောင်ကို သဘောမကျဘူးလို့ ကျုပ်ထင်တယ်"

"ဟုတ်တယ် သဘောမကျဘူး" ခွန်သာချိုက ပြတ်သားစွာဖြေသည်။ "သူဟာ အစ်မတော်ကို ကျွန်တော်တို့ဆီက လုယူမယ့်လူပဲဗျ။ နေပါဦး နေ့လယ်က အလုပ်သမားတွေကို ဘာတွေမေးနေတာလဲ။ ကျွန်တော်ဟာ ငယ်ငယ်ကတည်းက ဒီနွယ်ပင်တွေကို မျောက်တစ်ကောင်လို ဆင်းနိုင်တက်နိုင်တဲ့ အကြောင်းကို သူတို့က ပြောမပြဘူးလား"

ခွန်သာညီအစ်ကိုသည် ကိုကျော်စွာဆက်မေးသော မေးခွန်းများကို ကောင်းစွာမဖြေဘဲ အလားတူပင် မထေမဲ့မြင်ဖြေကြသည်။ ကိုကျော်စွာသည် မေးခွန်းအနည်းငယ်ဆက်မေးပြီးနောက် 'ကျေးဇူးတင်ပါတယ်'ဟု တည်ကြည်စွာ ပြောလိုက်သည်။ ထို့နောက် ကျွန်တော်တို့သည် ညအိပ်မည့်အခန်းသို့ လာခဲ့ကြသည်။

"ဘယ်လိုလဲ ကိုမြင့်မောင် ဘော်နီယိုကျွန်းက တိုင်းရင်းသားတွေ အထွတ်အမြတ်ထားတဲ့ ပစ္စည်းယူလာလို့ ဒီပစ္စည်းပြန်ရအောင် ကြိုးစာရင်း လူသတ်မှုတွေဖြစ်တယ်လို့ ခင်ဗျား ထင်နေတုန်းပဲလား"

"ကျွန်တော်တော့ အဲဒီလိုပဲ ထင်နေတယ်" အခုအထိ သိထားတဲ့ အချက်အလက်တွေအရဆိုရင် မောင်နန်းအောင်

သေဆုံးတာကလွဲပြီး ကျန်တဲ့သေဆုံးမှုတွေဟာ အမွေဆက်ခံမှုနဲ့ မပတ်သက်သလို ဖြစ်နေတယ်ဗျ၊ ဒါပေမယ့် ဦးတာနေ့ာကိုလဲ မေ့ထားလို့မဖြစ်ဘူး"

"သူဟာ အမွေဆက်ခံမှုရှိသူတွေထဲမှာ အခွင့်အရေး အနည်းဆုံးပဲ" စုံထောက်ဦးကျော်စွာက ပြောပြသည်။

စုံထောက်ဦးကျော်စွာ၏ ထောက်ခံမှုရရှိသဖြင့် ကျွန်တော်အားရှိသွားပါသည်။

"စင်မြန္နှာ လက်ထပ်ရင် အမွေဆက်ခံမှုလမ်းကြောင်းဟာ ပြောင်းသွားလိမ့်မယ်ဗျ"

"ဦးတာနေ့ာဟာ ဒီကျွန်းနဲ့ ဒီအိမ်ကိုပိုင်ဆိုင်ခွင့်ရဖို့အတွက် ကြားခံနေသူတွေအားလုံးကို သတ်ပစ်မယ်လို့ ခင်ဗျား ယူဆသလား"

"အဲဒီလိုလဲ ယူဆနိုင်တာပဲ"

"ခင်ဗျား အယူအဆမှန်တယ်ပဲ ထားပါစို့၊ လူသတ်မှုတွေဟာ တစ်ခုနဲ့တစ်ခု အချိန်ကာလသိပ်ကွာဟနေတယ်ဗျ။ အခုပဲ သူက အိုမင်းလှပြီ"

"လောဘစိတ်ဟာ အနိစ္စတရားကို မေ့လျော့စေပါတယ် ကိုမြင့်မောင်"

"ဒါဆို သူဟာ အခန်းထဲကို ခြေရာမထင်အောင် ဘယ်လို ဝင်သလဲ။ လူရိုင်းတွေကို မေ့ထားလိုက်ပါ။ သူတို့ဟာ အထွတ်အမြတ်ပစ္စည်းပြန်ရဖို့ ဒီလောက်ကြာအောင် အချိန်စောင့်ကြမှာ မဟုတ်ဘူး"

"ခြေရာမထင်အောင် အခန်းထဲဝင်တဲ့ ကိစ္စကိုခုထိ





စဉ်းစားလို့မရသေးပါဘူး" ကျွန်တော် လေသံပျော့ပျော့ဖြင့် ဝန်ခံလိုက်ရပါသည်။

"ဒီအမှုမှာ အဲဒီကိစ္စဟာ အဓိကအချက်ပဲဗျ"

ကိုကျော်စွာက ပြောပါသည်။ ကျွန်တော်လှမ်းကြည့်သောအခါ သူ့မျက်နှာပြုံးတုံးတုံးဖြစ်နေသည်ကို မြင်ရသည်။

"ခင်ဗျား လူသတ်သမားကို သိနေပြီ မဟုတ်လား ကိုကျော်စွာ"

"ကျွန်တော် ရန်ကုန်က ထွက်လာတာ အဲဒီအလုပ်ကို လုပ်ဖို့ပဲ။ ဒီလောက်ဇဝေဇဝါဖြစ်ရတဲ့အမှုမျိုးကို အရင်က မကြုံဖူးဘူးဗျ၊ ဒီအမှုမှာ အရေးကြီးတယ်လို့ ယူဆနိုင်တဲ့အချက်တွေ အများကြီးရှိနေတယ်။ ကျွန်တော်ဟာ တိုက်ဆိုင်မှုဆိုတာကို လက်ခံတဲ့လူမျိုးတော့ မဟုတ်ပါဘူး။ ဒီအိမ်မှာဖြစ်ခဲ့တဲ့ လူသေမှုတွေဟာ နှစ်တစ်နှစ်ရဲ့ ဒီအချိန်မှာပဲ ဖြစ်ကြတာကိုကော ထူးဆန်းတယ်လို့ ခင်ဗျား မထင်ဘူးလား"

"ဒါဟာ တိုက်ဆိုင်မှုပါဗျာ"

"ခင်ဗျား ဒီလိုပြောမယ်လို့ ထင်သားပဲ။ မိသားစုတွေဟာ ဆောင်းရာသီမှာ အိမ်ရဲ့အရှေ့ဘက်ဆောင်မှာ နေကြတယ်။ အဲဒါဘာကြောင့်လဲ။ အဲဒီအကြောင်းကို ကျွန်တော် သေသေချာချာစုံစမ်းပြီးပြီ။ ဒါဟာ မေဂျာအောင်ဒင်ကိုယ်တိုင် ချမှတ်ခဲ့တဲ့ စည်းကမ်းချက်ဖြစ်ပြီး မိသားစုဟာ စည်းကမ်းကို လိုက်နာကြတယ်။ ဒီအချက်ကို ခင်ဗျား ဘယ်လိုသဘောပေါက်သလဲ ကိုမြင့်မောင်"

မည်သို့မှ သဘောပေါက်လို့မရကြောင်း ကျွန်တော် ဝန်ခံလိုက်ရပါသည်။

"ဟုတ်ပြီ ကျွန်တော်လဲ မှားကောင်းမှားနိုင်ပါတယ်။ ဒီအချက်ဟာ ဒီပြင်အချက်တွေနဲ့ ဆက်စပ်မှုရှိတယ်လို့ ကျွန်တော် တွေးမိတယ်ဗျာ။ ပြီးတော့ အမှုတိုင်းမှာ တစ်ယောက်ယောက်ဟာ ပြတင်းပေါက်က ဝင်တယ်လို့ ကျွန်တော်တို့ လက်ခံထားကြတယ် နော်"

ကျွန်တော် သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်ပါသည်။

"ပြီးတော့ ခြေရာမတွေ့တာကိုလဲ ထူးဆန်းတယ်လို့ ခင်ဗျား မထင်ဘူးလား။ ပြတင်းပေါက်ဘောင်နဲ့ မြေပြင်ပေါ်မှာ ခြေရာလက်ရာမှ တွေ့ရဘူး။ နွယ်ပင်တွေမှာလဲ သစ်ကိုင်းတွေ ကျိုးပဲ့နေတာ မတွေ့ရဘူးဗျ"

"ကိုယ် အလေးချိန်ပေါ့ပါးပြီး လေ့ကျင့်ထားတဲ့ လူတစ်ယောက်ဟာ ခြေရာလက်ရာမကျန်စေဘဲ ဒီအလုပ်မျိုးလုပ်နိုင်ပါတယ်ဗျာ"

ကျွန်တော်က ပြောပြလိုက်သည်။

"ဒီလို လုပ်နိုင်ဖို့ အတော်ခဲယဉ်းတယ်ဗျ"

"စောခွန်သာချိုက သူလုပ်နိုင်တယ်လို့ ဝန်ခံထားတယ်လေ"

"မဖြစ်နိုင်ပါဘူး။ သူ ကျွန်တော့်ကို ဘက်တိုက်ပြောတာပါ။ ကျွန်တော် သေသေချာချာ ကြည့်ပြီးပြီ။ နွယ်ပင်တွေမှာ လူတက်ထားတဲ့အရိပ်လက္ခဏာ လုံးဝမတွေ့ရဘူး"





"ဒီလူသတ်မှုတွေကို လူတစ်ယောက်က စကျူးလွန်ခဲ့ပြီး။ ဒီလူသေသွားတဲ့နောက်မှာ သူ့အဆက်အနွယ်တွေက ဆက်ကျူးလွန်နေတာကော မဖြစ်နိုင်ဘူးလား"

ဤတွင် စုံထောက်ဦးကျော်စွာက ပြုံးလိုက်ပြီး။

"နောက်ဆုံးတော့ လူဆိုးတစ်ယောက်ရဲ့လက်ချက်ဆိုတဲ့ အယူအဆကို ပြန်ရောက်လာပါရောလား ကိုမြင့်မောင်။ အထွတ်အမြတ်ထားတဲ့ ပစ္စည်းတစ်ခုကြောင့် လူသတ်မှုတွေဖြစ်ရတယ်ဆိုတဲ့ အယူအဆကို ကျွန်တော် လက်မခံဘူးဗျနော် ကိုမြင့်မောင်"

"ကျွန်တော်တော့ အဲဒီလိုပဲ ယူဆတယ်။ ခင်ဗျားမှာကော ဒီပြင်တွေးလုံးရှိနေပြီလား ကိုကျော်စွာ"

"ရှိတာပေါ့ဗျာ" သူက ပြောပြသည်။

ဤတွင် ကျွန်တော်က အမောတကော မေးကြည့်သည်။

"ခင်ဗျား တွေးလုံးသေချာရင် ဘာကြောင့် အချိန်ဖြုန်းနေတာလဲ။ လူသတ်သမားကို ဘာကြောင့် မဖမ်းသေးတာလဲဗျ"

"သေချာပေမယ့် လက်တွေ့စမ်းသပ်ရမယ့် အချက်နည်းနည်းရှိနေသေးတယ်ဗျ၊ စောင့်ကြည့်ရဦးမယ်။ ခင်ဗျားလဲ အခန်းထဲကို နောက်တစ်ကြိမ်ဝင်လာမယ့်လူဆိုးကို စောင့်ပေါ့ဗျာ။ ဒီညဟာ တော်တော်အိုက်တယ်။ အခန်းရဲ့အခြေအနေကတော့ အရင်လူသေမှုသုံးခုဖြစ်ခဲ့တဲ့ ညတွေနဲ့လဲ တူနေတယ်ဗျ"

"တစ်ခုတော့ မတူဘူး" ကျွန်တော် ပြောလိုက်ပါသည်။ "ကျွန်တော်တို့ဟာ မြသန္တာကျွန်းနဲ့သောကမြိုင်စံအိမ်ကြီးကို အမွေဆက်ခံရမယ့် လူတွေမဟုတ်ကြဘူးဗျ"

"ရော့ ကျွန်တော့်သေနတ်ကို ယူထားပါ ကိုမြင့်မောင်

ဒါဆိုလူဆိုးကို ကာကွယ်နိုင်ပါပြီ။ ကျွန်တော့်အတွက် မေဂျာကိုင်ခဲ့တဲ့ဓားကိုပဲ ယူထားမယ်။ ဒါဆို ကျွန်ပော့်လည်ပင်းကိုဖြစ်မှာ ညစ်မှာကို ဖြတ်နိုင်ပါပြီ"

"ဒီညမှာ တစ်ခုခုတော့ ဖြစ်လိမ့်မယ်လို့ ခင်ဗျားမျှော်လင့်ထားသလား ကိုကျော်စွာ"

"ဟုတ်တယ် ကျွန်တော် ဒီလိုပဲ ထင်နေတယ်။ ကဲ ကိုမြင့်မောင် ညက ကျွန်တော်တို့ ကောင်းကောင်းမအိပ်ခဲ့ကြရဘူး။ ကျွန်တော် အနားယူတော့မယ်ဗျာ။ သတိတော့ထားဗျို့"

မြသန္တာကျွန်းပေါ်ရှိ သောကမြိုင်စံအိမ်ကြီး၏ လူသေမှုသုံးကြိမ်ဖြစ်ပွားခဲ့သည့် အိပ်ခန်းထဲတွင် ထိုညက တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပြန်စဉ်းစားမိတိုင်း ကျွန်တော်အလွန်တုန်လှုပ်ချောက်ချားရပါသည်။ ထိုညက ကျွန်တော်သည် ညဉ့်နက်မှ အိပ်ပျော်သွားခဲ့သည်။ အိပ်မပျော်တပျော် ဖြစ်နေချိန်တွင် ကိုကျော်စွာသည် အိပ်ရာပေါ်မှထပြီး ကုလားထိုင်ပေါ်သို့သွားထိုင်သည်ကို နောက်ဆုံးမြင်ခဲ့ပါသည်။ သူသည် ပြတင်းပေါက်ကို မျက်နှာပြုထိုင်ပြီး ဓားကို အနားတွင် ချထားသည်။ ကုလားထိုင်မှာ စေ့ထားသော အခန်းတံခါးကို ကျောပေးထားသည်။ အခန်းတံခါးကို စေ့ရုံစေ့ထားခြင်းဖြင့်လည်းကောင်း၊ ပြတင်းပေါက်ကို ဖွင့်ထားခြင်းဖြင့်လည်းကောင်း အိမ်ထဲမှလာမည့်ရန်သူကိုသာမက အပြင်မှလာမည့် ရန်သူကိုပါ မျှော်လင့်ထားပုံရသည်။ ကျွန်တော်သည် အိပ်ချင်မူးတူးဖြစ်နေသည့် အကြားမှ ခေါင်းအုံးအောက်တွင်ထားသော သေနတ်ကို စမ်းဖြစ်အောင်စမ်းလိုက်ပါသည်။ အေးစက်သော သေနတ်ကို စမ်းမိမှ စိတ်ချစွာဖြင့် အိပ်





ပျော်ခဲ့ပါသည်။

ကျွန်တော်အိပ်ပျော်နေစဉ် အိပ်မက်ဆိုးများမက်နေပါသည်။ အိပ်မက်ထဲတွင် ကျွန်တော့်အား မြွေပေါင်းမြောက်မြားစွာက ရစ်ပတ်နေလေသည်။ ကျွန်တော်၏ ကြောက်လန့်မှုကိုစာဖြင့်ရေးသားဖော်ပြနိုင်စွမ်းမရှိပါ။ အော်ရန်ကြိုးစားသော်လည်း အသံထွက်မလာပါ။ ကျွန်တော့်တစ်ကိုယ်လုံးတင်းကြပ်ပြီး မခံမရပ်နိုင်အောင် နာကျင်နေသည်။ ကြိုးများဖြင့် အထပ်ထပ်ရစ်ပတ်ပြီး ဖျစ်ညှစ်ခြင်းခံရသကဲ့သို့ ခံစားနေရသည်။

ထိုအခိုက် ကိုကျော်စွာသည် ကျွန်တော့်ခုတင်အနီးသို့ လျင်မြန်စွာချဉ်းကပ်လာပြီး ကိုယ်လုံးအား ရစ်ထားသည့် ကြိုးများကို ဓားဖြင့်မနားတမ်းလှီးဖြတ်နေသည်။ ပါးစပ်မှလည်း "ကိုင်းသွားပေရော့ ကဲ သွားစမ်း သွေ့စုတ်ကောင်တွေ" ဟု ရေရွတ်ကြိမ်းမောင်းနေသည်။

မကြာခင် ကျွန်တော် ခံစားနေရသောတင်းကြပ်မှုများ ပြေပျောက်သွားပြီး အသက်ပြန်ရှူလာနိုင်သည်။ ကျွန်တော် လှမ်းကြည့်သောအခါ မြွေကြီးများကဲ့သို့ တယမ်းယမ်းဖြင့် ပြတင်းပေါက်မှဝင်လာသော နွယ်ပင်များကို တွေ့ရသည်။ ကိုကျော်စွာသည် ထိုနွယ်များကို ဓားဖြင့်ပိုင်းချပြီး ပြတင်းပေါက်ကို လျင်မြန်စွာပိတ်လိုက်သည်။

ကျွန်တော်သည် တစ်ကိုယ်လုံးနာကျင်ပြီး အင်အားချည့်နဲ့နေသောကြောင့် အိပ်ရာမှမထနိုင်ဘဲ ဖြစ်နေပါသည်။ ကိုကျော်စွာသည် ကျွန်တော့်အား စိုးရိမ်ပူပန်စွာကြည့်ပြီး ပြောပါတော့သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ကိုမြင့်မောင်၊ ကျွန်တော်တွေးတဲ့အတိုင်း ဟုတ်မှဟုတ်ပါ့မလားလို့ သံသယရှိတာကြောင့် ခင်ဗျားကို မပြောခဲ့တာပါ"

"လူသတ်သမားကို မိပြီလားဗျ" ကျွန်တော်က အလောတကြီးမေးလိုက်ပါသည်။

"လူသတ်သမားလို့ သတ်မှတ်ရမယ့်လူဟာ လွန်ခဲ့တဲ့ဆယ့်နှစ်နှစ်ကတည်းက သေဆုံးသွားပါပြီဗျာ။ အဲဒီလူဟာ မေဂျာအောင်ဒင်ပဲ၊ သူ့ရဲ့ ထူးဆန်းတဲ့ လက်နက်ကတော့ ကျန်ရစ်ခဲ့တယ်လေ"

အခန်းထဲတွင် အတုံးအရုံးပြတ်ကျနေသော လူ့အသားနှင့်တူသည့် နွယ်ပင်အပိုင်းအပြတ်များပြန့်ကြဲနေသည်။ ကြက်သွေးရောင်ပန်းပွင့်များပွင့်နေသည့် နွယ်ပင်များဖြစ်သည်။ ထိုနွယ်ပင်များသည် ပြတင်းပေါက်မှဝင်လာပြီး စဝ်မြနန္ဒာ၏ ဖခင်နှင့်ဦးကြီးကိုလည်းကောင်း၊ မောင်နန်းအောင်ကိုလည်းကောင်း၊ ဖျစ်ညှစ်သတ်ဖြတ်ခဲ့ကြသည်။ ကျွန်တော့်ကိုလည်း ထိုနည်းအတိုင်း သတ်ဖို့ကြိုးစားခဲ့ပြန်သည်။

"ကျွန်တော့်အိပ်ငိုက်နေရာက ခင်ဗျားအော်သံကြောင့် လန့်နိုးလာတယ်။ လှမ်းကြည့်လိုက်တော့ ကြမ်းပေါ်မှာ တရွေ့ရွေ့သွားနေတဲ့ နွယ်တွေကို တွေ့ရတယ်။ သူတို့ ကြည့်ရတာ သားကောင်ဆီကို သွားနေတဲ့ မြွေတွေလိုပဲ ပြတင်းပေါက်တစ်ခုလုံးဟာ တလှုပ်လှုပ်တယမ်းယမ်း ဖြစ်နေတဲ့နွယ်နွှာမောင်းတွေနဲ့ ပြည့်နေတယ်ဗျ။ အဲဒီမြင်ကွင်းကို ကျုပ် တစ်သက်လုံး ဘယ်တော့မှ မေ့မှာမဟုတ်ဘူး ကိုမြင့်မောင်"





နောက်တစ်နေ့တွင် ကျွန်တော်တို့သည် မြစ်ကြီးနားမြို့သို့ ဦးတည်သွားနေသော မော်တော်ပေါ်တွင် ရောက်နေကြသည်။ ဒီတော့မှ ကိုကျော်စွာက အမှုအကြောင်းကို ရှင်းလင်းပြောပြသည်။

"ဒီအမှုမှာ ထူးခြားမှုတွေရှိနေတယ်။ သေဆုံးမှုတွေအားလုံးဟာလဲ အိမ်ရဲ့အရှေ့ဆောင်အခန်းတွေမှာဘဲ ဖြစ်ခဲ့တယ်။ အဲဒီအဆောင်ဘက်မှာ ခွေးတွေကြောင်တွေသေခဲ့တယ်။ နွေရာသီလိုအပူရှိန်အပြင်းထန်ဆုံး အချိန်မျိုးမှာမှ သေခဲ့ကြတယ်လေ။ ပြီးတော့ ညဘက်မှာပဲ ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ သေဆုံးသူတွေအိပ်မောကျနေတာကြောင့် နွယ်တွေဟာ သူတို့ရဲ့သားကောင်တွေကို အလွယ်တကူရစ်ပတ်နိုင်ခဲ့တယ်။ နိုးနေတဲ့လူတွေဆိုရင် နွယ်တွေကို ရှောင်နိုင်တာပေါ့"

"ဒီနွယ်ပင်တွေဟာ အူးပါးသစ်ပင်မျိုးဝင်ဖြစ်ပြီး လူတွေ တိရစ္ဆာန်တွေရဲ့ သွေးကိုစုတ်တတ်တယ်။ နွေရာသီအလယ်မှာ ပန်းပွင့်ပြီး အဲဒီအချိန်မှာ အပင်သိပ်ကြီးထွားလေ့ရှိတယ်။ မေဂျာဟာ ဒီအပင်တွေကို ဘော်နီယိုကျွန်းတောနက်ထဲက ယူလာတာဖြစ်မယ်။ သေဆုံးသူတွေနဲ့ တိရစ္ဆာန်တွေရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးတစ်စက်မှ မရှိတော့တာကို ဘယ်သူမှ မသိကြဘူး။ ဒီနွယ်ပင်တွေဟာ ဖုတ်ဝင်နေတဲ့ သတ္တဝါတွေလို သွေးစုတ်ပြီး ရှင်သန်ကြတာဗျ"

"မေဂျာအောင်ဒင်ဟာ ဒီနွယ်ပင်တွေရဲ့ အကြောင်းကို အစကတည်းက သိလိမ့်မယ်။ ဒါကြောင့် နွေရာသီမှာ အရှေ့ဘက်ဆောင်မှာ မနေခဲ့ဘူး။ သူ့မိသားစုဟာ သူ့ထုံးစံကို လိုက်နာတဲ့

အတွက် အသက်ရှင်ခဲ့ကြတာဖြစ်မယ်။ မလိုက်နာရင် သေတာကြာပြီပေါ့ဗျာ"

"မေဂျာအောင်ဒင် ဒီနွယ်ပင်တွေကို စိုက်ခဲ့တဲ့ ရည်ရွယ်ချက်တိတိကျကျကိုတော့ မပြောနိုင်ဘူး။ သူ့သားသမီးတွေဟာ အမွေဆက်ခံသူ စာရင်းထဲမှာ သူ့အော်ဒလီဖြစ်ခဲ့တဲ့ ဦးတာနောကို ထည့်ခဲ့တာကို ကျေနပ်ပုံမရကြဘူး။ သူ့အစီအမံကို အာခံချင်သူတွေအတွက် ထောင်ချောက်ဆင်ခဲ့တာလဲ ဖြစ်နိုင်တယ်။ သူဟာ သူ့မိသားစုအပါအဝင် လူတွေအားလုံးကို မုန်းတီးခဲ့တယ်။ သူရဲ့ မကောင်းတဲ့ရည်ရွယ်ချက်ဟာ သူ့မိသားစုအတွက် ကျိန်စာဖြစ်ခဲ့တယ်။ ခုတော့ မြသန္တာကျွန်းပေါ်က သော်ကမြိုင်စံအိမ်ကြီးမှာ ကျရောက်နေတဲ့ ကျိန်စာဟာ ပျက်ပြယ်သွားပြီလို့ပဲ ဆိုပါတော့ဗျာ"

ကျွန်တော်တို့၏ စုံထောက်ကြီး ဦးကျော်စွာက မြိန့်မြိန့်ကြီးပြုံးရင်း သူ့စကားကို အဆုံးသတ်လိုက်ပါသတည်း။



ဘသက်ဆွေ၏

# ငြိုပြာ်မွှေတဲ့ ပတ္တမြား

လူငယ်တစ်ဦး၏လျှို့ဝှက်ခွန်အားဝတ္ထု

ဘသက်ဆွေ



# အခန်း(တစ်)

ကျွန်တော်နေထိုင်သော ကဒုံကနိကျေးရွာမှာ ပင်လယ်ကမ်းစပ်တွင်ရှိပြီး၊ ရွာသူရွာသားများသည် ပင်လယ်ငါးဖမ်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ထို့အပြင် မီးသွေးဖုတ်ခြင်း၊ ထင်းခုတ်ခြင်း၊ အုံမဲလိုက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသေးသည်။

ကျွန်တော့်အမည်မှာ မောင်ဗအေးဖြစ်သည်။ ဤအဖြစ်အပျက်စတင်ချိန်က ကျွန်တော့်အသက်မှာ တစ်ဆယ့်ငါးနှစ်ခန့်သာ ရှိပါသေးသည်။ ကျွန်တော့်မှာ မိဘမဲ့ဖြစ်ပြီး ငယ်စဉ်ကပင် အဒေါ်နှင့်နေခဲ့ရသည်။ အဒေါ့်အမည်မှာ ဒေါ်သူဇာဖြစ်ပြီး အလွန်စည်းကမ်းကြီးသော အပျိုကြီးတစ်ယောက်လည်းဖြစ်သည်။ အဒေါ်သည် အိမ်ဆိုင်ကလေးတစ်ဆိုင် ဖွင့်ထားပါသည်။





ဤအဖြစ်အပျက်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင် တစ်ခုသော နွေရာသီတွင် စတင်ခဲ့ပါ၏။ ထိုနေ့ နေ့ခင်းတွင် ကျွန်တော်သည် ကျောင်းစာကိုဖတ်ရှုနေခဲ့သည်။ ကျွန်တော်ဖတ်နေသော အကြောင်းမှာ မောင်လူဒင်နှင့်ထူးဆန်းသော မီးခွက်အကြောင်းဖြစ်သည်။ မောင်လူဒင်က သူ့အားမီးခွက်မပေးသဖြင့် မှော်ဆရာကြီးသည် မောင်လူဒင်အား ဂူထဲတွင်ပိတ်ပြီး ထွက်သွားသည့် အခန်းဖြစ်သည်။ စာဖတ်ရင်း ကျွန်တော်အိပ်ပျော်သွားခဲ့သည်။ အိပ်ပျော်နေခိုက် ကြောက်စရာကောင်းသော အိပ်မက်ကို မက်ခဲ့သည်။ အိပ်မက်ထဲတွင် ကျွန်တော်သည် အခန်းတစ်ခန်းထဲတွင် ပိတ်မိနေပြီး အခန်းနံရံများသည် ကျွန်တော့်ထံသို့ တရွေ့ရွေ့လာနေသည်ကို မြင်နေရသည်။ မကြာခင် ကျွန်တော့်ခန္ဓာကိုယ်သည် နံရံများနှင့် ညပ်တော့မည်ဖြစ်သည်။ ကျွန်တော် အလွန်ကြောက်နေ၏။ အဒေါ့်အားလှမ်းခေါ်သော်လည်း အသံကမထွက်။ ခြေနှင့်လက်များကလည်း လှုပ်ရှားမရဘဲ ဖြစ်နေသည်။ နောက်ဆုံးတွင် ငယ်သံပါအောင်အော်ရင်း အိပ်ရာမှ နိုးလာတော့၏။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ချွေးများစိုရွှဲနေသည်။ ထို့ကြောင့် အိပ်ရာမှထပြီး မျက်နှာသစ်ရ၏။ ထို့နောက် စိတ်ပြေလက်ပျောက်သဘောဖြင့် အိမ်မှထွက်လာခဲ့မိပါတော့သည်။

နေဝင်ချိန်ဖြစ်သော်လည်း အပြင်ဘက်တွင် သိပ်မမှောင်သေးပေ။ ညနေခင်းသည် ထူးထူးခြားခြား တိတ်ဆိတ်နေ၏။

ကျွန်တော်သည် ရွာအပြင်သချိုင်းဟောင်းရှိရာသို့ ဦးတည်လျှောက်လာခဲ့၏။ သချိုင်းဟောင်းမှာ ရွာနှင့်ဝေးပြီး ပင်လယ်

နှင့်နီး၏။ ကျွန်တော်လျှောက်လာသော လမ်းနှင့် မလှမ်းမကမ်းတွင် သချိုင်းအသစ်ရှိသည်။ ကျွန်တော်လမ်းလျှောက်လာရင်း သချိုင်းသစ်ဘက်သို့ လှည့်ကြည့်မိ၏။ အုတ်ဂူအသစ်တစ်လုံးဘေးတွင် အလုပ်လုပ်နေသော ပန်းရံဆရာဦးပွကို တွေ့ရသည်။ ကျွန်တော်ဦးပွဆီသို့ လျှောက်သွားပြီး အုတ်ဂူဘေးမှ လှမ်းမြင်ရသော စာကိုဖတ်လိုက်၏။

မောင်ဟံမြင့်
အသက်(၁၅)နှစ်

ကဒုံကနီတစ်ရွာလုံးပင် သေဆုံးသူ မောင်ဟံမြင့်ကို သနားကြ၏။ မောင်ဟံမြင့်သည် ဒို့ဘခက် စားသောက်ဆိုင်ပိုင်ရှင် ဦးဘခက်၏ တစ်ဦးတည်းသောသားဖြစ်ပါသည်။

ထိုအချိန်မှာ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများက အင်္ဂလိပ်အစိုးရအား လက်နက်စွဲကိုင်ပြီး တော်လှန်နေချိန်ဖြစ်သည်။ မြစ်ဝကျွန်းပေါ် ဒေသများဖြစ်သော ဒေးဒရဲ ဖျာပုံ၊ မအူပင်နယ်များတွင် တောင်သူလယ်သမားနှင့် အင်္ဂလိပ်တင်များ မကြာခဏတိုက်ပွဲဖြစ်နေသည်။

ဦးဘခက်မှာ ဒို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက်ဖြစ်သည်။ သခင်ဘခက်သည် မိမိဒေသမှ လယ်သမားများကို စည်းရုံး၍ အင်္ဂလိပ်အစိုးရအား လက်နက်စွဲကိုင်တော်လှန်ရန် ကြံစည်ခဲ့သည်။ တစ်ညတွင် သခင်ဘခက်နှင့် တော်လှန်ရေးသမားများသည် တောတွင်းတစ်နေရာတွင် လျှို့ဝှက်တွေ့ဆုံပြီး အစည်းအဝေးလုပ်ခဲ့ကြ၏။ ထိုအချိန်မှာပင် အင်္ဂလိပ်အလိုတော်ရိ သူကြီး





ဦးတိုင်းကျော်နှင့်ပုလိပ်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ကြလေသည်။ ဦးဘခက်နှင့် တော်လှန်ရေးသမားများ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း သူ သွားလေရာသို့ အမြဲခေါ်သွားလေ့ရှိသည့် သားဖြစ်သူ မောင်ဟံမြင့်မှာ သေနတ်ထိမှန် သေဆုံးခဲ့၏။

ကဒုံကနီတစ်ရွာလုံး ထိုအကြောင်းသိသော်လည်း မောင်ဟံမြင့်သည် တောထဲတွင်အမဲပစ်သွားရင်း မတော်တဆ သေနတ်ထိမှန်သေဆုံးသည်ဟု အတင်းလွှင့်ထားကြရသည်။ မောင်ဟံမြင့်အလောင်းကို ချက်ချင်းပင် ဂူသွင်းလိုက်ကြ၏။ ပန်းရံဆရာဦးပွမှာလည်း ဒို့ဗမာအစည်းအရုံးဝင် သခင်ပွဖြစ်သည်။

ဦးပွသည် အုတ်ဂူဘေးမှ စာလုံးများကို စိတ်မကောင်းစွာကြည့်နေ၏။

"အင်း လွတ်လပ်ရေးအတွက် စတေးရတဲ့အသက်တွေ မနည်းတော့ဘူး။ ဘာပဲဖြစ်ဖြစ် လွတ်လပ်ရေးမရမချင်း ငါတို့ အသက်တွေပေးဆပ်ပြီး တိုက်ပွဲဝင်ရမှာပဲ" ဟု တိုးတိုးရေရွတ်နေသည်။

ဦးပွသည် အံကိုတင်းတင်းကြိတ်ထားသည့်ကြားမှ မျက်ရည်များကျနေ၏။ ထို့နောက် ကျွန်တော့်ကိုမြင်သွားပြီး ပြောတော့သည်။

"အော် . . မောင်ဗအေး၊ မင်း အခုသချိုင်းဟောင်းကို သွားမလို့လား၊ မိုးချုပ်နေပါပြီကွာ။ ငါနဲ့အတူ ဒို့ဘခက်ဆိုင်ကို လိုက်ခဲ့ပါလား။ ကိုဘခက်ကြီးခမျာမှာ သိပ်စိတ်ထိခိုက်နေရှာတယ်ကွ။ သူ့ကို အားပေးစကား သွားပြောရအောင်လေကွာ"

"ဒို့ဘခက်" စားသောက်ဆိုင်တွင် သခင်များစုဝေးလေ့ရှိသဖြင့် အဒေါ်က မသွားရန် တားမြစ်ထားပါသည်။ သို့သော် ထိုညက ကျွန်တော်သည် ဒို့ဘခက်စားသောက်ဆိုင်သို့ ဦးပွနှင့် အတူ လိုက်သွားခဲ့၏။

"ဒို့ဘခက်" စားသောက်ဆိုင်မှာ သစ်သားအိမ်ကို ရှေ့ပိုင်းတွင် ဆိုင်ဖွင့်ပြီး နောက်ဘက်တွင် လူနေခန်းဖွဲ့ထား၏။

ဦးပွသည် ဆိုင်တံခါးကို အသာဖွင့်ပြီး ရှေ့မှဝင်သွား၏။ ကျွန်တော်က သူ့နောက်မှ လိုက်ခဲ့၏။ ဆိုင်ထဲတွင် စားသောက်သူတစ်ယောက်မှ ရှိမနေပါ။ ဦးဘခက်သည် တစ်ယောက်တည်း စားပွဲတွင် ထိုင်နေ၏။ သူ့ရှေ့တွင် ပုလင်းတစ်လုံးနှင့် ဖန်ခွက်ချထား၏။ ဦးဘခက်မှာ အသက်(၄၈)ခန့်ရှိပြီး ကိုယ်ခန္ဓာထွားကျိုင်းလှသူလည်းဖြစ်သည်။

"ကလေးကို ဘာလို့ခေါ်လာတာလဲကွာ"

ဦးဘခက်က လှမ်းပြောသည်။

"ဗအေးက မောင်ဟံမြင့် သူငယ်ချင်းလေ၊ မောင်ဟံမြင့်နဲ့အသက်အတူတူပဲ၊ ထွားကျိုင်းပုံကလဲ မောင်ဟံမြင့်နဲ့တူတယ်၊ လူအေးကလေးပါ။ နောင်ကျရင် ခင်ဗျား သူ့ကိုခင်သွားမှာပါဗျ"

ဦးပွက ရှည်လျားစွာပြောပြသည်။

"အင်း ကျုပ်သားလေးကတော့ သေသွားရှာပြီ၊ ဒင်းတို့ကို ကျုပ် ဘယ်တော့မှ မကျေဘူး။ ကျုပ်ကိုယ်တိုင်လက်စားချေမယ်ကွ"

ဦးဘခက်က အံကြိတ်ပြီးပြောနေသည်၊ ဤဦးတိုင်းကျော်ကို သူ ကြိမ်းနေခြင်းဖြစ်သည်။ ရွာထဲတွင် ဦးတိုင်းကျော်ပစ်





သော သေနတ်ကျည်ဆန်မှန်ပြီး မောင်ဟံမြင့်သေရသည်ဟု ပြောနေကြသည်။ ထို့နောက် လူကြီးနှစ်ယောက်သည် အရက်သောက်ရင်း စကားပြောကြသည်။ ကျွန်တော်က ဘေးမှာထိုင်ပြီး အမြည်းစားနေခဲ့သည်။ အချိန်အတန်ကြာပြီးနောက် ဦးဘခက်က ကျွန်တော့်ကို ပြောတော့သည်။

"ကဲ. . ဗအေး၊ မင်း အိမ်ပြန်ဖို့ကောင်းပြီ။ ညဘက်ဆိုရင် ဗိုလ်မိုးသီးဟာ လမ်းလျှောက်ထွက်လေ့ရှိတယ်။ မင်း သူနဲ့တွေ့ချင်မှာ မဟုတ်ဘူး"

ကျွန်တော်မမွေးခင် နှစ်ပေါင်းများစွာက ဤဒေသတွင် ပင်လယ်ဓားပြများ မင်းမူနေကြ၏။ ဗိုလ်မိုးသီးမှာ ပင်လယ်ဓားပြခေါင်းဆောင်ဖြစ်သည်။ တစ်ကြိမ်တွင် ဗိုလ်မိုးသီးသည် တိုက်ခိုက်ရရှိသော ပတ္တမြားကြီးတစ်လုံးအား သူ့တပည့်များကို ခွဲဝေမပေးဘဲ တစ်နေရာတွင် ဝှက်ထားခဲ့၏။ သို့သော် ဗိုလ်မိုးသီးသည် ပတ္တမြားဝှက်ထားသောနေရာသို့ ပြန်မသွားနိုင်ဘဲ တိုက်ပွဲတွင် ကျဆုံးသွားခဲ့၏။ ပင်လယ်ဓားပြများသည် ဗိုလ်မိုးသီး၏အလောင်းကို သချိုင်းဟောင်းနေရာတွင် ဂူသွင်းမြှုပ်နှံခဲ့ကြ၏။ ဗိုလ်မိုးသီးသည် ပတ္တမြားကို စွဲလမ်းပြီး သေသွားရသဖြင့် မကျွတ်ဘဲ ယခုတိုင် ညဘက်တွင် ဂူထဲမှထွက်ပြီး ပတ္တမြားကို ရှာနေဆဲဖြစ်သည်ဟု ပြောကြ၏။

ကျွန်တော်သည် သချိုင်းဟောင်းသို့ မကြာခဏသွားပြီး လေးထောင့်ပုံဂူမြင့်ကြီးပေါ်တွင် ထိုင်လေ့ရှိတတ်ပါသည်။ ထိုနေ

ရာမှကြည့်လျှင် ပင်လယ်ပြင်ကို အတော်ဝေးဝေးအထိ မြင်နိုင်ပါသည်။ သို့သော် ညဘက်တွင် မသွားဝံ့ပါ။ မှောင်မိုက်သော ညတစ်ညတွင် သချိုင်းဟောင်းအတွင်း တရွေ့ရွေ့သွားနေသော မီးရောင်ကိုမြင်ခဲ့ရဖူးသည်။ ထိုအချိန်မျိုးတွင် သချိုင်းဟောင်းသို့ မည်သူမှ သွားမည်မဟုတ်ပါပေ။

## အခန်း(နှစ်)

မကြာခင် ပင်လယ်ရေတက်ပြီး ရွာထဲသို့ ရေများဝင်လာသည်။ အချိန်အခါမဟုတ်ဘဲ မိုးသည်းထန်စွာရွာခြင်းဖြစ်ပါသည်။ သချိုင်းဟောင်းနေရာသာ ကုန်းမြင့်သဖြင့် ရေလွတ်လေသည်။

ထိုနေ့ညနေစောင်းတွင်မှ ကျွန်တော်သည် ဦးပွနှင့်အတူ သချိုင်းဟောင်းကိုဖြတ်လာကြသည်။ သချိုင်းဟောင်းထဲတွင် တောထဲမှ ဟင်းရွက်ခူးပြီးပြန်လာသော ဦးလှဖေတို့လင်မယားနှင့် တွေ့သဖြင့် ရပ်စကားပြောဖြစ်ကြသည်။ ကျွန်တော်ထိုင်နေကျ အုတ်ဂူအနီးတွင်ဖြစ်ပြီး ဘေးတစ်ဘက်တစ်ချက်တွင် အရိပ်ကောင်းသော သစ်ပင်ကြီးနှစ်ပင်ပေါက်နေကြသည်။





ထိုအချိန်တွင် နေဝင်သွားလေပြီ၊ အနောက်ဘက် မိုးကောင်းကင်တွင် တိမ်နီတိမ်ဝါများ တောက်ပနေဆဲဖြစ်သည်။ ကျွန်တော်တို့စကားပြောနေချိန်မှာပင် အမှောင်ရိပ်သန်းလာ၏။ ကျွန်တော်သည် သချိုင်းမြေတွင် ကြာကြာမနေလိုသဖြင့် ဦးပွအားလက်တို့ပြီး သွားကြဖို့ တတွတ်တွတ်ပြောနေမိပါသည်။

ထိုအခိုက် ကျွန်တော်တို့ရပ်နေသော မြေကြီးအောက်မှ ထူးဆန်းသောအသံများ ထွက်ပေါ်လာသဖြင့် ဦးလှဖေ၏ဇနီး ဒေါ်တင့်မှာ တစ်ကိုယ်လုံးတုန်သွားပြီး "ပင်လယ်ဓားပြတွေ၊ ပင်လယ်ဓားပြတွေ၊ သူတို့ဂူတွေထဲက ထွက်လာကြပြီ" ဟု ကြောက်လန့်စွာ အော်နေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း အလွန်ကြောက်နေလေပြီ။

ဦးပွနှင့်ဦးလှဖေတို့မှာ ဘာမှ မထူးခြားသလို အေးဆေးတည်ငြိမ်စွာရှိနေကြ၏။ "မကြောက်ပါနဲ့ မတင့်ရာ၊ ငါတို့အောက်က မြေကြီးထဲမှာ လိုဏ်ခေါင်းရှိတယ်။ အဲဒီလိုဏ်ခေါင်းထဲမှာ ပင်လယ်ဓားပြတွေရဲ့ သစ်သားခေါင်းတွေရှိတယ်။ အဲဒီလိုဏ်ခေါင်းထဲကို ရေဝင်လို့ အခေါင်းတွေရွေ့တဲ့ အသံပါဟ"

ဦးလှဖေက သူ့ဇနီးကိုရှင်းပြ၏။ ဒေါ်တင့်မှာ အကြောက်မပြေနိုင်ပါ။

"ကဲပါရှင်၊ ဒီနေရာက ခပ်မြန်မြန်သွားကြပါစို့" ဟုပြောပြီး ထွက်သွားလေရာ ကျွန်တော်တို့သည် ဒေါ်တင့်နောက်မှ လိုက်ခဲ့ကြ၏။

ကျွန်တော်သည် အိမ်သို့ပြန်လာရင်း ဗိုလ်မိုးသီး၏ တလားခေါင်းသည် မြေအောက်လိုဏ်ဂူထဲတွင်ရှိပါက သူ ဝှက်ထား

သော ပတ္တမြားသည် ခေါင်းထဲမှာပင် ရှိလိမ့်မည်ဟု တွေးမိသည်။ သို့သော် ဗိုလ်မိုးသီးသည် ပတ္တမြားကို လိုက်ရှာနေသည်ဟု ပြောကြ၏။ ညအမှောင်ရောက်သည်နှင့် သူ့ခေါင်းထဲမှ ထွက်လာပြီး သင်္ချိုင်းမြေအတွင်း သွားလာနေသည်ဟုလည်း ဆိုကြ၏။

လွန်ခဲ့သော တစ်နှစ်ခန့်က တံငါသည် ကိုသံချောင်း၏ အလောင်းကို သင်္ချိုင်းဟောင်းထဲတွင် တွေ့ကြရသည်။ သူ့ လည်ပင်းမှာ သွင်သွင်ကျိုးနေသည်။ ကိုသံချောင်းသည် ဗိုလ်မိုးသီးနှင့် တွေ့ပြီး ကုပ်ချိုးအသတ်ခံရခြင်းဖြစ်သည်ဟု ပြောကြသည်။ ကျွန်တော်သည် ထိုအကြောင်းကိုတွေးရင်း ကြောက်လာသဖြင့် အိမ်သို့ သုတ်ခြေတင်ပြန်လာခဲ့ရပါတော့သည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် ခပ်စောစောပင် သင်္ချိုင်းဟောင်းသို့ လာခဲ့ပြန်သည်။ ပင်လယ်ဓားပြများ၏ ခေါင်းများ ယခုတိုင်ရွေ့လျားနေခြင်းရှိ-မရှိကို သိချင်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်ထိုင်နေကျ အုတ်ဂူအနားသို့ရောက်သောအခါ ရပ်စကားပြောနေကြသော ဦး[illegible]နှင့်ဦးဘခက်ကိုတွေ့၏။ ကျွန်တော့်ကို မြင်သောအခါ နှစ်ယောက်စလုံးမျက်နှာပျက်သွားကြသည်။ ထို့ကြောင့် သူတို့ဆီသို့မသွားဘဲ တစ်ဘက်သို့ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်စဉ်

"ဟေ့. . ဇအေး၊ မင်း ဒီကိုဘာလာလုပ်သလဲကွဲ့"

ဦးပွကလှမ်းမေး၏။ ကျွန်တော်က

"ပင်လယ်ဓားပြတွေရဲ့ခေါင်းတွေ ရွေ့နေတုန်းပဲလားလို့ လာနားထောင်တာပါ"

/





"ရေကျသွားလို့လား မသိဘူး။ ဘာသံမှ မကြားရတော့ဘူး ဟေ့၊ မင်း ငါ့အိမ်သွားပြီး ဒီညနေ ငါအိမ်ပြန်နောက်ကျမယ်၊ စိတ်မပူပါနဲ့လို့ ပြောပေးပါကွာ၊ အခုပဲ သွားပြောပါ ငါ့တူရာ"

ကျွန်တော့်အား ဤနေရာတွင် ရှိမနေလိုသဖြင့် နှင်ထုတ်နေခြင်းမှာ ထင်ရှားလှပါသည်။ ထို့ကြောင့် အလိုက်သိစွာပင် ရှောင်ထွက်လာခဲ့၏။ ဦးပွအိမ်သို့ သူမှာသည့်အတိုင်း ဝင်ပြောပြလိုက်သည်။ ထို့နောက် ကျွန်တော်အိမ်ပြန်လာစဉ် မျက်နှာချင်းဆိုင်မှ လျှောက်လာသော ဦးပွနှင့် ဆုံမိပါသည်။

"နောက်ကျမယ်ဆိုပြီး ဘာလို့ ချက်ချင်းပြန်လာတာလဲ ဦးလေးပွရဲ့"

ကျွန်တော်က မေးသည်။

ဦးပွက မလုံမလဲမျက်နှာထားဖြင့် "အလုပ်စောစောပြီးသွားလို့ပါကွာ" ဟုသာ ဖြေလေသည်။

ကျွန်တော် ဆက်မမေးတော့။ အိမ်သို့သာ ပြန်ခဲ့ရပါတော့သည်။

# အခန်း(သုံး)

ကျွန်တော်သည် သချိုင်းဟောင်းအတွင်းရှိ အုတ်ဂူမြင့်ကြီးပေါ်တွင် အမြဲထိုင်နေကျဖြစ်၏။ ထိုနေရာမှကြည့်လျှင် ပင်လယ်ထဲတွင် ရွက်တိုက်လွှင့်နေသော လှေများနှင့်ခပ်ဝေးဝေးမှ ဖြတ်ခုတ်သွားသော ပင်လယ်ကူးသင်္ဘောကြီးများကို မြင်ရသောကြောင့်ဖြစ်ပါသည်။ ကျွန်တော့်လိုပင် အခြားသူများလည်း ဤနေရာသို့ အသွားအလာရှိမည်ဟု ယူဆနိုင်ပါသည်။ အကြောင်းမှာ မြက်ရိုင်းပင်များအကြားမှ အုဏ်ဂူဆီသို့ ဦးတည်နေသော လူသွားလမ်းကို တွေ့ရသောကြောင့်ဖြစ်ပါ၏။

သချိုင်းဟောင်းတွင် ဦးမွှာ၊ ဦးဘခက်တို့နှင့် တွေ့ပြီးနောက်ပိုင်းတွင် ကျွန်တော်သည် ရက်အတော်ကြာအောင် ထိုနေရာသို့ မရောက်ခဲ့ပေ။ သို့သော် နောက်ပိုင်းတွင် သချိုင်းဟောင်းသို့ သွားမြဲသွားခဲ့ပါသည်။





တစ်နေ့လယ်ခင်းတွင် ကျွန်တော်သည် ခါတိုင်းလိုပင် အုတ်ဂူပေါ်တွင်ထိုင်ရင်း ပင်လယ်ဘက်သို့ လှမ်းကြည့်နေခဲ့ပါသည်။ သချိုင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။ အသံဆို၍ တောအုပ်၏ အခြားဘက်လယ်ကွင်းထဲတွင် နွားကျောင်းနေသော ကိုသာရင်၏ ပုလွေသံကြားနေရပါသည်။ ပင်လယ်ရေတက်ခြင်း၊ မိုးသည်းထန်စွာရွာခြင်းတို့၏ နောက်ပိုင်းတွင် နေအလွန်ပူပြင်းခဲ့ပါသည်။ လေပြင်းထန်စွာ တိုက်လာတတ်သည်။ မြေပြင်မှာ ခြောက်သွေ့လာ၏။ အချို့နေရာများတွင် အကွဲအအက်များ ပေါ်ပေါက်လာခဲ့သည်။

ညနေလေးနာရီခန့်တွင် ကျွန်တော်သည် အိမ်ပြန်မည်ပြုစဉ် ထိုအချိန်မှာပင် အုတ်ဂူအောက်မြေကြီးအတွင်းမှ မြေကြီးပြိုကျသံ ထွက်ပေါ်လာပါသည်။ ကျွန်တော်ငုံ့ကြည့်သောအခါ လူတစ်ယောက် လေးဘက်ထောက်ဝင်နိုင်ရုံ ကျယ်သောမြေတွင်းကို တွေ့လိုက်ရပါတော့သည်။

ကျွန်တော်သည် အုတ်ဂူပေါ်မှ ခုန်ဆင်းလိုက်ပြီး တွင်းထဲသို့ ငုံ့ကြည့်လိုက်သောအခါ မှောင်နေသောအတွင်းပိုင်းကို မြင်ရသည်။ ထို့နောက် ကိုယ်ကို တွင်းထဲသို့လျှောဆင်းလိုက်၏။ ဤတွင် ကျွန်တော့်မှာ မြေတွင်းထဲသို့ ရပ်လျက် အနေအထားဖြင့် ရောက်ရှိသွားပါတော့သည်။

ထိုတွင်းသည် မြေအောက်ခန်း၏ အပေါ်ပိုင်းမြေကြီးများ ပြိုကျသောကြောင့် ပေါ်လာခြင်းဖြစ်မည်ဟု ကျွန်တော်ထင်သည်။ သို့သော် ကျွန်တော့်ယူဆချက်မှားခဲ့သည်။ ကျွန်တော် ရောက်နေသောနေရာသည် မြေအောက်ဥမင်လိုဏ်ခေါင်းသို့ ဝင်ပေါက်ဖြစ်

ပြီး ဥမင်လိုဏ်ခေါင်းမှာ အောက်သို့ တဖြည်းဖြည်းနိမ့်သွားသည်ကို တွေ့ရပြန်သည်။ ကျွန်တော်အလွန်ဝမ်းသာသွားရပါ၏။ ဤဥမင်လိုဏ်ခေါင်းထဲတွင် ဗိုလ်မိုးသီး၏ ပတ္တမြားကြီးကို ရှာတွေ့နိုင်မည် ထင်သောကြောင့် ဖြစ်ပါသည်။

အံ့ဩစရာကောင်းသည်မှာ ဥမင်လိုဏ်ခေါင်းထဲတွင် အလွန်သန့်ရှင်းနေခြင်းပင် ဖြစ်ပါသည်။ ရှူရှိုက်ရသောလေမှာ သန့်စင်လတ်ဆတ်နေ၏။ ကျွန်တော့်ခြေထောက်အောက်မှ မြေပြင်ကို ငုံ့ကြည့်သောအခါ လူများ၏ခြေရာများကို တွေ့ရလေသည်။

ကျွန်တော်သည် လက်နှစ်ဘက်ကို ရှေ့သို့ဆန့်တန်းဝှေ့ယမ်းပြီး တရွေ့ရွေ့လျှောက်လာခဲ့၏။ အတွင်းဘက်သို့ရောက်သောအခါ အလင်းရောင်တဖြည်းဖြည်းလျော့နည်းလာနေသည်။ နောက်ဆုံးတွင် အလင်းရောင်မရှိတော့သဖြင့် ရပ်တန့်ပြီး နောက်ကို ပြန်လှည့်ကြည့်လိုက်၏။ ကျွန်တော်ဝင်လာသော အပေါက်နေရာတွင် လင်းနေသည်ကိုကား မြင်ရပါ၏။ ကျွန်တော့်ကျောဘက်တွင် သိပ်သည်းသော အမှောင်ထုကြီးရှိနေ၏။ ဤတွင် ရုတ်တရက် ကျွန်တော်ကြောက်စိတ်ဝင်လာ၏။ ထို့ကြောင့် ဥမင်လိုဏ်ခေါင်းဝသို့ ခပ်မြန်မြန်ပြန်လျှောက်လာပြီး အပေါ်သို့ပြန်တက်ခဲ့ရပါတော့သည်။ ဝင်လုဆဲနေရောင်ခြည်အောက်သို့ ပြန်ရောက်ပြီး ပင်လယ်လေကို ရှူရတော့မှ ကြောက်စိတ်များ ပြေသွားပါတော့သည်။

သည်။ ထို့ပြင် အဒေါ်ဆိုင်မှ ဖယောင်းတိုင်တစ်တိုင်လည်း ယူရပါဦးမည်။ ဖရောင်းတိုင်မီးရောင်ဖြင့် မြေအောက်ဥမင်လိုဏ်ခေါင်းအတွင်းသို့ နောက်တစ်ကြိမ်ဝင်ရန်ကိုလည်း မိမိဘာသာ ဆုံးဖြတ်ထားလိုက်ပါတော့သည်။

## အခန်း(လေး)

ကျွန်တော်အိမ်ပြန်နောက်ကျသဖြင့် အဒေါ်ကဆူပါသည်။ ကျွန်တော်သည် ဘာမှမပြောဘဲ ညစာကို တိတ်ဆိတ်စွာ စားနေခဲ့သည်။ ညစာစားပြီးနောက်တွင်လည်း အဒေါ်က ဆက်ဆူနေပါတော့သည်။

"ဗအေး နင်ဟာ အိမ်အလုပ်ကို ဘာမှကူလုပ်ဖော်မရဘူး။ ရွာထဲကို လျှောက်လည်နေတာပဲ။ နောက်ဆိုရင် မိုးချုပ်တာနဲ့ အိမ်ထဲက အိမ်ပြင်ကိုထွက်ဖို့ စိတ်မကူးနဲ့တော့။ ငါတစ်ယောက်တည်း အိမ်အလုပ်လုပ်ရ၊ ဈေးရောင်းရနဲ့ ချာလပတ်လည်နေတာပဲ၊ ဒီလိုတွေ့ကရာလျှောက်သွားနေလို့ကတော့ နင့်ကိုအိမ်မှာ ကျွေးမထားနိုင်ဘူးနော်. . ဒါပဲ"

ဥယျာဉ်မှူးစာပေ

ထို့နောက် အဒေါ်သည် ကျွန်တော့်အား စာကြိုးစားဖို့၊ လိမ်မာဖို့၊ အိမ်မလည်ဖို့၊ အိမ်အလုပ်ကို ဝိုင်းလုပ်ဖို့ စသဖြင့် ဆုံးမစကား တစ်သီတစ်တန်းကြီးကို ဆက်ပြောပြန်တော့သည်။ ကျွန်တော်သည် ဘာမှမပြောဘဲ သူ့စကားများကို နားထောင်ဟန်ဆောင်နေခဲ့သည်။ ကျွန်တော့်စိတ်ကမူ နေ့ခင်းကတွေ့ခဲ့သော မြေအောက်ဥမင်လိုဏ်ခေါင်းနှင့် ဗိုလ်မိုးသီး၏ ပတ္တမြားကြီးအကြောင်းကို တွေးနေသည်။ ညဆယ်နာရီလောက်တွင် အဒေါ်၏ ဆုံးမစကားများပြီးဆုံးသွားသည်။ အဒေါ်အိပ်ရာဝင်ပြီးမကြာခင် ကျွန်တော်လည်း အိပ်ခန်းသို့ဝင်ခဲ့၏။ အဒေါ့်အိမ်တွင် နောက်ဆုံးအိပ်သော ညဖြစ်ကြောင်းကို ထိုအချိန်က မသိခဲ့ပါချေ။

အိပ်ရာပေါ်တွင် လှဲနေသော်လည်း ကျွန်တော် မအိပ်ပါ။ အိမ်မှထွက်ဖို့ အချိန်စောင့်နေခြင်းဖြစ်သည်။ မကြာခင် တစ်ဘက်ခန်းမှ ဟောက်သံထွက်ပေါ်လာ၏။ အဒေါ်အိပ်မောကျလေပြီ။ ကျွန်တော်သည် အိပ်ရာမှအသံမကြားအောင် ထပြီး တံခါးဖွင့်ထွက်လာခဲ့သည်။ ကျွန်တော့်အင်္ကျီအိတ်ထဲတွင် ညနေက အဒေါ်အလစ်တွင်ယူထားသော ဖယောင်းတိုင်ပါလာသည်။

လဆန်းရက်ဖြစ်သဖြင့် လရောင်ထိန်ထိန်သာနေပါသည်။ ကျွန်တော်သည် မှောင်ရိပ်ခို၍ ခပ်မြန်မြန်လျှောက်လာခဲ့သည်။ လရောင်အောက်တွင် ကဒုံကနီတစ်ရွာလုံး အိပ်မောကျနေသည်။ ဒို့ဘခက်စားသောက်ဆိုင်မှ ထွက်နေသောမီးရောင်မှလွဲ၍ အိမ်မီးများအားလုံး မှိတ်နေ၏။ ကျွန်တော်သည် ဆိုင်အနီးသို့ချဉ်းကပ်ပြီး အပေါက်မှချောင်းကြည့်လိုက်ရာ ဆိုင်ထဲတွင် လူအတော်များများရှိနေသည်ကို တွေ့ရပါသည်။ ထိုအထဲတွင် ကျွန်တော်သိသူ





အနည်းငယ်သာ ပါကြသည်။ ကျန်လူများမှာ ကျွန်တော် မသိသောလူစိမ်းများဖြစ်ကြသည်။ သူတို့သည် လေသံတိုးတိုးတိုးဖြင့် စကားပြောနေကြ၏။ သူတို့ပြောစကားကို သဲကွဲစွာ မကြားရပါ။ ညအချိန်မတော်တွင် ဒီလူတွေ ဘယ်ကရောက်လာသည်ကို ကျွန်တော်တွေးနေမိသည်။

သချိုင်းဟောင်းအတွင်းသို့ ဝင်လာချိန်တွင် ကျွန်တော်အလွန်ကြောက်နေမိသည်။ မည်သည့်အချိန်တွင် အမှောင်ရိပ်ထဲမှ ဗိုလ်မိုးသီးထွက်လာမလဲဟု တွေးပြီးရင်ဖိုနေမိ၏။ သချိုင်းဝင်းတစ်ခုလုံးပင် တိတ်ဆိတ်နေ၏။ လရောင်အောက်တွင် အုတ်ဂူပျက်များ၊ မြေပုံဟောင်းများ၊ မှတ်တိုင်ဟောင်းကို မြင်ရသည်မှာ စိတ်ချောက်ချားဖွယ်ကောင်းလှပါသည်။

ကျွန်တော်သည် မျက်စိကိုရှင်ရှင်ထားပြီး မြက်ရိုင်းတောများကို ဖြတ်လျှောက်လာခဲ့၏။ ထိုအခိုက် မြေဝပ်ငှက်တစ်ကောင်သည် ကျွန်တော့်ရှေ့မှ ရုတ်တရက်ထပျံသွား၏။ ရုတ်တရက်မို့ ကျွန်တော်အလွန်ကြောက်သွားမိသည်။ ကျွန်တော်သည် အုတ်ဂူအနီးတွင်ရပ်ပြီး မြေတွင်းထဲသို့ ဆင်းရကောင်းနိုး၊ အိမ်ပြန်ရကောင်းနိုးဖြင့် အတော်ကြာအောင် ဝေခွဲမရအောင်ပဲ ဖြစ်နေမိသေး၏။ ထိုအခိုက် ပင်လယ်ကမ်းစပ်သို့ လှေကြီးတစ်စင်း တိတ်ဆိတ်စွာကပ်လာသည်ကို တွေ့ရ၏။ ကျွန်တော်သည် လှေဆီသို့တစ်ချက်လှမ်းကြည့်ပြီးနောက် ကြံရာမရစွာဖြင့် မြေတွင်းထဲသို့ ခုန်ဆင်းလိုက်မိပါတော့သည်။

ထို့နောက် ဖယောင်းတိုင်ကိုထွန်းပြီး ဥမင်လိုဏ်ခေါင်းအတိုင်း တဖြည်းဖြည်းလျှောက်လာခဲ့၏။ ထိုသို့လျှောက်လာရင်း

ပတ္တမြားကိုတွေ့ပါက ချမ်းသာစွာနေရမည့်အရေးကိုလည်း တွေး၍ ကြည်နူးနေမိ၏။ သို့ရာတွင် မြေပြင်ပေါ်တွင် ခြေရာများကိုတွေ့သောအခါ စိတ်ဓာတ်ကျမိပြန်၏။ ဤနေရာသို့ ကျွန်တော့်ထက် အရင်ရောက်ခဲ့သူများသည် ပတ္တမြားကိုရှာတွေ့သွားနိုင်ကြောင်း တွေးမိသောကြောင့်လည်း ဖြစ်သည်။

ဥမင်လိုဏ်ခေါင်းသည် ပေသုံးဆယ်ခန့်သာ ရှည်သော်လည်း မိုင်ဝက်နီးပါးလျှောက်ခဲ့ရသည်ဟု ကျွန်တော်ထင်သည်။ မကြာခင် ကျွန်တော့်ရှေ့တွင် ကျောက်နံရံကြီးတစ်ခုကို တွေ့ရ၏။ ထိုနံရံဖြင့် လမ်းကိုပိတ်ဆို့ခဲ့သည်ဟု ယူဆနိုင်၏။ သို့သော် ကျောက်နံရံကြီး၏ တစ်နေရာတွင် လူဝင်သာရုံအပေါက်တစ်ခုရှိနေ၏။ ထိုအပေါက်ဝင်သွားလျှင် အတော်အသင့်ကျယ်သော အခန်းကို ရောက်၏။ ကျွန်တော်သည် အတန်ကြာအောင်ရပ်ပြီး မည်သည့်နေရာသို့ရောက်နေသည်ကို စဉ်းစားနေခဲ့သည်။ ထို့နောက် ထိုအခန်းသည် ပင်လယ်ဓားပြများ၏ သချိုင်းဂူဖြစ်မည်ဟု တွေးမိ၏။

ကျွန်တော်သည် ကျောက်နံရံအပေါက်မှ ဝင်ခဲ့သည်။ အခန်းမှာ ကျယ်သော်လည်း မမြင့်လှပေ။ ကြမ်းပြင်မှ ကိုးပေခန့်သာမြင့်၏။ အခင်းမှာ သဲပြင်ဖြစ်သည်။ နံရံတစ်ဘက်တွင် အပေါ်သို့တက်သော လှေကားထစ်များရှိသည်။ အခန်းနံရံပတ်လည်တွင် ဂူပေါက်များထွင်းထား၏။ ဂူပေါက်တစ်ခုတွင် သစ်သားခေါင်းတစ်လုံးစီရှိနေ၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤဒေသတွင် တိုက်ခိုက်ဆိုးသွမ်းခဲ့သော ပင်လယ်ဓားပြများ၏ ရုပ်ကြွင်းများထည့်သော တလားခေါင်းများဖြစ်တော့သည်။





သို့သော် အခန်းအလယ်တွင် စုပုံထားသောပစ္စည်းများမှာ ထူးခြား၏။ ဓား၊ လှံ၊ သေနတ်များ၊ ဆန်အိတ်များ၊ ဆီပုံများ၊ ငါးခြောက်အိတ်များဖြစ်သည်။ ထိုနေရာသည် အင်္ဂလိပ်အစိုးရနှင့် ဆန့်ကျင်သည့် လူများ၏လျှို့ဝှက်စခန်းဖြစ်လေသည်။

ကျွန်တော်သည် ထိုအရာများကို စိတ်မဝင်စားဘဲ ဗိုလ်မိုးသီးဝှက်ထားသော ပတ္တမြားကို ရှာဖွေရန်သာ စိတ်စောနေမိသည်။ ဂူပေါက်များအနီးသို့ကပ်၍ ဗိုလ်မိုးသီးအမည်ကို ရှာသော်လည်း မတွေ့ရပေ။ နံရံပေါ်တွင်ဗိုလ်ရွှေဘော်၊ ဗိုလ်မွန်ထော်၊ ဗိုလ်ချစ်ဦးစသော အမည်များကိုသာ တွေ့ရ၏။ နောက်ဆုံးတွင် ဤနေရာ၌ ဗိုလ်မိုးသီး၏ ပတ္တမြားမရှိနိုင်ဟု လက်လျှော့လိုက်၏။ ကျွန်တော် လှည့်ပြန်ရန်ကြံစည်နေချိန်မှာပင် ဥမင်လိုဏ်ခေါင်းဝင်ပေါက်ဆီမှ စကားပြောသံများကို ကြားရသည်။ ဤတွင် ကျွန်တော့်မှာ အကြောက်လွန်ပြီး တစ်ကိုယ်လုံးတောင့်သွား၏။ ထိုသို့ဖြစ်သည်မှာ တစ်မိနစ်မျှသာကြာသော်လည်း နာရီပေါင်းများစွာ ရပ်နေမိသလို ခံစားရ၏။ ကျွန်တော်သည် မြေခွေးတစ်ကောင်ကဲ့သို့ လျှို့ဝှက်ဂိုဏ်းသားများ၏ ဂူထဲတွင်ပိတ်မိနေချေပြီ။ သူတို့သည် ကျွန်တော့်အား ဂူထဲမှ အသက်ရှင်ရက် ပြန်ထွက်ခွင့်ပေးမည် မဟုတ်ပေ။ ထိုအခိုက်အတန့်မှာပင် ကျွန်တော်သည် သချိုင်းဝင်းအတွင်း သေဆုံးခဲ့သော ကိုသံချောင်းကို သတိရလိုက်သည်။ လူအများကမူ ကိုသံချောင်းသည် ဗိုလ်မိုးသီးနှင့်တွေ့ပြီး ကုပ်ချိုးအသတ်ခံရခြင်းဖြစ်သည်ဟု ပြောကြ၏။

မကြာခင် ဥမင်လိုဏ်ခေါင်းအတိုင်း လျှောက်လာသည့် ခြေသံများ ထွ..ဟ်ပေါ်လာ၏။ ကျွန်တော်သည် ပုန်းအောင်းနိုင်မည့်

နေရာကို လှည့်လည်ရှာရတော့၏။ ထွက်ပြေးရန်မဖြစ်နိုင်တော့ပါ။ ကျွန်တော့်အကြည့်သည် ကြမ်းပြင်ပေါ်မှ ခြောက်ပေအကွာ ဂူနံရံပေါ်တွင် သီးခြားရှိနေသော သစ်သားခေါင်းကြီးတစ်လုံးအပေါ်သို့ ရောက်သွား၏။ ထိုနေရာတွင် ပုန်းအောင်းနေရန် စိတ်ကူးရလိုက်၏။ ထို့ကြောင့် နံရံပေါ်သို့ အလျင်အမြန်တက်ပြီး နံရံနှင့်သစ်သားခေါင်းအကြားတွင် ကိုယ်တစ်စောင်းလှဲချလိုက်ရသည်။ ထိုအခိုက်မှာပင် လူတစ်စုသည် ဖယောင်းတိုင်များကိုင်ဆောင်လျက် အခန်းတွင်းသို့ ဝင်လာကြသည်။ အမိုးတွင် ရှည်လျားသော အရိပ်များပေါ်လာသည်။

"ဂူပေါက်ကို ချက်ချင်းပြန်ပိတ်မှဖြစ်မယ်"

ဦးပွ၏ အသံဖြစ်သည်။

"သတိထားနော်" ကျွန်တော်မကြားဖူးသောအသံရှင်က "ခင်ဗျားကို ဘယ်သူမှ မမြင်စေနဲ့"

"ဒေးဒရဲဘက်မှာ မကြာခင်က တိုက်ပွဲတွေဖြစ်တယ်လို့ ကြားရတယ်။ လယ်သမားတွေ အကျအဆုံးများတယ်။ တချို့ အဖမ်းခံရတယ်"

အခြားလူတစ်ယောက်၏ အသံဖြစ်သည်။

"ဆရာစံလည်း ရှမ်းပြည်နယ်ဘက်တက်သွားတယ်လို့ ကြားရတယ်"

နောက်တစ်ယောက်၏ အသံဖြစ်သည်။

"ဒို့ဗမာအစည်းအရုံးဌာနချုပ်က လက်နက်ကိုင်တော်လှန်တာကို သဘောမတူဘူးလို့ ကြားရတယ်"

ဦးပွ၏အသံဖြစ်သည်။





"အို ဌာနချုပ်က သဘောမတူလဲ လယ်သမားတွေရဲ့တိုက်ပွဲကို တို့ကတော့ ထောက်ခံမှာပဲ၊ လယ်သမားတွေဟာ အင်္ဂလိပ်အစိုးရ နှိပ်စက်တာကို မခံနိုင်လွန်းလို့ထပြီး တော်လှန်တာဗျ၊ ငတ်ပြီးအသေမခံနိုင်လို့ ထချတာ။ အခု တို့စုဆောင်းရပြီးသား ရိုက်ဖွာနဲ့ လက်နက်ကို သူတို့ဆီကိုပို့ပေးရမယ်။ ဒီကြားထဲမှာလဲ တို့လူအင်အားစုရမယ်။ နောက်ဆုံး တို့ကိုယ်တိုင် ဝင်တိုက်ရမယ်။ ဘယ့်နှယ့်လဲ၊ တိုက်ရဲကြသလား"

ဦးဘခက်၏ အသံဖြစ်သည်၊ သူ့အသံမှာစိတ်အားတက်ကြွပြီး အားမာန်ပါ၏

"တိုက်ရဲတယ် တိုက်ရဲတယ်" ကျန်လူများက တညီတညွတ်တည်း ဖြေကြသည်။

"သေရဲသလား"

ဦးဘခက်က ထပ်မေးသည်။

"သေရဲတယ်၊ သေရဲတယ်"

ညီညာစွာဖြေကြပြန်သည်။အတိုင်အဖောက် ညီညွတ်စွာမေးဖြေနေသောအသံများသည် မြေတိုက်ခန်းထဲတွင် ပဲ့တင်ထပ်နေ၏။ ထိုအသံများကို ရွာထဲမှလူများကြားလျှင် ဗိုလ်မိုးသီးနှင့်သူ့တပည့်ပင်လယ်ဓားပြများ၏ အသံဟု ထင်ပေလိမ့်မည်။ ဦးဘခက်က ဆက်ပြောပြန်သည်။

"ဒါပေမယ့် ခင်ဗျားတို့သတိရှိကြပါ။ ရွာထဲမှာ အင်္ဂလိပ်အလိုတော်ရိ သတင်းပေးတွေရှိနေတယ်"

"ခင်ဗျားပြောတာ သူကြီးဦးတိုင်းကျော် မဟုတ်လား။ အခုသူ ရွာမှာမရှိဘူး။ ဘိုကလေးကိုသွားနေတယ်တဲ့ဗျ"

"မှောင်ထဲမှာ ကျုပ်နဲ့သူ နှစ်ယောက်တည်း တွေ့စမ်းချင်တယ်။ ကျုပ် သူ့နံကြားကို ဓားမြှောင်တစ်ဆုံး စိုက်သွင်းပစ်လိုက်မှာပဲ"

တစ်ယောက်တစ်ပေါက် ပြောနေသံများအကြားမှ ဦးဘခက်၏အသံ ပေါ်ထွက်လာပြန်သည်။

"သူ့ကို ကျွန်တော့်တာဝန်ထားစမ်းပါ။ သူဟာ ကျွန်တော့်သားကို သတ်ခဲ့တယ်။ သူ့ကို ကျွန်တော်ကိုယ်တိုင် သတ်ရမှ ကျေနပ်မယ်ဗျ"

ဦးဘခက်၏ အမိန့်သံပါသော စကားကြောင့် အခြားသူများ ငြိမ်ကျသွား၏။ ထိုလူစုတွင် ဦးဘခက်သည် ခေါင်းဆောင်ဖြစ်ဟန်တူသည်။

ထို့နောက် သူတို့သည် တိုက်ပွဲအခြေအနေများ၊ လက်နက်ရိက္ခာစုဆောင်းရေး၊ လူအင်အားစုဆောင်းရေးကိစ္စများကို ဆွေးနွေးနေကြ၏။ ထို့နောက် လူအချို့ ပြန်ထွက်သွားသံကြားရ၏။

ကျွန်တော်သည် ကိုယ်တစ်စောင်းအနေအထားဖြင့် ကြာမြင့်စွာနေရသဖြင့် ညောင်းညာကိုက်ခဲလာ၏။ အခြားတစ်ဘက်သို့ ပြောင်းရန် ဟန်ပြင်လိုက်ချိန်တွင် ကျွန်တော့်နာမည်ကို ပြောသံကြားရလေ၏။

"ဗအေးဆိုတဲ့ကောင်လေးအကြောင်းကို ပြောရဦးမယ်"

ထိုစကားကို ပြောသူမှာ ရွာမြောက်ပိုင်းတွင်နေသော လက်သမား ကိုခင်စိန်ဖြစ်သည်။ "ဒီကောင်လေးကို ဒီသချိုင်းထဲမှာ မကြာခဏတွေ့ရတယ်၊ ဒီအပေါ်က အုတ်ဂူပေါ်မှာထိုင်ပြီး ပင်လယ်ဘက်ကိုကြည့်နေတာ တွေ့ရတယ်။ ကျွန်တော်တို့ကိုစောင့်ကြည့်ဖို့ ဦးတိုင်းကျော်လွှတ်ထားတာ များလား"





"အဲဒါ ဖြစ်နိုင်တယ်" ကိုဗလက ဝင်ပြောသည်။ သူသည် နာမည်နှင့်မလိုက်အောင် ကိုယ်လုံးသေးကွေးသူဖြစ်သည်။ သူ့အိမ်မှာ ဦးတိုင်းကျော်၏အိမ်နှင့် နီးသည်။ "ကျွန်တော် ဦးတိုင်းကျော်ရဲ့အိမ်ကို စောင့်ကြည့်တဲ့အချိန်တိုင်း ဒီကောင်လေးကို ဦးတိုင်းကျော်တို့အိမ်အနားမှာ ရစ်သီရစ်သီလုပ်နေတာ တွေ့ရတယ်။ ပြီးတော့ အိမ်ထဲကို သူခိုးကြည့်ကြည့်နေတာ တွေ့ရတယ်ဗျ"

ကိုဗလပြောသည်မှာ မှန်လေသည်။ ကျွန်တော် ဦးတိုင်းကျော်၏အိမ်သို့သွားခြင်းမှာ မြင့်မြင့်ကို တွေ့ချင်သောကြောင့်ဖြစ်သည်။ ကျွန်တော်နှင့်မြင့်မြင့်မှာ ချစ်သူများဖြစ်ကြသည်။ ကျွန်တော်သည် ဝင်းခြံပေါင်းတစ်ခုပေါ်တွင်ထိုင်၍ မြင့်မြင့်ကို စောင့်နေလေ့ရှိသည်။ တစ်ခါတွင် မြင့်မြင့်နေမကောင်းသဖြင့် သုံးလေးရက်ကျောင်းမတက်နိုင်ခဲ့ပေ။ ထိုအချိန်က ကျွန်တော်သည် ကျောင်းမတက်ဘဲ ထိုနေရာတွင်တစ်နေကုန် ထိုင်၍ မြင့်မြင့်အိပ်ခန်းကို စောင့်ကြည့်နေခဲ့သည်။ သို့သော် ဦးတိုင်းကျော်နှင့် လုံးဝစကားမပြောခဲ့ဘူးပါ။

ဦးပွကု ကျွန်တော့်ဘက်မှ ကာကွယ်ပြောဆိုသံကိုလည်း ကြားရပြန်သည်။

"အို. . အထင်လွဲမနေကြစမ်းနဲ့ကွာ၊ ဗအေးဟာ လူကောင်းကလေးပါ။ သူ့ဘာသာသူ အေးအေးဆေးဆေးနေချင်လို့ အုတ်ဂူပေါ် လာထိုင်တာပါ။ သူ့အကြောင်းကို ငါသိပါတယ်"

"ကိုပွပြောတာလည်း ဖြစ်နိုင်တယ်။ ဗအေးဟာ လူကောင်းကလေးပါ။ သူဟာ ကျွန်တော့်သား မောင်ဟံမြင့်နဲ့ရွယ်တူပဲ။ သူ့ကိုတောင် ကျွန်တော့်သားဖြစ်စေချင်လိုက်တာ"

ဦးဘခက်စကားကြောင့် ကျွန်တော်စိတ်သက်သာရာရသွားရပါသည်။ ကျွန်တော့်အပေါ် သူ ဤကဲ့သို့သဘောထားသည်ကို သိရသဖြင့်လည်း အလွန်လေးစားသွားမိသည်။

ထို့နောက် သူတို့သည် ကျွန်တော်မသိသော အခြားအကြောင်းများကို ဆက်လက်ပြောဆိုနေကြသည်။ ညဉ့်အတော်နက်တော့မှ လူစုခွဲကာ ပြန်သွားကြသည်။



## အခန်း(ငါး)

နောက်ဆုံး ကျွန်တော်တစ်ယောက်တည်းသာ လူသေခေါင်းများအလယ်တွင် ကျန်ရစ်ခဲ့ပါသည်။ သို့သော် ပုန်းနေရာမှ ချက်ချင်းမထဝံ့သေးပါ။ တစ်ယောက်ပြန်ဝင်လာမည်စိုးသောကြောင့်ဖြစ်သည်။

အချိန်အတော်ကြာအောင် စောင့်ပြီးနောက် လှဲနေရာမှ ထထိုင်လိုက်သည်တွင် ဗိုလ်မိုးသီး၏ ပတ္တမြားကို ရှာလိုစိတ်မရှိတော့ဘဲ အိမ်ပြန်ချင်စိတ်သာ ပေါ်နေတော့သည်။ ကြောက်ရွံ့ထိတ်လန့်မှုနှင့် ဆာလောင်မွတ်သိပ်မှုကို တစ်ပြိုင်တည်းခံစားနေရပါသည်။ ထို့နောက် အောက်သို့ပြန်ဆင်းရန် ပြင်ဆင်းလိုက်ပြီး ဖယောင်းတိုင်မီးရောင်ဖြင့် ကြည့်သောအခါ တလားခေါင်းသည် အမှုန့်ဖြစ်လုနီးပါး ဆွေးမြေ့နေသည်ကို အံ့သြစွာမြင်ရပါ၏။ ကျွန်တော်သည် ထိုတလားခေါင်းကိုနင်းပြီး အောက်ဆင်းဖို့ မဝံ့ရဲအောင်ဖြစ်ရပါတော့၏။ သို့သော် အခြားနည်းလမ်းမရှိတော့သဖြင့် အောက်

သို့ဆင်းရန် တလားခေါင်းပေါ်သို့ တက်လိုက်ရ၏။ ကျွန်တော့်ကိုယ်အလေးချိန်ကို မခံနိုင်သဖြင့် ခေါင်းပျဉ်ကျိုးပြီး အောက်သို့ လိမ့်ကျသွားရ၏။ လက်မှ ဖယောင်းတိုင်မှာလည်း လွင့်ကျသွားရတော့သည်။

သဲပြင်ပေါ်သို့ ခြေဖြင့်ကျသဖြင့် ထိခိုက်မှုမရှိခဲ့သော်လည်း မှောင်ထဲမှာပင် ဖယောင်းတိုင်ကို စမ်းသပ်ရှာရ၏။ ထိုအခါမှပင် ကျွန်တော့်လက်ထဲတွင် မာကျောသော ပစ္စည်းတစ်ခု ဆုပ်လျက်သားပါလာသည်ကို သတိပြုမိလိုက်သည်။ ကံအားလျော်စွာ ဖယောင်းတိုင်ပြန်တွေ့သဖြင့် မီးထွန်းပြီး ထိုအရာကိုကြည့်လိုက်၏။ ဖုန်တက်နေသော ငွေသေတ္တာတစ်လုံးဖြစ်သည်ကို အံ့သြစွာ တွေ့ရသည်။ ကျွန်တော် အောက်သို့ကျစဉ်က ခေါင်းကိုလှမ်းဆွဲခဲ့သည်။ ထိုသေတ္တာသည် တလားခေါင်းအတွင်းမှ အလောင်းပိုင်ရှင်၏ ပစ္စည်းဖြစ်နိုင်သည်။ ထိုအလောင်းသည် ဗိုလ်မိုးသီးပင် ဖြစ်နိုင်သည်။ ဤသို့ဆိုပါက ကျွန်တော်လိုချင်သော ရတနာသေတ္တာကို ရှာဖွေတွေ့ရလေပြီ။ ပတ္တမြားသည် သေတ္တာအတွင်း၌ ရှိနိုင်၏။ ထိုအတွေးများဖြင့် ကျွန်တော်အလွန်ဝမ်းသာသွားပါသည်။ ဆာလောင်မှုနှင့်ကြောက်ရွံ့စိတ်များ ပျောက်သွားရ၏။ ကျွန်တော် လူချမ်းသာတစ်ယောက်ဖြစ်တော့မည်။ ပတ္တမြားကို ရောင်းချပြီး ရလာသောငွေဖြင့် မြင့်မြင့်ကို မင်္ဂလာဆောင်ယူမည်ဟုပင် စိတ်ကူးလိုက်မိ၏။ သို့သော် သေတ္တာကို အလွယ်တကူဖွင့်မရပေ။ လက်ချောင်းများဖြင့် ခက်ခဲစွာကုတ်ခြစ်ဖွင့်ရ၏။ သို့သော် ကျွန်တော်မျှော်လင့်သလို သေတ္တာထဲတွင် ပတ္တမြားကို မတွေ့ရပါ။ စာရွက်လိပ်တစ်ခုသာ တွေ့ရပါ၏။ ဤစာရွက်သည် ပတ္တမြားရှိသောနေရာ





ကို ညွှန်ပြသော မြေပုံဖြစ်နိုင်ပါလိမ့်မည်။ ကျွန်တော်သည် စာရွက်လိပ်ကို အလျင်အမြန်ဖြည်ကြည့်လိုက်၏။ စာရွက်ပေါ်တွင် စာရေးထားသည်ကို ဖယောင်းတိုင်မီးရောင်ဖြင့် မြင်လိုက်ရ၏။ ကျွန်တော် ဖတ်ကြည့်သောအခါ

**ကျောင်းကြီးပေါ် ပတ္တလားတီး**
**လူမှုကိစ္စ များမြောင်လှ**
**ခရေပင်အောက် ဖားကောက်ကြ**
**ချင်းတွင်းမြစ်ရိုး ရေလျှံတိုး**
**ထက်အောက်စုန်ဆန် ကုန်ကူးပြန်**
**စာပေတတ်က ဂုဏ်ရှိစွ**
**မူဆယ် သီပေါ လိမ္မော်ပေါ။** ။

ထိုစာကိုဖတ်ပြီးနောက် ကျွန်တော်အလွန်စိတ်ဓာတ်ကျသွားရပါသည်။ ကျွန်တော့်မျှော်လင့်ချက်များသည် နေပူရှိန်နှင့်တွေ့သော နှင်းများကဲ့သို့ လွင့်ပြယ်သွားလေပြီ။ ဤအတိုင်းဆိုပါက ကျွန်တော်အိမ်မှ ထွက်လာသည့်အတိုင်း အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ပြန်သွားရတော့ပေမည်။ စာရွက်ပေါ်တွင် ရေးထားသော စာကြောင်းများသည် ကျွန်တော့်အတွက် မည်သည့်အဓိပ္ပာယ်ကိုမှ မဆောင်ပါလေ။

ကျွန်တော်သည် ငွေသေတ္တာကို လည်ပင်းတွင်ကြိုးဖြင့် ချည်ဆွဲထားလိုက်၏။ ဖယောင်းတိုင်မီးမငြိမ်းခင် ဥမင်လိုဏ်ခေါင်းအပေါက်ဝသို့ ပြန်ရပေမည်။ ထို့ကြောင့် ဖယောင်းတိုင်ကို ကိုင်ပြီး လာလမ်းအတိုင်း ပြန်လာခဲ့၏။ လိုဏ်ခေါင်းအဆုံးသို့ရောက်

သောအခါ ဝင်ပေါက်ကို မတွေ့ရတော့ပါ။ လျှို့ဝှက်ဂိုဏ်းသားများသည် အပေါက်ကို ပြန်ပိတ်သွားကြပြီဖြစ်၏။ သို့သော် သိပ်စိတ်မပူပါ။ အပေါက်ကို အလွယ်တကူဖွင့်ရနိုင်မည်ဟု ထင်သောကြောင့်ဖြစ်သည်။ အနီးသို့ သေသေချာချာကပ်ကြည့်သောအခါမှ ဂူပေါက်ကို မြေကြီးများဖြင့် ဖုံးရုံသာမက အပေါ်မှကျောက်တုံးကြီးများဖြင့် ဖိထားသည်ကို တွေ့ရပါတော့သည်။

ထိုအခိုက်မှာပင် ဖယောင်းတိုင်မီးငြိမ်းသွားပြီး ပတ်ဝန်းကျင်တွင် အမှောင်ထုကြီးစိုးလာတော့၏။

ကျွန်တော်သည် မိုးလင်းအောင်စောင့်ပြီး အလင်းရောင်ထွက်ပေါ်လာမှ အပေါက်ကိုဆို့ထားသည့် ကျောက်ခဲများကို တစ်နည်းနည်းဖြင့် ဖယ်ရှားရန်စိတ်ကူးထားသည်။ လောလောဆယ်တွင် အလွန်ပင်ပန်းနွမ်းနယ်ပြီး အိပ်ချင်နေ၏။ ထို့ကြောင့် မြေကြီးပေါ်မှာ လှဲအိပ်လိုက်၏။

ကျွန်တော် အိပ်ရာမှနိုးလာချိန်တွင် မှောင်နေတုန်းပင်ဖြစ်သည်။ လှဲနေရာမှ ထရပ်လိုက်သောအခါ အင်အားချိနဲ့သောကျွန်တော့်ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေချေပြီ။ ခေါင်းထဲတွင် မူးဝေနေပြီး ရင်မှာတလှပ်လှပ်ခံစားနေရသည်။ အပေါ်ကိုမော့ကြည့်သောအခါ ကျောက်တုံးများအကြားမှ ဝင်လာသော အလင်းရောင်မှိန်မှိန်ကို မြင်ရ၏။ ကျွန်တော်သည် တစ်နေ့လုံး အိပ်ပျော်နေခဲ့ပြီး မိုးချုပ်ခါနီးမှ နိုးလာခြင်းဖြစ်သည်။ ယခုမြင်ရသည်မှာ ဝင်လုဆဲ နေ၏ နောက်ဆုံးအလင်းရောင်ဖြစ်သည်။ ဤသို့ဆိုပါက ကျွန်တော်သည် တွင်းထဲတွင် ယခုည အိပ်စက်ရပေဦးမည်။

ကျွန်တော်သည် ခြောက်သွေ့နေသော မြေစိုင်ခဲများကို





လက်ဖြင့် ဖယ်ရှားနေခဲ့၏။ အင်အားချိနဲ့နေသဖြင့် အလုပ်မတွင်လှပါ။ တစ်နာရီခန့်အတွင်း မြေကြီးအနည်းငယ်သာ ဖယ်ရှားနိုင်ခဲ့ပါသည်။

ထို့နောက် စိတ်ပျက်အားလျော့စွာဖြင့် ထိုင်ပြီးနားနေခဲ့ရတော့သည်။ ထိုအချိန်မှာပင် အလင်းရောင်လုံးဝပျောက်ကွယ်သွားချေပြီ။ အမှောင်ထုကြီးစိုးလာပြန်၏။ လူသေများမြှုပ်နှံထားရာ သင်္ချိုင်းဂူအတွင်း၌ တစ်ယောက်တည်းနေရသည့်အဖြစ်မှာ စိတ်ချောက်ချားစရာကောင်းလှပါသည်။ အမှောင်ကို ရင်မဆိုင်ရဲသဖြင့် မျက်စိအစုံကို မှိတ်ထားရ၏။ အတန်ကြာအောင် အနားယူပြီးနောက် အပေါက်ဝသို့ထသွားပြီး ဦးပွနှင့်ဦးဘခက်တို့၏ အမည်များကို အသံကုန်ဟစ်ခေါ်လိုက်ရသည်။ ကျွန်တော့်အား မြေတွင်းထဲမှ လာကယ်ဖို့ တကြော်ကြော်အော်ပြောနေခဲ့၏။ နောက်ဆုံးတွင် အသံများတိမ်ဝင်သွားပြီး မြေပေါ်တွင် အိပ်ပျော်သွားခဲ့ပါတော့သည်။

နာရီပေါင်းများစွာ အိပ်ပျော်သွားပြီးနောက် အိပ်ရာမှနိုးလာပြန်၏။ ကျောက်တုံးများအကြားမှ အလင်းရောင်ဝင်နေသည်ကို တွေ့ရသဖြင့် အားရှိသွား၏။ကျွန်တော် ထရပ်ပြီးမြေကြီးများကို ဖယ်ရှားပြန်၏။ ပါးစပ်မှလည်း အသံကုန်အော်၍ အကူအညီတောင်း၏။ ထို့နောက် ကျွန်တော်ကိုယ်တိုင် မြေပေါ်သို့ လဲကျသွားသည်ကို နောက်ဆုံးသိလိုက်ရပါတော့သည်။

## အခန်း(ခြောက်)

ကျွန်တော်အိပ်ပျော်ရာမှ ပြန်နိုးလာချိန်တွင် သန့်ရှင်းသပ်ရပ်သော အိပ်ရာပေါ်တွင် ရောက်နေပါသည်။ နေရောင်ခြည်သည် အခန်းပြတင်းပေါက်မှ ဝင်ရောက်ထွန်းလင်းနေ၏။ ပထမတွင် ကျွန်တော့်အဒေါ် အိမ်သို့ ပြန်ရောက်နေသည်ဟု ထင်မိ၏။ လှိုဏ်ဂူကျက်သားများနှင့် တွေ့ဆုံခြင်း၊ မြေတွင်းထဲတွင် အပိတ်ခံရခြင်းများကို အိပ်မက်ဟု ထင်ခဲ့သည်။ လှဲနေရာမှ ထထိုင်သော အခါ အလွန်အားနည်းနေသဖြင့် မထိုင်နိုင်ဘဲ အိပ်ရာပေါ် ပြန်လဲကျသွား၏။ လဲကျသွားစဉ် လည်ပင်းတွင်ဆွဲထားသော ငွေသေတ္တာကို လက်ဖြင့်စမ်းမိလေ၏။ ဤတွင် ညက ကျွန်တော်တွေ့ကြုံခဲ့သော အကြောင်းများသည် အမှန်တကယ်ဖြစ်ကြောင့် ပြန်လည်တွေးမိလာရသည်။





ထိုအခိုက် အခန်းထဲသို့ ဦးဘခက် ဝင်လာသည်။ သူ့လက်ထဲတွင် ဖန်ခွက်တစ်လုံးကိုင်လာ၏။

ကျွန်တော်က

"ကျွန်တော် ဘယ်ရောက်နေသလဲ ဦးလေးဘ" ဟု မေးလိုက်သည်။

ဦးဘခက်သည် ကျွန်တော့်အိပ်ရာဘေးတွင်ရပ်ပြီး

"လောလောဆယ် ဘာမှမသိချင်နဲ့ဦး ဗအေး၊ မင်းအတွက် လုံခြုံစိတ်ချရတဲ့နေရာကို ရောက်နေပြီလို့ပဲ မှတ်ထားကွာ၊ ရော့ နွားနို့သောက်၊ ပြီးတော့ပြန်အိပ်"

ကျွန်တော် နွားနို့သောက်နေချိန်အတွင်း ဦးဘခက်က ကျွန်တော် သူ့ဆိုင်တွင်ရောက်နေခြင်းဖြစ်ကြောင်း ပြောပြသည်။ လောလောဆယ် ပြန်အိပ်ဖို့နှင့် နောက်မှအကြောင်းစုံ ပြောပြမည် ဆိုပြီး ပြန်ထွက်သွားပါသည်။

နောက်ဆယ်ရက်ခန့်အကြာတွင် ကျွန်တော် အင်အားပြန်ပြည့်လာ၏။ ထိုရက်များအတွင်း ဦးဘခက်သည် ကျွန်တော့်အား ဖခင်တစ်ယောက်သဖွယ် ပြုစုရှာပါသည်။

ဦးဗလသည် ကျွန်တော်ပျောက်နေသည်ကို သတိထားမိပုံရသည်။ ကျွန်တော့်အဒေါ် အိမ်သို့သွားပြီး ကျွန်တော် နေမကောင်းဖြစ်နေသလားဟု မေးသည်ဆို၏။ အဒေါ်က ကျွန်တော်အိမ်မှ ထွက်ပြေးသွားကြောင်း၊ ဘယ်ရောက်နေသည်ကို မသိကြောင်း ပြောပြ၏။ ဦးဗလသည် ဦးပွထံသွားပြီး ထိုအကြောင်းကို ပြောပြ၏။ ကျွန်တော်သည် ငါးဖမ်းလှေတစ်စီးဖြင့် ပင်လယ်သို့လိုက်သွားပြီဟု သူတို့ထင်နေကြချေပြီ။

ထိုနေ့တွင် ဦးပွသည် ဦးဘခက်ထံလာပြီး သချိုင်းဟောင်းအတွင်းမှ အော်သံများကြားရကြောင်း ပြောပြ၏။ ဤတွင် ဦးဘခက်က တစ်ယောက်ယောက်သည် ဂူထဲ၌ ပိတ်မိနေပြီဟု သိလိုက်သည်။ သူနှင့်ဦးပွသည် ဂူပေါက်ကို ပြန်တူးဖော်ကြ၏။ ထိုအခါတွင်မှ သတိမေ့လဲနေသော ကျွန်တော့်ကိုတွေ့ပြီး သူ့ဆိုင်သို့ ပွေ့ယူလာခဲ့ခြင်းဖြစ်ပါသည်။

ဦးဘခက်က ကျွန်တော့်အား ယုံကြည်မှုရှိသဖြင့် ဘာမှ မပြောသော်လည်း ဦးပွက "ငါတို့ရဲ့လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ မပြောနဲ့နော် မောင်အေး" ဟု ခဏခဏ သတိပေးတတ်၏။ ကျွန်တော်က ထိုညကကျွန်တော် ကြားရမြင်ရသည်များကို မည်သူ့ကိုမှ မပြောပါဟု ကတိပေးမှ သူတို့ကျေနပ်သွားကြသည်။

ကျွန်တော် ပြန်လည်ကျန်းမာလာသောအခါ အဒေါ့်အိမ်သို့ ပြန်သွားပါသည်။ အဒေါ်သည် ကျွန်တော် နေမကောင်းဖြစ်နေချိန်က တစ်ခါမှ လာမကြည့်ခဲ့ပါ။ ကျွန်တော့်ကျန်းမာရေး အခြေအနေကိုလည်း မည်သူ့ကိုမှ မမေးခဲ့ပါ။ ကျွန်တော် ဒို့ဘခက်စားသောက်ဆိုင်တွင် နေမကောင်းဖြစ်နေကြောင်း သွားပြောသော ဦးပွကိုပင် "သူ့ဘာသူ ဘာပဲဖြစ်နေနေ ကျွန်မကိုလာမပြောပါနဲ့" ဟု ပြောလွှတ်ခဲ့သေးသည် ဆို၏။

အဒေါ်သည် ကျွန်တော် အိမ်ပေါ်ရောက်သည်နှင့် မျက်နှာသုန်မှုန်စွာလုပ်နေသည်။ ထို့နောက် "ဟဲ့. . ဗအေး၊ နင်ဘယ်သချိုင်းက ထလာသလဲ၊ သွား ငါ့အိမ်မှာမနေနဲ့၊ ကြိုက်တဲ့သချိုင်းမှာသွားနေ" ဟု ပြောပြီး အိမ်မှ နှင်ချလေတော့သည်။

ဤသို့ဖြင့် ကျွန်တော်သည် မျက်ရည်စက်လက်ဖြင့် ငယ်





စဉ်ကတည်းက နေလာသောအိမ်မှ ဆင်းခဲ့ရပါလေတော့သည်။

ကျွန်တော့်မှာ အခြားနေစရာ အိမ်မရှိသဖြင့် ဦးဘခက်ဆိုင်သို့ ပြန်သွားပြီး အဒေါ်က ကျွန်တော့်ကို နှင်ချလိုက်ကြောင်း ပြောပြ၍ ကျွန်တော့်စကားကိုကြားသောအခါ ဦးဘခက်ဝမ်းသာသွားပုံရပါ၏။ ကျွန်တော့်ကို ကြင်နာစွာကြည့်ပြီး "ဒီလိုဆိုလဲ ငါနဲ့အတူတူနေပေါ့ကွာ၊ သေသွားတဲ့ ငါ့သားမောင်ဟံမြင့်အစား သားတစ်ယောက်ရတယ်လို့ပဲ သဘောထားပါတယ်" ဟု ပြောရှာပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် 'ဒို့ဘခက်' စားသောက်ဆိုင်တွင် နေထိုင်ဖြစ်ခဲ့ရပါတော့သည်။ နောက်တစ်နေ့တွင် အဒေါ်သည် ကျွန်တော့်သေတ္တာနှင့် အဝတ်အစားများကို လူတစ်ယောက်ဖြင့် ဆိုင်သို့ ပို့လေသည်။

ကျွန်တော်သည် နံနက်ပိုင်းတွင် ကျောင်းတက်ပြီး ကျောင်းအားတိုင်းတွင် ဆိုင်လုပ်ငန်းကို ကူညီလုပ်ပေးသည်။ ဦးဘခက်သည် ကျွန်တော့်အား မကြာခဏတောထဲသို့ ခေါ်သွားပြီး မြန်မာ့လက်ဝှေ့နှင့်သိုင်းပညာကို သင်ကြားပေးတတ်သည်။ သူသည် ငယ်ရွယ်စဉ်က မြန်မာ့လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်နှင့်ယိုးဒယားနိုင်ငံအထိ သွားရောက်ပြီး လက်ဝှေ့ထိုးသတ်ခဲ့ဖူးသည်။ ယိုးဒယားစကားကိုလည်း အတော်အသင့်ပြောတတ်သေးသည်။ သူ၏ ထွားကျိုင်းသောခန္ဓာပေါ်တွင် ဆေးမင်ကြောင်များအပြည့်ထိုးထားသည်။ ဦးဘခက်သည် ကာယသိဒ္ဓိပြီးသည်ဟု ကြားဖူးသော်လည်း ထိုအကြောင်းကို ကျွန်တော် တစ်ခါမှ မမေးကြည့်ခဲ့ဖူးပါ။

ကျွန်တော်သည် ဦးဘခက်အား ဗိုလ်မိုးသီး၏ တလားခေါင်းအတွင်းမှရသော ငွေသေတ္တာအကြောင်းကို ပြောပြခဲ့၏။ ကျွန်တော် ပွတ်တိုက်ထားသဖြင့် ငွေသေတ္တာမှာ အရောင်ပြောင်လက်တောက်ပနေ၏။ ဦးဘခက်ကိုယ်တိုင် စာရွက်ပေါ်မှ စာများကို ဖတ်ကြည့်ခဲ့သော်လည်း စာ၏အဓိပ္ပာယ်ကို မဖော်နိုင်ခဲ့ပါ။



## အခန်း(ခုနစ်)

ကျွန်တော် ဒို့ဘခက်စားသောက်ဆိုင်သို့ရောက်၍ ခြောက်လခန့်အကြာတွင် ဘိုကလေးမြို့မှ စာတစ်စောင်ရောက်လာပါသည်။ ထိုစာမှာ ဒို့ဘခက်စားသောက်ဆိုင်အား လာမည့်နှစ်အတွက် ဆိုင်ဖွင့်ခွင့်လိုင်စင်မပေးတော့ကြောင်း နို့တစ်ပေးသောစာဖြစ်ပါသည်။ ဒို့ဘခက်စားသောက်ဆိုင်တွင် ရွာခံသခင်များနှင့် အခြားနယ်မှ သခင်များမကြာခဏတွေ့ဆုံသည်ကို သဘောမကျသောကြောင့် အစိုးရက ဆိုင်ပိတ်ခြင်းဖြစ်သည်။ အစိုးရအား သတင်းပေးသူမှာ ဦးတိုင်းကျော်ဖြစ်ကြောင်း တစ်ရွာလုံးက သိထားကြသည်။

ဦးဘခက်ကိုယ်တိုင် ထိုအကြောင်းကို သိသော်လည်း ဘာမှ မပြောပေ။ သို့သော် သူ အလွန်စိတ်ထိခိုက်နေသည်ကိုတော့ ကျွန်တော် သိပါသည်။

ဦးဘခက်သည် သူ့အား ဦးတိုင်းကျော်စောင့်ကြည့်နေမှန်း သိသဖြင့် သူ၏လျှို့ဝှက်လုပ်ငန်းကို အချိန်အတော်ကြာအောင် မလုပ်ဘဲ နေခဲ့သေး၏။

တစ်ညတွင် ဦးဘခက်က ကျွန်တော့်အား ခရီးထွက်မည့် အကြောင်းကို ခေါ်ပြောပါသည်။

"ဖျာပုံဘက်မှာ စုဆောင်းထားတဲ့ လက်နက်ရိက္ခာတွေကို အဲဒီမှာ ဆက်ထားလို့မဖြစ်တဲ့အကြောင်း သတင်းရတယ်။ ဦးတိုင်းကျော် စောင့်ကြည့်နေတဲ့အတွက် ခါတိုင်းထားနေကျနေရာမှာ ထားလို့မဖြစ်ဘူး။ ဒါကြောင့် ပစ္စည်းလာပို့တဲ့လှေကို ကျွန်းညိုကြီးကို လာဖို့ချိန်းထားတယ်။ မနက်ဖြန်ညမှာ မင်းနဲ့ငါ လှေနဲ့အဲဒီကို သွားရမယ်။ ချိန်းထားတဲ့လှေဟာ မနက်ဝေလီဝေလင်းအချိန်မှာ အဲဒီကို ရောက်လာလိမ့်မယ်"

ထိုအခိုက် ကျွန်တော့်နောက်ကျောဘက်မှ စိမ့်ခနဲဖြစ်သွားသဖြင့် နောက်ကိုလှည့်ကြည့်လိုက်ရာ တံခါးလှုပ်သွားသည်ဟု ထင်သဖြင့် ချက်ချင်းပြေး၍ တံခါးဖွင့်လိုက်၏။ အပြင်တွင် မှောင်နေ၏။ အတန်ကြာအောင် ရပ်ကြည့်နေခဲ့ပြီး ထူးခြားမှုမတွေ့ရသဖြင့် အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။

"ဘာဖြစ်လို့လဲ ဗအေး" ဦးဘခက်က အံ့ဩဟန်ဖြင့် မေးသည်။

"တံခါးပွင့်သွားတယ် ထင်လို့ပါ"





"ငါတော့ သတိမထားမိဘူး၊ ဒီည အအေးပိုတယ်ကွ၊ ကဲ ထိုင်ပါဦး"

"တစ်ယောက်ယောက် အပြင်ကနားထောင်တယ်လို့ ကျွန်တော်ထင်တယ်၊ ဦးလေးဘ အပြင်ထွက်ကြည့်ရင် ကောင်းမယ်"

"လေတိုက်လို့ တံခါးလှုပ်တာဖြစ်ပါလိမ့်မယ်။ ကဲပါလေ သွားကြည့်တာ ကောင်းပါတယ်"

ကျွန်တော်တို့သည် မီးအိမ်များကိုင်ပြီး အိမ်တွင်းရှိ အခန်းအားလုံးကို တစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်ကြသည်။ အိမ်ပြင်ကိုလည်း ထွက်ကြည့်ပြန်သည်။ ဘာမှ မတွေ့ရပေ။

ထို့နောက် ကျွန်တော်တို့သည် စားပွဲတွင် ပြန်ထိုင်ကြပြန်သည်။ ဦးဘခက်က စကားဆက်သည်။

"ငါတို့ ဒီအိမ်မှာနေတာ ဒီညနောက်ဆုံးဖြစ်လိမ့်မယ်ကွ၊ မကြာခင် ငါ့ကိုအင်္ဂလိပ်အစိုးရက ဖမ်းမယ်လို့ သိရတယ်။ ပစ္စည်းတွေလာပို့တဲ့ လှေနဲ့လိုက်သွားပြီး တစ်နေရာသွားရှောင်နေမယ်။ ငါ စဉ်းစားနေတာ မင်းအတွက်ပဲ။ မင်းဒီမှာ နေရစ်ခဲ့မလား။ ငါနဲ့ လိုက်မလား"

ဦးဘခက်၏အမေးကို ကျွန်တော် ချက်ချင်းအဖြေမပေးနိုင်ခဲ့ပါ။ သူ့အစီအစဉ်ကို ခုမှ သိရခြင်းဖြစ်သည်။ တကယ်တော့ ကျွန်တော့်မှာ နေစရာအိမ်မရှိပါ။ ဦးဘခက်ကို မှီခိုနေရခြင်းသာ ဖြစ်သည်။ သို့ဖြစ်ရာ ဦးဘခက်နှင့်အတူ လိုက်သွားဖို့သာ ရှိတော့သည်။ သို့သော် ကျွန်တော်သည် ကဒုံကနီတွင် မွေးဖွားပြီး ငယ်စဉ်ကစ၍ ဤရွာမှာပင် နေလာခဲ့သူဖြစ်သည်။ ကဒုံကနီမှ ကျွန်

တော်ထွက်မသွားချင်ပါ။ ထို့အပြင် မြင့်မြင့်ကို မခွဲနိုင်ပါ။ မြင့်မြင့်နှင့်ခွဲရမည့်အဖြစ်ကို တွေးရုံဖြင့် ကျွန်တော်ရင်မောလှပါသည်။ ကျွန်တော် ငေးငိုင်နေသည့်အဖြစ်ကို ဦးဘခက်ရိပ်မိသွားဟန်တူ၏။

"ငါနဲ့လိုက်ဖို့ မလိုက်ဖို့ကို မင်းဒီတစ်ည စဉ်းစား၊ မနက်ဖြန်ညနေမှာ အဖြေပေး၊ မင်းကို ကြိုတင်မပြောဘဲ အခုလို ဗြုန်းစားကြီးပြောရတာကို ငါစိတ်မကောင်းပါဘူး။ ကဲ သွားအိပ်တော့၊ မနက်ဖြန်ညကျရင် အိပ်ရေးပျက်စရာရှိတယ်"

အိပ်ရာပေါ်တွင် လှဲနေသော်လည်း ကျွန်တော် အိပ်မပျော်ပါ။ ဆုံးဖြတ်ရန်ခက်ခဲလှသော ပြဿနာကို ရင်ဆိုင်နေရသောကြောင့်ဖြစ်ပါသည်။ ကဒုံကနီတွင် ဆက်နေချင်သော်လည်း နေစရာအိမ်မရှိတော့ပါ။ တစ်ဘက်မှလည်း ကျွန်တော် မွေးကတည်းက နေလာခဲ့သောဒေသနှင့် ချစ်ရသူကိုခွဲပြီး အဝေးကို သွားရမည့်အဖြစ်မှာ ရင်မောစရာကောင်းလှပါသည်။ မြင့်မြင့်သည် ကျွန်တော့်ဘဝတွင် အချစ်ဦးဖြစ်သလို တစ်ဦးတည်းသော ချစ်သူအဖြစ် ကျွန်တော့်ဘဝကို စိုးမိုးနေမည့်မိန်းကလေးဖြစ်သည်။

ကျွန်တော်၏ မြင့်မြင့်မှာ အရပ်သွယ်မြင့်ပြီး အသားလတ်ပါသည်။ မျက်နှာမှာ ချောမောလှပါရုံသာမက စိတ်ဓာတ်ခိုင်မာမှု၊ သစ္စာရှိမှုကို ဖော်ပြနေသော အသွင်လည်းရှိသည်။ စူးရှတောက်ပြောင်သော မျက်လုံးအစုံမှာ အရာရာကိုအလေးအနက်ထားကြောင်း ဖော်ပြနေ၏။ လေအသွဲ့တွင် လှုပ်ရှားနေသော အုန်းပင်ပျိုလို ခေါင်းကိုမတ်မတ်ထားပြီး ခန္ဓာကိုယ်ကို လှပစွာယိမ်းနွဲ့လျှောက်ပုံကို ကျွန်တော် အစွဲမက်ဆုံးဖြစ်ရပါသည်။ တစ်ကြိမ်တွင်





ကျွန်တော်က သူမအား "မြင့်မြင့်ရယ်၊ နင် လမ်းလျှောက်ပုံဟာ ပင်လယ်ကမ်းစပ်မှ ပေါက်နေတဲ့ အုန်းပင်ကလေးကို လေတိုက်နေသလိုပဲ" ပြောဖူးသည်။ ထိုအခါ မြင့်မြင့်က အသံသာသာလေးဖြင့် သဘောကျစွာရယ်မောပြီး "ကိုဗအေးက ကြံကြံဖန်ဖန်ပြောတတ်တယ်၊ မြင့်မြင့်က အုန်းပင်ကလေးဖြစ်ရင် ပင်လယ်ထဲကို ထွက်သွားတဲ့ ကိုဗအေးကို ကမ်းစပ်ကစောင့်နေပါ့မယ်"ဟု ပြောရှာသည်။

ကျွန်တော် ကြီးပြင်းလာချိန်တွင် ပင်လယ်သို့ထွက်ပြီး အလုပ်လုပ်မည်ဟု ပြောဖူးသဖြင့် မြင့်မြင့်က ဤကဲ့သို့ ပြောခြင်းဖြစ်သည်။

ယခုတော့ ကျွန်တော်သည် မြင့်မြင့်ကို ခွဲရပေတော့မည်။ ကဒုံကနီတွင် ဆက်နေဖို့မဖြစ်နိုင်တော့ပါ။ ဘယ်သောအခါတွင် ပြန်တွေ့မည်ဟု မပြောနိုင်ပါ။ ပြန်တွေ့ချင်မှ တွေ့ပေလိမ့်မည်။ ထာဝရခွဲခွာရခြင်းလည်း ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်တွင် မြင့်မြင့်နှင့်သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြရဦးမည်။

# အခန်း(ရှစ်)

နောက်တစ်နေ့နံနက် ဆယ်နာရီတွင် ကျွန်တော်သည် ဦးတိုင်းကျော်အိမ်အနီးရှိ ဘုန်းကြီးကျောင်းပျက်ပေါ်သို့ ရောက်နေခဲ့ပါသည်။ ကျွန်တော်သည် ကျောင်းပျက်ကြီး၏ အပေါ်ထပ်မှနေ၍ မြင့်မြင့်အိမ်နောက်ဘက်ဥယျာဉ်ထဲသို့ ဆင်းလာမည့်အချိန်ကို စောင့်နေခဲ့ပါသည်။

ကျွန်တော်သည် ကျောင်းပေါ်တွင် လှဲရင်း လည်ပင်းတွင် ဆွဲထားသော ငွေသေတ္တာလေးကိုဖွင့်၍ စာကိုဖတ်ရှုနေခဲ့၏။

ကျောင်းကြီးပေါ် ပတ္တလားတီး
လူမှုကိစ္စ များမြောင်လှ

ကျွန်တော်သည် စာ၏အဓိပ္ပာယ်ကို နားမလည်သဖြင့် စာရွက်ကို ပြန်ခေါက်ပြီး ငွေသေတ္တာထဲတွင် သိမ်းထားလိုက်ရသည်။





မကြာခင် အိမ်နောက်ဖေးတံခါးကိုဖွင့်၍ ဥယျာဉ်ထဲဆင်းလာသော မြင့်မြင့်ကို မြင်ရသည်။ ကျွန်တော်က ကျောင်းပျက်ကြီးပေါ်မှ ဆင်းပြီး ဥယျာဉ်ဆီသို့ အမြန်လာခဲ့သည်။ ခြံစည်းအပြင်သို့ထွက်နေသော သစ်ကိုင်းကို ခုန်ဆွဲပြီး ဥယျာဉ်ထဲသို့ဝင်ခဲ့ကာ မြင့်မြင့်နှင့်တွေ့ဆုံနေကျ သစ်ပင်ကြီးဘေးတွင် ရပ်နေလိုက်ပါသည်။ ကျွန်တော်က မြင့်မြင့်အား လေချွန်ပြီး အချက်ပေးလိုက်၏။ လေချွန်သံကြားသဖြင့် မြင့်မြင့်လှည့်အကြည့်တွင် ကျွန်တော် သစ်ပင်နောက်မှ ထွက်လိုက်သည်။ မြင့်မြင့်က သူ့မူပိုင်လမ်းလျှောက်ဟန်အတိုင်း ယိမ်းယိမ်းနွဲ့နွဲ့လေး လျှောက်လာသည်။ ထို့နောက် စကားဖောင်ဖွဲ့ဖြစ်တော့သည်။

ကျွန်တော်နှင့်မြင့်မြင့်တို့ ပြောကြသည့်အခြားစကားများကို မဖော်ပြတော့ပါ။ ဤဝတ္ထုနှင့်သက်ဆိုင်သော အကြောင်းများသာ ဖော်ပြရပါမည်။ ကျွန်တော်သည် မြင့်မြင့်အား အကျိုးအကြောင်းကို ပြောပြလိုက်သည်တွင် မြင့်မြင့်ခမျာ စိတ်မချမ်းမြေ့ဖြစ်သွားပါသည်။ သူမဖခင်၏ စနက်ကြောင့် ဤသို့ဖြစ်ရသည်ကို မြင့်မြင့်သိထားသည်။ ကျွန်တော့်အပေါ်တွင် မြင့်မြင့်သံယောဇဉ်ရှိကြောင်းသိရသဖြင့် အကျေနပ်ကြီး ကျေနပ်မိပါသည်။

ထို့နောက် ဦးတိုင်းကျော်အိမ်တွင် မရှိကြောင်း၊ ခရီးထွက်သွားကြောင်း ပြောပြသည်။ တစ်ဆက်တည်းပင် မနေ့ည(၁၀)နာရီခန့်က ဦးတိုင်းကျော်သည် အိမ်ပြင်သို့ ရုတ်တရက်ထွက်သွားကြောင်း၊ နောက်တစ်နာရီကြာမှ ပြန်လာကြောင်း၊ ယနေ့နံနက်စောစောက အရေးကြီးသောအလုပ်ကိစ္စရှိသည်ဟု ပြောပြီး ဘို

ကလေးသို့ မော်တော်ဘုတ်ဖြင့် ခရီးထွက်သွားကြောင်း ပြောပြသည်။

ထို့နောက် ကျွန်တော်တို့သည် အခြားစကားများကို ဆက်လက်ပြောကြပြန်သည်။ အချိန်အတော်ကြာအောင် စကားပြောကြပြီးနောက် မြင့်မြင့်သည် ကျွန်တော့်ကို နှုတ်ဆက်ပြီး အိမ်ဆီသို့ပြန်သွားသည်။ ကျွန်တော်က အိမ်ထဲသို့မြင့်မြင့်ဝင်သွားသည်အထိ လိုက်ကြည့်နေခဲ့၏။ ထို့နောက် သစ်ပင်ပေါ်သို့ပြန်တက်၍ ခြစ်ည်းရိုးအပြင်ထွက်နေသော ကိုင်းမှတစ်ဆင့် ခုန်ချလိုက်ရသည်။

ဘာကြောင့်ရယ်မသိ။ အိမ်သို့ပြန်လာစဉ် ကျွန်တော့်စိတ်ထဲတွင် အလွန်လေးနေပါသည်။ ရင်ထဲတွင် ကြေကွဲဝမ်းနည်းနေသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းသည် မကြာခင် ရင်ဆိုင်ရမည့် ကံကြမ္မာဆိုး၏ နိမိတ်ဖြစ်ကြောင်းကို ကျွန်တော် မသိခဲ့ပါ။



## အခန်း(ကိုး)

ကျွန်တော်နှင့်ဦးဘခက်တို့သည် ထုံနေဝင်ချိန်တွင် လှေဖြင့်ထွက်လာကြ၏။ မူလက ညမှောင်မှထွက်ရန်ဖြစ်သော်လည်း ချိန်းထားသောလှေသည် သတ်မှတ်ချိန်ထက် နှစ်နာရီစောရောက်မည်ဟု သတင်းရသဖြင့် စောစောထွက်လာခြင်းဖြစ်သည်။ ညသန်းခေါင်ကျော်တွင် ကျွန်းညိုကြီးသို့ ရောက်လာသည်။ ကျွန်တော်တို့သည် လှေကို ကမ်းခြေအတိုင်း ဆက်လှော်ခဲ့ကြ၏။ ကျွန်းအတွင်းပိုင်းသို့ စီးဝင်သော ချောင်းငယ်များစွာကို ကျော်လာပြီးနောက် ကမ်းပါးထိပ်တွင် အလွန်ကြီးမားသော လမုပင်ကြီးပေါက်နေသည့်နေရာသို့ရောက်လာသည်။ ထိုအခိုက် ထူးဆန်းသောငှက်အော်သံ ထွက်ပေါ်လာရာ ဦးဘခက်ကလည်း အလားတူ အသံပြုလိုက်ပြီး လှေကိုချောင်းထဲသို့ ကွေ့ဝင်လေသည်။ မကြာခင် လှေများဆိုက်ထားသော နေရာသို့ရောက်လာ၏။ အားလုံးမှာ လက်လှော်လှေဆယ်စီးဖြစ်ပြီး လှေပေါ်တွင် လူအချို့ထိုင်နေသည်ကို တွေ့ရပါ၏။ ထိုနေရာတွင် ကျွန်တော်တို့လှေကို ဆိုက်ကပ်ပြီး ကမ်းပေါ်

သို့ တက်ကြ၏။ သစ်ပင်များအောက်တွင် ထိုင်နေသူများကို တွေ့ပြန်၏။ သစ်ပင်အောက်မှ လူတစ်ယောက်သည် ကျွန်တော်တို့ဆီသို့ လျှောက်လာသည်။ ထိုလူမှာ ဦးပွဖြစ်နေသည်။

"ကျုပ်တို့လူတွေအားလုံး ရောက်ပြီလား ကိုပွ" လှေပေါ်မှဆင်းဆင်းချင်း ဦးဘခက်ကမေးသည်။

"အားလုံးစုံပါပြီ ကိုဘခက်၊ ဒီလှေနဲ့ဆိုရင် အားလုံးလှေတစ်ဆယ့်တစ်စီးပဲ၊ ဒါလောက်ဆို လုံလောက်ပါတယ်"

ဦးပွကဖြေသည်။ ဦးဘခက်အသံမြှင့်ပြီး "အားလုံးနားထောင်ကြပါ၊ နောက်တစ်နာရီအတွင်းမှာ ဖျာပုံက လှေရောက်လာလိမ့်မယ်။ လှေပေါ်ကပါလာတဲ့ ပစ္စည်းတွေကို အမြန်ချပြီး သတ်မှတ်ထားတဲ့ နေရာကို သယ်သွားရမယ်။ အဲဒီနောက် အဆင်ပြေတဲ့နည်းနဲ့ ဒီကျွန်းပေါ်က အမြန်ဆုံးထွက်သွားကြပါ"

ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားတော့သည်။ စကားပြောသူအချို့ရှိသော်လည်း လေသံဖြင့်သာပြောကြ၏။ အချို့ကဆေးလိပ်သောက်နေသလို အချို့မှာ သစ်ပင်အောက်တွင် အိပ်နေကြ၏။

ဦးဘခက်သည် သူ့လူများရှိရာသွားပြီး လေသံတိုးတိုးဖြင့် စကားပြောနေသည်။ ကျွန်တော်သည် လှေလှော်လာရသောကြောင့် အလွန်ပင်ပန်းပြီး အိပ်ချင်နေပါသည်။ ထို့ကြောင့် သစ်ပင်အောက်တွင် တုံးလုံးလှဲနေလိုက်ပါသည်။

တစ်နာရီခန့်ကြာပြီးနောက် စောစောက ကျွန်တော်ကြားခဲ့သည့် ငှက်အော်သံမျိုးကို ကြားရပြန်သည်။ ကုန်းပေါ်မှ လူများသည် လှေထဲသို့ ဆင်းထိုင်ပြီးအသင့်စောင့်နေကြသည်။ မရှေး





မနှောင်းမှာပင် ငှက်အော်သံထပ်ပေါ်လာပြန်၏။ ထို့နောက် လှေအားလုံးသည် ချောင်းဝသို့ ဦးတည်ပြီး လှော်သွားကြလေတော့သည်။

ချောင်းဝသို့ရောက်သော် စပါးတင်းနှစ်ထောင်ပါ လှေကြီးတစ်စင်း ရပ်ထားသည်ကို တွေ့ရပါသည်။ လက်လှော်လှေကလေးများသည် ထိုလှေကြီးဘေးတွင် တစ်စီးပြီးတစ်စီး ဝင်ကပ်ကြ၏။ လှေကြီးပေါ်မှ လူများချပေးသော ပစ္စည်းများကို အောက်မှ လှမ်းယူပြီး လှေဝမ်းထဲတွင် ချကြလေသည်။ ကုန်ပြည့်လျှင် ချောင်းထဲသို့ပြန်လှော်သွားကြသည်။ နောက်ထပ် လက်လှော်လှေတစ်စီးဝင်ကပ်ပြီး ကုန်တင်ပြန်၏။ ကုန်ပြည့်လျှင် ချောင်းထဲသို့ပြန်လှော်သွားသည်။ ကျွန်တော်သည် လှေတစ်စီးပေါ်တွင်ထိုင်ရင်းမှောင်ထဲတွင် အလုပ်လုပ်နေသူများကို ကြည့်နေခဲ့၏။ ထို့နောက် ချောင်းကမ်းဘေးကို လှမ်းကြည့်မိပြန်၏။ ထိုအခိုက်မှာပင် ချောင်းကမ်းပါးတစ်ဘက်ရှိ သစ်ပင်နောက်ကွယ်တွင် လူရိပ်တစ်ခုမြင်ရသည်ဟု ထင်ပါသည်။ ကျွန်တော်သည် လှေဦးတွင် ထိုင်နေသော ဦးဘခက်ရှိရာသို့သွားပြီး ထိုအကြောင်းကို ပြောပြလိုက်သည်။ ဦးဘခက်သည် ထိုအကြောင်းကို သူ့လူများအား လက်ဆင့်ကမ်းသတင်းပို့သည့်နည်းဖြင့် အသိပေးလိုက်သည်။ မကြာခင်မှာပင် လူဆယ်ယောက်သည် လူရိပ်တွေ့ရသော သစ်ပင်ကို ဝိုင်းထားလိုက်ကြသည်။ သစ်ပင်နောက်ကွယ်မှ လူသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ထွက်ပြေးရန်ကြိုးစားသေးသည်။ သို့သော် ဝိုင်းထားသူများလက်မှ လွတ်မြောက်အောင် မပြေးနိုင်ပေ။ ထို့နောက် သူ့အား

ဦးဘခက်ဆီသို့ ဆွဲခေါ်လာကြ၏။ ထိုလူမှာ ဦးတိုင်းကျော်ဖြစ်နေသည်။

ဦးတိုင်းကျော်၏ ခေါင်းပေါ်မှ ဆံပင်များမှာ ဖရိုဖရဲဖြစ်နေ၏။ အဝတ်အစားများမှာလည်း တွန့်ကြေနေ၏။ လူနှစ်ယောက်က ဦးတိုင်းကျော်၏ လက်နှစ်ဘက်ကို ကြမ်းတမ်းစွာ ဆုပ်ကိုင်ထားသည်။

"အင်္ဂလိပ်ကျွန်ကြီးကို ခုချက်ချင်းသတ်ပစ်လိုက်"

"ကျုပ်တို့ကို ကြိုးစင်ပို့မယ့်လူ၊ သူ့ကို အရှင်မထားနဲ့ သတ်ပစ်"

ဘေးမှကြည့်နေသူများက ဒေါသကြီးစွာဖြင့် အော်နေကြသည်။ လူတစ်ယောက်က ဦးတိုင်းကျော်၏ ကိုယ်ကို စမ်းသပ်ရှာဖွေသောအခါ ကုတ်အင်္ကျီအောက်တွင် ဝှက်ထားသော ခြောက်လုံးပြူးသေနတ်ကို တွေ့လိုက်ရသည်။ ထိုလူက ခြောက်လုံးပြူး သေနတ်ကိုဆွဲယူပြီး ဦးဘခက်ခြေရင်းတွင် ချထားလိုက်သည်။

ဤတွင် ဦးဘခက်က အားလုံးကြားအောင် အော်ပြောသည်။

"မိတ်ဆွေတို့ ဒီလူကို ဘာမှမလုပ်ကြပါနဲ့၊ သူဟာ ကျုပ်နဲ့ပဲ ဆိုင်တယ်ဆိုတာကို သတိရကြပါ။ သူဟာ ကျုပ်သားကို သတ်ခဲ့တယ်။ ဒါ့ကြောင့် ကျုပ်ကိုယ်တိုင်ပဲ သူ့ကိုစီရင်မယ်။ သူ့ကို ကြိုးတုပ်ပြီးထားခဲ့ကြပါ။ ကျုပ် ဒီမှာနေခဲ့မယ်။ ကဲ လှေပေါ်က ကျန်တဲ့ပစ္စည်းတွေကို ခပ်မြန်မြန်ချပြီး ဒီနေရာကထွက်သွားကြပါ။ မကြာခင်အလင်းရောင်လာတော့မယ်"





နောက်ထပ်နာရီဝက်အတွင်းမှာပင် လှေအားလုံးသည် ကုန်ပစ္စည်းများ တင်ဆောင်ပြီး ထိုနေရာမှထွက်သွားကြပါသည်။ ဖျာပုံမှလာသော အောင်ဘောဂလှေကြီးလည်း ပင်လယ်ဘက်သို့ ပြန်ထွက်သွားလေသည်။ ချောင်းကမ်းပါးပေါ်တွင် လူသုံးယောက်သာ ကျန်ရစ်ခဲ့ပါသည်။ ဦးဘခက်၊ ဦးတိုင်းကျော်နှင့် ကျွန်တော်ဖြစ်သည်။

ဦးဘခက်သည် ယခုတိုင်ရပ်နေဆဲဖြစ်၏။ သူ့ခြေရင်းတွင် သေနတ်တစ်လက် ရှိနေပါသည်။

# အခန်း(တစ်ဆယ်)

ကျွန်တော်သည် နောက်ထပ်ဖြစ်လာမည့်အဖြစ်အပျက်များကို မမြင်လိုသဖြင့် တခြားသို့ထွက်သွားရန် ဟန်ပြင်လိုက်ပါသေးသည်။

"နေပါဦး ဗအေး" ဦးဘခက်ကလှမ်းခေါ်ထားသည်။

"နောက်ပိုင်းမှာ မင်း အကူအညီလိုလိမ့်မယ်ကွဲ့"

ကျွန်တော်သည် ဆက်မသွားဘဲ ရပ်နေလိုက်ရပါသည်။သူ့ကို ကျွန်တော်ဘယ်လို အကူအညီပေးနိုင်မည်ကို တွေးနေမိသည်။

ဦးတိုင်းကျော်မှာ သစ်ပင်ကိုမှီပြီး ထိုင်နေသည်။ လက်နှစ်ဘက်ကို ကျောနောက်တွင် ပူးချည်ထားပြီး ခြေထောက်များကို ရှေ့သို့ဆန့်ကာ ခြေကျင်းဝတ်နေရာမှ ကြိုးချည်ထားသည်။ သူ့မျက်နှာကို အောက်သို့ငုံ့ထားသည်။





ဦးဘခက်သည် မီးအိမ်ကို လက်တစ်ဘက်တွင်ကိုင်ကာ သူ့ရန်သူကို ငုံ့ကြည့်သည်။ သူ့မျက်နှာပေါ်တွင် ရွံရှာမုန်းတီးမှုနှင့် ကျေနပ်အားရမှုများ ပေါ်နေ၏။

"ကျုပ်ဟာ အစိုးရခန့်ထားတဲ့ သူကြီးတစ်ယောက်ဗျ၊ ကျုပ်ကို ဒုက္ခပေးရင် ခင်ဗျား ကြိုးစင်တက်ရလိမ့်မယ်နော် ကိုဘခက်"

ဦးဘခက်ကို မော့ကြည့်ပြီး ဦးတိုင်းကျော်က ပြောသည်။ သူ့လေသံမှာနေသော်လည်း ဟန်ဆောင်ထားကြောင်း သိသာလှသည်။ သူ အလွန်ကြောက်နေမှန်း ကျွန်တော်သိပါသည်။

ဤတွင် ဦးဘခက်က တည်ငြိမ်အေးဆေးစွာ ပြောသည်။

"ကျုပ် ကြိုးပေးခံရမယ့်အကြောင်းကို မပြောပါနဲ့၊ အခုပဲ ခင်ဗျားကို အပြစ်ပေးရတော့မှာ"

"ကျုပ်ကို ဘာကြောင့်အပြစ်ပေးမှာလဲ"

ဦးတိုင်းကျော်က အပြစ်ကင်းစင်သူတစ်ဦး လေသံမျိုးဖြင့် မေးသည်။ ဦးဘခက်က တရားသူကြီးက တရားခံကို ပြောသည့် လေသံဖြင့် ရှင်းပြသည်။

"မြန်မာတစ်မျိုးသားလုံးကို သစ္စာဖောက်တဲ့အပြစ်ကျူးလွန်လို့ ခင်ဗျားကို သေဒဏ်ပေးရမှာဗျ"

"ကျုပ်ဟာ အင်္ဂလိပ်အစိုးရကို သစ္စာခံထားသူဆိုတော့ အစိုးရကိုဆန့်ကျင်တော်လှန်သူတွေအကြောင်းကို သတင်းပေးရမှာပဲ။ ဒါဟာ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်တာဖြစ်တဲ့အတွက် သစ္စာဖောက်လို့ မစွပ်စွဲပါနဲ့"

သူ့စကားကိုနားထောင်ရင်း ဦးဘခက်၏ မျက်နှာပေါ်

တွင် ဒေါသရိပ်များပေါ်လာတော့သည်။

"ခင်ဗျားဟာ ကိုလိုနီရဲ့တစ်ပါးကျွန်သက်သက်ပဲ၊ အင်္ဂလိပ်အစိုးရဟာ ကျုပ်တို့နိုင်ငံကို လက်နက်အားကိုးနဲ့ မတရားအနိုင်ယူပြီး သိမ်းပိုက်ထားတယ်ဆိုတာကို ခင်ဗျားမသိဘူးလား။ ဒီလို နယ်ချဲ့သမားတွေကို သစ္စာရှိဖို့မလိုဘူးဗျ၊ ကျုပ်တို့က အသက်တွေအသေခံ၊ ထောင်ကျခံပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်နေတယ်။ ခင်ဗျားက ကျုပ်တို့အကြောင်းကို အင်္ဂလိပ်အစိုးရဆီ သတင်းပေးတယ်။ ဒါကြောင့် ခင်ဗျားကို သေဒဏ်ပေးရမှာပဲ။ ဒါပေမယ့် ခင်ဗျားဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်တဲ့အတွက် ဘုရားတရားကို အာရုံပြုဖို့တော့ အချိန်နည်းနည်းပေးမယ်"

ထို့နောက် ဦးဘခက်သည် သေနတ်ကို ကောက်ယူပြီး ခပ်လှမ်းလှမ်းသို့ ထွက်သွားတော့သည်။

လမိုက်ရက်ဖြစ်သဖြင့် တောထဲတွင် မှောင်မည်းတိတ်ဆိတ်နေပါသည်။ ကျွန်တော်သည် ဦးတိုင်းကျော်ကို လှမ်းကြည့်နေမိသည်။ ဦးဘခက်ချခဲ့သော မီးအိမ်မှ အလင်းရောင်ဖြင့် မလှုပ်မယှက်ထိုင်နေသော ဦးတိုင်းကျော်ကို မြင်နေရပါ၏။

ညအမှောင်၏ မည်းနက်မှုထက် ဦးတိုင်းကျော်၏မျက်နှာပိုမည်းသည်ဟု ထင်ရပါသည်။ သူ့မျက်နှာပေါ်တွင် ချွေးများ စီးကျနေ၏။ ကျွန်တော်သည် ဦးတိုင်းကျော်ကို သဘောမကျသော်လည်း ယခုကဲ့သို့ဖြစ်ပျက်နေသည်ကို မြင်ရသောအခါ သူ့ကို သနားနေမိသည်။

ထိုအခိုက် ဦးတိုင်းကျော်သည် ခေါင်းမော့လာပြီး ကျွန်တော့်ဘက်သို့ လှမ်းကြည့်လာသည်။ ကျွန်တော့်မျက်စိထဲတွင် မြင့်





မြင့်၏မျက်နှာကို မြင်ယောင်လာသည်။ မြင့်မြင့်က ကျွန်တော့်ကို အသနားခံနေသလိုလည်း ခံစားနေရသည်။

ခဏအကြာတွင် ဦးဘခက်သည် ဦးတိုင်းကျော်ဆီသို့ ပြန်လျှောက်လာသည်။ ထိုအခါ ဦးတိုင်းကျော်က စတင်ပြောတော့သည်။

"ကျုပ်ကို မသတ်ပါနဲ့ ကိုဘခက်၊ ကျုပ်မှာ သမီးလေးတစ်ယောက် ရှိပါသေးတယ်။ ကျုပ်ကလွဲပြီး သူ့မှာအားကိုးစရာ မရှိပါဘူး။ ကျုပ် သမီးလေးကို ဖတဆိုးဖြစ်အောင် မလုပ်ပါနဲ့ဗျာ။ ကျုပ်ကျုပ် တောင်းပန်ပါတယ်။ ကျုပ်အလောင်းကို သူမြင်ရင် သမီးလေးခမျာ တက်ပြီးသေသွားပါလိမ့်မယ် ကိုဘခက်ရယ်"

ဦးတိုင်းကျော်၏ စကားလုံးများသည် ဦးဘခက်ကို ပိုဒေါသထွက်အောင် ဆွပေးသလို ဖြစ်သွား၏။

"အော် . . ဒီလိုလား၊ ကျုပ်မှာလဲ သားတစ်ယောက်ရှိခဲ့ဖူးပါတယ်။ ကျုပ်ရဲ့တစ်ဦးတည်းသော သားပါဗျာ။ သူသေသွားတဲ့အတွက် ကျုပ် ဘယ်လိုခံစားရမယ်ဆိုတာကို ခင်ဗျားစဉ်းစားမိရဲ့လား။ သူ့ကိုသတ်တာ ဘယ်သူလဲ၊ ဘယ်သူ့သေနတ်ကထွက်တဲ့ကျည်ဆန်လဲ၊ အဲဒါကို ခင်ဗျားသိပါတယ်။ အဲဒီသေနတ်နဲ့ပဲ ခင်ဗျားကို အခုပစ်သတ်မယ်ဗျ ဦးတိုင်းကျော်"

ဦးဘခက်သည် ခါးမှသေနတ်ကို ဆွဲထုတ်ပြီး ကျည်ဆန်များကို စစ်ဆေးနေသည်။ ထိုအခိုက်မှာပင် ကျွန်တော်သည် သူ့အနားသို့ကပ်သွားပြီး ဦးတိုင်းကျော်ကို မသတ်ရန် တောင်းပန်လိုက်ပါသည်။ ကျွန်တော့်စကားကိုဆုံးအောင်နားထောင်ပြီးနောက် ဦးဘခက်က

"ဗအေး ဒီလူဟာ ငါ့သားကိုသတ်ခဲ့တာကြောင့် လက်စားချေတဲ့သဘောနဲ့ သတ်မှာမဟုတ်ဘူးကွဲ့။ ငါ့ရဲ့ ကိုယ်ရေးကိုယ်တာအတွက်နဲ့ဆိုရင် လူတစ်ယောက်ကို ဒီလိုအနေအထားမျိုးနဲ့ ဘယ်တော့မှမသတ်ဘူး။ သူဟာ မြန်မာလူမျိုးတစ်မျိုးလုံးကို သစ္စာဖောက်နေလို့ သတ်ရမှာကွဲ့၊ သူ့ကိုလွှတ်လိုက်ရင် သူဟာ ငါတို့အားလုံးကို ကြိုးစင်ပို့လိမ့်မယ်။ သူ့လက်ချက်ကြောင့် ကြိုးစင်ပေါ်ရောက်တဲ့လူ၊ ထောင်ကျတဲ့သူတွေ များလှပြီ။ ဒါကြောင့် သူ့ကိုလွှတ်လို့မဖြစ်ဘူး။ ကဲ မင်းတစ်နေရာကို ထွက်သွားတော့ ဗအေး"

ပြောပြောဆိုဆိုပင် ဦးဘခက်သည် ကျွန်တော့်ကို ဘေးသို့ တွန်းလွှတ်သည်။ ထို့နောက် သေနတ်ကိုမြှောက်လိုက်သည်။ ကျွန်တော်သည် သူ့လက်များကို ဖက်ထားလိုက်ရာ ကျွန်တော်တို့နှစ်ယောက် လုံးထွေးနေစဉ် သေနတ်ကျည်ဆန်ထွက်သွားသည်။ သေနတ်သည် မှောင်မည်းတိတ်ဆိတ်နေသော သစ်တောထဲတွင် ကျယ်လောင်စွာ မြည်ဟည်းသွားပါ၏။ ကျွန်တော်က စိုးရိမ်မကင်းစွာဖြင့် ဦးတိုင်းကျော်ကို လှမ်းကြည့်မိသည်။ သူ ဘာမှမဖြစ်ပါ။ သူ့မျက်နှာပေါ်တွင် ဝမ်းသာသော အရိပ်အယောင်များ ဖြစ်ပေါ်နေသည်ကို တွေ့ရသဖြင့် အံ့သြနေမိသည်။ ထိုအခိုက် စက်ကုန်ဖွင့်မောင်းလာသော မော်တော်ကားတစ်စီး၏ စက်သံကိုကြားလိုက်ရသည်။ မော်တော်သည် ကျွန်တော်တို့ဆီသို့ ဦးတည်လာနေခြင်းဖြစ်သည်။ မော်တော်ပေါ်တွင် ဓာတ်မီးများလင်းထိန်အောင် ထွန်းထားသဖြင့် သေနတ်ကိုင်ထားသော ယူနီဖောင်းဝတ်များကို လှမ်းမြင်ရပါသည်။ ဦးတိုင်းကျော်သည် မော်တော်ဆီသို့ ဝမ်းသာအားရ လှမ်းကြည့်နေ၏။ ထိုအချိန်မှာပင် မော်တော်ဆီမှ သေနတ်သံများ ထွက်ပေါ်လာပြီး ကျည်ဆန်များသည် ကျွန်တော်တို့အနီးတစ်ဝိုက်ရှိ သစ်ပင်များကို လာရောက်ထိမှန်လေတော့သည်။ ကျွန်တော်နှင့်ဦးဘခက်သည် ကနစိုပင်ကြီးတစ်ပင်နောက်တွင် အကာအကွယ်ယူလိုက်ကြရပါသည်။





ထိုအချိန်တွင် အဖြစ်မှန်ကို ကျွန်တော်စဉ်းစားမိတော့သည်။ ဦးတိုင်းကျော်သည် ကျွန်တော်တို့ကို ဖမ်းဆီးရန် ပုလိပ်များကို သတင်းကြိုပို့ခဲ့ပုံရပါသည်။ ဖျာပုံမှလာသော စက်လှေသည် သတ်မှတ်ချက်ထက် စောပြီးရောက်လာသောကြောင့် ပုလိပ်များနောက်ကျသွားခဲ့ရခြင်းဖြစ်၏။ ထိုအချိန်မှာပင် မော်တော်မှ ပစ်ခတ်လိုက်သော ကျည်ဆန်သည် ဦးတိုင်းကျော်အား ထိမှန်သွားပါသည်။ ဦးတိုင်းကျော်သည် တစ်ချက်သာ တိုးတိုးအော်ပြီး သစ်ပင်ခြေရင်းတွင် လဲကျသွားလေတော့သည်။

"ငါတို့တောထဲကို ဝင်ပြေးကြမယ်။ ငါ့နောက်က လိုက်ခဲ့ မိုးမလင်းခင် ဒီနေရာက ဝေးဝေးရောက်အောင် သွားမှကွယ့်"

ဦးဘခက်က ပြောပြောဆိုဆို သစ်ပင်များကို အကာအကွယ်ယူပြီး တောထဲသို့ဝင်ပြေးလေရာ ကျွန်တော်သည်လည်း သူ့နောက်သို့ ပြေးလိုက်သွားရပါသည်။ သိပ်မကြာလိုက် သစ်ငုတ်တစ်ခုနှင့် ကျွန်တော်ပြင်းထန်စွာ ဝင်တိုက်မိပြီး ခန္ဓာကိုယ်သည် ရှေ့သို့ဟပ်ထိုးလဲကျသွားရသည်။ ပြန်ထရန် ကြိုးစားသော်လည်း မထနိုင်တော့ပါ။

ဦးဘခက်သည် နောက်ကိုလှည့်ကြည့်သဖြင့် ကျွန်တော့်အဖြစ်ကို မြင်သောအခါ

"ဟင် ဗအေး ဘာဖြစ်လို့လဲ၊ သေနတ်မှန်လို့လား" ဟုမေးပြီး နောက်သို့ ပြန်ပြေးလာ၏။ ကျွန်တော့်ကို ပွေ့ထူပြီး ခြေထောက်မှ ဒဏ်ရာကိုကြည့်သည်။ နောက်မှ သေနတ်ပစ်ခတ်သံများမှာ ထွက်ပေါ်နေဆဲဖြစ်သော်လည်း ကျွန်တော်တို့သည် အလွန်ကြီးမားသော သစ်ပင်ကြီးများနောက်တွင် ရှိနေသဖြင့် စိုးရိမ်စရာတော့ မရှိပါ။



## အခန်း(တစ်ဆယ့်တစ်)

ကျွန်တော်တို့ရောက်နေသောနေရာမှာ လောလောဆယ် လုံခြုံမှုရှိသော်လည်း မိုးလင်း၍ ပုလိပ်များတောနင်းရှာဖွေလျှင် အလွယ်တကူတွေ့မည်ဖြစ်သည်။ ထို့ကြောင့် ဤနေရာမှ အမြန်ဆုံး ထွက်သွားရန် လိုလေသည်။

"မတ်တပ်ရပ်ကြည့်စမ်း" ဦးဘခက်က ပြောသည်။

"မရဘူးထင်တယ် ဦးလေးဘ"

ဦးဘခက်သည် ကျွန်တော့်ခြေထောက်ကို သေချာစွာ စစ်ဆေးကြည့်သည်။ ထို့နောက် ညို့သကြီးကို လက်ဖြင့်ဖိသည်။ ကျွန်တော်သည် နာကျင်လွန်းသဖြင့် အသံထွက်အော်မိလုနီးဖြစ်သွားသည်။ ဦးဘခက်က သူ့လက်ဝါးဖြင့် ပါးစပ်ကို အချိန်မီပိတ်နိုင်သောကြောင့် အသံထွက်မလာပေ။

"ခြေသလုံးရိုး အက်သွားတာဖြစ်လိမ့်မယ်။ ယောင်လဲယောင်နေတယ်။ လောလောဆယ်တော့ ဘာမှလုပ်ပေးနိုင်မှာမဟုတ်ဘူး။ ပတ်တီးပဲ စည်းပေးထားမယ်"

ဦးဘခက်သည် ပုဆိုးဟောင်းတစ်ထည်ကို ဆုတ်ဖြဲပြီး ခြေထောက်ကို ပတ်တီးစီးပေး၏။

"ဒီနေရာမှာ ကြာကြာနေလို့တော့ မဖြစ်ဘူး။ မကြာခင် မိုးလင်းတော့မယ်။ အဲဒီအချိန်မှာ ပုလိပ်တွေ တောထဲကိုဝင်ရှာကြမှာပဲ၊ ဒီမှာဆက်နေရင် တို့ကို ဖမ်းမိသွားမှာ သေချာတယ်။ ကြိုးစားပြီး 'မတ်တပ်ရပ်ကြည့်စမ်း ဗအေး"

ကျွန်တော်သည် ဦးဘခက်လက်ကို ဆွဲပြီး ဘယ်ခြေဖြင့် မတ်တပ်ရပ်လိုက်သည်။ ထို့နောက် ညာခြေဖြင့် လှမ်းရန်ကြိုးစားလိုက်သည်။ မရပါ။ ပြင်းထန်သော နာကျင်မှုကိုခံစားရပြီး မတ်တပ်မှ လဲကျသွားရသည်။ ဦးဘခက်က လျင်မြန်စွာ ဆီးပွေ့လိုက်သောကြောင့်သာ မြေပေါ်သို့ မကျခြင်းဖြစ်ပါသည်။

ဦးဘခက်သည် နောက်ထပ်ဘာမှမပြောဘဲ ကျွန်တော့်ခန္ဓာကိုယ်ကို ပခုံးဖြင့် ထမ်းလိုက်၏။ ထို့နောက် တောထဲသို့ဝင်ခဲ့ကြသည်။ ဦးဘခက်မှာ တောကျွမ်းသူဖြစ်သဖြင့် နာရီဝက်ခန့်အကြာတွင် တောနက်အတွင်းသို့ ရောက်လာကြသည်။ ထိုနေရာမှစ၍ တောမှာတိုးမပေါက်အောင် ထူထပ်လာပါသည်။ ကျွန်တော်တို့သည် ချုံနွယ်ပိတ်ပေါင်းအောက်မှ ဝပ်တွား၍ တစ်ဖုံ၊ ဝမ်းလျားမှောက်၍ တစ်နည်းဖြင့် သွားနေကြရသည်။ တစ်နာရီခန့် ပင်ပန်းကြီးစွာလာခဲ့ပြီးပါမှ ကွက်လပ်တစ်ခုသို့ ရောက်ခဲ့ပါသည်။ တကယ်တော့ ကွက်လပ်မဟုတ်ပါ။ မြေကြီးတွင် တစ်ဝက်ခန့် နစ်မြုပ်နေသော အလွန်ကြီးမားသည့် ရှေးလှေကြီးတစ်စင်းဖြစ်နေပါသည်။



## အခန်း(တစ်ဆယ့်နှစ်)

"နေသူရိန်လှေကြီးဆိုတာ အဲဒါပဲကွယ့်" ကျွန်တော်နှင့် ဦးဘခက်တို့သည် သစ်ပင်ကြီးတစ်ပင်ကိုမှီ၍ အမောဖြေနေကြစဉ် ဦးဘခက်က လှေကြီးကိုညွှန်ပြရင်း ပြောပြခြင်းဖြစ်၏။ သူက ဆက်ပြော၏။

"ဒီလှေကြီးအကြောင်းကို ကြားဖူးကြပေမယ့် မြင်ဖူးသူ အတော်ရှားတယ်ကွယ့်၊ အထက်မြန်မာပြည်ကို အင်္ဂလိပ်တွေ သိမ်းခံရတဲ့အခါ သူ့ကျွန်မခံလိုတဲ့ မင်းညီမင်းသား၊ မြို့စားရွာစားတွေဟာ သူ့နည်းသူ့ဟန်နဲ့ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ခဲ့ကြတယ်။ တချို့လဲ စစ်ရေးမလှတာကြောင့် အောက်မြန်မာပြည်ကို တိမ်းရှောင်လာကြတယ်။ နေသူရိန်မင်းသားဟာ အဲဒီလို တိမ်းရှောင်လာရင်း ဒီနယ်ဘက်ကို လှေနဲ့ရောက်လာတယ်။ ၎င်းလှေဟာ သူ

စီးလာတဲ့ လှေပဲ၊ အဲဒီအချိန်က ဒီနေရာဟာ ပင်လယ်ပြင်ကြီးဆို ပဲ၊ ဟောဒီနေရာမှာ လှေမြှုပ်ပြီး နေသူရိန်မင်းသားနဲ့ သူ့ရဲမက်တွေ သေဆုံးခဲ့ကြတယ်။ နောက် ဒီနေရာမှာ ကျွန်းဖြစ်လာပြီး လှေကြီး ဟာ အခုမြင်ရတဲ့အတိုင်း ပေါ်လာတယ်။ မင်း ခြေထောက်ပြန် ကောင်းတဲ့အထိ ငါတို့ ဒီမှာနေကြရမယ်ကွယ့်"

"ဒီမှာနေလို့ လုံခြုံမှုရှိပါ့မလား၊ ဦးလေးဘ" ကျွန်တော် က စိုးရိမ်ပူပန်စွာ မေးမိသည်။

"ဒီနေရာကို မုဆိုးတစ်ဦးတလေပဲ ရောက်ဖူးသကွယ့်။ တောထဲမှာ မျက်စိလည်ပြီး ရောက်လာတာဆိုပါတော့။ ဒီကပြန် သွားပြီး နောက်တစ်ခါပြန်လာဖို့ လမ်းရှာကြတော့ မရတော့ဘူးတဲ့။ တောနက်လွန်းတဲ့အတွက် ဘယ်သူမှ ဒီကိုမလာရဲကြဘူး။ ပုလိပ် တွေလဲ တို့နောက်ကို ဆက်လိုက်မှာမဟုတ်ပါဘူး။ ဦးတိုင်းကျော် အလောင်းကို သူတို့ပြန်သယ်ဖို့ စီစဉ်ရဦးမှာပါ"

ကျွန်တော့်အနေဖြင့် သူ့အစီအစဉ်အတိုင်း လိုက်နာဖို့က လွဲပြီး ဘာမှ မတတ်နိုင်ပါ။ လောလောဆယ်တွင် ခြေထောက်မှ ဒဏ်ရာကြောင့် မတ်တတ်ရပ်မရပါ။ နာကျင်လွန်းသဖြင့် သတိမေ့ သွားမတတ် ဖြစ်နေသည်။ ဦးဘခက်က ကျွန်တော့်အားပွေ့ချီ၍ နေသူရိန်လှေကြီးဆီသို့ ယူဆောင်သွားသည်ကိုသာ နောက်ဆုံး မှတ်မိတော့၏။

ဆယ်ရက်လုံးလုံး ကျွန်တော်သည် ခြေထောက်မှ ဒဏ် ရာကြောင့် အပြင်းဖျားနေခဲ့ပါသည်။ အနာကို ငန်းဝင်ပြီး ကယောင် ကတမ်း ပြောနေမိသည်။ ဦးဘခက်ကိုလည်း ကြမ်းတမ်းရိုင်းပျစွာ ငေါက်ငန်းပြောမိကြောင်း သိရပါသည်။ ထိုအခါတွင် ဦးဘခက်





သည် ကျွန်တော့်အား ချော့မော့ဖျောင်းဖျပြီး အအိပ်ခိုင်းတတ်လေ သည်။ ကျွန်တော့်အား မိခင်က တစ်ဦးတည်းသောသားကို ပြုစု သကဲ့သို့ သူပြုစုရှာပါသည်။

ခြေထောက်အနာသက်သာပြီး အဖျားပျောက်သွားသော် လည်း အင်အားချိနဲ့ပြီး ပိန်လှီနေသဖြင့် အိပ်ရာပေါ်မှာပင် နေရ သေးသည်။ ဤသို့ဖြင့် လှေကြီးပေါ်ရှိ အခန်းတစ်ခန်းထဲတွင် ရက် ပေါင်းများစွာ နေခဲ့ရ၏။ ကျွန်တော်တို့ ဤနေရာတွင်ရှိသည်ကို ဦးပွတစ်ယောက်သာ သိ၏။ ဦးပွသည် ကျွန်တော်တို့လိုအပ်သော ပစ္စည်းများကို တစ်ပတ်တစ်ကြိမ် လာပို့ပေးတတ်ပါသည်။

ဦးပွက ပုလိပ်များသည် ကျွန်တော်တို့ကို လိုက်ရှာခဲ့ ကြောင်း ဦးဘခက်နှင့်ကျွန်တော်သည် ဦးတိုင်းကျော်ကို သတ်ပြီး ထွက်ပြေးသွားသည်ဟု ပုလိပ်များက ပြောကြောင်း ပြောပြပါသည်။

တစ်နေ့တွင် ဦးဘခက်သည် ဖျာပုံမြို့သို့ ခရီးထွက်သွား ပါသည်။ ဖျာပုံမှတစ်ဆင့် ရေလမ်းခရီးဖြင့် မော်လမြိုင်ကိုသွားရန် အဆက်အသွယ်သွားရှာခြင်းဖြစ်၏။ ဖျာပုံမြို့တွင် ညအိပ်မည်ဟု လည်း ပြောသွားသေးသည်။

ထိုနေ့ညနေစောင်းတွင် ကျွန်တော်သည် အခန်းအပြင် သို့ ထွက်ထိုင်နေခဲ့သည်။ ဦးဘခက်သည် နှစ်ရက်ခြားသုံးရက်ခြား ဆိုသလို ကမ်းခြေသို့သွား၍ တံငါလှေများမှ ဆန်နှင့်ငါးများဝယ် တတ်သည်။ ထိုအချိန်မှလွဲ၍ ကျွန်တော့်အနားတွင် အမြဲနေပေး ခဲ့သည်။ ယခုကိစ္စမှာ သူကိုယ်တိုင်သွားမှ အဆင်ပြေမည်ဖြစ်သည့် အပြင် လျှို့ဝှက်စွာသွားရမည့်ကိစ္စလည်း ဖြစ်သောကြောင့် ကျွန် တော့်ကို ထားခဲ့ခြင်းဖြစ်၏။ သွားခါနီးတွင် သူ့သေနတ်ကို ကျွန်

တော့် အားပေးပြီး "ဗအေး ဒီညတော့ မင်းတစ်ယောက်တည်း တောထဲမှာနေရလိမ့်မယ်။ ငါ မနက်ဖြန်မှ ပြန်လာမယ်။ ဒါပေမယ့် မလွှဲမရှောင်သာမှသာ သေနတ်ကို ပစ်မယ်ဆိုရင် ခါးအောက်ပိုင်းကို ချိန်ပစ်" ဟု မှာခဲ့၏။

ကျွန်တော်သည် ပျင်းရိလာသဖြင့် သံမဏိသေတ္တာကို ဖွင့်၍ ဗိုလ်မိုးသီး၏စာကို ဖတ်နေခဲ့၏။

ကျောင်းကြီးပေါ် ပတ္တလား
လူမှုကိစ္စ မြားမြောင်လှ

အထက်ပါစာချိုးကို တွေးနေခိုက် ချုံများကို တိုးဝှေ့သံကြားရသဖြင့် စာရွက်ကိုချထားလိုက်ရသည်။ တံခါးနောက်တွင် ကွယ်ရပ်ပြီး သေနတ်ကို အသင့်ကိုင်ထားလိုက်ပါသည်။ အသံသည် လှေဆီသို့ဦးတည်လာနေခြင်းဖြစ်သည်။ နေဝင်ခါစ ဖြစ်သော်လည်း သစ်ပင်အရိပ်များကြောင့် တောထဲတွင် မှောင်နေချေပြီ။

ကျွန်တော်သည် အကာအကွယ်နောက်မှနေ၍ မှောင်ထဲသို့ လှမ်းမေးလိုက်၏။

"အခုလာတာ ဘယ်သူလဲ"

တောစပ်တွင် လူတစ်ယောက်၏သဏ္ဌာန်ပေါ်လာ၏။ မှောင်နေသဖြင့် သဲကွဲစွာ မမြင်ရပေ။

"အခုလာတာ ဘယ်သူလဲ၊ ပြောပါ၊ မပြောရင် သေနတ်နဲ့ ပစ်လိုက်မယ်"

ကျွန်တော် ထပ်မေးလိုက်၏။ ထိုအခါ မှောင်ထဲမှ ပြန်ဖြေလေသည်။

5





"ဟေး ဗအေး ငါပါကွ၊ ဦးပွပါ"

ကျွန်တော်သည် မီးအိမ်ကို တွန်းပြီး ဦးပွကိုသွားကြိုခဲ့သည်။ ထို့နောက် လှေကြီးပေါ်သို့ ပြန်လာကြသည်။ ဦးပွ တစ်ကိုယ် လုံးမှာ ရေများစိုရွှဲနေသည်။ ကျွန်တော်သည် ဦးဘခက်၏ အဝတ်အစားများကိုထုတ်၍ လဲဝတ်ရန် ပေးလိုက်သည်။

"တစ်ကိုယ်လုံး မိုးရေရွှဲနေပါလား ဦးလေးပွ၊ ဘာကိစ္စ အရေးကြီးလာလို့လဲ"

ဦးပွက ဘာမှမပြောဘဲ အဝတ်အစားများကို လဲဝတ်နေသည်။ ရေစိုအဝတ်များကို ရေညှစ်ပြီး လှန်းသည်။

"မီးဖိုစမ်းပါ ဗအေးရာ၊ ငါ ချမ်းလာလို့"

ကျွန်တော်သည် ထင်းခြောက်များကိုစုပုံ၍ မီးဖိုလိုက်သည်။ ကျွန်တော်တို့သည် မီးဖိုဘေးတွင် ထိုင်ကြစဉ် ဦးပွက သူ့လက်များကို မီးကင်ရင်း စပြောတော့သည်။

"ဗအေး ဒီနှစ်လအတွင်းမှာ မင်းဟာ ကလေးဘဝကနေပြီး လူကြီးဘဝကို လုံးလုံးပြောင်းသွားပြီပဲကွ၊ ဒီည မင်းလုပ်ကိုင်ပုံတွေဟာ တကယ့်လူကြီးတစ်ယောက်အတိုင်းပဲ"

"အခြေအနေအရ ပြောင်းသွားရတာပါ ဦးလေးပွ"

"တကယ်တော့ ဦးဘခက်ဟာ မင်းကိုရွာမှာထားခဲ့သင့်တယ်။ ရွာမှာနေခဲ့ရင် အခုလို ဒုက္ခရောက်မှာ မဟုတ်ဘူး"

"ဒီလိုမပြောပါနဲ့ ဦးလေးပွရယ်၊ ဦးလေးဘဟာ ကျွန်တော့် ကျေးဇူးရှင်ပါ။ သူ ဘယ်ကိုပဲသွားသွား ကျွန်တော် သူနဲ့လိုက်မှာပဲ"

ထို့နောက် ဦးပွက သူ့လာရင်းအကြောင်းကို ပြောပြ၏။

"မင်းတို့ ဒီမှာရှိတယ်ဆိုတာကို ဘယ်သူမှမသိပါဘူး၊ ဒါ

ပေမယ့် ရဲတွေက ငါ့ကို စောင့်ကြည့်နေတယ်။ နောက်ယောင်ခံလိုက်နေတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ အခု သူတို့အလစ်မှာ ငါထွက်လာတာ။ ငါ ဒီကိုနောက်ထပ်လာဖို့ မလွယ်တော့ဘူး။ ရော့ ဒီစာရွက်တွေကို ဖတ်ကြည့်ဦး"

ကျွန်တော်သည် ဦးပွလှမ်းပေးသော စာရွက်များကို ဖတ်ကြည့်လိုက်၏။ ကျွန်တော်နှင့် ဦးဘခက်အား ဆုငွေထုတ်ထားသော ကြော်ငြာဖြစ်သည်။ ဦးဘခက်အား ဆုငွေ(၅ဝိ/)၊ ကျွန်တော့်ကို ဆုငွေ(၃ဝိ/) ထုတ်ထားသည်။

ကျွန်တော်က သူ့အား ဦးဘခက် ဖျာပုံသွားသည့်အကြောင်းကို ပြောပြလိုက်သည်။

"မော်လမြိုင်ကနေပြီး ယိုးဒယားနိုင်ငံကို သွားမယ်လို့ ဦးလေးဘက ပြောတယ်"

ထိုအကြောင်းကိုကြားသောအခါ ဦးပွဝမ်းသာပုံရသွားသည်။ ထို့နောက် မျက်နှာညိုးကျသွားပြီး

"အေး အဲဒီအစီအစဉ်ကောင်းပါတယ်။ မကြာခင် ပုလိပ်တပ်စုတစ်စု ဒီကျွန်းကို ဝေဟာနင်းရှာမယ်လို့ သတင်းရတယ်။ ဒါကြောင်း မင်းတို့ကို ဒီနေရာက မြန်မြန်ပြောင်းဖို့ လာပြောတာပဲ၊ မင်းနဲ့ကိုဘခက်ဟာ ရွာကိုပြန်လာဖို့ မလွယ်တော့ဘူး။ သူ့ဆိုင်လဲ ပိတ်ထားတယ်။ ဦးတိုင်းကျော်သမီးလေးလဲ သနားစရာပါပဲကွာ။ ဒါပေမယ့် သူ့အဖေကို မင်းနဲ့ကိုဘခက်သတ်တယ်ဆိုတာကိုတော့ လက်မခံဘူး။ ဦးဘခက်ဟာ လူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်မှာမဟုတ်ဘူး။ အဲဒီလိုလုပ်တာကို မင်းကလဲ ကြည့်မနေဘူးလို့ ပြောတယ်"





ထိုညက ဦးပွပြောသောစကားများအနက် ထိုစကားသည် ကျွန်တော့်အတွက် အချိုမြိန်ဆုံးဖြစ်ပါတော့၏။ ဘယ်သူတွေဘယ်လိုပဲ အထင်လွဲပါစေ၊ မြင့်မြင့်က ကျွန်တော့်ကို အထင်မလွဲသဖြင့် ကျေနပ်မိရပါသည်။ တစ်ဆက်တည်းမှာပင် ဤနေရာမှ ထွက်မသွားခင် မြင့်မြင့်ကို သွားတွေ့ပြီး အဖြစ်အပျက်ကို အမှန်အတိုင်း ပြောပြရန်လည်း ဆုံးဖြတ်လိုက်မိသည်။

ဦးပွက ကျွန်တော့်ကို အဓိပ္ပာယ်ပါပါကြည့်ပြီး

"ဦးတိုင်းကျော် သမီးလေးက မိန်းမချောလေးကွ၊ ပြီးတော့ ထက်မြက်ပုံလည်းရတယ်။ ဒီမှာ ဗအေး မင်းအိမ်ထောင်ပြုမယ်ဆိုရင် အဲဒီလို မိန်းကလေးမျိုးကိုရအောင် ယူသင့်တယ်ကွ"

"သူကလေးဟာ ကျွန်တော့်ရည်းစားဗျ" ဟု ကျွန်တော် ပြောလိုက်ချင်သော်လည်း မပြောဘဲ နေလိုက်ပါသည်။

ဦးပွသည် မီးဖိုထဲသို့ထင်းများ ထပ်ထည့်ပြန်သည်။ မီးတောက်များတက်လာ၍ မီးရောင်ဖြင့် သူ့ခြေရင်းမှ စာရွက်ကို မြင်သွား၏။ စောစောက ကျွန်တော်ကဖတ်နေသော ဗိုလ်မှိုးသီး၏ စာဖြစ်ပါသည်။

"အဲဒါ ဘာစာလဲကွ ဗအေး"

စာရွက်ကို ကောက်ယူရင်း ဦးပွကမေးသည်။ ထို့နောက် စာရွက်ပေါ်မှ စာများကိုဖတ်ကြည့်နေ၏။ ကျွန်တော်က ဗိုလ်မှိုးသီး၏ ပတ္တမြားအကြောင်းကို ပြောပြလိုက်သည်။

"အဲဒီပတ္တမြားအကြောင်းကို တို့အားလုံးကြားဖူးတယ်။ ဒါပေမယ့် ဒဏ္ဍာရီလို့ပဲ သဘောထားကြတယ်။ မင်းပြောတဲ့အတိုင်းဆိုရင် ဒီပတ္တမြားဟာ တစ်နေရာမှာ တကယ်ရှိလိမ့်မယ်။ ဒီစာဟာ

ပတ္တမြားရှိတဲ့နေရာကို ရေးထားတာဖြစ်နိုင်တယ်။ စာကြောင်းတွေကို အပေါ် ကအောက်၊ ဒါမှမဟုတ် နှစ်လုံးကျော်သုံးလုံးကျော်ဖတ်ကြည့်ရင် ပတ္တမြားရှိတဲ့နေရာကို သိနိုင်တယ်။ ငါတော့ ဒီအတွက်အချိန်မပေးနိုင်ဘူး။ စိတ်လည်းမဝင်စားဘူး"

ထို့နောက် ဦးပွသည် ထရပ်လိုက်၏။ ခြောက်သွေ့စဖြစ်နေသော သူ့အဝတ်အစားများကို ပြန်ဝတ်၏။

"ကိုဘခက်ကို ငါမစောင့်တော့ဘူး။ မင်းတို့ ဒီကအမြန်ပြောင်းဖို့ ငါလာပြောတဲ့အကြောင်း သူ့ကိုပြန်ပြောပြ"

ထို့နောက် ကျွန်တော့်ကို နှုတ်ဆက်ပြီး ဦးပွပြန်သွားပါသည်။ သူသည် ဖြတ်လမ်းမှ ပြန်သည့်အပြင် အလွန်အားကောင်းသော လက်နှိပ်ဓာတ်မီးနှင့် ပြောင်းတိုသေနတ်ပါလာသဖြင့် ညဘက်တွင် တောထဲမှဖြတ်သွားနိုင်ခြင်း ဖြစ်ပါသည်။

သူ ပြန်သွားပြီးနောက် ကျွန်တော်သည် စာရွက်ပေါ်မှ စာလုံးများကို နေရာအမျိုးမျိုးပြောင်းလွဲပြီး ဖတ်ကြည့်နေခဲ့၏။ နောက်တစ်နေ့နံနက် ကြက်ဦးတွန်ချိန်တွင် ကျွန်တော်သည် ဗိုလ်မိုးသီးရေးထားသော စကားဝှက်ကို ဖော်ထုတ်နိုင်ခဲ့ပြီဟု ဆိုရပါမည်။

"ပတ္တမြား ရေတွင်းအောက်၊ ပေခြောက်ဆယ်"

သို့ရာတွင် ရေတွင်းဘယ်မှာရှိသည်ကို ကျွန်တော်မသိပါ။ ထိုအကြောင်းကို စဉ်းစားရင်း ကျွန်တော်အိပ်ပျော်သွားလေ၏။

ကျွန်တော် အိပ်ရာမှနိုးလာသောအခါ မီးဖိုဘေးတွင် ချက်ပြုတ်နေသော ဦးဘခက်ကို တွေ့ရသည်။ ကျွန်တော် အိပ်ပျော်နေ





သည့်အတွက် ဦးဘခက်က အပြစ်တင်သည်။ ကျွန်တော်ကလည်း ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ရသည်။ နောက်ဆုံးတွင် ကျွန်တော်တွေ့ရှိမှုကို သူ့အားပြောပြလိုက်ရာ ဦးဘခက်က စာရွက်ကို ယူကြည့်ပြီး

"အေး မင်းပြောသလို ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီပတ်ဝန်းကျင်မှာ အတောင်ခြောက်ဆယ်နက်တဲ့ ရေတွင်းမရှိဘူး။ ဗိုလ်မိုးကြီးဟာ အဲဒီပတ္တမြားကိုရပြီးတဲ့နောက်မှာ ပင်လယ်ဓားပြအလုပ်ကို စွန့်ပြီး ဖျာပုံနယ်က ရွာကြီးတစ်ရွာမှာ သွားနေတယ်တဲ့။ နောက်မှ သူ့တပည့်တွေက တောင်းဆိုလို့ပင်လယ်ဓားပြ ပြန်လုပ်ရင်းတို့နယ်မှာ သေဆုံးသွားတယ်။ အဲဒီရေတွင်းဟာ သူနေခဲ့တဲ့ အိမ်ဝင်းထဲမှာရှိလိမ့်မယ်။ အတော်ပဲ တို့လဲမကြာခင် ဖျာပုံကိုပြောင်းရမှာဆိုတော့"

နောက်တစ်နေ့တွင် ဦးဘခက်သည် ပုလင်းတစ်လုံးအတွင်းမှ အညိုရောင်အရည်များဖြင့် ကျွန်တော့်ခန္ဓာကိုယ်ကို လိမ်းပေးသလို သူကိုယ်တိုင်လည်း လိမ်းပါသည်။ သူသည် ရုပ်ဖျက်ပညာကို ကျွမ်းကျင်သူဖြစ်၏။ ထို့နောက်ဖျာပုံမှ သူဝယ်လာသော လယ်သမားအဝတ်အစားများကို ဝတ်ဆင်ကြ၏။ ဤသို့ဖြင့် ကျွန်တော်တို့အား မည်သူမှ မမှတ်မိအောင် ရုပ်ပြောင်းလိုက်နိုင်ပါသည်။

## အခန်း(တစ်ဆယ့်သုံး)

အစီအစဉ်အရဆိုလျှင် ကျွန်တော်တို့ နေသူရိန်လှေကြီးမှ ထွက်သွားဖို့မှာ ကြား(နှစ်)ရက်သာ လိုပါတော့သည်။ ကျွန်တော့်အနေဖြင့် ထိုနေရာမှ မထွက်ခွာခင် ကဒ့်ကနီသို့ ပြန်သွားပြီး မြင့်မြင့်နှင့် အလွန်တွေ့ချင်နေပါသည်။ သို့သော် ဦးဘခက် ခွင့်ပြုအောင် မည်ကဲ့သို့ပြောရမည်ကို မသိသည်က ခက်နေသည်။

ထိုနေ့ညနေစောင်းတွင် ကျွန်တော်တို့သည် ညစာကို စောစောစားသောက်ပြီး အခန်းအပြင်သို့ ထွက်ထိုင်နေကြသည်။ မည်သည့်စကားမှ မပြောဘဲ ပင်လယ်ပြင်အောက်သို့ ငုပ်လျှိုးစပြုနေသော နေလုံးနီနီကိုသာ ငေးကြည့်နေဖြစ်ကြသည်။ ညနေခင်းမှာ အေးချမ်းတိတ်ဆိတ်နေသလို ကျေးငှက်များသည် အုပ်စုဖွဲ့၍ အိပ်တန်းဆီသို့ ပျံသွားနေကြပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် မြင့်မြင့်အား ခါတိုင်းထက်ပို၍ လွမ်းဆွတ်သတိရနေပါတော့သည်။





"ဦးလေးဘကို ကျွန်တော်စကားနည်းနည်းပြောချင်ပါတယ်၊ ခွင့်ပြုပါနော်"

ကျွန်တော့်အသံမှာ မဝံ့မရဲဖြစ်နေသည်။ ဦးဘခက်သည် ပင်လယ်ဘက်ကိုစိုက်ကြည့်နေရာမှ ဆတ်ခနဲလှည့်ကြည့်သည်။

"ပြောလေ ဗအေး၊ ဘာများပြောစရာရှိလို့လဲ"

"ဒီလိုပါ ဦးလေးဟာ ကျွန်တော့်အပေါ်မှာ သားအရင်းလို စောင့်ရှောက်ခဲ့ပါတယ်။ ကျွန်တော့်အသက်ကို ကယ်ခဲ့ရုံသာမက ဘူး၊ ခြေထောက်ကိုလဲ ပြန်ကောင်းအောင် ကုပေးခဲ့တယ်။ အဲဒီကျေးဇူးတွေကို ကျွန်တော် တစ်သက်လုံးဆပ်လို့ ကုန်မှာမဟုတ်တော့ပါဘူး။ ဦးလေးဘ သဘောမကျတဲ့ကိစ္စဆိုရင် ဘာမှမလုပ်ချင်ပါဘူး။ ဒါကြောင့် ဦးလေးဘကို အခွင့်အရေးတစ်ခု တောင်းပါရစေ။ ကျွန်တော်ဟာ ဒီလှေကြီးပေါ်မှာ နှစ်လကျော်ကျော်နေခဲ့ရပါတယ်။ သစ်ပင်တွေနဲ့ မိုးကောင်းကင်ကလွဲပြီး ဘာမှ မမြင်ခဲ့ရဘူး။ ဒါကြောင့် အပြင်ကို သွားခွင့်ပြုစေချင်ပါတယ်"

"မင်းအသက်ကို ကယ်ခဲ့တယ်လို့မပြောပါနဲ့ ဗအေးရာ၊ မင်း အခုလိုဒုက္ခရောက်အောင် ငါလုပ်ခဲ့တာပါ။ အဲဒီညက မင်းကို ငါမခေါ်ခဲ့ရင် အခုအချိန်မှာ မင်းဟာ ကဒ့်ကနီမှာ အေးအေးဆေးဆေးနေရမှာ။ အခုလို တောကြီးထဲမှာ လာပြီးပုန်းနေရမှာ မဟုတ်ဘူး။ ငါ ဒီည ကမ်းနားကိုသွားပြီး ကိုပွဝှက်ထားခဲ့တဲ့ ပစ္စည်းတွေယူဖို့ ရှိတယ်။ ငါနဲ့အတူ လိုက်ခဲ့ပေါ့။ ဟုတ်တော့ဟုတ်တယ်။ မင်း လမ်းမလျှောက်ရတာ ကြာလှပြီပဲ"

"ကျွန်တော်က ကမ်းခြေထက်ပိုဝေးတဲ့ နေရာကိုသွားချင်တာပါ၊ ဦးလေးဘ သိတဲ့အတိုင်း ကျွန်တော်ဟာ ကဒ့်ကနီမှာမွေး

ပြီး အဲဒီမှာ ကြီးပြင်းလာခဲ့တာပါ။ အဲဒီမှာရှိတဲ့ သဲသောင်ပြင်တွေ၊ အုန်းပင်တွေ နောက်ဆုံး ကျွန်တော်သွားနေကျ သင်္ချိုင်းဟောင်းထဲက အုတ်ဂူပျက်ကအစ သံယောဇဉ်ရှိပါတယ်။ ကျွန်တော် ဒီနေရာက ထွက်မသွားခင်မှာ အဲဒါတွေကို နောက်ဆုံးအနေနဲ့ ကြည့်ချင်ပါသေးတယ်။ ဒါကြောင့် ကဒုံကနီကို သွားခွင့်ပြုပါ။ ရုပ်ဖျက်ထားတဲ့အတွက် ကျွန်တော့်ကို ဘယ်သူမှ မှတ်မိမှာမဟုတ်ဘူး။ မနက်ဖြန်ညမှာ ဆက်ဆက် ဦးလေးဘဆီကို ကျွန်တော်ပြန်လာပါ့မယ်"

ဦးဘခက်က ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်နေ၏။ အတန်ကြာအောင် ဘာမှမပြောဘဲနေ၏။ သူ့မျက်လုံးများမှာ စူးရှလွန်းသဖြင့် ကျွန်တော် သူ့ကိုပြန်မကြည့်ရဲဘဲ ခေါင်းငုံ့နေရ၏။ ထို့နောက် သူက အေးဆေးတည်ငြိမ်စွာ ပြောပြသည်။

"ဒီမှာ မောင်အေး၊ အချစ်အတွက်၊ ပစ္စည်းအတွက်၊ အမုန်းအတွက် အန္တရာယ်ကြားကို တိုးဝင်သူတွေကိုပဲ ငါတွေ့ဖူးတယ်။ ပင်လယ်ကမ်းခြေ၊ သဲသောင်ပြင်၊ အုန်းပင်တန်းနဲ့ သင်္ချိုင်းဂူပျက်တွေကို ကြည့်ဖို့အတွက် ဘယ်သူမှ အန္တရာယ်ကြားကို မသွားကြဘူး။ လူတစ်ယောက်ဟာ မြို့တစ်မြို့၊ အရပ်ဒေသတစ်ခုကို သံယောဇဉ်ရှိတာ မဟုတ်ဘူး။ အဲဒီမှာနေတဲ့ လူတစ်ယောက်ကို သံယောဇဉ်ရှိတာပဲ ဖြစ်တယ်။ မင်းတွေ့ချင်သူဟာ မင်းအဒေါ် မသူဇာဖြစ်မယ်လို့ ငါ မထင်ဘူး"

ဤတွင် ကျွန်တော်သည် ဦးဘခက်အား အမှန်အတိုင်း ဖွင့်ပြောရတော့၏။

"ဒါဟာလဲ အန္တရာယ်ကြားကို တိုးဝင်တာပဲ

ဒါပေမယ့် အချစ်ဟာ အင်အားအကြီးဆုံးအရာပဲ။ အချစ်နဲ့ယှဉ်လိုက်





ရင် အရာရာ သေးငယ်မှုန်မွှားသွားတော့တာပဲ။ ဒီမိန်းကလေးကို ငါသိပါတယ်။ ချောမောလှပပြီး စိတ်ကောင်းရှိတယ်။ သူ့အဖေ ကိုတိုင်းကျော်နဲ့ ဘာမှမဆိုင်ဘူး။ ကိုတိုင်းကျော်ရဲ့သမီးဖြစ်နေတာကို ငါ အံ့ဩမိပါရဲ့။ သူ့အဖေကို ငါ့လက်နဲ့မသတ်မိတာ ဝမ်းသာမိတယ်။ ကဲ မင်းကြည့်ချင်တဲ့ အုန်းပင်တန်းတွေ၊ သင်္ချိုင်းဂူပျက်တွေကို သွားကြည့်နိုင်ပါပြီ။ ငါလဲ မင်းနဲ့အတူ ကမ်းခြေကို လိုက်ခဲ့မယ်။ ကမ်းစပ်က သစ်တောထဲမှာပုန်းပြီး မင်းကိုစောင့်နေမယ်။ မနက်ဖြန်ည ဆယ်နာရီအထိ မင်းပြန်မရောက်ရင် အဖမ်းခံရပြီလို့ ယူဆမယ်။ ပြီးတော့ ငါကိုယ်တိုင် အဲဒီကိုလာပြီး စုံစမ်းဦးမယ်"

ကျွန်တော်သည် ဦးဘခက်အား ရိုသေစွာ ကန်တော့သည်။ သူပြောသည့်အချိန်ကို မီအောင် ပြန်လာပါမည်ဟု ကတိပေးလိုက်ပါသည်။

ကျွန်တော်တို့သည် လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ခရီးထွက်ခဲ့ကြ၏။ ဦးဘခက်က ရှေ့မှဦးဆောင်သွားခြင်းဖြစ်သည်။ ကမ်းစပ်သို့ရောက်သောအခါ ဦးပွဖွက်ထားခဲ့သော ပစ္စည်းများကို အလွယ်တကူရှာတွေ့လေသည်။ ထိုနေရာတွင် ခေတ္တအနားယူရင်း ယူဆောင်လာသော အစားအသောက်များကို စားကြသည်။ ထို့နောက် ကျွန်တော်တို့သည် ဦးပွဝှက်ထားသော လှေကိုလှော်၍ ထွက်လာခဲ့၏။ ကျွန်တော့်လွယ်အိတ်ထဲတွင် ဦးဘခက်ပေးလိုက်သော သေနတ်နှင့်ရိက္ခာအနည်းငယ် ပါလာသည်။

ကဒုံကနီသို့ရောက်အောင် တစ်ညလုံး လှော်ခဲ့ရသည်။ နံနက်မိုးမလင်းခင် ကမ်းခြေသို့ရောက်ခဲ့သောအခါ လှေကို ကိုင်းပင်များအကြားတွင် ဝှက်ထားခဲ့ပြီး မြင့်မြင့်တို့အိမ်ဝင်းနောက်ဘက်

ရှိ ဘုန်းကြီးကျောင်းပျက်ဆီသို့ လာခဲ့ရသည်။ ရွာထဲမှ ဖြတ်လျှောက်လာသည့်အချိန်တွင် ကဒုံကနီတစ်ရွာလုံး အိပ်မောကျနေဆဲဖြစ်၏။ ကျွန်တော်သည် ဘုန်းကြီးကျောင်းပျက်ပေါ်သို့တက်ပြီး ထိုင်နေကျနေရာတွင် လှဲပြီးအနားယူနေလိုက်သည်။ ထို့နောက် ထထိုင်ပြီး အိမ်ဆီသို့စောင့်ကြည့်ခဲ့သည်။ သို့သော် မြင့်မြင့်၏အရိပ်အယောင်ကိုကား မမြင်ရပေ။ ဤသို့ဖြင့် နံနက်ဆယ်နာရီတိုင်အောင် ပါလာသော မုန့်ခြောက်များကိုစားရင်း စောင့်ဆိုင်းနေခဲ့၏။ ထို့နောက် မတတ်သာသည့်အဆုံး ကျွန်တော်သည် ကျောင်းပေါ်မှဆင်းလာခဲ့ပြီး အိမ်ရှေ့ဝင်းပေါက်မှဝင်၍ အိမ်ဆီသို့လျှောက်လာခဲ့၏။ ကျွန်တော်၏ ရုပ်ဖျက်ထားမှုမှာ အလွန်သပ်ရပ်ပိရိလှပါသည်။ သို့သော် စိတ်ထဲမှာ အလွန်ကြောက်နေဆဲပါ။ ပိတ်ထားသော တံခါးရှေ့တွင်ရပ်ပြီး အသာခေါက်လိုက်သည်။ စောင့်ဆိုင်းနေစဉ်အတွင်း ကျွန်တော့်ရင်မှာ တထိတ်ထိတ်ဖြစ်နေရသည်။ နောက်ထပ် တံခါးခေါက်မည်ပြုစဉ်မှာပင် တံခါးဆီသို့လျှောက်လာသော ခြေသံကိုကြားရ၏။ အတွင်းမှ အမျိုးသမီးအသံဖြင့် "ဘယ်သူလဲ" ဟု မေး၏။

ကျွန်တော့်နားထဲတွင် အသာယာဆုံးအသံပင် ဖြစ်သည်။ မြင့်မြင့်အသံပါ။ ကျွန်တော့်နှုတ်မှ "မြင့်မြင့်" ဟု ဝမ်းသာအားရခေါ်ရန်ဟန်ပြင်မိသေး၏။ ထို့နောက် အိမ်ထဲတွင် အခြားသူများရှိနိုင်သည်ဟု တွေးမိသဖြင့် မနည်းချုပ်တီးထားရ၏။ ထို့ကြောင့် "မိတ်ဆွေတစ်ယောက်နေတဲ့အိမ်ကို မေးချင်လို့ပါ" ဟု ဖြေလိုက်ရသည်။

မြင့်မြင့်သည် တံခါးဖွင့်ပြီး ကျွန်တော့်ကို စူးစမ်းဟန်ဖြင့်





ကြည့်နေ၏။ "ရှင့်မိတ်ဆွေက ဘယ်သူပါလဲ" ဟု မေးရှာသည်။ မြင့်မြင့်သည် ကျွန်တော့်ကို လုံးလုံးသိဟန်မတူပါ။

"ဦးဘခက်ပါ" "ဒို့ဘခက်" စားသောက်ဆိုင်ပိုင်ရှင်ပါ။ ကျွန်တော် စက်ဆန်းကလာတဲ့ သူ့မိတ်ဆွေပါ"

"အဲဒီကို ရှင်သွားချင်လို့လား၊ ကျွန်မ လမ်းပြပေးပါ့မယ်။ ဒါပေမယ့် ဆိုင်ကပိတ်ထားတယ်။ ဦးဘခက်လဲမရှိဘူးရှင့်။ ခရီးထွက်သွားတယ်"

မြင့်မြင့်သည် လမ်းပြရန် လှေကားထစ်မှ ဆင်းလာ၏။ ကျွန်တော်က အနီးသို့ကပ်ပြီး လေသံဖြင့်

"မြင့်မြင့် ကိုယ် ဗအေးပါ၊ ကိုယ် အဝေးကိုထွက်သွားရတော့မယ်။ မြင့်မြင့်ကိုတွေ့ချင်လို့ တစ်ညလုံး လှေလှော်လာခဲ့တာပါ။ မြင့်မြင့်ကို ပြောချင်တဲ့စကားတွေ အများကြီးရှိတယ်။ အိမ်ထဲမှာ ဒီပြင်လူရှိသေးသလား"

တော်ရုံတန်ရုံ မိန်းကလေးဆိုလျှင် အံ့အားသင့်လွန်းသဖြင့် အသံထွက်အော်မည်ဖြစ်၏။ မြင့်မြင့်က တည်ငြိမ်အေးဆေးစွာပင် "ကဲ အိမ်နောက်ဘက်ကို သွားကြမယ်၊ ကျွန်မတစ်ယောက်တည်းရှိတယ်" ဟုသာ ပြောပါသည်။

ကျွန်တော်တို့သည် အိမ်ထဲသို့ ပြန်ဝင်ပြီး တံခါးပိတ်ခဲ့၏။ အိမ်နောက်ဖေးတံခါးမှ ထွက်လိုက်သောအခါ ဉယျာဉ်ထဲသို့ရောက်၏။ ကျွန်တော်နှင့်မြင့်မြင့်တို့သည် တစ်ယောက်လက်ကို တစ်ယောက် တင်းကြပ်စွာဆုပ်လျက် မျက်နှာချင်းဆိုင် ရပ်မိကြသည်။ တစ်ယောက်မျက်နှာကိုတစ်ယောက် မျက်တောင်မခတ်စတမ်းကြည့်နေမိကြသည်။ ကျွန်တော်တို့၏ မျက်နှာပေါ်တွင် အံ့

ညြခြင်း၊ ဝမ်းသာခြင်း၊ ချစ်မြတ်နိုးခြင်းတို့ ရောပွမ်းပေါ်ပေါက်နေမည်ဟု ထင်ပါသည်။

"ကိုဗအေး" မြင့်မြင့်က တိုးညှင်းစွာခေါ်သည်။ "ဒီနှစ်လအတွင်းမှာ ရှင်ဟာ အရမ်းထွားကျိုင်းလာတာပဲ" ဟု ပြောသည်။ ကျွန်တော်ကလည်း "မြင့်မြင့်လဲ အရွယ်ရောက်တဲ့ မိန်းမကြီးတစ်ယောက်ဖြစ်နေပါပြီ" ဟု ပြန်ပြောလိုက်မိသည်။ ဟုတ်ပါသည်။ ဤနှစ်လအတွင်း တွေ့ကြုံခဲ့ရသော စိတ်ဆင်းရဲမှုများကြောင့် မြင့်မြင့်မျက်နှာပေါ်မှ ငယ်ရွယ်နုပျိုမှုများ လွင့်ပျောက်ခဲ့ပြီဖြစ်သည်။ မြင့်မြင့်မှာ တည်ငြိမ်ရင့်ကျက်သော အမျိုးသမီးဖြစ်နေလေပြီ။ ထို့နောက် မြင့်မြင့်သည် ကျွန်တော်ဝတ်ထားသော လယ်သမားအဝတ်အစားများကို ကြည့်နေ၏။ ကျွန်တော်က ပုလိပ်များက ကျွန်တော့်ကို ဝရမ်းပြေးအဖြစ် သတ်မှတ်ထားကြောင်း ထို့ကြောင့် ရုပ်ဖျက်လာရကြောင်း ပြောပြရသည်။ ကျွန်တော်တို့သည် ဥယျာဉ်ထဲသို့ သွားထိုင်နေကျ သစ်ပင်ကြီးများအောက်တွင် ထိုင်ကြသည်။ အကြောင်းမှာ အရေးကြုံပါက သစ်ပင်သို့တက်ပြီး ဝင်းထရံအပြင်သို့ ခုန်ချထွက်ပြေးနိုင်သောကြောင့် ဖြစ်သည်။

ကျွန်တော်သည် မြင့်မြင့်အား ဦးတိုင်းကျော်သေဆုံးရပုံကိုလည်း ပြောပြလိုက်ပါသည်။ ကျွန်တော့်စကားကို နားထောင်ရင်း မြင့်မြင့်မှာ မျက်ရည်သွယ်သွယ်ကျဆင်းနေရှာပါသည်။ ထို့နောက် မျက်ရည်ကိုသုတ်ပြီး ကျွန်တော့်ခြေထောက်ကို ကြင်နာစွာကြည့်နေ၏။ ကျွန်တော်က ဆက်လက်၍ ငွေသေတ္တာအတွင်းမှ ဗိုလ်မိုးသီး၏စာရွက်ကို ထုတ်ပြလိုက်ပါသည်။ ထိုစာ၏ အဓိပ္ပာယ်ကိုဖော်နိုင်ပြီဖြစ်ကြောင်းကိုလည်း ပြောပြလိုက်သည်။ ယခု





ဗိုလ်မိုးသီး၏ ပတ္တမြားကို သွားရှာမည့်အကြောင်း၊ ပတ္တမြားကို ရှာတွေ့လျှင် ချမ်းသာတော့မည့်အကြောင်းကို ဝမ်းသာအားရ ပြောပြမိ၏။

သို့သော် မြင့်မြင့်သည် ထိုအကြောင်းကို သိပ်စိတ်ဝင်စားပုံမရပါ။ ကျွန်တော့်အား "ကိုဗအေးရယ် ဒီပတ္တမြားကို သိပ်မလိုချင်ပါနဲ့နော်၊ ဒီပတ္တမြားဟာ လူဆိုးလူမိုက်တစ်ယောက်ရဲ့ပစ္စည်းပါ။ ဒီပတ္တမြားဟာ ကောင်းကျိုးပေးလိမ့်မယ်လို့ မထင်ဘူး။ ဒီပတ္တမြားကို ရှာတွေ့ရင် ရောင်းချလို့ရတဲ့ငွေကို ဆင်းရဲသားတွေကို ဝေငှပေးသင့်တယ်။ အဲဒီလိုမလုပ်ရင် ရှင့်ကိုဒုက္ခပေးလိမ့်မယ်လို့ထင်တယ်"

ကျွန်တော်သည် မြင့်မြင့်စကားကို နားထောင်ရင်း ဝမ်းထဲမှ ပြုံးမိ၏။ ကြည်နူးလွန်းသဖြင့် ကျွန်တော် ချမ်းသာချင်သည်မှာ သူမကို ဂုဏ်သရေရှိရှိ လက်ထပ်ချင်သောကြောင့် ဆိုသည်ကို ပြောမပြတော့ပါ။

ထို့နောက် မြင့်မြင့်သည် ကျွန်တော့်အား မီးဖိုချောင်အတွင်းသို့ခေါ်သွားပြီး ထမင်းဟင်းများ ခူးခပ်ကျွေးမွေးပါ၏။ ထို့နောက် တစ်မှေးအိပ်ရန် ပြောသဖြင့် ကျွန်တော်သည် သစ်ရိပ်အောက်တွင် လှဲလိုက်ရာ မကြာမီပင် အိပ်ပျော်သွားပါတော့၏။

ကျွန်တော် အိပ်ရာမှနိုးလာသောအခါ နံဘေးတွင် ထိုင်နေသော မြင့်မြင့်ကိုတွေ့ရသည်။ အချိန်မှာ ညနေသုံးနာရီခန့်ရှိလေပြီ။ ကျွန်တော်ပြန်ရတော့မည်။ မြင့်မြင့်သည် လမ်းတွင် ကျွန်တော်စားဖို့ ထမင်းထုပ်နှင့် ရေဘူးကို အသင့်ပြင်ထားသည်ကို တွေ့ရပါသည်။

ကျွန်တော်ပြန်ခါနီးတွင် သစ်ပင်အောက်တွင် ရပ်လိုက်ကြ၏။ နံနက်ကလိုပင် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားမိကြသည်။ တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးစွာကြည့်နေမိကြ၏။ ထို့နောက် မြင့်မြင့်က ပြောလေသည်။

"ကိုဗအေး ရှင်ဟာ တစ်နေ့မှာ ဒီရွာကိုပြန်လာကောင်းလာရမှာပါ။ နှစ်တွေဘယ်လောက်ပဲကြာပါစေ။ ကျွန်မဟာ ညတိုင်း ပြတင်းပေါက်မှာ မီးထွန်းထားပါ့မယ်။ ရှင် ညဘက်မှာ လှေနဲ့ပဲဖြစ်ဖြစ်၊ မော်တော်နဲ့ပဲဖြစ်ဖြစ် ပင်လယ်ပြင်ကပြန်လာရင် အဲဒီမီးရောင်ကို လှမ်းမြင်ရလိမ့်မယ်။ ဒီမီးရောင်ကိုမြင်ရင် မြင့်မြင့်ဟာ ရှင့်ကိုစောင့်နေတုန်းပဲဆိုတာကို သိပါနော်။ မီးရောင်မမြင်ရင်တော့ ကျွန်မ သေသွားပြီလို့မှတ်ပါ။ ကိုဗအေးပြန်လာမယ့်အချိန်အထိ ကျွန်မစောင့်နေပါ့မယ်"



## အခန်း(တစ်ဆယ့်လေး)

ကျွန်တော်သည် ဦးဘခက်စောင့်နေသော နေရာသို့ အချိန်မီပင် ရောက်သွားပါသည်။ လှေကိုတစ်နေရာတွင် ဝှက်ထားခဲ့ပြီး ကျွန်တော်တို့ နေသူရိန်လှေကြီးဆီသို့ ပြန်လာကြ၏၊ ညဉ့်အတော်နက်မှပင် ပြန်ရောက်ကြခြင်းဖြစ်သည်။ ထိုညမှာ နေသူရိန်လှေကြီးပေါ်တွင် ကျွန်တော်တို့ နောက်ဆုံးအိပ်စက်ခြင်းဖြစ်ပါသည်။

နောက်တစ်နေ့ညဆယ်နာရီတွင် ကျွန်တော်တို့သည် ဖျာပုံမှ လာခေါ်သော မော်တော်ပေါ်တွင် ရောက်နေကြပါပြီ။ မော်တော်ပေါ်တွင် ဦးဘခက်၏မိတ်ဆွေများပါသဖြင့် ကျွန်တော်တို့သည် အစားအသောက်ကောင်းများ စားသောက်ပြီး ကောင်းမွန်စွာ အိပ်စက်ကြရသည်။ ကဒုံကနီမှ ထွက်လာခဲ့ပြီးနောက် ပထမဆုံးအကြိမ် မွေ့ရာ၊ ခြင်ထောင်၊ စောင်များဖြင့် ဒိမ်ရှိစွာ အိပ်ရခြင်းဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် ဖျာပုံမြို့သို့ မော်တော်ဆိုက်သည်။ ကျွန်တော်တို့သည် ဖျာပုံမြို့ပေါ်တွင် တစ်နံနက်သာနားပြီး သမိန်ထောသို့ လှေဖြင့်ခရီးဆက်ဖြစ်ခဲ့ကြသည်။

သမိန်ထောရွာကြီးသို့ ရောက်သောအခါ ဦးဘခက်၏ အသိတစ်ယောက်အိမ်တွင် တည်းခိုကြသည်။ ကျွန်တော်တို့သည် အပြင်သို့ သိပ်မထွက်ဘဲ အိမ်ထဲမှာပင် ခပ်လျှိုလျှိုနေခဲ့ကြသည်။ ထိုအချိန်တွင် အင်္ဂလိပ်အစိုးရက သခင်များအား အပြစ်ရှာပြီး လိုက်လံဖမ်းဆီးနေချိန်ဖြစ်သဖြင့် ကျွန်တော်တို့ကိုလည်း အဖမ်းမခံရအောင် လာရောက်တိမ်းရှောင်နေသူများဟု ရွာခံများက ယူဆနေကြသည်။ ကျွန်တော်တို့ တည်းခိုသောအိမ်ပိုင်ရှင်ကိုယ်တိုင်ကလည်း သခင်တစ်ဦး ဖြစ်သည်။ အမည်မှာ သခင်ဘသင်ဖြစ်သည်။ ဦးဘခက်သည် နေ့ပိုင်းတွင် ရွာထဲသို့လျှောက်သွားပြီး ရေကန်အကြောင်းကို စုံစမ်း၏။ ညပိုင်းတွင် ရွာထဲမှ သခင်များနှင့် နိုင်ငံရေးအကြောင်းကို ဆွေးနွေးလေသည်။ တကယ်တော့ ဦးဘခက်သည် ဗိုလ်မိုးသီး၏ ပတ္တမြားအကြောင်း သိပ်စိတ်မဝင်စားပါ။ သူ့တွင် မိသားစုအနှောင်အဖွဲ့ မရှိတော့သဖြင့် တိုင်းပြည်လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ရန် စိတ်အားထက်သန်နေပါသည်။ သို့သော် ဦးဘခက်သည် ကျွန်တော့်ကို အလွန်ချစ်ရှာပါသည်။ တစ်ကောင်ကြွက်ဘဝဖြင့် ရွာတွင်မျက်နှာငယ်ရသော ကျွန်တော့်ကို အလွန်သနားနေသည်။ ကျွန်တော် ဘာကြောင့်ပတ္တမြားကို တပ်တပ်မက်မက် ဖြစ်နေသည်ကိုလည်း သူသိသည်။ ကျွန်တော့်ဆန္ဒကို လိုက်လျောသည့်အနေဖြင့်သာ ယခုကဲ့သို့ လိုက်ပါဆောင်ရွက်နေခြင်း ဖြစ်ပါသည်။





တစ်ညနေတွင် ဦးဘခက်သည် ရွာထဲမှ ပြန်လာပြီး ကျွန်တော့်အား ရွာပြင်သို့ လမ်းလျှောက်လိုက်ခဲ့ပါဟု ခေါ်သဖြင့် လိုက်သွားရသည်။ ရွာပြင်သို့ရောက်သောအခါ ဦးဘခက်က ပြောပြသည်။

“ရေတွင်းရှိတဲ့နေရာကို ငါ စုံစမ်းလို့ရပြီကွဲ့ ဗအေး၊ ဒီရွာရဲ့အပြင်ဘက် နှစ်ဖာလုံလောက်ဝေးတဲ့ နေရာမှာ ခြံဝင်းကျယ်ကြီးတစ်ခုရှိတယ်။ အဲဒီခြံကြီးထဲမှာ ရေတွင်းရှိတယ်။ ဒါပေမယ့် ခြံထဲကိုဝင်ဖို့ မလွယ်ဘူး။ ခြံစောင့်တစ်ယောက်ရှိတယ်။ ခြံထဲကိုဝင်လို့ရတဲ့တိုင်အောင် ရေတွင်းထဲကို ဆင်းဖို့ကြတော့ မလွယ်ပြန်ဘူး။ ရေတွင်းပတ်လည်ကို အုတ်တံတိုင်းကာပြီး သော့ခတ်ထားတယ်။ ခြံစောင့်ဟာ သော့ကို သူ့ကိုယ်ပေါ်မှာ အမြဲဆောင်ထားတာကွဲ့”

“ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ ဦးလေးဘ”

“မတတ်သာတဲ့အဆုံး ငါ ခြံစောင့်နဲ့တွေ့ပြီး သူ့ကို ရေတွင်းထဲမှာ အဖိုးတန်တဲ့ပတ္တမြားတစ်လုံးရှိတဲ့အကြောင်း ဖွင့်ပြောရတယ်။ သူက တို့ကို ရေတွင်းထဲဆင်းပြီး ပတ္တမြားကို ရှာခွင့်ပေးလိမ့်မယ်။ ပတ္တမြားကိုရှာတွေ့ရင် ရောင်းချလို့ရတဲ့ငွေရဲ့ သုံးပုံတစ်ပုံ သူ့ကိုပေးရမယ်တဲ့။ မနက်ဖြန် နံနက်စောစော သူ့ဆီကို ငါတို့သွားကြရမယ်”

နောက်တစ်နေ့နံနက်စောစောတွင် ကျွန်တော်တို့အိမ်မှ ထွက်ခဲ့ကြသည်။ မြို့ပြင်ရှိ ခြံဝင်းကျယ်ကြီးတစ်ခုသို့ ရောက်သောအခါ အစောင့်က ချက်ချင်းတံခါးဖွင့်ပေးသည်။ ခြံကြီးမှာ လေးဧက

ခန့်မျှ ကျယ်ဝန်း၍ သစ်ပင်ကြီးများ အုံ့ဆိုင်းနေ၏။ အလယ်တွင် ယခင်က အိမ်နေရာဖြစ်ခဲ့ဟန်တူသော မြေကွက်လပ်တစ်ခုကိုလည်း တွေ့ရ၏။

"ကျွန်တော့်တဲကိုလိုက်ပြီး ရေနွေးကြမ်းသောက်ပါဦး" ခြံစောင့်က တံခါးပြန်ပိတ်ရင်းပြောသည်။

ဦးဘခက်က ကျေးဇူးတင်ကြောင်း ခပ်မြန်မြန်လုပ်ငန်းစလိုကြောင်း ပြန်ပြောသည်။

အစောင့်မှာ အသက်သုံးဆယ့်ငါးနှစ်ခန့်၊ ဂင်တိုတို ပုအိုင်အိုင် အမျိုးအစားဖြစ်သည်။ အစောင့်သည် ကျွန်တော်တို့အား ခြံဝင်းထောင့်ရှိ အုတ်တံတိုင်းကာထားသော လေးထောင့်အဆောက်အဦဆီသို့ ခေါ်သွားသည်။ သူ့ခါးမှ သော့တွဲကိုဖြုတ်၍ သော့ခတ်ထားသော သော့အိမ်ကို ဖွင့်ပေးသည်။ ကျွန်တော်တို့သည် ပွင့်သွားသော တံခါးပေါက်မှ အတွင်းကိုဝင်ခဲ့ကြသည်။ အဆောက်အဦ၏ အလယ်တွင် ရေတွင်းကို အထင်းသားတွေ့ရပါသည်။

ထိုအခိုက်မှာပင် အစောင့်သည် တံခါးကိုပြန်ပိတ်ပြီး အတွင်းမှ သော့ခတ်လိုက်ပါသည်။ ကျွန်တော်သည် အစောင့်၏ လုပ်ပုံကိုင်ပုံကို မသင်္ကာသဖြင့် သူ့မျက်နှာကို အကဲမရစွာ ကြည့်နေမိသည်။ သူ့မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလဲမှုများ ထင်ဟပ်နေပါ၏။ သူ့ကို ကျွန်တော် မယုံကြည်တော့ပါ။ ထိုအခိုက်အတန့်မှာပင် မြင့်မြင့်၏စကားသံကို ပြန်ကြားလာမိသည်။ ပတ္တမြားသည် ကျွန်တော့်ကို ဒုက္ခပေးလိမ့်မည်ဟု မြင့်မြင့်က သတိပေးခဲ့ဖူးသည်။ ပတ္တမြားကို ရှာတွေ့ပါက ထိုလူသည် ကျွန်တော်တို့အား တစ်နည်းနည်းဖြင့် ဒုက္ခပေးပေလိမ့်မည်ဟု ထင်လာသည်။





ကျွန်တော်သည် ဦးဘခက်ကို လှမ်းကြည့်လိုက်သော်လည်း ဦးဘခက်ကမူ အစောင့်ကို ဂရုမစိုက်ဘဲ ရေတွင်းကို ငုံ့ကြည့်နေပါသည်။

ရေတွင်းမှာ အဝိုင်းဖြစ်ပြီး ခြောက်ပေခန့်ကျယ်ဝန်းသည်။ ရေတွင်းဘောင်မှာ ခါးလယ်ခန့်ဖြစ်သည်။ ရေတွင်းဘေးတစ်ဘက်တစ်ချက်တွင် တိုင်နှစ်တိုင်စိုက်၍ အလယ်တန်းတွင် စက်သီးဆင်ထားသည်။ ကြိုးစတစ်ဘက်တွင် ခိုင်ခံ့သော ကြိမ်ခြင်းတစ်ခု ချိတ်ထား၏။ ရေတွင်းထဲသို့ဆင်းမည့်သူသည် ထိုခြင်းတောင်းထဲတွင် ဝင်ထိုင်ပြီး ကျန်လူများက စက်သီးကြိုးဖြင့် တဖြည်းဖြည်းအောက်ချပေးရမည်ဖြစ်ပါသည်။

"ရေတွင်းထဲကို ဘယ်သူဆင်းမှာလဲ"

အစောင့်ကမေးသည်။

"ငါ ဆင်းမယ်"

ဦးဘခက်က ဖြေသည်။

ထိုအစီအစဉ်ကို ကျွန်တော်သဘောမကျပါ။ ရေတွင်းထဲသို့ ဦးဘခက်ရောက်နေချိန်တွင် အပေါ်၌ ကျွန်တော်နှင့်အစောင့်သာ ကျန်ရစ်ပေမည်။ သူ အကောက်ကြံပါက ကျွန်တော် ဘာမှ တတ်နိုင်မည် မဟုတ်ပါ။

"ကျွန်တော်ဆင်းမယ် ဦးလေးဘ၊ ကျွန်တော့်ခန္ဓာကိုယ်က သေးတဲ့အတွက် ဝန်ပေါ့ပါတယ်။ ဦးလေးအပေါ်က စောင့်နေပါ။ ကိစ္စရှိရင် ကျွန်တော်လှမ်းပြောမယ်"

ဦးဘခက်သည် ထိုအစီအစဉ်က ပိုကောင်းကြောင်းသိ၏။ ထို့ကြောင့် လက်ခံပါသည်။ အစောင့်က သဘောမကျပါ။ "ခင်

ဗျားပဲဆင်းသင့်တယ်။ သူ ဘာလုပ်တတ်မှာမို့လဲ" ဟု ပြောသေးသည်။

ကျွန်တော်သည် အစောင့်မမြင်အောင် ဦးဘခက်ကို မျက်စိမှိတ်ပြလိုက်၏။ ကျွန်တော့်ရည်ရွယ်ချက်ကို သိသဖြင့် ဘာမှ မပြောဘဲ နေပါသည်။ အစောင့်က ဦးဘခက်ကိုယ်တိုင် ရေတွင်းထဲဆင်းသင့်ကြောင်း ထပ်တလဲလဲပြောနေသော်လည်း ဦးဘခက်က သူ့စကားကို ဂရုမစိုက်ဘဲ ကြိမ်ခြင်းတောင်းကို စစ်ဆေးနေပါသည်။ နောက်ဆုံးတွင် ရေတွင်းထဲသို့ ကျွန်တော်ဆင်းရန် အတည်ဖြစ်သွားပါသည်။

ရေတွင်းအောက်ရောက်ချိန်တွင် လေကောင်းလေသန့် မရမည်ကို ကျွန်တော်စိုးရိမ်လာမိသည်။ ထို့ကြောင့် "ရေတွင်းအောက်ခြေမှာ လေသန့်ပါ့မလား ဦးလေးဘ" ဟု မေးလိုက်ရသည်။

"ငါ စမ်းသပ်ပြီးပြီ၊ လေသန့်ပါတယ်" ဦးဘခက်ဖြေ၏။ "မနေ့က ဖယောင်းတိုင်ကို ကြိုးချည်ပြီး အောက်ကိုချကြည့်ပြီးပြီကွယ့်" ရေတွင်းအောက်ခြေမှာ မီးလင်းနေတာ တွေ့ရတယ်။ ဖယောင်းတိုင်မီးတောက်ထွဲနေရာမှာ လူတစ်ယောက် အသက်ရှင်နိုင်တယ်။ ဒါပေမယ့် သေချာအောင် နောက်ထပ် စမ်းသပ်ကြည့်ရဦးမယ်။ ကဲ မိတ်ဆွေ၊ ဖယောင်းတိုင် တစ်တိုင်ပေးစမ်းပါ"

အစောင့်က သူ့လွယ်အိတ်အတွင်းမှ ဖယောင်းတိုင်တစ်တိုင်ထုတ်ပေးသည်။ ဦးဘခက်သည် ဖယောင်းတိုင်ကို မီးထွန်းညှိပြီး သစ်သားပြားပေါ်တွင် စိုက်လိုက်၏။ ထို့နောက် သစ်သားကို ကြိုးဖြင့်ချည်၍ ရေတွင်းထဲသို့ တဖြည်းဖြည်းချလိုက်သည်။ ကျွန်တော်သည် ရေတွင်းဘေးတွင် ရပ်လျက် ဖယောင်းတိုင်အောက်





သို့ကျသွားပုံကို စောင့်ကြည့်နေခဲ့သည်။ ဖယောင်းတိုင်သည် ကြိုးတန်းလန်းဖြင့် အောက်သို့ တဖြည်းဖြည်းကျသွားသည်။ မီးရောင်သည် တဖြည်းဖြည်းသေးသွားပြီး အောက်ရောက်သောအခါ ကောင်းကင်မှ ကြယ်တစ်ပွင့်ကိုမြင်ရသလို မြင်ရပါသည်။ သစ်သားပြားနှင့် ရေပြင်ထိတွေ့သည့်အချိန်အထိ လင်းနေဆဲဖြစ်သည်။ ကျွန်တော်တို့သည် ဖယောင်းတိုင်ကို ငါးမိနစ်ခန့်အထိ စောင့်ကြည့်ခဲ့ကြ၏။ အစောင့်သည် ဖယောင်းတိုင်ကို ပြန်ဆွဲတင်ပြီး ကျောက်ခဲတစ်လုံးကို ရေတွင်းထဲသို့ ပစ်ချလိုက်ပြန်သည်။

ကျောက်တုံးသည် ရေတွင်းအလယ်လောက်တွင် ရေတွင်းနံရံနှင့်တိုက်သွား၏။ ထို့နောက် အခြားနံရံကို တိုက်မိပြန်၏။ ကျောက်တုံးနှင့် ရေတွင်းနံရံတို့တိုက်မိရာမှ ထွက်ပေါ်လာသော အသံသည် ကမ်းခြေကို လှိုင်းလုံးများလာရိုက်သံနှင့် တူ၏။ နောက်ဆုံးတွင် ရေပြင်ပေါ်သို့ ကျောက်တုံးကျသွားသည့်အသံကိုသာ ကြားရပါ၏။ အလွန်ကျယ်လောင်သော အသံဖြစ်ပါသည်။ အစောင့်သည် ကျွန်တော့်ကိုလှည့်ကြည့်သောအခါ သူ့မျက်လုံးများ၏ အဓိပ္ပာယ်ကို ကျွန်တော်နားလည်လိုက်ပါသည်။

"ကြားလား မင်းအောက်ကို ကျသွားရင် အဲဒီအသံမျိုး ထွက်လာလိမ့်မယ်"

ဦးဘခက်က ကျွန်တော့်ကို စိုးရိမ်ပူပန်စွာကြည့်ပြီး "ဒီအလုပ်ဟာ အန္တရာယ်ကြီးတယ် ဗအေး၊ မင်း စိတ်မပါရင်

မလုပ်ပါနဲ့လား၊ ဒီပတ္တမြားကို ငါမလိုချင်ပါဘူးကွယ်၊ ပတ္တမြားရဖို့ ထက် မင်း အန္တရာယ်ဖြစ်မှာကို ငါ စိုးရိမ်လှတယ်"

"ကျွန်တော် တွင်းထဲကိုဆင်းကိုဆင်းမယ် ဦးလေးဘ" ကျွန်တော် တည်ငြိမ်အေးဆေးစွာ ပြောလိုက်ပါသည်။



## အခန်း(တစ်ဆယ့်ငါး)

ခြင်းတောင်းမှာ လူတစ်ယောက် ချောင်ချိစွာ ထိုင်နိုင်အောင် ကျယ်ဝန်းခိုင်ခံ့ပါသည်။ ခြင်းတောင်းထဲသို့ စိတ်ချစွာ ကျွန်တော်ဝင်ထိုင်လိုက်သည်။ ခြင်းတောင်းနှင့်အတူ အောက်သို့ တဖြည်းဖြည်းကျလာစဉ် ရေတွင်းနံရံများကို မျက်စိလျင်လျင်ထားပြီး ကြည့်လာခဲ့၏။ ခြင်းတောင်းအောက်သို့ ရောက်လာသည်နှင့်အမျှ အလင်းရောင်လျော့နည်းလာသည်။ အပေါ်ကိုမော့ကြည့်သောအခါ ရေတွင်းအဝကို လကိုမြင်ရသကဲ့သို့သာ ဖြူဖြူဝိုင်းဝိုင်းသာ မြင်ရပါ၏။

မကြာခင် ခြင်းတောင်းရပ်တန့်သွားပါသည်။ ရေတွင်းအောက် ပေခြောက်ဆယ်နက်သောနေရာသို့ ရောက်လေပြီ။ ကျွန်တော်သည် ရေတွင်းနံရံများကို ဂရုစိုက်ကြည့်လိုက်၏။ ထူးထူးခြား

ခြား မတွေ့ရပေ။ အရွယ်အစားတူညီသော စတုရန်းပုံစီထည့်ထား သော ကျောက်တုံးများကိုသာ မြင်နေရပါသည်။

အစောင့်က အပေါ်မှလှမ်းမေးသည်။ "ဟေ့ ကောင်လေး၊ မင်း ဘာလုပ်နေတာလဲကွ၊ နေရာရှာတွေ့ပြီလား"

"မတွေ့ဘူး၊ အခု ပေခြောက်ဆယ်ရောက်ပြီလား၊ ကြိုး တိုင်းတာ သေချာရဲ့လား ဦးလေးဘ"

အပေါ်တွင် ဦးဘခက်နှင့်အစောင့်တို့ စကားပြောနေကြ ၏။ ထို့နောက် ဦးဘခက်က အော်ပြောသည်။ "ရေတွင်းဘောင် ကို ထပ်မြှင့်ထားတယ်လို့ ပြောတယ်ကွဲ့၊ အောက်ကို လျှောချပေး မယ်။ နံရံတွေကို သေသေချာချာကြည့်ပါ"

ခြင်းတောင်းသည် အောက်သို့တဖြည်းဖြည်း ဆက်ကျနေ ၏။ ကျွန်တော်သည် ရေတွင်းနံရံများကို မျက်ခြည်မပြတ် ကြည့်နေ ခဲ့၏။ ထိုအခိုက် ကျွန်တော်သည် အုတ်ပြားတစ်ချပ်အပေါ်တွင် ထူးခြားသော အမှတ်အသားတစ်ခုကို မြင်လိုက်ရသည်။ ထိုအမှတ် အသားမှာ အရောင်ထွက်နေသော ကျောက်တစ်လုံး၏ ပုံဖြစ်သည်။ ထိုနေရာသည် ကျွန်တော်ရှာနေသော နေရာပင်ဖြစ်ပါတော့သည်။

ကျွန်တော်က ဝမ်းသာအားရ အုတ်ပြားကို ဆွဲထုတ်ရန် လက်ကိုဆန့်ထုတ်လိုက်သည်။ လက်နှင့်မမှီမကမ်းဖြစ်နေသဖြင့် ရေတွင်းနံရံဘက်သို့ ခြင်းကိုကပ်ပေးရန် အပေါ်သို့ အော်ပြော လိုက်ရ၏။ ခြင်းတောင်းသည် ရေတွင်းနံရံဆီသို့ ကပ်လာ၏။ ဤ တွင် ကျွန်တော်က ပါလာသော သံတူရွင်းဖြင့် အုတ်ချပ်ပတ်လည် ကို စတင်တူးဆွလိုက်သည်။ အစောင့်က လှမ်းမေးပြန်သည်။ "ဟေ့





မင်း ဘာလုပ်နေတာလဲကွ၊ ဘာတွေ့လို့လဲ၊ ဘာတွေ့လို့လဲ" ဦး ဘခက်က ဘာမှမမေးဘဲ သူက ထပ်တလဲလဲမေးနေသဖြင့် ကျွန် တော်စိတ်တိုလာပါသည်။

မကြာခင် အုတ်ပြားပတ်လည်ကို တူးဆွပြီးသွားသဖြင့် အုတ်ခဲကို ဆွဲထုတ်၍ ခြင်းတောင်းထဲပစ်ချလိုက်သည်။ ထို့နောက် အပေါက်ထဲကို လက်ဖြင့်နှိုက်လိုက်သည်။ ကတ္တီပါအိတ်တစ်လုံး ကို စမ်းမိပါသည်။ အိတ်ထဲတွင် လုံးဝန်းမာကျောသော ပစ္စည်း တစ်ခုရှိကြောင်း သိရသည်။ ကတ္တီပါအိတ်ကို ဆွဲထုတ်၍ အတွင်း မှ ပစ္စည်းကို လက်ပေါ်သွန်ချလိုက်၏။ ကျွန်တော့်လက်ဝါးပေါ် သို့ ကြက်ဥတစ်ဝက်ခန့် ကြီးမား၍ အရောင်တလက်လက် တောက်နေသော ပတ္တမြားကြီးတစ်လုံး ကျလာပါတော့၏။

ကျွန်တော့်တစ်သက်တွင် ပတ္တမြားကိုသော်လည်းကောင်း၊ အခြားရတနာများကိုသော်လည်းကောင်း မမြင်ဖူးဘူးခဲ့ပါ။ သို့သော် ကျွန်တော့်လက်ဝါးပေါ်ရောက်နေသော ပတ္တမြားသည် အလွန် အဖိုးတန်မည်ကိုကား သိလိုက်ပါသည်။ ဖယောင်းတိုင်မီးရောင် အောက်တွင် ပတ္တမြားသည် တဖြတ်ဖြတ်အရောင်တောက်နေ၏။ ကျွန်တော်သည် ပတ္တမြားကြီးကို ကြည့်မဝနိုင်အောင် ဖြစ်နေ၏။ ပတ္တမြားကိုရောင်းချ၍ရသောငွေကိုပိုက်၍ ကဒုံကနီသို့ပြန်သွား ပြီး မြင့်မြင့်နှင့်တွေ့လိုစိတ်များ ပေါ်ပေါက်လာပါသည်။

"ဟေ့ကောင်လေး၊ မင်း ဘာတွေလုပ်နေတာလဲ၊ ဘာမှ မတွေ့ဘူးလား" အစောင့်၏အော်မေးသံကို ကြားရမှ သတိပြန်ဝင် လာ၏။

"တွေ့ပြီ၊ ပတ္တမြားကိုတွေ့ပြီဗျ၊ အပေါ်ဆွဲတင်တော့"

ခြင်းတောင်းသည် အပေါ်သို့ အလျင်အမြန် ပြန်တက်နေပေပြီ။ အောက်ကိုဆင်းစဉ်ကထက် နှစ်ဆခန့်မြန်နေသည်။ တိုတောင်းသောအချိန်အတောအတွင်းမှာပင် ကျွန်တော်သည် မြင့်မြင့်၏စကားသံကို ပြန်ကြားနေခဲ့၏။ "သတိထားနော် ကိုဗအေး၊ ပတ္တမြားဟာ ကြမ္မာဆိုးတွေကို ရှင့်ဆီ ဆောင်ကြဉ်းလာလိမ့်မယ်"

ရေတွင်းပေါ်သို့ရောက်ခါနီးတွင် ခြင်းတောင်းရပ်တန့်သွားပါတော့၏။ ဦးဘခက်သည် ကျွန်တော့်ကို စိုးရိမ်စွာငုံ့ကြည့်နေ၏။ အပေါ်ရောက်ခါနီးမှ ကြိုးကိုရပ်ထားသဖြင့် ကျွန်တော် အလွန်စိတ်တိုသွားမိသည်။ အစောင့်သည် ရေတွင်းဘောင်ကို ကျော်၍ ကျွန်တော့်ဆီ လက်ကမ်းပြီး

"ပတ္တမြားဘယ်မှာလဲ၊ ပတ္တမြားဘယ်မှာလဲကွ၊ ငါ့ကို ပေးစမ်း" ဟု တောင်းပါတော့သည်။

ကျွန်တော်သည် ပတ္တမြားကို လက်ဖြင့်ကိုင်မြှောက်ပြီး ဦးဘခက်ကို ပြလိုက်သည်။ အစောင့်၏လက်သာ ကျွန်တော်နှင့်မီပါက ပတ္တမြားကို သူ့အားပေးမိမည်ဖြစ်၏။ သို့သော် သူ့လက်သည် ကျွန်တော်နှင့်အလှမ်းကွာနေသည်။ ထိုအခိုက်မှာပင် ကျွန်တော်သည် သူ့မျက်နှာကို လှမ်းကြည့်မိသည်။ သူ့မျက်လုံးများထဲတွင် ကောက်ကျစ်မှုများ ပေါ်နေသည်။ ရုတ်တရက်မှာပင် မောင်





လှဒင်နှင့်ထူးဆန်းသော မီးခွက်အကြောင်းသည် ခေါင်းထဲတွင် ပေါ်လာပါသည်။ မောင်လှဒင်သည် မြေပြင်ပေါ်သို့ မရောက်မချင်း မှော်ဆရာကြီးအား မီးခွက်မပေးခဲ့ပါ။ မှော်ဆရာကြီးက သူ့ကို မြေအောက်တွင်ထားခဲ့မည်ကို သိသောကြောင့်ဖြစ်သည်။

ထို့ကြောင့် အစောင့်အား ပတ္တမြားကိုမပေးဘဲ "ခြင်းတောင်းကို တွင်းပေါ်ရောက်အောင် ဆွဲတင်ပါ။ ကျွန်တော် မြေပေါ်ရောက်ရင် ခင်ဗျားကို ပတ္တမြားပေးမယ်" ဟု ပြောလိုက်ရသည်။

"မလိုချင်ဘူး၊ ငါ့ကိုသာ ပတ္တမြား အရင်ပေး၊ ဒါမှ မင်းလက်တွေအားလပ်ပြီး ရေတွင်းကို လွယ်လွယ်ကူကူကျော်တက်နိုင်မှာပေါ့ကွ"

"မပေးဘူးဗျာ" ကျွန်တော်က စိတ်တိုစွာ အော်ပြော၏။ "ကျွန်တော့်ကို အရင်ဆွဲတင်"

အစောင့်သည် အလွန်ဒေါသထွက်သွား၏။ "ဟေ့ကောင်လေး၊ ပတ္တမြားပေးလို့ ငါပြောနေတယ်နော်"

ထိုအခိုက် ရေတွင်းဘေးတွင် ရပ်နေသော ဦးဘခက်က ဝင်ပြော၏။

"သူ့ကို အရင်ဆွဲတင်လေကွယ်။ ပတ္တမြားဟာ သူ့ပစ္စည်းကွယ့်၊ သူ့ပစ္စည်းကို သူကြိုက်သလို လုပ်ပိုင်ခွင့်ရှိတာပေါ့။ ပတ္တမြားကို ရောင်းပြီးရစ် ရတဲ့ငွေထဲက ခင်ဗျားသုံးပုံတစ်ပုံ ရမှာပါ၊ မပူနဲ့"

"ဒီပတ္တမြားဟာ ခင်ဗျားတို့နဲ့ လုံးဝမသက်ဆိုင်ဘူး။ ဒါဟာ ကျုပ်ပစ္စည်း၊ ဒီရေတွင်းဟာ ကျုပ်ရေတွင်း၊ ခင်ဗျားတို့ကို ပတ္တမြားရှာဖို့ ကျုပ်ခွင့်ပြုခဲ့တာ။ ပတ္တမြားကိုရောင်းပြီးရင် ရတဲ့ငွေတစ်ဝက်ကို ခင်ဗျားရမယ်။ သူ့ကို ငွေတစ်ထောင်ပေးမယ်။ ဒါ

လောက်ဆို လုံလောက်ပြီပေါ့"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ သူ့ကို သုံးပုံတစ်ပုံကို ပေးရမယ်"

ဦးဘခက်က အော်ပြော၏။

"အော် ခင်ဗျားက ဒီလိုလား။ ကျုပ်ကို လူအ မှတ်နေလား၊ ခင်ဗျားသိအောင် ပြောရဦးမယ်။ ခင်ဗျားဟာ လူသတ်ဝရမ်းပြေး၊ ဟိုကောင်လေးလဲ ဝရမ်းပြေးပဲ။ ခင်ဗျားတို့ကို အစိုးရက ဆုငွေထုတ်ထားတယ်။ ခင်ဗျားတို့ကို တံခါးပိတ်ပြီး ဖမ်းထားလိုက်ပြီ။ ကျုပ်ကို ပတ္တမြားမပေးရင် ဒီအခန်းထဲက အပြင်ကိုထွက်ခွင့်မရဘူးလို့မှတ်"

ဤတွင် ကျွန်တော်က ပတ္တမြားကို အတွင်းခံဘောင်းဘီအိတ်ထဲသို့ လုံခြုံစွာ ထည့်လိုက်သည်။ ကျွန်တော် မော့ကြည့်လိုက်သောအခါ အစောင့်လက်ထဲတွင် ကိုင်ထားသော ခြောက်လုံးပြူးကို မမျှော်လင့်ဘဲ တွေ့ရ၏။ ထို့ကြောင့် ဦးဘခက်အား လှမ်းသတိပေးလိုက်ရပါသည်။

"သတိထားနော် ဦးလေးဘ၊ သူ့လက်ထဲမှာ သေနတ်ရှိတယ်"

ထိုအခိုက်မှာပင် အစောင့်သည် သေနတ်ကိုမြှောက်ပြီး ဦးဘခက်အား ချိန်လေတော့သည်။

"ခင်ဗျားတို့ကို ကျုပ်ဖမ်းလိုက်ပြီ၊ လှုပ်လှုပ်ရှားရှားလုပ်ရင် အသေပစ်သတ်ပြီး ဆုငွေထုတ်ယူမယ် ဒါပဲ၊ ကဲ ကြားပါတယ်"

ပြောပြောဆိုဆို သေနတ်ခလုတ်ကို ဆွဲလိုက်၏။ ဦးဘခက်မှာ ရေတွင်း၏ အခြားဘက်တွင် ရပ်နေခြင်းကြောင့် နီးကပ်





လွန်းသဖြင့် ကျည်ဆန်မလွဲနိုင်ဟု ကျွန်တော်ထင်သည်။ သို့သော် ကျည်ဆန်သည် အောက်သို့စိုက်ကျပြီး ရေတွင်းနံရံအတွင်းဝင်သွားခဲ့သည်။ ဦးဘခက်သည် ရေတွင်းကိုပတ်၍ အစောင့်ဆီသို့ ပြေးသွားပြီး တစ်ဟုန်ထိုးခုန်အုပ်လိုက်သည်။ ထို့နောက် လူနှစ်ယောက်တို့သည် အပြင်းအထန် တိုက်ခိုက်ကြတော့သည်။ အစောင့်မှာ ဦးဘခက်ထက် အသက်ငယ်၏။ ဦးဘခက်က အရပ်ပိုမြင့်ပြီး ခန္ဓာကိုယ်ပိုကြီးသည်။ အစောင့်က လောဘအတွက် တိုက်ခိုက်ခြင်းဖြစ်ပြီး ဦးဘခက်က သူနှင့်ကျွန်တော်တို့ အသက်မသေရန်အတွက် တိုက်ခိုက်ခြင်းဖြစ်သည်။

ဤတွင် ကျွန်တော်က ခြင်းတောင်းအတွင်း ထရပ်ပြီး ကြိုးကိုဆွဲ၍တိုက်ခဲ့သည်။ ထို့နောက် ခန္ဓာကိုယ်ကိုလွှဲ၍ မြေပြင်ပေါ်သို့ ခုန်ဆင်းလိုက်ရသည်။ ဦးဘခက်ကို အကူအညီပေးရန်ဖြစ်သော်လည်း သူ့ကို ကျွန်တော်ကူညီရန် မလိုတော့ပါ။ အစောင့်၏မျက်နှာပေါ်တွင် အုံ့အားသင့်ခြင်း၊ နာကျင်ခြင်းများ ဖြစ်ပေါ်နေသည်ကို မြင်ရသည်။ အစောင့်သည် ဦးဘခက်အား အလွယ်တကူ အနိုင်ရမည်ဟု မျှော်လင့်ခဲ့ဟန်တူသည်။ တကယ်တမ်း ယှဉ်ပြိုင်သတ်ပုတ်ရချိန်တွင် သူ့ပြိုင်ဘက်သည် အင်အားကြီးမားရုံသာမက အသတ်အပုတ်ကျွမ်းကျင်သူဖြစ်ကြောင်း သိသွားလေပြီ။

ဦးဘခက်သည် အစောင့်အား ခါးမှကိုင်မြှောက်ပြီး မြေပေါ်သို့ကိုင်ပေါက်ရန် ကြိုးစားနေစဉ် အစောင့်က သူ့ကိုဖက်ထားသဖြင့် အခက်အခဲတွေ့နေသည်။ ထို့နောက် အစောင့်သည် ဖက်ထားသောလက်များကိုလွှတ်၍ ဦးဘခက်ကို လည်ပင်းဖျစ်ရန် ဟန်ပြင်၏။ ဤသည်မှာ သူ့အမှားပင်ဖြစ်တော့သည်။ ဦးဘခက်သည်

ဥယျာဉ်မှူးစာပေ

သူ့ကိုကိုင်မြှောက်ပြီး မြေပြင်ပေါ်သို့ ပစ်ချလိုက်ရာ အစောင့်သည် မြေကြီးပေါ်မှ မူးဝေယိမ်းယိုင်စွာထပြီး နောက်သို့ တရွေ့ရွေ့ဆုတ်လာ၏။ သူသွားနေသောနေရာမှာ ရေတွင်းအစပ်ဖြစ်သည်။

"မသွားနဲ့၊ ရပ်တော့ ရပ်တော့"

ကျွန်တော်က အော်ဟစ်သတိပေးသော်လည်း နောက်ကျသွားပါပြီ။ သူ့ခြေနှစ်ချောင်းသည် လေထဲသို့မြှောက်တက်သွားပြီး ရေတွင်းဘောင်ကိုကျော်၍ အောက်သို့စောက်ထိုးကျသွားတော့လေ၏။ ကျွန်တော်သည် ရေတွင်းဆီသို့ အတင်းပြေးသွားပြီး သူ့ကိုဖမ်းဆွဲရန် ကြိုးစားပါသေးသည်။ သို့သော် သူ့ခါးမှ သော့တွဲကိုသာ ဆွဲမိလိုက်သည်။ ကျွန်တော့်လက်တွင်းသို့ သော့တွဲသာ ပါလာပြီး သူ့ကိုယ်မှာ ရေတွင်းထဲသို့ ထိုးကျသွားသည်။ ထိုသူ၏ ကြောက်လန့်တကြား အော်သံသာ ရေတွင်းအောက်ခြေမှ ထွက်ပေါ်လာပြီး နောက်ဆုံး တိတ်ဆိတ်သွားပါတော့သည်။

ဦးဘခက်သည် ခြင်းတောင်းအတွင်းသို့ ခုန်ဝင်လိုက်၏။

"ငါ အောက်ဆင်းမယ်။ ကြိုးကို ခပ်မြန်မြန်ချပေးစမ်း၊ ငါ သူ့ကို ကယ်မယ်"

ကျွန်တော်သည် ခြင်းတောင်းကို ရေတွင်းအောက်သို့ ခပ်မြန်မြန်ချပေးလိုက်၏။ ထို့နောက် ရေတွင်းဘေးတွင်ရပ်၍ အောက်မှ အသံကိုနားထောင်နေခဲ့၏။ မကြာခင် ဦးဘခက်က ခြင်းတောင်းကို ပြန်ဆွဲတင်ရန် ပြောလေသည်။ ဦးဘခက်သည် ရေတွင်းပေါ်သို့ ပြန်တက်လာ၏။ ဘာမှမပြောပေ။ အစောင့်သေသွားပြီဖြစ်ကြောင်းသာ ကျွန်တော်သိလိုက်ရပါ၏။





"ဒီပတ္တမြားကို ရေတွင်းထဲပစ်ချလိုက်မယ် ဦးလေးဘ၊ ဒီ ပတ္တမြားဟာ ကံကြမ္မာဆိုးနှင့် သေခြင်းကိုသာ ယူလာသလိုပဲ"

ကျွန်တော်က ပြောလိုက်သည်။

"လွှင့်မပစ်ပါနဲ့ကွယ့်၊ ငါ့ကိုပေးထား၊ ဒီပတ္တမြားဟာ မင်းပိုင် ဖြစ်နေပြီ။ ဒီပတ္တမြားကို ရောင်းလို့ရတဲ့ငွေကို ငါ လုံးဝမယူဘူး"

ကျွန်တော်သည် ပတ္တမြားကို ဦးဘခက်လက်သို့ အပ်လိုက်သည်။

ကျွန်တော်တို့သည် တည်းခိုအိမ်သို့ အမြန်ပြန်လာခဲ့ကြသည်။ ထိုနေ့တစ်နေ့လုံး အိမ်မှာပင်နေကြသည်။ ညနေစာစားပြီးနောက် အိမ်ရှင်များအား အလုပ်ကိစ္စဖြင့် ချက်ချင်းခရီးထွက်ရမည်ဖြစ်ကြောင်း ပြောပြပြီး ထွက်လာခဲ့ကြသည်။ ထို့နောက် လှေကြီးဖြင့် ဖျာပုံမြို့သို့ ပြန်လာခဲ့ကြသည်။

## (အခန်းတစ်ဆယ့်ခြောက်)

ကျွန်တော်တို့သည် ဖျာပုံမြို့ အောက်ကွင်းကြီးကျေးရွာတွင် သုံးရက်မျှကြာနေခဲ့ပြီးနောက် မော်လမြိုင်သို့ စက်လှေဖြင့် လာခဲ့ကြပါသည်။ မော်လမြိုင်တွင် ဆယ်ရက်ခန့်နေ၍ ယိုးဒယားနိုင်ငံဘက်သို့သွားရန် အဆက်အသွယ်ရှာခဲ့ကြသည်။ ထို့နောက် တောလမ်းခရီးဖြင့် ဒေါနတောင်တန်းကိုကျော်၍ ယိုးဒယားနိုင်ငံသို့ လာခဲ့ရာ နောက်ဆုံးတွင် ဘန်ကောက်မြို့သို့ ရောက်လာခဲ့ကြပါတော့၏။

ကျွန်တော်တို့သည် ထမင်းဆိုင်တစ်ဆိုင်တွင် တည်းခိုကြသည်။ ဦးဘခက်မှာ ယိုးဒယားစကားတတ်သဖြင့် ယိုးဒယားလူမျိုးများနှင့် ဆက်ဆံရာတွင် အခက်အခဲမရှိခဲ့ပေ။ ကျွန်တော်တို့ ဘန်ကောက်မြို့တွင်းသို့ လှည့်လည်သွားလာ၍ ပတ္တမြားဝယ်နိုင်မည့် ကုန်သည်ကိုရှာဖွေကြသည်။ နောက်ဆုံး၌ ယိုးဒယားလူမျိုး ရတနာကုန်သည်ကြီး ဆန်ကီဆီလီသနာခန်သည် အဖိုးတန်ရတနာများကို ဝယ်ကြောင်း သိရ၏။





ထို့ကြောင့် တစ်ညနေတွင် ကျွန်တော်တို့သည် ရတနာကုန်သည်ကြီး ဆန်ကီဆီလီသနာခန်၏ နေအိမ်သို့ သွားခဲ့ကြပါသည်။ နေမဝင်ခင် တစ်နာရီခန့်အချိန်ဖြစ်သည်။ အိမ်မှာ ကျယ်ဝန်းသော ခြံကြီးအလယ်တွင်ရှိသည်။ အိမ်ရှေ့တွင် ပန်းခြံရှိသည်။ ကျွန်တော့်အား တံခါးဖွင့်ပေးသူမှာ အရပ်မြင့်ပြီး ထွားကျိုင်းသော ထိုင်းလူမျိုးတစ်ယောက်ဖြစ်သည်။

ကျွန်တော်တို့က အဖိုးတန်ရတနာရောင်းဖို့လာကြောင်း ထိုသူအားပြောပြရာ ထိုလူသည် ကျွန်တော်တို့အား ခြံဝင်းအတွင်းရှိ နှစ်ထပ်တိုက်ကြီးဆီသို့ ခေါ်သွားသည်။ ဧည့်ခန်းတွင် ထိုင်ခိုင်းပြီးနောက် ရတနာကုန်သည်ကြီးအား အကြောင်းကြားရန် ထွက်သွားသည်။ နာရီဝက်ခန့်အကြာတွင် ကုန်သည်ကြီးသည် ဧည့်ခန်းအတွင်းသို့ဝင်လာ၏။ သူ့အသက်မှာ ခုနစ်ဆယ်ခန့်ရှိပြီး အသားဖြူ၏။ ကိုယ်ခန္ဓာမှာ သေးကွေးလှသည်။

"ငါ့သားများ မင်းတို့မှာ ရတနာရောင်းဖို့ပါတယ်လို့ ငါသိရတယ်။ တော်ရုံတန်ရုံရတနာကို ငါ မဝယ်ဘူး။ အရည်အသွေးမကောင်းတဲ့ရတနာဆိုရင် မပြပါနဲ့"

ကျွန်တော်သည် အိတ်ထဲမှပတ္တမြားကို သူ့ရှေ့တွင် ချပြလိုက်၏။ ပတ္တမြားကိုကြည့်နေစဉ် သူ့မျက်နှာထား ပြောင်းသွားသည်ကို ကျွန်တော်သတိထားမိသည်။ အဘိုးကြီးသည် ပတ္တမြားကို လက်ညှိုးနှင့်လက်မအကြားတွင်ထား၍ ထောင်ကြည့်သည်။

"ဒီနေရာမှာ အလင်းရောင်မရဘူး။ ကဲ ငါ့နောက်ကိုလိုက်ခဲ့ကြပါ"

ကျွန်တော်တို့သည် ရတနာကုန်သည်ကြီးနှင့် အပေါ်ထပ်

ရှိ အခန်းတစ်ခုသို့ လိုက်သွားကြသည်။ ဝင်လုဆဲနေ၏ အလင်းရောင်သည် ပြတင်းပေါက်မှ ထိုးဝင်နေ၏။ ကုန်သည်ကြီးသည် ပတ္တမြားကို နေရောင်တွင် ထောင်ကြည့်နေသလို ကျွန်တော်ကလည်း သူ့မျက်နှာကို သေသေချာချာလေ့လာနေခဲ့၏။ ယုံကြည်စိတ်ချရသော လူမျိုးဖြစ်သည်ဟု ကျွန်တော်မထင်ပါ။ အဘိုးကြီးသည် ရုတ်တရက် ကျွန်တော့်ဘက်သို့လှည့်ပြီး မေးလာသည်။

"မင်းနာမည်ဘယ်လိုခေါ်သလဲ လူကလေး၊ မင်း ဘယ်ကလာသလဲ"

ကျွန်တော်သည် မိုက်မဲစွာ အဖြေပေးလိုက်၏။ "ကျွန်တော့်နာမည် မောင်ဗအေးပါ၊ ဟိုဘက်နိုင်ငံ ကဒုံကနီကျေးရွာက လာပါတယ်"

ဦးဘခက်က ကျွန်တော့်ခြေထောက်ကို သူ့ခြေထောက်ဖြင့် ဖိ၍သတိပေးသော်လည်း နောက်ကျသွားလေပြီ။ ကုန်သည်ကြီးသည် ကျွန်တော့်နာမည်နှင့်ရွာကို သူ့စာအုပ်တွင် ရေးမှတ်လိုက်သည်။

"မြန်မာပြည်က လာတယ်ဟုတ်လား၊ ဒီပတ္တမြားကို ဘယ်ကရခဲ့သလဲ"

သူ့ရှေ့စားပွဲပေါ်တွင် ချထားသော ပတ္တမြားကို ပြန်ကိုင်ရင်း မေးပြန်၏။





ဤတွင် ဦးဘခက်က ဝင်ပြော၏။

"ကျွန်တော်တို့ ဒီကိုလာတာ မေးခွန်းတွေဖြေဖို့ မဟုတ်ပါဘူး။ ဒီပတ္တမြားကို ခင်ဗျားဝယ်မလား၊ ဘယ်လောက်နဲ့ဝယ်မလဲဆိုတာပဲ သိချင်ပါတယ်။ ကျွန်တော်တို့ဟာ မြန်မာတွေဖြစ်တယ်။ ဒီပစ္စည်းဟာ ကျွန်တော်တို့ပစ္စည်းဆိုတာပြောရင် လုံလောက်ပါတယ်"

"ဟုတ်ပါပြီ ဟုတ်ပါပြီ" အဘိုးကြီးက မကျေနပ်သံဖြင့် ပြောသည်။ ထို့နောက် အဘိုးကြီးကဆက်၍ "ဒီကျောက်ကို ဘယ်ကရလာတယ်ဆိုတာကို မပြောတဲ့အတွက် ငါအနေနဲ့ သေသေချာချာကြည့်ပြီးမှ ဝယ်မယ်၊ မဝယ်ဘူးဆိုတာကို ပြောနိုင်မယ်။ ဒါမှသာ ပတ္တမြားစစ်တယ်၊ မစစ်ဘူးဆိုတာကိုလဲ ပြောနိုင်မှာပေါ့" ဟု ပြောသည်။

ကုန်သည်ကြီးသည် ပုလင်းတစ်လုံးအတွင်းမှ အစိမ်းရောင်ပျစ်ချွဲချွဲအရည်ကိုယူ၍ ပတ္တမြားအပေါ် လောင်းချသည်။ ထို့နောက် ပတ္တမြားကိုအနက်ရောင်ကျောက်ဖြင့် ပွတ်တိုက်လေတော့သည်။

အတန်ကြာပြီးနောက် ကုန်သည်ကြီးကပြော၏။ "ငါ့တူတို့ မင်းတို့ယူလာတဲ့ ပတ္တမြားဟာ တွင်းထွက်မဟုတ်ဘူးကွဲ့၊ ချက်ကျောက်ပဲ၊ ဒါပေမယ့် ငါမြင်ဖူးတဲ့ ချက်ကျောက်ထဲမှာတော့ အကောင်းဆုံးပဲကွယ့်"

ကျွန်တော့်တစ်ကိုယ်လုံး နုံးချည့်သွားပြီး နောက်သို့ ယိုင်လဲလုမတတ်ဖြစ်သွား၏။ ကျွန်တော်တို့သည် အဖိုးမတန်သော ချက်ကျောက်တစ်လုံးအတွက် အချိန်များစွာ အကုန်ခံခဲ့ရ၏။

အန္တရာယ်များစွာကို ရင်ဆိုင်ခဲ့ရ၏။ ယခုတော့ ကျွန်တော့်မျှော်လင့်ချက်များ ပြိုကွဲသွားလေပြီ။

"စိတ်မပျက်ပါနဲ့ ငါ့သား" ကုန်သည်ကြီးက ကျွန်တော့်ကို ကြည့်ပြီး ပြောသည်။ "ဒီကျောက်ဟာ လုံးဝတန်ဖိုးမရှိဘူးလို့ ငါမပြောပါဘူး။ လုပ်ထားပုံကောင်းမွန်တဲ့အတွက် ငွေဒင်္ဂါးဆယ်ပြားတော့ ပေးနိုင်ပါတယ်"

"လုံးဝ မပေးပါနဲ့" ဦးဘခက်က စိတ်တိုသံဖြင့် ပြောသည်။ "ကျွန်တော်တို့ ဒီကိုလာတာဟာ ခင်ဗျားဆီက ငွေဒင်္ဂါးတောင်းဖို့လာတာမဟုတ်ဘူး" သူသည် ပြောပြောဆိုဆို ပတ္တမြားကိုကောက်ယူပြီး ပြတင်းပေါက်လွှင့်ပစ်လိုက်တော့သည်။

ယိုးဒယားအဘိုးကြီးသည် ထိုင်ရာမှခုန်ထရင်း "ဘယ်လိုလုပ်တာလဲ၊ မင်း အရူးပဲ၊ မင်းဟာ အရူးပဲ၊ ဘာကြောင့် ဒီလိုလုပ်တာလဲ" ဟု တတွတ်တွတ်ပြောနေ၏။

ဥယျာဉ်အတွင်းရှိ အဝါရောင်ပန်းများ ပွင့်နေသည့် ပန်းပင်ခြေရင်းသို့ ကျောက်ကျသွားသည်ကို ကျွန်တော်မြင်လိုက်ရသည်။

ကျွန်တော်တို့သည် အိမ်ထဲမှပြန်ထွက်ခဲ့ပြီး တည်းခိုသောထမင်းဆိုင်သို့ စိတ်ပျက်စွာ ပြန်လာကြ၏။

ထိုနေ့ညနေစာကို စားသောက်နေစဉ် ကျွန်တော့်ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာ၏။ ကျွန်တော်ခုန်ထပြီး ပြောလိုက်မိသည်။

"ဦးလေးဘ၊ ကျွန်တော်တို့ စိတ်လိုက်မာန်ပါ လုပ်ခဲ့မိတာများပြီထင်တယ်။ ပတ္တမြားဟာ အစစ်ဗျ၊ ကုန်သည်ကြီးက အချောင်





လိုချင်လို့ ချက်ကျောက်လို့ လိမ်ပြောတာဖြစ်နိုင်တယ်"

ဦးဘခက်သည် စဉ်းစားဟန်ဖြင့် အတန်ကြာတိတ်ဆိတ်နေ၏။ ထို့နောက် ပြောလေသည်။

"မင်းပြောသလို ဖြစ်နိုင်တယ် မောင်အေး။ ဒါပေမယ့် ကျောက်ကို ငါလွှင့်ပစ်လိုက်ပြီ။ ဘာမှ မတတ်နိုင်တော့ဘူးကွယ်"

"ကျောက်ကျသွားတဲ့နေရာကို ကျွန်တော်သိတယ် ဦးလေးဘ၊ အဲဒီကို ပြန်သွားပြီး ကျောက်ကိုရှာယူကြမယ်လေ"

"အဲဒီနေရာကို အဘိုးကြီးကော သိသလား"

ကျွန်တော် ပြန်စဉ်းစားလိုက်သည်။ ကျောက်ကိုလွှင့်ပစ်ချိန်က ကုန်သည်ကြီးသည် ထရပ်ပြီး ပြတင်းပေါက်မှကြည့်နေသည်ကို သတိရလိုက်သည်။ "ဒါတော့ မသိဘူး၊ ဘာပဲဖြစ်ဖြစ် သွားကြည့်တာကောင်းပါတယ်။ ကျောက်ကျသွားတဲ့နေရာကို ကျွန်တော်မှတ်မိပါတယ်။ ကဲပါ အဲဒီနေရာကို သွားကြပါစို့ ဦးလေး"

ဦးဘခက်သည် အတန်ကြာအောင် စဉ်းစားနေသေး၏။ နောက်မှ "ငါတော့ ဘာမှမဆုံးဖြတ်တတ်အောင် ဖြစ်နေပြီ။ မင်းပြောတာ မှန်နိုင်ပါတယ်။ ငါကိုယ်တိုင် ပတ္တမြားဟာ အစစ်ဖြစ်တယ်လို့ ယုံလာပြီ၊ လွှင့်မပစ်တုန်းကလဲ အဲဒီအတိုင်း ထင်ခဲ့တာပဲ၊ ဒါပေမယ့် တို့ဆီမှာ ဒီပတ္တမြားဆက်ရှိနေရင် ကောင်းကျိုးထက် ဆိုးကျိုးပေးလိမ့်မယ်လို့ပဲ ငါယူဆတယ်။ ဒီပတ္တမြားအကြောင်းကို ကြားတဲ့အချိန်ကစပြီး ငါတို့မှာ ဘာအကျိုးရှိခဲ့သလဲ၊ စဉ်းစားကြည့်၊ စိတ်ဆင်းစရာတွေပဲ ကြုံခဲ့ရတယ် မဟုတ်လား။ အခုဆိုရင် ငါတို့ဟာ ကိုယ့်ရွာကိုယ့်ဒေသမှာ မနေနိုင်ဘဲ ထွက်လာခဲ့ရပြီ။ လူနှစ်ယောက်သေခဲ့ပြီးပြီ။ ပတ္တမြားကိုသွားမရှာဘဲ ဒီအတိုင်းထားရင်

ပိုကောင်းမယ်လို့ ထင်တာပဲကွယ်"

ကျွန်တော်ကမူ ပတ္တမြားကို သွားယူလိုစိတ် ပြင်းပြနေပါသည်။ ဦးဘခက်အား နေခဲ့ရန်နှင့် ကျွန်တော်တစ်ယောက်တည်း သွားယူမည့်အကြောင်း ပြောပြရတော့သည်။ ထိုအခါတွင် ဦးဘခက်က ကျွန်တော်တစ်ယောက်တည်း စိတ်မချကြောင်း ပြန်ပြောပြီး အတူလိုက်ရန် သဘောတူလေသည်။

ထိုနေ့ညသန်းခေါင်အချိန်တွင် ကျွန်တော်တို့သည် ဆန်ကီဆီလီသနာခန်း၏ ဝင်းခြံကိုကျော်တက်ပြီး ဥယျာဉ်ထဲသို့ လာခဲ့ကြပါသည်။ နေ့လယ်က မှတ်ထားခဲ့သော ပန်းပင်ဆီသို့သွားပြီး အပင်ခြေရင်းကို လက်နှိပ်ဓာတ်မီးအငယ်စားဖြင့် ထိုးကြည့်ရှာကြည့်သော်လည်း ပတ္တမြားကိုမတွေ့ရပါ။

"မရှိတော့ဘူး ဦးလေးဘ" ကျွန်တော်တုန်ယင်စွာ ပြောမိသည်။

"ဒီနေရာဆိုတာကကော သေချာလို့လား မောင်ဗအေး၊ သေသေချာချာကြည့်ပါဦး"

ကျွန်တော် နောက်တစ်ကြိမ်မီးထိုးကြည့်ပြန်၏။ အနီးပတ်ဝန်းကျင်ကိုပါ မီးထိုးပြီးကြည့်သည်။ ဘာမှမတွေ့ရပါ။

"မရှိတော့ဘူး၊ အဘိုးကြီးလာယူသွားပြီထင်တယ်"

"ကဲ ဒါဖြင့် မီးပိတ်လိုက်တော့၊ ပြန်ကြပါစို့ကွယ်"

ဦးဘခက်က ပြောသည်။ ထိုအခိုက် အပေါ်ထပ်အခန်းပြတင်းပေါက်မှ မီးရောင်လက်နေသည်ကို မြင်ရ၏။

"နေပါဦး ဦးလေးဘ၊ ဟိုမှာ မီးရောင်လက်နေတယ်။ အဲဒီအခန်းထဲမှာ အဘိုးကြီးရှိလိမ့်မယ်။ အဲဒီကို သွားကြည့်ရင် မ





ကောင်းဘူးလား"

ကျွန်တော်တို့သည် တိတ်ဆိတ်နေသော တိုက်ကြီးဆီသို့ လာခဲ့ကြ၏။ တိုက်ပေါ်သို့ ရေပိုက်လုံးမှ တွယ်တက်ပြီး တိုက်အစွန်းကို နင်း၍ မီးရောင်ထွက်နေသောအခန်းရှိရာသို့ လာခဲ့ကြ၏။ ပြတင်းပေါက်မှ ချောင်းကြည့်သည်တွင် စားပွဲတွင်ထိုင်နေသော ရတနာကုန်သည်ကြီးကို တွေ့လိုက်ရပါ၏။ လျှပ်စစ်မီးရောင်အောက်တွင် ပတ္တမြားကြီးမှာ တဖျတ်ဖျတ်အရောင်ထွက်နေသည်။ ဘေးတွင် အခြားအဖိုးတန်ကျောက်များနှင့် အရွယ်အစားအမျိုးမျိုးသော ပတ္တမြားလုံးများလည်း ရှိနေသည်။ ရတနာအားလုံးထဲတွင် ကျွန်တော့်ပတ္တမြားကြီးမှာ အရွယ်အကြီးဆုံးနှင့်အရည်အသွေးအကောင်းဆုံး အရောင်တောက်ပဆုံး ဖြစ်လေသည်။ ကုန်သည်ကြီးသည် ပတ္တမြားကြီးကို နှစ်သိမ့်ကျေနပ်စွာ ကြည့်နေသည်။

ထိုအခိုက် ဦးဘခက်က ကျွန်တော့်ပခုံးကိုတို့၍ ပြန်ရန်အချက်ပေးလာသည်။ ကျွန်တော့်မှာတော့ ပတ္တမြားကြီးကို ပြန်လည်ရလိုသောစိတ်များကသာ အလွန်ပြင်းပြနေ၏။ ထို့ကြောင့် ခေါင်းခါပြလိုက်မိသည်။ ထို့နောက် ပြတင်းပေါက်မှ ခုန်ဝင်ပြီး စားပွဲဆီသို့ ပြေးသွားကာ ပတ္တမြားကြီးကို လုယူလိုက်သည်။ အဘိုးကြီးသည် ခေတ္တမျှ ကြက်သေသေနေပြီး နေရာမှထကာ အော်လေတော့သည်။

"လာကြပါဗျို့၊ လာကြပါ၊ သူခိုး သူခိုး"

အဘိုးကြီးသည် ပါးစပ်မှအော်ရင်း ကျွန်တော့်လက်ထဲမှ

ပတ္တမြားကိုပြန်လုနေ၏။ ထိုအခိုက်မှာပင် လေ့ကားမှ ပြေးတက်လာသော ခြေသံများကြားရ၏။ ချက်ချင်း အခန်းတံခါးပွင့်လာပြီး အစေခံများ ဝင်လာပါတော့သည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် ဘန်ကောက်မြို့ထောင်ကြီးထဲသို့ ဖောက်ထွင်းလုယက်မှုဖြင့် ရောက်ခဲ့ရတော့သည်။



## အခန်း(တစ်ဆယ့်ခုနစ်)

ဘန်ကောက်မြို့ ထောင်ကြီးတွင် ဆယ်နှစ်ကြာနေခဲ့ရသည့်ကာလအတွင်း ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသော ဆင်းရဲဒုက္ခများအကြောင်းကို မဖော်ပြလိုတော့ပါ။ နံနက်မိုးလင်းမှ မိုးချုပ်အထိ အလုပ်ကြမ်းများကို လုပ်ရ၏။ ကျွေးမွေးသမျှကိုစားပြီး အိပ်ပျော်အောင် အိပ်ရ၏။ သို့မှသာ ထောင်မှခိုင်းသော အလုပ်ကြမ်းများကို လုပ်နိုင်မည်ဖြစ်သည်။

ဤကာလအတွင်း ကျွန်တော်သည် ကဒ့်ကနီတွင် ကျန်ခဲ့သော မြင့်မြင့်ကို, အမြဲတမ်းသတိရနေခဲ့ပါသည်။ မြန်မာပြည်မှ သတင်းများသည် ထောင်နံရံများကိုကျော်၍ ထောင်အတွင်းသို့ ရောက်လာပါသည်။ မြန်မာနိုင်ငံမှ သခင်လူငယ်တစ်ခုသည် ဂျပန်

နိုင်ငံတွင် စစ်ပညာသင်ကြားနေသည့်အကြောင်း၊ ဥရောပတိုက်တွင် အင်္ဂလိပ်နှင့်ဂျာမန်တို့ စစ်ဖြစ်နေသည့်အကြောင်းများကိုလည်း ကြားရပါသည်။ ကျွန်တော်နှင့်ဦးဘခက်သည် ထောင်ထဲတွင် အတူမနေရသော်လည်း အလုပ်ကိုတော့ အတူလုပ်ကြရသည်။ ဦးဘခက်က သူသာမြန်မာပြည်တွင် ရှိပါက ဂျပန်နိုင်ငံသို့ စစ်ပညာသင်လိုက်သွားမည်ဖြစ်ကြောင်း တဖွဖွပြောနေသည်။ "အင်္ဂလိပ်အခက် ဗမာ့အချက်ကွ၊ ဥရောပမှာ အင်္ဂလိပ်တွေစစ်ရှုံးနေပြီ။ ငါတို့တစ်တွေ ဂျပန်စစ်တပ်နဲ့ပေါင်းပြီး အင်္ဂလိပ်တွေကို မောင်းထုတ်ရမယ်" ဟု မကြာခဏပြောပြသည်။ ကျွန်တော့်မှာ လူငယ်ဖြစ်သဖြင့် သူ့လိုနိုင်ငရေးအမြင်မရှိပါ။ ကျွန်တော့်ကြောင့် သူ ဤကဲ့သို့ ဒုက္ခရောက်သည်ကိုတွေးပြီး စိတ်မကောင်းဖြစ်ရပါသည်။

ဤသို့ဖြင့် ဆယ်နှစ်ကာလကုန်ဆုံးခဲ့ပါ၏။ တစ်နံနက်တွင် အစောင့်များသည် ကျွန်တော်တို့အား ထောင်အပြင်သို့ ခေါ်ထုတ်ခဲ့ပြီး ခါတိုင်းလိုပင် အလုပ်လုပ်သောနေရာကို သွားရမည်ဟု ထင်ခဲ့သည်။ ကျွန်တော်တို့သည် ထောင်အပြင်တွင် ကြာမြင့်စွာရပ်နေခဲ့ရ၏။ မကြာခင် တပ်စိပ်တစ်စိပ်စာမျှ ရှိသော စစ်သားများ ရောက်လာပြီး ကျွန်တော်တို့အား အသင့်ရပ်ထားသော အလုံပိတ်ကားများပေါ်သို့ တက်ခိုင်းပါသည်။ ကျွန်တော်တို့လူစုမှာ အကျဉ်းသားလေးဆယ်ရှိသည်။ ထို့နောက် ကားများမောင်းထွက်လာခဲ့၏။ ကျွန်တော်တို့မှာ အလုံပိတ်ထားသော ကားများအတွင်းမှ လိုက်ရသဖြင့် မည်သည့်နေရာကို မောင်းနေမှန်းမသိကြပါ။ လမ်းတွင်တစ်နာရီခန့်ရပ်ပြီး ထမင်းစားကြသေး၏။ ထို့နောက်





ကားပေါ်သို့ ပြန်တက်ခိုင်းသဖြင့် တက်ရပြန်၏။ ညနေမှောင်ရီပျိုးစအချိန်တွင် ဆိပ်ကမ်းမြို့တစ်မြို့သို့ ရောက်လာပြီး ကားရပ်လိုက်ပါသည်။ သည်တော့မှ ဆိပ်ကမ်းတစ်ခုသို့ရောက်နေကြောင်း သိရပါ၏။ ကျွန်တော်သည် ကားပေါ်ဆင်းပြီး စက်လှေကြီးတစ်စီးပေါ်သို့ ပြောင်းရွှေ့ရပြန်၏။ ဤတွင်မှ ကျွန်တော်တို့အား စက်လှေဖြင့်တင်၍ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းတစ်ကျွန်းသို့ ခေါ်သွားမည်ဖြစ်ကြောင်း သိရပါတော့သည်။ ကျွန်တော်တို့သည် ဗြိတိသျှလူမျိုးများပိုင်ဆိုင်သော ရာဘာခြံများတွင် အလုပ်လုပ်ကြရမည်ဖြစ်သည်။ ကျွန်တော်တို့အတွက် မည်သည့်နေရာတွင် နေရသည်ဖြစ်စေ အကြောင်းမထူးပါ။ ကျွေးသမျှစားပြီး ခိုင်းသမျှလုပ်ရမည်သာဖြစ်သည်။ ဆားနံ့သင်းသော ပင်လယ်လေကိုရှူခွင့်ရသဖြင့် စိတ်ကြည်လင်လန်းဆန်းပြီး ပျော်သလိုတော့ ဖြစ်မိပါသေးသည်။

ကျွန်တော်တို့စီးလာသော စက်လှေသည် ပင်လယ်ပြင်သို့ထွက်လာပြီး နှစ်ရက်ခန့်အကြာတွင် လေမုန်တိုင်းနှင့် ရင်ဆိုင်တိုးမိ၏။ ကျွန်တော်တို့နှင့် အခြားထောင်သားနှစ်ဆယ်ကို စက်လှေအခန်းတစ်ခုတည်းတွင် ပိတ်လှောင်ထားခဲ့ကြသည်။ အခြားသူများမှာ မုန်တိုင်းကို မကြုံဘူးသဖြင့် အလွန်ကြောက်နေကြပါသည်။ ကျွန်တော်နှင့် ဦးဘခက်တို့မှာကား အတွေ့အကြုံရှိခဲ့၍ သိပ်မကြောက်ကြပါ။

ထို့နောက် မုန်တိုင်းသည် ကြမ်းလာ၏။ ထိုအခါ ဦးဘခက်က သူ့စိတ်ကူးကို ထုတ်ဖော်ပြောလာသည်။

"ဒီစက်လှေထက်ကြီးတဲ့ စက်လှေတွေ မုန်တိုင်းမိပြီး မြုပ်

ဘာကို ငါတွေ့ဖူးတယ်။ မုန်တိုင်း ဒီထက်ကြမ်းလာရင် စက်လှေ မြုပ်သွားနိုင်တယ်။ ကမ်းခြေနဲ့သိပ်မနီးပါစေနဲ့လို့ ငါဆုတောင်းတယ်။ ဒီမုန်တိုင်းဟာ စက်လှေကို ကမ်းပေါ် ဆွဲတင်ပြီး အစိပ်စိပ် အမွှာမွှာရိုက်ခွဲပစ်တတ်တယ်"

ထိုအခိုက်မှာပင် အခန်းတံခါးဖွင့်သံကြားရ၏။ ကျွန်တော်တို့ကို အစားအသောက်ကျွေးသည့်အချိန်မဟုတ်သဖြင့် အံ့ဩနေကြသည်။ တံခါးပွင့်သွားပြီး အခန်းဝတွင်ရပ်နေသော ယူနီဖောင်းဝတ်တစ်ယောက်ကို တွေ့ရ၏။ စစ်သားက သော့တစ်ချောင်းပစ်ပေးပြီး "စက်လှေမြုပ်နေပြီ၊ လက်ထိပ်တွေဖြုတ်ပြီး ကိုယ့်အသက်ကိုယ် ကယ်ဖို့ကြိုးစားကြတော့ဟေ့"

ထို့နောက် သူထွက်သွားသည်။ ကျွန်တော်တို့သည် သော့ကိုကောက်ယူပြီး လက်ထိပ်များကိုတစ်ယောက်တစ်လဲ ဖြုတ်ကြသည်။ ကျွန်တော်နှင့်ဦးဘခက်သည် ကုန်းပတ်ပေါ်သို့ တက်ခဲ့ကြ၏။ ဦးဘခက်သည် မိုးရေစက်များအကြားမှ ပျပျသာ မြင်ရသောနေရာကို လက်ဖြင့်ညွှန်ပြပြီး ကျွန်တော့်နား အနီးသို့ကပ်ပြောပါသည်။ "ငါတို့ကမ်းနဲ့ နီးနေပြီကွယ့်"

လှိုင်းလုံးကြီးများသည် စက်လှေအား ကမ်းခြေနှင့်နီးသထက်နီးအောင် တွန်းပို့နေ၏။ သို့သော် ကမ်းခြေသို့ရောက်ဖို့ အတော်လိုသေးပါသေးသည်။

စက်လှေပေါ်တွင် ကျွန်တော်တို့အကျဉ်းသားများသာ ကျန်ပါတော့သည်။ အလုပ်သမားများနှင့် စစ်သားများသည် အသက်ကယ်လှေများဖြင့် ထွက်ခွာသွားကြလေပြီ။

ဥယျာဉ်မှူးစာပေ



စက်လှေသည် လှိုင်းလုံးကြီးများအောက်သို့ ရောက်သွားလိုက်၊ လှိုင်းထိပ်သို့တက်သွားလိုက် ဖြစ်နေ၏။ ကျွန်တော်တို့သည် သင်္ဘောပေါ်မှ လွင့်စင်မသွားအောင် နီးစပ်ရာသစ်သားတန်းများကို ဆွဲကိုင်ထားကြရပါသည်။

မုန်တိုင်းသည် နာရီပေါင်းများစွာ တိုက်ခိုက်နေ၏။ အကျဉ်းသားများမှာ တစ်ယောက်ပြီးတစ်ယောက် ပင်လယ်ထဲသို့ လွင့်စင်ကျနေ၏။ နောက်ဆုံးတွင် စက်လှေပေါ်၌ ကျွန်တော်နှင့် ဦးဘခက်သာ ကျန်ရစ်ခဲ့ပါတော့သည်။ စက်လှေသည် ကမ်းခြေနှင့်တဖြည်းဖြည်းနီးလာ၏။ ကမ်းခြေသို့ လှိုင်းတဝုန်းဝုန်း ရိုက်သံကိုသာ ကြားနေရပါသည်။

ထိုညက ဦးပွနှင့်ကဒိုကနိရွာသားများသည် ကမ်းခြေတွင်စုရုံးပြီး စက်လှေကိုအကူအညီပေးဖို့ စောင့်နေကြောင်း နောင်အခါတွင်မှ သိရပါသည်။ ထိုအချိန်က စက်လှေသည် ပင်လယ်ကွေ့တစ်ခုအတွင်းရောက်နေကြောင်းကို သိသော်လည်း မည်သည့်နေရာဖြစ်မှန်း ကျွန်တော်တို့မသိပါ။

ထိုအခိုက် ဦးဘခက်က ပြောလေသည်။ "ဟိုးက မီးရောင်ကို ကြည့်လိုက်စမ်း ဗအေး" သူ ညွှန်ပြရာကိုကြည့်သောအခါ အတော်ဝေးဝေးအမှောင်ထုအတွင်းမှ လင်းနေသော မီးရောင်ကို မြင်ရပါသည်။

"အဲဒါ မီးပြတိုက်က မီးရောင်ဖြစ်လိမ့်မယ်၊ အခု ငါတို့မုတ္တမပင်လယ်ကွေ့ထဲကို ရောက်နေပြီပဲကွယ့်"

ကျွန်တော် အလွန်အံ့ဩဝမ်းသာသွားပါသည်။ မြင့်မြင့်သည် ယခုတိုင် ကျွန်တော့်ကို စောင့်နေဆဲဖြစ်ပါ၏။ ကျွန်တော်

ဥယျာဉ်မှူးစာပေ

သူမထံပြန်လာနေပါပြီ။ သို့သော် ကျွန်တော်နှင့်မြင့်မြင့်အကြားတွင် ဒေါသပြင်းထန်နေသော ပင်လယ်ပြင်က ခြားနေပါ၏။ ကမ်းခြေသို့ရောက်ဖို့ကား လိုပါသေး၏။ ကမ်းခြေသို့မရောက်ခင် ကျွန်တော်သေဖို့မှာ အလွန်နီးစပ်နေပါသည်။ မြင့်မောက်သော လှိုင်းလုံးများသည် စက်လှေကို ရေအောက်သို့ဆွဲချရန် နောက်မှထပ်ချက်မကွာ လိုက်နေပါသည်။

ကမ်းခြေတွင် စုရုံးရောက်ရှိနေသူများသည် မီးများထွန်းညှိပြီး အချက်ပြ၏။ သူတို့သည် စက်လှေကိုစောင့်ကြည့်နေသော်လည်း မှောင်နေသဖြင့် ကျွန်တော်တို့ကို မမြင်ကြပေ။

ဦးဘခက်သည် မီးထွန်းထားသော နေရာဆီသို့ စက်လှေကို ဦးတည်လိုက်သည်။ ကမ်းခြေသို့နီးလာသည်နှင့်အမျှ ကမ်းခြေသို့ လှိုင်းရိုက်သံမှာ ပိုပြီးကြောက်စရာကောင်းလာ၏။ မုန်တိုင်း၏ အသံနှင့်လှိုင်းပုတ်သံများ ရောထွေးနေ၏။

“ကမ်းခြေကိုရောက်ပြီ” ဦးဘခက်က အော်ပြောသည်။ မီးရောင်အောက်တွင် လှုပ်ရှားနေသော မည်းမည်းသဲ့ဏ္ဍာန်များကို လှမ်းမြင်နေရပါသည်။ ကုန်းပတ်ပေါ်သို့ ရေရောက်လာလေပြီ။ လှိုင်းဒဏ်ကြောင့် စက်လှေအကာများ ကွဲကျသွားကုန်သည်။

“နောက်တစ်ကြိမ် လှိုင်းအကြွမှာ စက်လှေပေါ်က ခုန်ချမယ်။ ငါ့ကိုကြည့်နေ၊ ငါ ခုန်ရင် မင်းလဲလိုက်ခုန်ချနော်” ဦးဘခက်က အလောတကြီးပြောသည်။





ကျွန်တော်တို့သည် ကုန်းပတ်ပေါ်တွင် အတူယှဉ်ရပ်ပြီး နောက်တစ်ကြိမ် လှိုင်းအလာကို စောင့်နေကြပါသည်။

မကြာခင် လှိုင်းလုံးတစ်လုံးသည် စက်လှေကို အပေါ်သို့ ပင့်တင်လိုက်၏။ ထိုအခိုက်မှာပင် ကျွန်တော်တို့ခုန်ချကြဖြစ်ကြသည်။ ကျွန်တော်သည် လည်ပင်းခန့်နက်သော ရေထဲသို့ကျသွားပါသည်။ ကျွန်တော့်ဘေးတွင် ဦးဘခက်ရှိသည်။ သောင်ပြင်မှ လှိုင်းပြန်မကျခင် ကမ်းပေါ်သို့ တက်ဖို့သာလိုသည်။ သို့မဟုတ်လျှင် ပြန်ဆင်းလာသောလှိုင်းသည် ကျွန်တော်တို့အား ပင်လယ်ထဲသို့ ပြန်ခေါ်သွားပေလိမ့်မည်။

ကမ်းပေါ်မှ လူများသည် တစ်ယောက်နှင့်တစ်ယောက် လက်တွဲပြီး ရေထဲသို့ဆင်းလာကြသည်။ ကျွန်တော်တို့ကိုဆွဲတင်ရန်ဖြစ်သည်။ ကျွန်တော်သည် ရှေ့သို့တိုးနိုင်အောင် ကြိုးစားခဲ့သည်။ ကယ်ဆယ်သူများထံသို့ လက်ကမ်းပေးသည်။ သို့သော် မမီဘဲဖြစ်နေသည်။ ဦးဘခက်သည် ကျွန်ကော့်ကိုယ်ကို နောက်မှ တွန်းပို့လိုက်ရင်း “လက်ကို လှမ်းဆွဲလိုက်” ဟု ပြောသံတိုသာ သူ့ထံမှ နောက်ဆုံး ကြားရလိုက်ပါသည်။

ထို့နောက်တွင်ကား ကျွန်တော်သည်လည်း အမှောင်ထုအတွင်းသို့တိုးဝင်ရောက်ရှိသွားရပါတော့သည်။

## အခန်း(တစ်ဆယ့်ရှစ်)

ကျွန်တော်ပြန်သတိရလာချိန်တွင် အိပ်ရာတစ်ခုပေါ်တွင် ရောက်နေသည်ကိုသာ သိရပါ၏။ လှဲနေရာမှ လှမ်းကြည့်သော အခါ စားပွဲတွင်ထိုင်နေသော လူနှစ်ယောက်ကို မြင်ရပါသည်။

“ဟောဟိုမှာ၊ သူ သတိရလာပြီ” လူတစ်ယောက်က ကျွန်တော့်ကို လှမ်းကြည့်ပြီးပြောသည်။

“ဒါဆိုရင် သူဘယ်သူလဲဆိုတာကို မေးလို့ရပြီ၊ ကဲ ရေနွေးပူပူတစ်ခွက်တိုက်လိုက်၊ ဒီညက အေးတယ်။ ဒီအိမ်က ပိုအေးတယ်။ ငါတို့ ဒို့ဘခက်ဆိုင်ကို မရောက်တာလဲကြာပြီ။ ဦးဘခက် ထွက်သွားတဲ့အချိန်ကစပြီးကတည်းကပဲ”

“ဦးဘခက်၊ ဦးဘခက် ဘယ်မှာလဲ” ကျွန်တော် လှမ်းမေးလိုက်သည်။





“သူ ဖျားနေတယ်ထင်တယ်၊ ကယောင်ကတမ်းပြောနေတယ်” လူတစ်ယောက်ပြောသည်။

“ကျွန်တော် နေကောင်းပါပြီ၊ ဒို့ဘခက်ပိုင်ရှင် ဦးဘခက်ကို မေးနေတာပါ။ အခု သူဘယ်မှာပါလဲခင်ဗျာ”

စားပွဲတွင် ထိုင်နေသူနှစ်ယောက် ထရပ်ကြ၏။ တစ်ယောက်ကိုတစ်ယောက်ကြည့်နေ၏။ လူတစ်ယောက်က ကျွန်တော့် အနီးသို့ ကပ်လာ၏။

ထိုလူမှာ ဦးပွဖြစ်နေသည်။

“မင်းဘယ်သူလဲ၊ ဒို့ဘခက် စားသောက်ဆိုင်ပိုင်ရှင် ဦးဘခက်ကို မင်းသိသလား”

“ကျွန်တော့်ကို မမှတ်မိဘူးလား ဦးလေးပွ၊ ကျွန်တော် ဦးလေးပွကို ချက်ချင်းမှတ်မိပါတယ်။ ဦးလေးဘ ဘယ်မှာလဲ ပြောစမ်းပါဗျာ”

ဦးပွသည် ကျွန်တော့်လက်ကို ဝမ်းသာအားရဆွဲပြီး အဖြစ်အပျက်ကို မေးလေတော့သည်။ ကျွန်တော်က ဘာမှမပြောသေးဘဲ “ဒါတွေအရေးမကြီးပါဘူး၊ ဦးလေးဘ ဘယ်မှာလဲဆိုတာကိုသာ အရင်ပြောပါ”

“ငါလဲ မသိဘူး” သူက တုံးတိတိဖြေသည်။

“ညက ကျွန်တော်နဲ့အတူ ဦးလေးဘ ပါလာတယ်။ ကျွန်တော့်ကို ကမ်းပေါ်ရောက်အောင် တွန်းတင်ပေးခဲ့တယ်။ အခု သူ ဘယ်မှာလဲဗျာ”

ဤတွင် ဦးပွ၏မျက်နှာပေါ်တွင် ဝေခွဲမရသော အမူအရာများဖြစ်ပေါ်လာသည်။ ထို့နောက် လေသံတိုးတိုးဖြင့် ပြောပြ

သည်။ "မင်းနဲ့အတူ ဘယ်သူမှပါမလာဘူး၊ စက်လှေပေါ်က ကယ်တင်လို့ရတာကလဲ မင်းတစ်ယောက်တည်းပါကွာ"

နောက်တစ်နေ့တွင် ဦးဘခက်၏အလောင်းကို ကမ်းခြေတစ်နေရာမှာ ရှာတွေ့ခဲ့ကြ၏။ ကဒုံကနီရွာသားများသည် ဦးဘခက်အလောင်းကို ကောင်းမွန်စွာ သဂြိုလ်လိုက်ကြပါသည်။

ကဒုံကနီတစ်ရွာလုံးပင် ကျွန်တော်ရှိရာသို့ ရောက်လာပြီး အဖြစ်အပျက်ကို မေးမြန်းကြပါသည်။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြသည်။ နောက်ဆုံးပြန်သူမှာ ဦးပွဖြစ်သည်။

"မင်းလဲ စကားပြောရလို့ မောလှပြီ။ တစ်ယောက်တည်း အေးအေးသက်သာနေဦး၊ မိုးမချုပ်ခင် ငါပြန်လာခဲ့မယ်"

ဤသို့ဖြင့် ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့ရပါသည်။ လူမနေသည်မှာ ကြာသောကြောင့် ပြတင်းပေါက်များ၊ ပရိဘောဂများအပေါ်တွင် ဖုန်များအလိမ်းလိမ်းကပ်နေသည်။ ဦးဘခက်နှင့်ကျွန်တော်တို့ ထွက်လာသည့်ညကစ၍ ထိုအိမ်တွင် မည်သူများ မနေခဲ့သည်မှာ သိသာပါသည်။

ကျွန်တော်သည် စိတ်မောလူမောဖြင့် မီးဖိုအနီးတွင် ခေါင်းငိုက်စိုက်ချကာ ထိုင်နေခဲ့သည်။ ယခုအခါ ကျွန်တော့်ကျေးဇူးရှင် ဦးလေးဘ မရှိတော့ပြီ။ ယခုတိုင် ကျွန်တော့်ဘဝကို မည်သည့်ပုံစံဖြင့် ဆက်လက်ရှင်သန်ရပ်တည်ရမည်ကို စဉ်းစားလို့ မရသေးပါ။ ဆယ်နှစ်တာကာလအတွင်း အဖြစ်အပျက်များစွာ ပေါ်ပေါက်ခဲ့၏။ မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထယ်စွာ ရပ်တည်နေခဲ့ပြီဖြစ်သည်။ ကျွန်





တော်သည် ဗိုလ်မိုးသီး၏ ပတ္တမြားဝှက်ထားသောနေရာကို ညွှန်ပြသည့်စာရွက်ကို ရခဲ့ပါ၏။ ပတ္တမြားကိုရခဲ့လျှင် ရောင်းချပြီး ရောင်းချရသော ငွေကိုပိုက်၍ လူချမ်းသာတစ်ဦးအဖြစ် ကဒုံကနီသို့ ပြန်လာရန် ရည်ရွယ်ခဲ့၏။ ထို့ကြောင့်လည်း အခက်အခဲနှင့် အန္တရာယ်များကိုရင်ဆိုင်ပြီး ပတ္တမြားကို ရအောင်ယူခဲ့၏။ သို့သော် ပတ္တမြားသည် မြင့်မြင့်ပြောခဲ့သလို ကျွန်တော့်အတွက် စိတ်ဆင်းရဲမှုနှင့် ဒုက္ခအထွေထွေကိုသာ ယူဆောင်ခဲ့ပါသည်။ ကျွန်တော့်အပေါ်တွင် ဖခင်တစ်ယောက်ကဲ့သို့ ကောင်းရှာသော ဦးဘခက်သည်လည်း ကျွန်တော့်ဆန္ဒကို လိုက်လျောကူညီရင်း ထောင်ကျခဲ့သည်။ ထို့နောက် ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးခဲ့ရ၏။ ကျွန်တော်ကိုယ်တိုင်မှာလည်း အသက်မသေဘဲ မွေးရပ်ဇာတိသို့ ပြန်ရောက်ခဲ့ရပါ၏။ သို့သော် ကျွန်တော့်ဘဝမှာ မည်သို့မျှ တိုးတက်မှုမရှိဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုသာ ရှိနေခဲ့သည်။ ဤအနေအထားဖြင့် မြင့်မြင့်ထံ ကျွန်တော်မသွားလိုပါ။ ထို့ကြောင့် ယနေ့ညတွင် ကဒုံကနီမှ ပြန်ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ထိုအခိုက် တံခါးဖွင့်ပြီး လူတစ်ယောက်ဝင်လာသံ ကြားရပါသည်။ ကျွန်တော် မော့မကြည့်ဖြစ်ပါ။ တစ်ခုခုကျန်ရစ်ခဲ့သဖြင့် ဦးပွ ပြန်လာသည်ဟုသာ ထင်သောကြောင့်ဖြစ်သည်။ ကျွန်တော့်ပခုံးကို နူးညံ့သော လက်ဖဝါးတစ်ခု လာထိသည်ကို သိရသည်။ ကျွန်တော်မော့ကြည့်သောအခါ အရပ်သွယ်မြင့်ပြီး ချောမောလှပသော မိန်းမပျိုတစ်ယောက် ရပ်နေသည်ကို အံ့ဩစွာ တွေ့ရပါသည်။

"ကိုအေး" သူမက တိုးညင်းစွာ ခေါ်သည်။ "ရှင် မြင့်မြင့်

ကို သတိမရတော့ဘူးပေါ့နော်။ ညက မီးရောင်မမြင်ဘူးလား၊ ရှင့်ကို စောင့်နေသူတစ်ယောက်ရှိတယ်ဆိုတာကို မေ့နေပြီလားဟင်”

ကျွန်တော်ထရပ်ပြီး မြင့်မြင့်လက်ကို အားရဝမ်းသာစွာ ဆုပ်ကိုင်ထားလိုက်မိသည်။ နောက်ဆုံးအကြိမ် မြင့်မြင့်လာနှုတ်ဆက်ချိန်ကလိုပင် တစ်ယောက်မျက်နှာတစ်ယောက် ကြာမြင့်စွာ ကြည့်နေမိကြသည်။

“အချစ်ရယ်၊ ကိုယ် မင်းကို ဘယ်တုန်းကမှ မမေ့ခဲ့ပါဘူး။ အမြဲသတိရနေခဲ့ပါတယ်။ ညက မီးရောင်ကိုမြင်ရပါတယ်။ ကိုယ်ဘယ်လောက်ဝမ်းသာတယ်ဆိုတာကို ပြောမပြတတ်အောင်ပါပဲ။ ဒါပေမယ့် မင်းဆီကို ကိုယ်မလာရဲဘူး။ မင်းဟာ ချမ်းသာတဲ့လုပ်ငန်းပိုင်ရှင်ကြီးတစ်ယောက် ဖြစ်နေပြီလေ။ ကိုယ်က ဘာမှ မရှိတဲ့ဆင်းရဲသား”

“ဒါတွေ ပြောမနေပါနဲ့ ကိုအေးရယ်၊ ခက်ထန်ကြမ်းတမ်းတဲ့ ပင်လယ်ပြင်ကို ဖြတ်ပြီး ရှင် အခုရောက်လာပြီပဲ။ ကျွန်မတို့ကို ဘယ်အရာကမှ နောက်ထပ်ကွဲကွာအောင် မလုပ်နိုင်တော့ပါဘူး။ မလုပ်စေရဘူး။ ဒီက သူလာမလားလို့ စောင့်နေတာ။ မိန်းကလေးတန်မယ့် အခု ရှင့်ဆီလာခဲ့တာပါနော်”

မြင့်မြင့်ရှက်ရွံ့သလိုပြောပြီး ခေါင်းငုံ့သွားသည်။ ရှက်သွေးဖြန်းနေသော မျက်နှာကလေးမှာ ချစ်စရာကောင်းလှပါသည်။

“အို မြင့်ရယ်။ နောက်ထပ် ဒီလိုအဖြစ်မျိုး ဘယ်တော့မှ





မဖြစ်စေရပါဘူး။ မြင့်အနားမှာ အရိပ်ကလေးလို ကိုယ်အမြဲရှိနေပါ့မယ်ကွယ်”

မြင့်မြင့်က မျက်နှာကလေးပြန်မော့လာပြီး ပြုံးနေသည်။

ထိုညတစ်ညလုံးပင် ကျွန်တော်တို့နှစ်ယောက်သည် စကားပြောနေခဲ့ကြပါ၏။

## အခန်း(တစ်ဆယ့်ကိုး)

ဗိုလ်မိုးသီး၏ ပတ္တမြားကြီးအကြောင်းကို ပြောပြရန် ကျန်ပါသည်။ တစ်နေ့တွင် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့မှ ကျွန်တော့်ထံသို့ စာတစ်စောင်ရောက်လာပါသည်။ ဘန်ကောက်မြို့မှ ဝတ်လုံ[illegible]ဦးဖြစ်သူ သာဆန်ခူဝမ်ချူလာက ရေးလိုက်သောစာဖြစ်သည် [illegible]စာထဲတွင် ထင်ရှားသောရတနာကုန်သည်ကြီး ဆန်ကီဆီလီသနာခန် အနိစ္စရောက်ပြီးနောက် သူ့ပစ္စည်းအားလုံးကို မြန်မာနိုင်ငံ၊ ကဒုံကနီရွာတွင် နေထိုင်သော မောင်အေးဆိုသူလူငယ်ကို လွှဲပေးခဲ့ကြောင်း ပါရှိခြင်းပင်ဖြစ်ပါသည်။ ကုန်သည်ကြီးသည် အဆိုပါလူငယ်ထံမှ အဖိုးတန်ပတ္တမြားတစ်လုံးကို မမှန်ကန်သောနည်းဖြင့် ရယူခဲ့ကြောင်း၊ ထိုပတ္တမြားကို ရသည့်အချိန်မှစ၍ ကုန်သည်ကြီး[illegible]ကံကြမ္မာဆိုးများ ဆက်တိုက်ကြုံတွေ့ခဲ့ကြောင်း၊ သူ့ဇနီးနှင့်သားသည် ကားမှောက်ပြီး သေဆုံးခဲ့ကြောင်း ဤကဲ့သို့ဖြစ်ရသည်မှာ မြန်မာလူငယ်အပေါ် သူ မတရားလုပ်ခဲ့သောကြောင့်ဟု ယူဆပြီး သူကွယ်လွန်ခါနီးတွင် သူပိုင်ပစ္စည်းများကို ကျွန်တော့်အား လွှဲပေးခြင်းဖြစ်ကြောင်း ဖော်ပြထားလေသည်။





ဤသို့ဖြင့် ကျွန်တော်သည် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့သို့ နောက်တစ်ကြိမ် သွားရောက်ရပြီး ထိုပစ္စည်းများကို လက်ခံခဲ့ရ၏။ ကျွန်တော်နှင့်မြင့်မြင့်တို့သည် ထိုပစ္စည်းအားလုံးကို ရောင်းချပြီး ရသည့်ငွေအချို့ကို ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရေစက်ချလှူဒါန်းပြီး ဗိုလ်မိုးသီး၊ ဦးတိုင်းကျော်၊ ဦးဘခက်နှင့် ရေတွင်းထဲသို့ လိမ့်ကျသေဆုံးသူ အစောင့်ကို အမျှပေးဝေခဲ့ပါ၏။

မကြာခဏပင် မြင့်မြင့်နှင့်ကျွန်တော်သည် သားကြီးမောင်အေးကျော်၊ သမီးမြင့်မြင့်အေး၊ သားငယ် မောင်ဘကျော်တို့ကိုလက်တွဲ၍ ကဒုံကနီကမ်းခြေတွင် လမ်းလျှောက်ဖြစ်ကြပါသည်။ ကျွန်တော်တို့သည် သဲသောင်ပြင်ပေါ်တွင်ရပ်၍ ပင်လယ်ထဲသို့ ဝင်ရောက်တော့မည့် နေလုံးကို ငေးမောကြည့်ဖြစ်ကြသည်။ ထိုအချိန်တွင် ပင်လယ်ပြင်မှာ လှိုင်းလေများ ငြိမ်သက်လျက်ရှိ၏။ အလွန်ဝေးလံသောနေရာတွင် ရွက်လွှင့်သွားသော စက်လှေများ၊ မော်တော်များကို လှမ်းမြင်နေရပါ၏။ ကျွန်တော်သည် ထိုစက်လှေများကို လှမ်းမျှော်ကြည့်ရင်း ဦးလေးဘကို သတိရလွမ်းဆွတ်နေပါတော့၏။

**ဘသက်ဆွေ**